# ပစ္စယာဉ္ဇပကာသသနိုကျမ်း

ဦးတိလောက

သေကျွတောင်-ဦးဟိလောဂါ။

ဗုဒ္ဓုဇ်ကျော်သည်။ အဘိဓမ္မာ အရှာဖဲလ့လာအားသုတ်

ကြကုန်သော-ရဟန်းရှင်လူ

သူခပ်သိမ်းတို့အကျိုးငှါ။

လက်သန်းသင်္ဂြိုဟ်ကျမ်းလာ။ပစ္စည်း

ပိုင်းပါ၊ခဲရာခဲဆစ်တို့ကို။ပါဠိ၊အဋ္ဌကထာ၊ဋီကာ

အဆို။အမျိုးမျိုးတို့နှင့်ညှိ၍ပြဆိုရာဖြစ်သော

# ပစ္စယဋ္ဌပကာသနီကျမ်း။

မူပိုင်-စာအုပ်ရှင်-ကိုမောင်ကြီး၊

ပဌမနှိပ်ခြင်းစာအုပ်ရေ-၃၀၀၀။

အတိုး-၁။

---

မင်္ဂလာဇေယျုစာပုံနှိပ်တိုက်

နံပါတ်-၇-ပုဇွန်တောင်စာပွဲတိုက်အနီး။

ရန်ကုန်မြို့။

၁၉၁၄-ခု။

## နိဒါန်း။

တိလောကာဓိပတိ။ရာဇာဓိရာဇ။ဓမ္မိဿရ-ဓမ္မသာမိ။ ဖြစ်
တော်မူပေသော။ငါတို့ဆရာ။ဂေါတမမြတ်စွာသည်။ ခြောက်ဝါ
အလွန်၊၇-ဝါအရတွင်။ မိခင်ဖြစ်ခဲ့ဘူးသော။ သန္တုသိတနတ်
သားအား။မြော်တင်းရည်ရူး။ အကြီးအမှူးထား၍။ များစွာသော
နတ်ဗြဟ္မာတို့ကို၊ဒေသနာအမြိုက်ဆေးဖြင့်။ တိုက်ကျွေးတော်မူ
ပေသည်။ထိုသို့တိုက်ကျွေးတော်မူရာ။ဒေသနာခုနစ်ပါးတို့သည်
အတိဂမ္ဘီရ။အတိဒုဒ္ဒသ။လွန်စွာခက်ခဲ။ နက်နဲစွာ။အတ္တသဘာ
ဝတို့သည်ပါရှိသောကြောင့်။အဘိဓမ္မာဒေသနာမည်၏။ ထိုမှ
တပါး။များစွာကုန်သော။ဝေနေယျဂူ။ပေါင်းဖိုလ်လူတို့၏။ ချမ်း
သာရာချမ်းသာကြောင်း။ကောင်းမွန်စွာထုတ်ဘော် ဟောကြား
တော်မူခဲ့သော။ဒါနကထာ၊သီလကထာ၊ ဘာဝနာကထာတွေ
သည်။ သုတ္တန်ဒေသနာတော်တို့နှိုက် များစွာပင်အကျုံးဝင်ခါ
ပါလျက်ပင်ရှိကြသော်လည်း။ ထိုအဘိဓမ္မာကျမ်းတို့၏ အတ္တ
သဘာဝတို့ကို။ဘှလှပိုင်ပိုင်။သိနိုင်ကြရန်။လွန်စွာခဲယဥ်းသော
သဘောရှိသောကြောင့်။ လွယ်လင့်တကူသိစွမ်းတတ်မြောက်
ကြစေနိုင်ခြင်းအကျိုးငှါ။ရည်သန် အားထားလျက်။ အရှင်အ
အနုရုဒ္ဓါမထေရ်မြတ်သည်။ အဘိဓမ္မတ္ထသင်္ဂဟကျမ်း။ လက်
သန်းအမှုကထာကိုမဂဓဘာသာဖြင့်။ ဖြောင့်တန်းသေချာ။ မှန်
ကန်စွာစီရင်တော်မူခဲ့ပေ၏။ယင်းသို့ပြုပြင်စီရင်အားသစ်တော်
မူအပ်သော။ထိုအဘိဓမ္မတ္ထ သင်္ဂဟမည်ဆန်း။ မဂဓကျမ်းကို။
မဂဓ ဘာသာနှိုက် ကျွမ်းကျင် လိမ္မာကြကုန်သော။ ပုဂ္ဂိုလ်တို့
သာလျှင်။ နိုင်နင်းစွာပေါက်ရောက်။ မြင်ရှိသိနိုင်ကြလေရကား
ယခုအခါ။မဂဓအရာနှိုက်။အကောဝိဒဖြစ်ကြကုန်သော။ရဟန်း။
ရှင်လူ သူငယ်ကျောင်းသား-တကာ-တကာမများမှစ၍။ အ
ဘိဓမ္မတ္ထဓမ္မရသတို့ကို။လွယ်ကူစွာ မရနိုင်ခြင်းဖြစ်ကြကုန်၏။
အလွန်လျှင်လည်းများစွာပင်ပန်းနွမ်းနယ် ခြင်းသို့ ရောက်ကြ
ကုန်၏။အဘယ်ကြောင့်ပင်ပန်းကြလေကုန်သနည်း ဟူမူကား။
မြန်မာတိုင်းသားဖြစ်၍။ မဂဓသံနှင့်မဆက်ဆန်သောကြောင့်။

# နိဒါန်း။

မကြားရဘူးသောကြောင့်။ ကျက်မှု၊တက်မှု၊ ဆောင်ရွက်မှု၊အာ
နက်မြင်မှုတို့သည်။အလွန်ခဲယဉ်းကြကုန်၏။သရုပ်၊အဓိပ္ပါယ်ကို
လည်းနားလည်ရန်မှာ။အလွန်ဝေးကွာ၍နေကြကုန်၏။ ပါဠိကို
ပင်အရဆောင်နိုင်ပါသော်လည်း။ဉာဏ်ပညာမကြီးမှား။ သ
ဘာဝတရားတို့ကိုလားလားမျှမသိ။မျောက်အုန်းသီးရဘိသကဲ့
သို့။ထူးလှသောအရသာကိုဘယ်ခါမျှမတွေ့ကြရလေကုန်။ ထို
ကြောင့်။တိလောကဟု။နာမသရုပ်။ပညတ်ထုတ်အပ်ပေသော
သေကျွဲတောင်ဆရာငါသည်။ ရန်ကုန်မြို့ဗိုလ်တထောင် ရပ်နေ။
တပည့်မောင်ကြီးအား။ "၎င်းအဘိဓမ္မတ္ထသင်္ဂဟ"ကျမ်းတွင်။
ပစ္စည်းပိုင်းဝယ်၎င်း။ပစ္စည်းပစ္စယုပ္ပန်ပစ္စနိက်၏အဓိပ္ပါယတ္ထနှင့်
တကွ။သဘာဝတ္ထတို့ကိုဉာဏ်မပိုင်၍။မထင်မြင်နိုင်ရှိပါသော
ကြောင့်။တပည့်တော်နှင့်တကွအသင်းသားတစုတို့အား။ ကရု
ဏာတရားရှေ့ထား၍။ရေးသားစီရင်ကျမ်းတခု ပြုပြင်တော်မူ
ပါဘုရားဟုအကြောင်းအထူးပြုတို့နှင့်တကွ၊ အဘိယာစက
တောင်းပန် လျှောက်ထား အသနားခံကြသည့်လျှော်စွာ။ အ
လွယ်တကူနှင့်သိလွယ်၊တတ်လွယ်၊ နားလည်လွယ်အဘိဓမ္မာ
ဉာဏ်ကြီးမှား၍။ ပစ္စည်းပိုင်း၏။သဘာဝတ္ထတို့နိုက်။ ဟုတ်
တိုင်းသေချာ။ပေါက်ရောက်ခါထိုးထွင်းလျက်။အလင်းသို့ထုတ်
ချောက်။ကူးခပ်ထုတ်မြောက်ကြစေခြင်းငှါ။ နည်းနယအဖြာဖြာ
တို့ဖြင့်။တန်းဆာဆင်လျက်စီရင်ပေအပ်သော။ ပစ္စယတ္ထပကာ
သနီကျမ်းကို။ပျံ့နှံ့ပ်တို့မင်္ဂလာဓေယျ စာပုံနှိပ်တိုက်က။ သိုက်
မြိုက်စွာစက်တင်ပုံနှိပ်လိုက်ပါသည်။ဓမ္မာကော။ သုတဂဝေသီ
ပုဂ္ဂိုလ်တို့သည်။အားထုတ်ကြည့်ရှု။ ကျက်မှတ်မှုပြုကြ ပြီးလျှင်။
မဂ်ဖိုလ်ရကြောင်း။တရားကောင်းများကို။ ကြိုးစားနိုင်ကြပါစေ
သတည်း။

# မာတိကာ။

ပဋ္ဌာနသုတ္တန်ပကာသနီ။ နှစ်ဆိပြည့်လျှမ်း။ သိဂီကျမ်းကို။ ကြိုးပမ်းဖွေရှ။ ကျက်မှတ်မှုနိုက်။ ပြုကြသသူ။ ရှင်လူရဟန်း။ မပန်းစေဌါ။ မာတိကာမှာ။ အောက်ပါအတိုင်းဖြစ်သတည်း။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ပဏ္ဍာမနှင့်အဘိဓမ္မာစကပဋိညာဉ်။ | ၁ |
| ၂ | ပဋိစ္စသမုပ္ပါဒ်သရုပ်ခွဲဝေနည်း။ | ၄ |
| ၃ | စိုင်စစ်ပြဆိုချက်။ | ၁၂ |
| ၄ | အဝိဇ္ဇာကြောင်းရာ။ | ၁၇ |
| ၅ | သင်္ခါရကြောင်းရာ၊ | ၂၂ |
| ၆ | ဝိညာဏ်ကြောင်းရာ။ | ၂၄ |
| ၇ | နာမ်–ရုပ်ကြောင်းရာ။ | ၂၄ |
| ၈ | သဠာယတနကြောင်းရာ။ | ၂၅ |
| ၉ | ဘဝကြောင်းရာ။ | ၂၆ |
| ၁၀ | ပဋိစ္စသမုပ္ပါဒ်နည်းကြောင်းရာ။ | ၂၆ |
| ၁၁ | ပဋ္ဌာန်းနည်းကြောင်းရာ။ | ၄၈ |
| ၁၂ | ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်၊ ကြောင်းရာ။ | ၅၈ |
| ၁၃ | ပစ္စည်းငါးနည်းကြောင်းရာ။ | ၆၂ |
| ၁၄ | သဘာဂရာသိဝေဘန်ခန်း။ | ၆၄ |
| ၁၅ | ပစ္စည်းသွင်းပုံကြောင်းရာ။ | ၆၉ |
| ၁၆ | ပညတ်ခန်း။ | ၇၀ |
| ၁၇ | ဟေတုပစ္စည်းစသည်တို့ကိုအကျယ်ပြဆိုခြင်း | ၇၄ |
| ၁၈ | ကုသိုလ်ဈာန်၏ကြောင်းရာကိုအကျယ်ပြခြင်း။ | ၉၉ |
| ၁၉ | ရူပါဝစရဈာန်ကိုပြဆိုခြင်း။ | ၁၂၅ |
| ၂၀ | အရူပဈာန်ကိုပြဆိုခြင်း။ | ၁၂၆ |
| ၂၁ | မဂ်၊ ဖိုလ်တို့ကိုအကျယ်ပြဆိုခြင်း။ | ၁၄၆ |

# မာတိကာ။


| ဦးရေ။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၂၂ | ဆခါနာမဏ္ဍုနာမဿ-စသည်အဓိပ္ပါယ်ကို ပြဆိုခြင်း။ | ၁၇ |
| ၂၃ | အာရမ္မဏ မေဝဂ့ကတံ- အဓိပ္ပါယ်အကျယ်ပြဆိုခြင်း။ | ၁၇၀ |
| ၂၄ | သဟာဇာတာနံနာမရူပံအဓိပ္ပါယ်အကျယ်ပြဆိုခြင်း။ | ၁၈၄ |
| ၂၅ | ကဗဠီကာရောအာဟာရော- အဓိပ္ပါယ်အကျယ်ပြဆိုခြင်း။ | ၁၈၉ |
| ၂၆ | ၂၄-ပစ္စည်းတို့ကို။ ၄ ပစ္စည်း တို့ဖြင့်သင်း ချုပ်နည်းအကျယ်။ | ၁၉၃ |
| ၂၇ | သဗ္ဗထာပိစသောအဓိပ္ပါယ်အကျယ်ပြခြင်း | ၁၉၇ |
| ၂၈ | ပညတ်၏ဒိချုပ်ဝစနတ္ထနှင့် တကွအကျယ်ပြဆိုခြင်း။ | ၂၀၅ |
| ၂၉ | နိဂုံးကိုပြဆိုခြင်း။ | ၂၁၈ |

## ပဏာမနှင့်အဘိယာစကပဋိညာဉ်။

ဒုဒ္ဒသံအတိဂမ္ဘီရံ၊နာထောဒေသေသိဂံမ္ဘီရံ။အဟံဝန္ဒာမိဂမ္ဘီရံ၊စတုဘောဒဓိဂမ္ဘီရံ။

ဗဟုဓါပနယိက္ခန္တံ၊ယံယေန သုခဗုဒ္ဓိယာ။ဒုက္ကရန္တံသုဗောဓေတုံ၊ယာစန္တံသုခဗုဒ္ဓိယံ။

ယာစိတွာဟံကရိဿာမိ၊သာရန္တောသုခဗောဓိယာ။ ဂမ္ဘီရဉာဏကာမာတိ၊ပစ္စယဋ္ဌပကာသနီ။

နာထော၊ဩဝါဒလေးဖြာ။ သုံ့သရာနက်ကျယ်။ဂရက်လယ်၌။ ကိုးကွယ်ရာမဲ့။ ချိုတဲ့ခွန်အား။ လူသုံးပါးတို့၏။ကိုးစားမှီခိုရာအစစ်ဖြစ်ကောင်းမှုသောမြတ်စွာဘုရားသခင်သည်။ အတိဒုဒ္ဒသံ၊အလွန်အသိအမြင်ခက်လှစွာထသော။ ဝါ၊ သိခြင်းမြင်ခြင်းငှါ အလွန်ခဲယဉ်းလှစွာထသော။ ဂမ္ဘီရံ၊နက်နဲခက်ခဲခြင်းအပေါင်းတို့နှင့်ပြည့်စုံသောဂမ္ဘီရတရားတော်မြတ်ကို။ဂမ္ဘီရံဂမ္ဘီရေန၊အလွန်အကျုံးအထူးနက်နဲသော။ဂမ္ဘီရဒေသနာဉာဏ်တော်အပေါင်းတို့ဖြင့်။ဒေသေသိ၊သာမုက္ကံသိက။ကိုယ်တော်ရှင်နှုတ်မှ။ရှစ်ဌာန်အင်္ဂါ။သံတော်သာဖြင့်။ကောင်းစွာဟောတော်မြွက်ကြားတော်မူနိုင်ပါပေ၏။စတုဘောဒဓိ-စတုဘောဒေ၊၄ပါးအပြားရှိကုန်သော ဂမ္ဘီရံဂမ္ဘီရေ၊ အဘိဓမ္မာဒေသနာတည်း ဟူသောဂမ္ဘီရတရားတော်အပေါင်းတို့၌။ ဂမ္ဘီရံ၊ အထူးသက်ဝင်သိမြင်တော်မူနိုင်ပေသော။ အနာဝရဏသဗ္ဗညုတဂမ္ဘီရံဉာဏ်တော်ကြီးကို။အဟံ၊တိလောကဟု။နာမသမုတ်။ပညတ်ထုတ်အပ်သောအကျွန်ုပ်သည်။ဝန္ဒာမိ၊သုံးတန်စေတနာ။ သုံးဖြာနှုတ်ရ။ ပဏာမဖြင့်။ကြည်ညိုသဒ္ဓါ။ရှိခိုးပါ၏။ဝန္ဒိတွာ၊ရှိခိုးပြီး၍။

No,—1

## ပဏာမနှင့်အဘိဿာစကာပဒိဉာဉ်။

ယံ၊ အကြောင်းဒေသနာနှစ်ဆိ။ ဉာဏ်ဂမ္ဘီဟုဆိုအပ်သောတရားမျိုးတို့ကို။ သုခဗုဒ္ဓိယာ၊ကိုယ်စိတ်မပန်းချမ်းသာစွာသိလွယ်စေခြင်းငှါ။ယေန နယေန၊အကြောင်းသို့သောနည်းတို့ဖြင့်။ဗဟုဓာ၊ များပြားစွာသော။ ပေါ်ရာဏာ၊ရှေးဆရာကြီးအပေါင်းတို့သည်။ လိက္ခန္တိ၊အထူးထူးအတွေတွေ။ ဉာဏ်ဖြင့်ခွဲ၍။ကေသရာအလား၊စိရင်ခါရေးသားတော်မူကြကုန်၏။ ပန၊ထိုသို့ပင်ရေးသားကြငြားသော်လည်း။ တံ၊ ထိုအဘိဓမ္မာဒေသနာတည်းဟူသော ဂမ္ဘီရတရားတော်မြတ်ကို။ သုဗောဓေတုံ၊လွယ်လင့်တကူ။သင်ယူသိမြင်စိမ့်သောငှါ။ ယသ္မာ၊အကြောင်းကြောင့်။ ဒုက္ကရံ၊အတည့်အလွင်။ငြိုငြင်ဆင်းရဲ။ တတ်မြောက်ခဲ၏။ တသ္မာ၊ ထိုသို့သိခဲ တတ်ခဲလိမ္မာခဲလှသောကြောင့်။သုခဗုဒ္ဓိယံ၊ကိုယ်စိတ်မပန်းချမ်းသာစွာ။ သိလွယ်တတ်လွယ်။ လိမ္မာလွယ်သောနည်းလမ်းများကို။

ဂမ္ဘီရဉာဏကာမာ၊နက်နဲလှစွာ။ဒေသနာနှစ်ဆိ။ဉာဏ်ဂမ္ဘီကို။ရလိုယူလိုကြကုန်သော။ သာဓုနော၊ တရားထူးကိုဆည်းဘူးရှာကြံလေ့ ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်။ ဝါ၊ တပည့်မောင်ကြီးနှင့်တကွအသင်းသားအပေါင်းတို့သည်။ ယာစန္တိ၊မကြာခဏတတ်လွယ်လှသောနည်းလမ်းနိသျှတို့ဖြင့်။ ရေးသားတော်ပြဆုံးမတော်မူပါဘုရားဟု လျှောက်ထားတောင်းပန်ကြကုန်၏။ ယာစိတွာ၊ တောင်းပန်ကြကုန်သည်ဖြစ်၍။ ဝါ၊ တောင်းပန်ကြကုန်သောအတိုင်း။ သုခဗောဓိယာ၊ တလုံးတဝ တည်းသိကြတတ်ကြလိမ္မာကြစေခြင်းငှါ။ ပစ္စယဋ္ဌပကာသနီ၊ ပစ္စယပ္ပပကာသနီ။ အမည်ပြုလုပ်။ ခေါ်သမုတ်အပ်သောကျမ်းကို။အဟံ၊သေကျှတောင်ဆရာငါသည်။ ကရိဿာမိ၊အဘိဓမ္မဋ္ဌ။ သဘာဝကို။ကျနသိလို။ ဓမ္မာမကပုဂ္ဂိုလ်ဖြစ်ကြကုန်သောထို သူအပေါင်းတို့အား။မနောမယာပဋ္ဌမြားကဲ့သို့။ ကရုဏာတရား လက်ဝယ်ထား၍။ရေးသားစီရင်လိုက်ပါအံ့သတည်း။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

နမောရတနတ္တယဿ။ ။အဘိအတိရေက။ အဘိဝိသိဋ္ဌဖြစ်သော။အဘိဓမ္မာ-၇-ကျမ်းတို့၏။သဘောသဘာဝဏ္ဏတို့ကိုထိုက်သည့်အလျောက်။ပေါက်ရောက်မြင်သိ။ ပညာရှိသည်၏အဖြစ်သို့၊ ရရှိပေါ်ထွန်းနိုင်စေခြင်းအကျိုးငှါ။ သင်္ခေပအကျဉ်းရုံး၍။ဘွဲ့ကုံး[illegible]။ ကြံ့စည်အားသစ်တော်မူအပ်သော။ အနုရုဒ္ဓါဆရာမြတ်၏။ အဘိဓမ္မတ္ထသင်္ဂဟာကျမ်း-၉-ပိုင်းတွင် အပါအပင်ဖြစ်သော။ပဋိစ္စသမုပ္ပါဒတရားနှင့်ပဋ္ဌာန်းတို့ကို။ အထူးထူးအထွေထွေသော နည်းနယအပေါင်းတို့ဖြင့် တန်းဆာဆင်လျက်ထင်လင်းစိမ့်ငှါ။ ရေးသားပါအံ့ဟုပဋိညာဉ်စကားရှိပေသောအတိုင်း။၎င်းပဋ္ဌာန်းပိုင်း၏သရုပ်နှင့်တကွသဘာဝဏ္ဏတို့ကိုပစ္စည်းပိုင်းတွင်ပါဝင်လျက်ရှိသော။ ပဋိစ္စသမုပ္ပါဒနယ။ ပဋ္ဌာန နယ။ ယင်းနှစ်ဌာနတို့ဖြင့်။ လျော်ရာလျော်ရာ။ အဆစ် အပိုင်းတို့ကိုထည့်၍။သုတ္တန်နည်း။ အဘိဓမ္မာနည်းတို့ဖြင့်။ ထိုက်သည့်အားလျော်စွာခွဲဝေစိတ်ဖြာ၍။အကြောင်းအကျိုးတို့နှင့်တကွ။ယထာဘူတ။ ကျနသေချာ။ မှန်ကန်စွာဘော်ပြပြီးလျှင်။ ပညတ်ခန်းတို့ကိုမူကား။ အဘိဓမ္မတ္ထသင်္ဂဟာကျမ်းနိုက် ပါရှိသောပါဠိအတိုင်းကိုသာ။ အဓိပ္ပါယတ္ထအားဖြင့်ထုတ်ပြမိန့်ခဲ့ပေအံ့သတည်း။

ပဋိစ္စသမုပ္ပါဒ်နည်းနိုက်။ ယထာရဟာဘိုက်သည်အားလျော်စွာ။ပဌမသရုပ်ခွဲဝေပုံတို့ကိုဘော်ပြပြီးမှ။ အဓိပ္ပါယ်သဘောအရပ်ရပ်တို့ကို။ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းအစောင်စောင်တို့မှ

ထုတ်နှုတ်၍။ဂဟေတဗ္ဗ။အဂဟေတဗ္ဗ။ယုဂ္ဂါ-ယုဂ္ဂါ။ ရှိမရှိတို့
ဖြင့်။နှိုင်းညှိ၍ဝေဘန်လျက်။စိမံခြင်းကျင်းပေအံ့ဟူသတည်း။

ပဋိစ္စသမုပ္ပါဒ်နည်းနှိုက်။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာ။သင်္ခါရ
ပစ္စယာဝိညာဏံ။ဝိညာဏပစ္စယာနာမရူပံ။နာမရူပပစ္စယာသဠာယ
တနံ။သဠာယတနပစ္စယာဖဿော။ဖဿပစ္စယာဝေဒနာ။ဝေဒနာ
ပစ္စယာတဏှာ။တဏှာပစ္စယာဥပါဒါနံ။ ဥပါဒါနပစ္စယာဘဝေါ။
ဘဝပစ္စယာဇာတိ။ ဇာတိပစ္စယာဇရာ၊မရဏ၊ သောက၊ပရိဒေ
ဝ၊ဒုက္ခ၊ ဒေါမနဿုပါယာသာသမ္ဘဝန္တိ။ ဧဝမေတဿကေဝ
လဿဒုက္ခက္ခန္ဓဿသမုဒယောဟောတီတိ။ဟူ၍မိန့်တော်မူ၏။

အဝိဇ္ဇာ။ ။အဝိဇ္ဇာဆိုသည်ကား။ တရားကိုယ်အရကောက်
လျှင်။အဝိဇ္ဇာတဏှာဝသေနဘိက္ခဝေဒွေမူလါနိ။ဟူ၍ဟောတော်
မူသောကြောင့်။ အဝိဇ္ဇာ၏တရားကိုယ် အသီးထုတ်ဘွယ်မရှိ။အ
ဘယ်ကြောင့်ဆိုသော်။ ဤပဋိစ္စသမုပ္ပါဒ် ဒေသနာ အရာဝယ်။
သတ္တဝါတို့မှာ။ အဝိဇ္ဇာနှင့်တဏှာကိုပင်လျှင်မူလဟူ၍။ ဘုရား
ဟောတော်မူခြင်းကြောင့်တည်း။ ။အဝိဇ္ဇာသည်။ပရမတ္ထ
သဘောအားဖြင့်။အမှတ်မဲ့များဖြစ်လေသလေ၊ဟုအမေးရှိခဲ့ပါ
ငြားအံ့။အဝိဇ္ဇာသည်ပုဗ္ဗန္တ၊ပရန္တ။ ရှေ့အစွန်း နောက်အစွန်းတို့
ကိုမသိမမြင်နိုင်အောင်။ဖုံးလွှမ်းတတ်သောမောဟစေတသိတ်
ကိုပင်လျှင်။ပရမတ္ထသဘောအားဖြင့်။အဝိဇ္ဇာဟူ၍ခေါ်အပ်ပါ၏။

အဝိဇ္ဇာပစ္စယာသင်္ခါရာ။ ။အဝိဇ္ဇာကြောင့်-သင်္ခါရဖြစ်
သည်ဟူ၍ဟောတော်မူရာဝယ်။ဘယ်တရားများကိုသင်္ခါရဟူ၍
ကောက်ယူရပါအံ့နည်းဟူမူကား။သင်္ခါရနှိုက်။ပုညာဘိသင်္ခါ
ရ၊အပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရ၊ဟူ၍သုံးပါးရှိသည်
ထိုသုံးပါးတွင်။ ပုညာဘိသင်္ခါရသည်ကား။ ကာမာဝစရကု
သိုလ်-၈-ခု။ရူပါဝစရကုသိုလ်-၅-ခု။ ပေါင်းတဆဲ့သုံးခုနှိုက်ရှိ

သောစေတနာ-၁၃-ခုကို။ ပုညာဘိသင်္ခါရဟုကောက်။ အကုသိုလ်စိတ်-၁၂-ခုနိုက်ရှိသောစေတနာ-၁၂-ခုကို။အပုညာဘိသင်္ခါရဟုကောက်။အရူပကုသိုလ်စေတနာလေးခုကိုအာနေဉ္ဇာဘိသင်္ခါရဟုကောက်။ဘုံတုံလိုရင်းအကျဉ်းချုပ်အားဖြင့်။ကာယကံ၊ဝစီကံ၊မနောကံ၊ ၃-ပါးဟုဆိုအပ်သောအကုသိုလ်စေတနာ-၁၂။လောကီကုသိုလ်စေတနာ-၁၇-ကို။သင်္ခါရဟူ၍ကောက်ရာ၏။

သင်္ခါရပစ္စယာ ဝိညာဏံ။ ။သင်္ခါရကြောင့် ဝိညာဏ်ဖြစ်သည်ဟူ၍ဟောတော်မူရာဝယ်။ ဝိညာဏ်သည်။ပဋိသန္ဓေဝိညာဏ်။ ပဝတ္တိဝိညာဏ်အားဖြင့်-၂-ပါးရှိပေ၏။ ပဋိသန္ဓေဝိပါက်-၁၉-ကို။ ပဋိသန္ဓေ ဝိညာဏ်ခေါ်၏။ ပဝတ္တိအခါ၌ လောကီဝိပါက်-၃၂-ကို။ ပဝတ္တိဝိညာဏ်ခေါ်၏။ ။တနည်းမှာ။စိတ်-၈၉-သည်။ပဝတ္တိဝိညာဏ်။ ပဋိသန္ဓေစိတ်သည်-ပဋိသန္ဓေဝိညာဏ်။ဟူ၍ယူအပ်ပါသေး၏။

ဝိညာဏပစ္စယာနာမရူပံ။ ။ဝိညာဏ်ကြောင့်နာမ်ရုပ်ဖြစ်သည်ဟူ၍ဟောတော်မူရာဝယ်။ ဘယ်တရားစုကိုနာမ်။ဘယ်တရားစုကိုရုပ်။ ဟု သိစေရာ၌။လောကီဝိပါက်-၃၂-နှင့်ယှဉ်သော။အညသမာန်းစေတသိတ်-၁၃-ခု။ သောဘဏသာဓာရဏစေတသိတ် ၁၉ ခု။အပ္ပမညာ၊ဒွေး-ပညိန္ဒြေ၊တခု၊ပေါင်း-၃၅ ခုသောစေတသိတ်ကိုနာမ်ခေါ်ပါ၏။ ။တနည်းမှာ။ ပဝတ္တိဝိညာဏ်၌ရှိသောစေတသိတ်-၅၂-ခု။အတွင်းအဇ္ဈတ္တသန္တာန်ဖြစ်သောရုပ်-၂၅-ခု။ ၎င်းတရားကို နာမ်၊ရုပ်ဟူ၍ယူအပ်ပါသေး၏။ ထိုနာမ်ရုပ်များသည်။ပဋိသန္ဓေနာမ်။ ပဝတ္တိနာမ်။ပဋိသန္ဓေရုပ်။ပဝတ္တိရုပ်အားဖြင့်-၂ပါးစီပြားပါ၏။ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့်ယှဉ်သော စေတသိတ်များကို။ ပဋိသန္ဓေနာမ်ခေါ်၏။ ပဝတ္တိအခါလောကီဝိပါက်-၃၂-ပါးနှင့်ယှဉ်သော စေ

တသိတ်များကို ပ၀တ္တိနာမ်ခေါ်၏။ ပဒိုသန္ဓေအခိုက်တွင်ဖြစ် ပေါ်သောကမ္မဇရုပ်တရားများကို။ပဒိုသန္ဓေရုပ်ခေါ်၏။ပ၀တ္တိအ ခါတွင်ဖြစ်ပေါ်ကြကုန်သောကမ္မဇရုပ်တရားများကိုပ၀တ္တိရုပ် ခေါ်၏။ ။(မှတ်ချက်။အဘိဓမ္မတ္ထသင်္ဂဟာကျမ်းဦ။ကမ္မဇရုပ်-၁၈- ပါးကိုသာလျှင်ပြသော်လည်း။ အဋ္ဌကထာကြီးတို့၌။ဥပစယ နှင့် သန္တတိတို့ကို။ စတုဇရုပ်ဟူ၍မိန့်ခြင်းကြောင့်ရင်းရုပ်-၂ပါးကို ထည့်တွက်သဖြင့်ကမ္မဇရုပ်-၂၀-ဖြစ်ကြောင်းကိုသိကြရမည်၊)

နာမရူပပစ္စယာသဠာယတနံ။ ။နာမ်၊ရုပ်-၂-ပါးကြောင့် သဠာယတနဖြစ်သည်ဟူ၍ ဟောတော်မူရာ၀ယ်။ ဘယ်တရား များကိုသဠာယတနခေါ်သနည်းဆိုသော်။ စက္ခာယတန၊ သော တာယတန၊ဃာနာယတန၊ ဇိဝှါယတန၊ကာယာယတန၊မနာယ တနအားဖြင့်။ ဤအဇ္ဈတ္တိကာယတနခြောက်ပါးကိုသဠာယတန ခေါ်၏။ထိုခြောက်ပါးတို့တွင်။စက္ခုပသာဒသည်၊ စက္ခာယတန မည်၏။သောတပသာဒသည်၊သောတာယတနမည်၏။ ဃာနပ သာဒသည်၊ဃာနာယတနမည်၏။ဇိဝှါပသာဒသည်၊ဇိဝှါယတန မည်၏။ ကာယပသာဒသည်၊ကာယာယတနမည်၏။ စိတ်တခု ယုတ်ကိုးဆယ်ကိုမနာယတနကောက်ယူရာ၏။ (အာယတနနှင့် ပသာဒအတူတူပင်မှတ်) ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ လောကီဝိ ပါက် ၃၂ ကိုသာလျှင်။မနာယတနဟူ၍ ကောက်ယူကုန်ရာ၏။ (အထူးမှတ်ရန်မှာ ဤနေရာ၌ မစပ်မဆိုင်ရာဖြစ်သော်လည်း။ သိရှိကြစေရန်အကြောင်းဖြင့်။ အဇ္ဈတ္တိကာယတန ၆။ဗာဟိရာ ယတန ၆ ဟုဆိုအပ်သော။အာယတန ၁၂ ပါးတို့တွင်။ရုပ်အာ ယတန။နာမ်အာယတန။သုဒ္ဓအာယတန။ မိဿကအာယတနဟူ ၍မှတ်ရာသေး၏။ဗာဟိရာယတနသည်။ရူပါယတန။သဒ္ဒါယတန။ ဂန္ဓာယတန။ရသာယတန။ဖောဋ္ဌဗ္ဗါယတန။ ဓမ္မာယတန ဟူ၍ ၆ ပါးရှိ၏။ ။သုဒ္ဓအာယတနသည်ကား။စက္ခာယတန။သောတာ ယတန။ဃာနာယတန။ဇိဝှါယတန။ ကာယာယတန။ရူပါယတန။

သဒ္ဒါယတနံ။ ဂန္ဓာယတနံ။ ရသာယတနံ။ ဖောဋ္ဌဗ္ဗာယတနံ ဟူ၍ မှတ်အပ်၏။၎င်းတို့သည်ရုပ်အာယတနလည်းမည်၏။မနာယတနသည်သုခုမအာယတနလည်းမည်၏။နာမ်အာယတနလည်းမည်၏။ ။ဓမ္မာယတနသည်။နာမ်၊ရုပ် ၂ပါးလုံးပင်အကျုံးဝင်လျက်ရှိသောကြောင့်။မိဿကာယတနမှတ်အပ်၏။ ဤနေရာ၌။မနာယတနကို။မနောဝိညာဏဓာတ် ၇ပါးကိုကောက်ယူရာ၏။ဓမ္မာယတန၌မူကား။စေတသိတ် ၅၂။သုခုမရုပ် ၁၆။နိဗ္ဗာန်။ဤ ၆၉ ခုသောတရားတို့ကိုကောက်ယူရာ၏။

သဠာယတနပစ္စယာဖဿော။ ။သဠာယတနကြောင့်ဖဿဖြစ်သည်ဟု ဟောတော်မူရာဝယ်။ ဘယ်တရားများကိုဖဿခေါ်ပါသနည်းဆိုသော်။ စက္ခုသမ္ဖဿ။သောတသမ္ဖဿ။ ဃာနသမ္ဖဿ။ ဇိဝှါသမ္ဖဿ။ ကာယသမ္ဖဿ။မနောသမ္ဖဿ ဟူ၍။ ဖဿ-၆-ပါးရှိပါ၏။၎င်း-၆-ပါးမှာ။ စက္ခုဝိညာဏ်ဒွေးနှိုက်ရှိသောဖဿ စေတသိတ်သည် စက္ခုသမ္ဖဿမည်၏။ သောတဝိညာဏ် ဒွေးနှိုက်ရှိသော ဖဿ•စေတသိတ်သည် သောတသမ္ဖဿမည်၏။ ဃာနဝိညာဏ် ဒွေးနှိုက်ရှိသော ဖဿစေတသိတ်သည်ဃာနသမ္ဖဿမည်၏။ ဇိဝှါဝိညာဏ်ဒွေးနှိုက်ရှိသောဖဿစေတသိတ်သည် ဇိဝှါသမ္ဖဿမည်၏။ ကာယဝိညာဏ်ဒွေးနှိုက်ရှိသောဖဿစေတသိတ်သည်ကာယသမ္ဖဿမည်၏။ ပဉ္စဝိညာဏ်ဒွေးမှတပါး-စိတ်-၇၁-ပါးနှိုက်ရှိသော ဖဿစေတသိတ်သည်မနောသမ္ဖဿမည်၏။

ဖဿပစ္စယာဝေဒနာ။ ။ဖဿကြောင့်ဝေဒနာဖြစ်သည်ဟုဟောတော်မူရာဝယ်။ ဘယ်တရားများကိုဝေဒနာ ခေါ်ပါသနည်းဆိုသော်။ စက္ခုသမ္ဖဿဇာဝေဒနာ။ သောတသမ္ဖဿဇာဝေဒနာ။ ဃာနသမ္ဖဿဇာဝေဒနာ။ဇိဝှါသမ္ဖဿဇာဝေဒနာ။ကာယသမ္ဖဿဇာဝေဒနာ။မနောသမ္ဖဿဇာဝေဒနာဟူ၍-၆-မျိုးရှိ၏။ တရားကိုယ်အရကောက်လိုသော်။ဖဿနှင့်မှီ၍ကောက်လေ။

ဝေဒနာပစ္စယာတဏှာ။ ။ဝေဒနာကြောင့်တဏှာဖြစ်သည်ဟူ၍ဟောတော်မူရာဝယ်။ဘယ်တရားများကိုတဏှာခေါ်သနည်းဆိုသော်။ရူပါရုံ၌သာယာသောရူပတဏှာ။သဒ္ဒါရုံ၌သာယာသောသဒ္ဒတဏှာ။ဂန္ဓာရုံ၌သာယာသောဂန္ဓတဏှာ။ရသာရုံ၌သာယာသောရသတဏှာ။ဖေါဋ္ဌဗ္ဗာရုံ၌သာယာသောဖေါဋ္ဌဗ္ဗတဏှာ။ ဓမ္မာရုံ၌သာယာသောဓမ္မတဏှာဟူ၍-၆-ပါးရှိ၏။

တဏှာပစ္စယာဥပါဒါနံ။ ။တဏှာကြောင့်ဥပါဒါန်ဖြစ်သည်ဟူ၍ဟောတော်မူရာဝယ်။ ဘယ်တရားများကို ဥပါဒါန်ခေါ်ပါသနည်းဆိုသော်၊ ကာမုပါဒါန်။ဒိဋ္ဌုပါဒါန်။ သီလဗ္ဗတုပါဒါန်။ အတ္တဝါဒုပါဒါန်အားဖြင့်။ အပြင်းအထန်စွဲလမ်းတတ်သော ဥပါဒါန်တရား-၄-ပါးရှိ၏။

ဥပါဒါနပစ္စယာဘဝေါ။ ။ဥပါဒါန်ကြောင့်ဘဝဖြစ်သည်ဟူ၍ဟောတော်မူရာဝယ်။ဘယ်တရားများကိုဘဝခေါ်ပါသနည်းဆိုသော်။ဘဝသည်။ကမ္မဘဝ။ ဥပပတ္တိဘဝအားဖြင့်-၂-ပါးရှိ၏။ကမ္မပထမြောက်သောသုစရိုက်-၁၀-ပါး။ဒုစရိုက်-၁၀-ပါးတရားတို့ကိုကမ္မဘဝခေါ်၏။ပဋိသန္ဓေအခါ။ပဝတ္တိအခါတို့နှိုက်၂-ပါးစုံဖြစ်သော။ လောကီဝိပါက်နာမက္ခန္ဓာ-၄-ပါး။ ကမ္မဇရုပ်-၂၀-ဟုဆိုအပ်သောကဋတ္တာရုပ်များကို။ ဥပပတ္တိဘဝခေါ်ပါသည်။တနည်းမှာ။ကာမဘဝ။ရူပဘဝ။အရူပဘဝ။သညီဘဝ။အသညီဘဝ။ နေဝသညီနာသညီဘဝ။ ဧကဝေါကာယ ဘဝ။ စတုဝေါကာယဘဝ။ပဉ္စဝေါကာယဘဝဟူ၍။ဥပပတ္တိဘဝကိုးပါး။ပုညာဘိသင်္ခါရ။အပုညာဘိသင်္ခါရ။ အာနေဉ္ဇာဘိသင်္ခါရဟူ၍ကမ္မဘဝ-၃-မျိုး။ ကမ္မဘဝသည်လောကီကုသိုလ်စေတနာ-၁၇။ ဥဒ္ဒစ္စစေတနာကြဉ်အပ်သောအကုသိုလ်စေတနာ-၁၁ သည်ကမ္မဘဝမည်၏။ ပဋိသန္ဓေစိတ်-၁၉-ခု။ စေတသိက်-၃၅ ခု။ကမ္မဇရုပ်-၂၀-တို့သည်။ဥပပတ္တိဘဝ-၉-ပါးမည်၏။ရင်းဘဝ

-၉-ပါးတို့တွင်။ကာမဘဝသည်ကား။ ကာမဝိပါက်တေဝီသကိုဆို၏။ရူပဘဝဆိုသည်ကား။ရူပဝိပါက်-၅-ခုကိုဆို၏။အရူပဘဝဆိုသည်ကား။အရူပဝိပါက်-၄-ခုကိုဆို၏။ နေဝသညာနာသညာယတနဝိပါက်မှတပါး။ အရူပဝိပါက်-၃-ခု။ စေတသိက် ၃၅-ခု။ ကမ္မဇရုပ်ဝီသတို့ကိုသညီဘဝဟူ၍မှတ်။ ပထဝီ၊အာပေါ၊တေဇော၊ဝါယော၊ဝဏ္ဏ၊ ဂန္ဓ၊ရသ၊ဩဇာ၊ ဇီဝိတဟူသော။ နဝကကလာပ်ရုပ်-၉-ခုကို။ အသညီဘဝဟူ၍ အဋ္ဌကထာ၌ပြအပ်ပေ၏။ နေဝသညာနာသညာယတနဝိပါက်တခု။စေတသိက် ၃၀။ ရင်းကုရေးတို့ကိုနေဝသညီ၊ နာသညီဘဝမှတ်။ ဧကဝေါကာယဘဝသည်။ အသညီဘဝနှင့်အတူတူပင်မှတ်။ အရူပဝိပါက်-၄-ခု။စေတသိက်-၃၀-သည်။စတုဝေါကာယဘဝမှတ် ကာမဝိပါက်-၂၃-ခု။ ရူပဝိပါက် ၅ ခု။ စေတသိက် ၃၅ ခု။ ကမ္မဇရုပ်ဝီသသည်။ပဉ္စဝေါကာယဘဝမှတ်။

ဘဝပစ္စယာဇာတိ။ ။ဘဝကြောင့်ဇာတိဖြစ်သည်ဟုဟောတော်မူရာဝယ်။ဘယ်တရားများကိုဇာတိခေါ်ပါသနည်းဆိုသော်။ ထိုထိုဘုံဘဝတို့၌။ ဥပပတ္တိဘဝခန္ဓာတို့၏ဖြစ်ပေါ်မှုကိုဇာတိခေါ်ပါ၏။

ဇာတိပစ္စယာဇရာမရဏာဒိ။ ။ဇာတိကြောင့်ဇရာ မရဏဖြစ်သည်ဟုဟောတော်မူရာဝယ်။ ဘယ်တရားများကို ဇရာ-မရဏ၂ခေါ်ပါသနည်းဆိုသော်။ ထိုထိုခန္ဓာတို့၏ရင့်ရော်အိုမင်းမှုကိုဇရာခေါ်၏။ပျက်ဆုံးရတေမှု။ သေလွန်ကွယ်ပျောက်မှုတို့ကိုမရဏဟုခေါ်၏။

သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ ၊ဥပါယာသ၊ ငါးပါးကိုမူကား။ဇာတိအကျိုးရင်းမချမဟုတ်။အကျိုးဆက်မျှသာဖြစ်လေသောကြောင့်။အသီးအခြားယူဘွယ်မရှိပေ။ ဇရာ-မရဏအဖြစ်ဖြင့်သာသွတ်သွင်း၍ယူအပ်၏။

ဤပဋိစ္စသမုပ္ပါဒ်အရာနှိုက်။အင်္ဂါအားဖြင့်–၁၂–ပါး။ကာလ အားဖြင့်–၃ ပါး။အစပ်အားဖြင့် ၃ ပါး။အလွှာအားဖြင့်-၄ ပါး ဝဋ်အားဖြင့် ၃ ပါး။မူလအားဖြင့် ၂ ပါးရှိပေသည်။ ။အဝိဇ္ဇာ၊ သင်္ခါရ၊ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ဘဝ၊ဇာတိ၊မရဏာအားဖြင့်။ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးရှိ၏၊အတိတ်၊အနာဂတ်၊ ပစ္စုပ္ပန်ဟူ၍ ကာလ ၃ ပါးရှိ၏၊ အင်္ဂါ ၁၂ ပါးတို့တွင်။အဝိဇ္ဇာနှင့်၊သင်္ခါရ ၂ ပါးကို အတိတ် တရားဟုခေါ်၏။ဝိညာဏ်၊နာမ်ရုပ်၊ သဠာယတန၊ဖဿ၊ဝေဒနာ၊ တဏှာ၊ဥပါဒါန်၊ဘဝ။ ဤရှစ်ပါးတို့ကို ပစ္စုပ္ပန်တရားဟုခေါ်၏၊ ဇာတိ၊ဇရာမရဏာနှစ်ပါးတို့ကိုအနာဂတ်တရားဟုခေါ်၏။ သင်္ခါရ နှင့်ဝိညာဏ်အကြားမှာ။အကြောင်းအကျိုးစပ်သော။ဟေတုဖလ သမ္ဗန္ဓအစပ်တခု၊ ဝေဒနာနှင့် တဏှာအကြားမှာ အကျိုးအ ကြောင်းစပ်သော။ဖလဟေတုသမ္ဗန္ဓအစပ်တခု။ ဘဝနှင့်ဇာတိ အကြားမှာအကြောင်းအကျိုးစပ်သော။ဟေတုဖလသမ္ဗန္ဓအစပ် တခု။ဤသို့အားဖြင့်အစပ် ၃ ပါးဖြစ်၏။ အဝိဇ္ဇာနှင့်သင်္ခါရကို အတိတ်အကြောင်းအလွှာတခုခေါ်၏။ ဝိညာဏ်၊နာမ်ရုပ်၊ သဠာ ယတန၊ဖဿ၊ ဝေဒနာတို့ကို။ ပစ္စုပ္ပန်အကျိုးအလွှာတခုခေါ်၏။ တဏှာ၊ဥပါဒါန်၊ဘဝတို့ကိုပစ္စုပ္ပန်အကြောင်းအလွှာတခုခေါ်၏။ ဇာတိ၊ ဇရာမရဏာတို့ကို အနာဂတ်အကျိုးအလွှာတခုခေါ်၏၊ ဤသို့ အားဖြင့်အလွှာ ၄ ပါးရှိ၏။ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်အားဖြင့်ဝဋ် ၃ ပါးရှိ၏။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့ကို။ကိလေသဝဋ်ခေါ်သည်။ သင်္ခါရနှင့်ကမ္မဘဝတို့ကို။ကမ္မ ဝဋ်ခေါ်သည်။ဝိညာဏ်၊နာမ်ရုပ်၊သဠာယတန၊ဖဿ၊ ဝေဒနာ၊ဥပ ပတ္တိဘဝ၊ဇာတိ၊ဇရာမရဏာတို့ကို။ဝိပါကဝဋ်ခေါ်၏။ အဝိဇ္ဇာ နှင့်တဏှာ ၂ ပါးကို။မူလ ၂ ပါးခေါ်၏။

ပဋိစ္စသမုပ္ပါဒ်နှိုက်သရုပ်ခွဲဝေနည်းပြီး၏။

ယခုအခါသရုပ်ခွဲဝေစိတ်ဖြာပြီး၍။ အဘိဓမ္မတ္ထသင်္ဂဟာ အတိုင်းကို မှတ်သည်ထား၍။ပါဠိ၊အဋ္ဌကထာ၊ဋီကာ၊အရပ်ရပ်တို့ဖြင့် နှိုးနှော။သက်ရာဆိုင်ရာတို့ကို ရွေးချယ်စိစစ်လျက်။ အဓိပ္ပါယ် သဘောအချက်တို့ကိုပြပေအံ့ဟူလို။

အရှင်အနုရုဒ္ဓါဆရာမြတ်သည်ကား။ ။ဤသို့လျှင်-၇-ပါးကုန်သော်။အပိုင်းအခြားတို့ဖြင့်။ရှေးဦးစွါနာမ်ရုပ်ကိုပိုင်းခြားကြောင်းဖြစ်သောဉာဏ်၏။အစီအရင်ကိုပြတော်မူပြီး၍။ ယခုအခါဝယ်။ ၂-ခုမြောက်သော သဘာဝဓမ္မတို့၏ စွဲ၍ဖြစ်ရာဖြစ်သော အကြောင်းကို။ သိမ်းဆည်းတတ်သောဉာဏ်၏။ အစီအရင်ကို ပြတော်မူလိုရကား။ ။ယေသံသင်္ခတဓမ္မာနံ-ဟူသောစကားကိုမိန့်တော်မူ၏။ ဤအခါနိုက်။ အကြင်သင်္ခတတရားတို့အား။ သင်္ခတ၊အသင်္ခတဖြစ်ကြကုန်သော။အကြင်တရားအပေါင်းတို့သည်၊ဟေတုအစရှိကုန်သောပဋ္ဌာန်းတရားတို့ဖြင့်။ ကျေးဇူးပြုပုံအခြင်းအရာတို့နှင့်တကွ။ကျေးဇူးပြုတတ်ကြကုန်၏။၎င်းသင်္ခတအသင်္ခတဖြစ်ကုန်သောအကြောင်းတရားတို့၏ ဝေဘန်ခြင်းကို၎င်း။ပစ္စယုပ္ပန်တရားဖြစ်ကြကုန်သောထိုသင်္ခတတရားတို့၏ ဝေဘန်ခြင်းကို၎င်း။ထိုပစ္စည်းတရားတို့၏ ဝေဘန်ခြင်းကို၎င်း။ ထိုပစ္စည်းတရားတို့နိုက်ကျေးဇူးပြုပုံအခြင်းအရာတို့၏ ဝေဘန်ခြင်းကို၎င်း။ဆိုအပ်လတံ့သောဤပစ္စယသင်္ဂဟာနိုက်ယိုက်သည်အားလျော်စွာ။အနုရုဒ္ဓါဆရာငါသည်။ အပြား အားဖြင့် ဆိုခဲ့ပေအံ့သတည်း။

တံဝိဘာဂနံ-ဟူသောပုဒ်အရကား။ ။ထိုထိုသို့သောအကြောင်းတရားတို့မှစွဲ၍။ အကျိုးတရားတို့သည်ကောင်းစွာဖြစ်တတ်ကုန်၏။ ထိုကဲ့သို့အကျိုးတရားတို့၏ စွဲရာဖြစ်ရာဖြစ်သောသဘောကြောင့်။ပဋိစ္စသမုပ္ပါဒတရားမည်၏။ ။ပဋိစ္စဖလံသမုပ္ပဇ္ဇတိဧတသ္မာတိ ပဋိစ္စသမုပ္ပါဒေါ။ဟူ၍ဝိဂြိုဟ်ပြု။ ။ဧတသ္မာ၊ထိုအ

ကြောင်းမှ။ပဋိစ္စ၊စွဲ၍။ဖလံ၊အကျိုးသည်။သမုပ္ပဇ္ဇတိ၊ကောင်းစွာဖြစ်တတ်၏။ဣတိတသ္မာ၊ထိုသို့သောအကျိုးတရားတို့၏စွဲ၍ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ပဋိစ္စသမုပ္ပါဒေါ၊ ပဋိစ္စသမုပ္ပါဒမည်၏။

ထို့ဝိဂြိုဟ်စကားနှိုက်။ ပဋိစ္စဟူသည်ကား။ မကင်းမူ၍။ မဿွတ်မူ၍ ဟုဆိုအပ်သောအနက်ကိုသိကြရာ၏။ ယင်းသို့ဖြစ်ပေလျှင်။ အဝိဇ္ဇာအစရှိသော ပစ္စည်းတရားတို့ရအပ်၏ဟူ၍ ဖွင့်တော်မူကြကုန်၏။တနည်းမှတ်ရန်ကား( သမုပ္ပဇ္ဇနံ၊ဖြစ်ခြင်း။ သမုပ္ပါဒေါ၊ဖြစ်ခြင်း။)အဘယ်ကဲ့သို့ဖြစ်စေတတ်သနည်းဟူမူ။ သဟဇာတ်တရားတို့နှင့် အတူတကွသာလျှင်။ အပေါင်းအစု၏အစွမ်းအားဖြင့်ဖြစ်စေခြင်းထင်ရှားဖြစ်စေခြင်းတို့တည်း။ ။ အကြင်မိမိတို့ဥစ္စာဖြစ်သော အကြောင်းကိုစွဲ၍။ ထိုအကြောင်းနှင့်ကင်း၍ဖြစ်ခြင်းအလေ့မရှိသည်ဖြစ်သောကြောင့်။ သမုပ္ပါဒဟူ၍ဆိုအပ်၏။မိမိတို့ဥစ္စာဖြစ်သောအကြောင်းကိုစွဲ၍ ဖြစ်ခြင်းသည်။သဘောအားဖြင့်ပစ္စည်းပစ္စယုပ္ပန်ဖြစ်ကုန်သော။ အလုံးစုံသောအကြောင်းနှင့် မကင်းကုန်သောသင်္ခတတရားတို့၏ အကြောင်းနှင့်စပ်၍ဖြစ်ခြင်းဟုဆိုအပ်သော။ အလုံးစုံသောသင်္ခတတရားတို့နှင့်ဆက်ဆံလျက်ရှိသော။သဘာဝတရဖြစ်သော သာမညလက္ခဏာကိုယူအပ်၏။ အကြင်သာမညလက္ခဏာကို။ ဣဒပ္ပစ္စယတာ-ဟူ၍ဆိုရာမိန့်၏။ ဤစကား၌။ ဣဒပ္ပစ္စယတာ-ဟူသည်ကား။ထိုတရားတို့အား။အကြင်တရားသည်။ ဤတရား၏အကြောင်းတည်းဟူ၍။ ဤသို့လျှင်ညွှန်ပြအပ်သော ဤပစ္စည်းသည်ရှိ၏။ ဤသို့သောအကြောင်းကြောင့်။ ဣဒပ္ပစ္စယတာ-ဟူ၍ဆိုရာမိန့်အပ်၏။ သင်္ခတတရားတို့ကိုအ့ရကောက်လေ။ ဤ-ဣဒပ္ပစ္စယတာ-မည့်ခြင်းသည်ဆိုအပ်ပြီးသောအပြားရှိသော သာမညလက္ခဏာပင်တည်း။

ထိုကြောင့်မြတ်စွာဘုရားရှင်သည်။ ။ကတမော စ ဘိက္ခဝေ ပဋိစ္စသမုပ္ပါဒေါ။ဇာတိပစ္စယာဘိက္ခဝေ ဇရာမရဏံ။ ဥပ္ပါဒါ

ဝါတထာဂတာနံအနုပ္ပါဒါဝါ။ တထာဂတာနံဌိတာဝသာဓာတု။ ဓမ္မဋ္ဌိတတာ။ဓမ္မနိယာမတာ။ ဣဒပ္ပစ္စယတာဘိ။လ။ အဝိဇ္ဇာပစ္စယာသင်္ခါရာဥပ္ပါဒါဝါ၊။လ။ဣဒပ္ပစ္စယတာ။ဣတိခေါဘိက္ခဝေတ တြတထတာ၊အဝိတထတာ၊အနညထတာဣဒပ္ပစ္စယတာ။ အယံ ဝုစ္စတိဘိက္ခဝေပဋိစ္စသမုပ္ပါဒေါ၊တိ။ ။ဟူ၍ဟောတော်မူ၏။

ဤပါဠိတော်၌။ ဌိတာဝသာဓာတု-အစရှိသဖြင့်ရင်း။ယာတတြတထတာ၊ အဝိတထတာ-စသည်ဖြင့်ရင်း။ ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာသည်ပင်လျှင်။ ပဋိစ္စသမုပ္ပါ မည်၏ဟူ၍ ပြပေ၏။ ထိုစကားကိုဆက်၍ ဆိုလိုက်ဦးအံ့။ ဤဘာဝသာဓန ဝိဂြိုဟ်ပြုရာနိုက်။ မတူသောကတ္တားရှိသည်အဖြစ်ဟု ဆိုအပ်သောသဒ္ဒယုတ္တိ၏ဆန့်ကျင်ခြင်းမရှိပေ။အဘယ့်ကြောင့်နည်းဟူမူကား။ ပဋိစ္စကြိယာ၏အကြင်ကတ္တားသည်ရှိ၏။ ထိုကတ္တား၏သာလျှင်သမုပ္ပါဒကြိယာ၏လည်း။ ကတ္တား၏အဖြစ် ဖြစ်သင့်သောကြောင့်တည်း။ထိုစကားသည်မှန်၏။ကတ္တားမှကင်းသောကြိယာမည်သည်မဖြစ်သင့်ဟူ၍မှတ်အပ်၏။ သင်္ခတတရားတို့သည်။နက်နဲသောအားဖြင့်ရှိကုန်သည်ရှိသော်။အနိစ္စအစရှိသောလက္ခဏာသည်နက်နဲသကဲ့သို့။ဤသင်္ခတလက္ခဏာသည်လည်းနက်နဲသည်သာလျှင်ဖြစ်၏။ ထိုကြောင့်။ ဤသင်္ခတတရားနိုက်လည်းနက်နဲ၏။နက်နဲသည်ဟူသောစကားနှင့်ဆန့်ကျင်ခြင်းသည်မဖြစ်သင့်ကြောင်းကိုမှတ်အပ်၏။

ထိုဆိုအပ်ခဲ့ပြီးသော။ သာမည လက္ခဏာနှင့် ပြည့်စုံကုန်သော။ ရှေ့၌ဆိုခဲ့အပ်ပြီးသော အဝိဇ္ဇာ အစရှိကုန်သော သင်္ခတတရားတို့သည်။ပဋိစ္စသမုပ္ပန္နတို့မည်ကုန်၏။

ထိုကြောင့် ဘုရားရှင်သည်။ ကတမေစ ဘိက္ခဝေ ပဋိစ္စသ
ဇရာမရဏံ ဘိက္ခဝေပဋိစ္စသမုပ္ပန္နံ။လ။အဝိဇ္ဇာဘိက္ခ
ဝေ။ ။ဟူ၍ဟောတော်မူ၏။ ။ဤသို့ဆိုအပ်

ခဲ့ပြီးသောစကားအစည်ဖြင့်။ အလုံးစုံပစ္စည်းပစ္စယုပ္ပန် ဖြစ်ကုန်သော။ သင်္ခတရားတို့၏အကြောင်းနှင့် စပ်၍ဖြစ်ခြင်းဟုဆိုအပ်သော။သို့တည်းမဟုတ်။ အကြောင်းနှင့်စပ်၍ဖြစ်လေ့ရှိသည်၏ အဖြစ်ဟုဆိုအပ်သော။ ပဋိစ္စသမုပ္ပါဒ်သည်လည်းဖြစ်နိုင်၏။ထို ပဋိစ္စသမုပ္ပါဒ်ဟူသောတရားကိုထိုးထွင်း၍သိအပ်ပေ၏။

ပဋိစ္စသမုပ္ပါဒနယော-ဟူသောပုဒ်အရကား။ ။နယောစာတိ ပဋိစ္စသမုပ္ပါဒနယော။ ။နယောစ၊နည်းမည်သည်လည်း။ဟော တိ၊ဖြစ်၏။ ဣတိ၊ထိုကြောင့်။ ပဋိစ္စသမုပ္ပါဒနယော၊ ပဋိစ္စမုပ္ပါဒ် နည်းမည်၏။

ပဋ္ဌာနနယော-ဟူသောပုဒ်အရကား။ ။ဤကျမ်း၌။ သင်္ခတ တရားတို့ကို။အထူးထူးအပြားပြားရှိကုန်သောပစ္စည်းအပြားတို့ ဖြင့်။ထားတော်မူ၏။ ဖြစ်လည်းဖြစ်စေတော်မူ၏။ ဟောလည်း ဟောတော်မူ၏။ထိုသို့သင်္ခတတရားတို့ကို။ပစ္စည်းအပြားတို့ဖြင့် ဟောရာဖြစ်သောသတ္တိကြောင့်။ ပဋ္ဌာန်းမည်၏။ ပဋ္ဌာန်းကျမ်း ကြီးကိုရအပ်၏။ ပဋ္ဌာန်းကျမ်းကြီး၌ဟောတော်မူအပ်သောနည်း သည်။ပဋ္ဌာန်းနည်းမည်၏။

ထိုထိုအကြောင်းတရားသည် ထင်ရှား ရှိသည်ရှိသော်။အာ လေ့သဘောအားဖြင့်။ ထိုထိုအကျိုး တရားတို့သည်ထင်ရှား ဖြစ်နိုင်ကုန်ပါကုန်၏။ထိုကြောင့်။တဗ္ဘာဝဘာဝီမည်ကုန်၏။ သင်္ခ တတရားတို့ကိုဆို၏။ထိုတဗ္ဘာဝဘာဝီ အမည်ရှိကုန်သော သင်္ခ တတရားတို့၏ဖြစ်ကြောင်းအမှန်ပေတည်း။ ။ဤတဗ္ဘာဝဘာ ဝီအမည်ရှိသောသင်္ခတတရားတို့၏ ဖြစ်ခြင်းအကြောင်းသည်ရှိ သည်ရှိသော်။ဤအကျိုးသည်အမှန်ဖြစ်၏။ ဤအကြောင်း၏ဖြစ် ခြင်းကြောင့်။ဤအကျိုးသည်ဖြစ်၏။ ဤသို့လျှင်ဖြစ်သောသင်္ခတ တရားတို့၏။နိယာမကိုရအပ်ပေ၏။တဗ္ဘာဝဘာဝီအမည်ရှိသော

သင်္ခတတရားတို့၏ ဖြစ်ကြောင်း သည်သာလျှင်။ အခြင်းအရာ အာကာရအားဖြင့်လည်း။ တဗ္ဘာဝဘာဝီဘာဝ ဝါကာရမည်၏။ ထိုတဗ္ဘာဝဘာဝီဘာဝါကာရ သည်ပင်လျှင်။ တဗ္ဘာဝါဘာဝီဘာဝကာရမတ္တမည်၏။ ။မတ္တသဒ္ဒါဖြင့်။ ဟေတုစသောပစ္စယသတ္တိကိုမှတ်ခြင်းကိုနှစ်စေ၏။ ထိုထိုသို့သောအကြောင်း ထင်ရှားရှိသည်ရှိသော်။ အလေ့အားဖြင့် ဖြစ်တတ်ကုန်သော။ ထိုထို သင်္ခတတရားတို့၏ဖြစ်ကြောင်း အခြင်းအရာဖြင့်မှတ်အပ်သော နည်းသည်။ ပဋိစ္စသမုပ္ပါဒနည်းမည်၏။

အာဟာရပစ္စယဋ္ဌိတိအာရဗ္ဘာတိ-ဟူသောပုဒ်အရကား။ ။ ထိုထိုသို့သောအပြားအားဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်ဟု ဆိုအပ်သော။ ပစ္စယသတ္တိအထူးသည်။ အာဟာရပစ္စယဋ္ဌိတိမည်၏။ ။ထိုစကားကိုထင်စွာပြဦးအံ့။ ထိုပစ္စယသတ္တိအထူးသည်။ အဝိဇ္ဇာပစ္စယာသင်္ခါရာ။ ဤသို့အစရှိသည်တို့နှိက်ကဲ့သို့။ ပစ္စည်းကိုထုတ်ခြင်းမျှဖြင့် မတည်မူ၍။ ပစ္စယသတ္တိအထူးကိုထုတ်သည်၏အစွမ်းအားဖြင့်။ ထိခိုက်၍အပြီးအဆုံး သို့ရောက်စေခြင်းငှါ။ ဟောတော်မူအပ်သည်၏အဖြစ်ကြောင့် ထိုသဘောဖြင့်ပစ္စည်း တရားတို့သည် တည်ကြကုန်၏။ မိမိတို့၏ပစ္စယုပ္ပန်တရားကိုပြု ပြင်စီရင်ခြင်းဟုဆိုအပ်သောကိစ္စသို့ရောက်သည်ရှိသော်။ ဆုတ်နစ်ခြင်းမရှိကုန်သည်ဖြစ်ကြကုန်၏။ ထိုကြောင့်။ အာဟာရပစ္စယ ဋ္ဌိတိ-ဟူသောစကားကိုအရှင်အနုရုဒ္ဓါဆရာမိန့်အပ်ပေ၏။

အာရဗ္ဘာတိ-ဟူသောပုဒ်အရကား။ ။ပဋိစ္စ-ဟူလိုသည်။ ပဋိစ္စ၊ စွဲ၍ဟုအနက်ပေး။ ဝုစ္စတီတိ-ဟူသောပုဒ် အရကား။ ဘဂဝတာကထိယတိ-ဟူလိုသည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိယတိ၊ ဟောတော်မူအပ်၏။ ဤသို့အနက်ပေး။

ဥဘယံပနဝေါမိဿိတွာ ပပဉ္စေန္တာ အာစရိယာတိ-ဟူသော ပုဒ်အရကား။ ပဋိစ္စသမုပ္ပါဒ်တရားကိုချဲ့ကုန်သောဆရာတို့ကို။

ရည်တော်မူ၍ မိန့်တော်မူအပ်၏။ ထိုသရောက်ရှိသည်။ ၎င်းပဋိစ္စ သမုပ္ပါဒ်တရားကိုချဲ့ကြဘုန်သည်ရှိသော်။ ပဋ္ဌာန်းနည်းကိုလည်း ဆောင်၍ချဲ့ကြဘုန်၏ဟူ၍မှတ်ရာ၏။ ဥပမာကား။ ရောင်ခြည် တထောင်တို့ဖြင့်။ဖြန့်ကြက်လင်းပြောင်ဆောင်သော။ ဘာဏုမ ရာဇာနေ့မင်းသည်။ ယုဂန်တောင်စွန်းမှ။ ပေါ်ထွန်း ထွက်ပြူ။ ဥဒည်မူသည်ရှိသော်၊ ပလာတိမ်တိုက်။အမိုက်တိုက်တို့ကို။မှုတ် လွှင့်ပယ်ဖျောက်၍။အထည်ဒြပ်အဆောက်အဦ ဟူလေသမျှတို့ ကို၊များစွာသောလူအပေါင်းတို့အား။ ထင်ထင်လျှားလျှား မြင် ကြွားစေရန်။ ကောင်းစွာပြုလေသကဲ့သို့။ အဝိဇ္ဇာတည်းဟူသော အမိုက်အမှောင်တို့ကို။ မှုတ်လွှင့်ပယ်ဖျောက်၍။ သစ္စာလေးပါး မြတ်တရားတို့ကို။ သိဘတ်မြင်တတ်၊ ထင်လင်းစွာပြုတတ်ခြင်း ကြောင့်။ ဝိဇ္ဇာမည်ကုန်၏။ ထိုဝိဇ္ဇာ၏ဆန့်ကျင်ဘက် ဖြစ်လေ သောကြောင့်။မောဟတရားသည် အဝိဇ္ဇာမည်၏။

ဝိန္ဒိယံနဝိန္ဒတီတိ အဝိဇ္ဇာ။ ။အဝိန္ဒိယံဝိန္ဒတီတိအဝိဇ္ဇာ။ ။ ဟူ၍ဝိဂြိုဟ်ပြု။ ။ဝိန္ဒိယံ၊ သိစေအပ်သောတရားကို။ နဝိန္ဒတိ၊ မသိတတ်။ဣတိ၊ထိုကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။ ။အဝိန္ဒိယံ၊မသိစေအင်သောတရားကို။ ဝိန္ဒတိ၊ သိတတ်၏။ ဣတိ၊ ထို ကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာမည်၏။

အဝိဇ္ဇာသည်မောဟဟူ၍၎င်း။မိစ္ဆာဉာဏ်ဟူ၍၎င်း။ဆိုသင့် ၏။ထို့ကြောင့်။အဋ္ဌကထာတို့၌။ ။မိစ္ဆာဉာဏန္တိပါပ ကြိ ယာသု။ဥပါယစိန္တာဝသေနပဝတ္တောမောဟော။ ။ဟူ၍ဖွင့် တော်မူကြ၏။ ။မိစ္ဆာဉာဏန္တိ၊မိစ္ဆာဉာဏ်ဟူသည်ကား။ ပါပကြိယာသု၊ယုတ်ယုတ်မာမာ။ဆိုးညစ်မှုစွာသောကြိယာဟူ သမျှတို့နိုက်။ဥပါယစိန္တာဝသေန၊ဥပါယ်တမည် ကြံစည်သည် ၏အစွမ်းအားဖြင့်။ပဝတ္တော၊ဖြင်သော။ မောဟော၊ မောဟပင် တည်း။ မောဟသည် ကောင်းသောကလျာဏပက္ခနိုက်မှောင်

ကြီးချ၍မကောင်းသောပက္ခနိုက်အလင်းရောင်ကြီးကို ထွန်းပြ
၏။မောဟ၊အညာဏ၊အန္ဓဘူတ၊တမ၊အဝိဇ္ဇာ၊အတ္ထုတဂူမှတ်။ထို
ထိုအကြောင်းမှဖွဲ၍ အကျိုးတရားသည်ဖြစ်တတ်၏။ ထိုသို့စွဲ၍
ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ပစ္စည်းမည်၏။ အဝိဇ္ဇာလည်း
မည်၏။ ထို အဝိဇ္ဇာသည် အကြောင်းသည်လည်းဖြစ်၏။ ထို
ကြောင့်။အဝိဇ္ဇာပစ္စယာ-ဟူ၍ဆိုအပ်ပေ၏။ ထိုအဝိဇ္ဇာဟူသော
အကြောင်းကြောင့်။ သင်္ခါရတရားတို့သည်ဖြစ်ကုန်၏။ ဤသို့
လျှင် အဝိဇ္ဇာနှင့်သင်္ခါရကိုစပ်အပ်ပေ၏။

သင်္ခါရ-ဟူသည်ကား။ ။သင်္ခတံကာယဝစီမနောကမ္မံ
အဘိသင်္ခရောန္တိ ဧတေဟီတိ သင်္ခါရာ။ ။ဤသို့ဝိဂြိုဟ်ပြု။ ။
ဧတေဟိ၊ဤတရားတို့ကြောင့်။သင်္ခတံ၊ပြုပြင်စီရင်အပ်သော။ကာယ
ဝစီမနောကမ္မံ၊ကာယကံဝစီကံမနောကံကို။ အဘိသင်္ခရောန္တိ၊
အလွန်လျှင်ပြုပြင်စီရင်ကုန်၏။ဣတိတသ္မာ၊ထိုကြောင့်။ သင်္ခါ
ရာ၊သင်္ခါရမည်ကုန်၏။

ဝိညာဏ-ဟူသည်ကား။ ။ဝိဇာနာတီတိ ဝိညာဏံ။ ။
ဝိဇာနန္တိ ဧတေနာတိ ဝါ ဝိညာဏံ။ ။ဝိဇာနာတိ၊ အထူးသဖြင့်
သိတတ်၏။ဣတိတသ္မာ၊ထိုကြောင့်။ဝိညာဏံ၊ဝိညာဏ်မည်၏။
ဝါ၊တနည်းကား။ဧတေန၊ထိုတရားဖြင့်။ဝိဇာနန္တိ၊ အထူးသဖြင့်
သိကုန်၏။ဣတိတသ္မာ၊ ထိုသို့အထူးသိကြောင်းဖြစ်သောသတ္တိ
ကြောင့်။ ဝိညာဏံ၊ ဝိညာဏ်မည်၏။ ။ထိုကြောင့် မြတ်စွာ
ဘုရားရှင်သည်လည်း။ဝိဇာနာတီတိခေါဘိက္ခဝေ။တသ္မာဝိညာ
ဏန္တိဝုစ္စတိ-ဟူ၍ဟောတော်မူပါ၏။ ။အနက်လွယ်ပြီ။

နာမ် ဟူသည်ကား။ ။အာရမ္မဏေနမတီတိနာမံ။ ။
ဝိဂြိုဟ်ပြု။ ။အာရမ္မဏေ၊အာရုံသို့။ နမတိ၊ ညွတ်တတ်၏။
ဣတိ၊ထိုကြောင့်။ နာမံ၊နာမ်မည်၏။ ။ရုပ်ဟူသည်ကား။ ။

ရုပ္ပတီတိရုပ္ပံ။ ။ဝိဂြိုဟ်ပြု။ ။ရုပ္ပတိ၊ ဘောက်ပြန်တတ်၏။ ဣတိ၊ထိုကြောင့်။ရုပ္ပံ၊ရုပ်မည်၏။ ။အာယတနဟူသည်ကား။ အဘိဏှာနဏှေနအာယတနံ။ဒေဝါနံဒေဝါယတနမိဝ။ ။အဘိဏှာနဏှေန၊တည်ရာဟူသောအနက်ကြောင့်။ အာယတနံ၊ အာယတနမည်၏။ကိမိဝ၊အဘယ်ကဲ့သို့နည်းဟူမူကား။ဒေဝါနံ၊နတ်တို့၏။ ဒေဝါယတနမိဝ၊နတ်တို့၏တည်ရာကဲ့သို့တည်း။ ။ဖဿ ဟူသည်ကား။ ။ဖုသတီတိ ဖဿော။ ဖုသန္တိ ဧတေနာတိဝါ ဖဿော။ ။ဝိဂြိုဟ်ပြု။ ။ဖုသတိ၊တွေ့ထိတတ်၏။ ဣတိ၊ ထိုကြောင့်။ဖဿော၊ဖဿမည်၏။ ဝါ၊တနည်းကား။ ဧတေန၊ ထိုတရားဖြင့်။ဖုသန္တိ၊တွေ့ထိကုန်၏။ ဣတိတသ္မာ၊ ထိုသို့တွေ့ထိကြောင်းဖြစ်သောသဘောကြောင့်။ ဖဿော၊ ဖဿမည်၏။ ။ ဝေဒနာဟူသည်ကား။ ။ဝေဒယတီတိဝေဒနာ။ ဝေဒယန္တိ ပစ္စနုဘဝန္တိ ဧတာယာတိဝါဝေဒနာ။ ။ဝိဂြိုဟ်ပြု။ ။ဝေဒယတိ၊ခံစားတတ်၏။ဣတိ၊ထိုကြောင့်။ ဝေဒနာ၊ဝေဒနာမည်၏။ ဝါ၊တနည်းကား။ဧတာယ၊ ထိုသဘောတရားဖြင့်။ ဝေဒယန္တိ ပစ္စနုဘဝန္တိ၊ခံစားကုန်၏။ဣတိတသ္မာ၊ထိုသို့ခံစားကြောင်းဖြစ်သောသဘောကြောင့်။ ဝေဒနာ၊ ဝေဒနာမည်၏။ ။တဏှာဟူသည်ကား။ ။တသတီတိ ပရိတသတီတိ တဏှာ။ နိစ္စပိပါသဝသေနအာရမ္မဏာပေါဘနိစ္စံ။ခြုလတိပစ္စေတိ ဝါတိအစ္ဆော။ တသန္တိ ပရိတသန္တိ သတ္တာ။ ဧတာယာတိဝါ တဏှာ။ ။ ဝိဂြိုဟ်ပြု။ ။တသတိ၊ပရိတသတိ၊ တောင့်တတတ်ကုန်၏။ ဣတိတသ္မာ၊ထိုကြောင့်။တဏှာ၊တဏှာမည်၏။နိစ္စပိပါသဝသေန၊အမြဲမွတ်သိပ်သည်၏အစွမ်းအားဖြင့်။အာရမ္မဏာပေါဘ၊အာရုံဟူသောအကြောင်းကြောင့်။နိစ္စံ၊အမြဲ။ခြုလတိ၊တုန်လှုပ်တတ်၏။ဝါ၊တနည်းကား။ပစ္စေတိ၊တောင့်တတတ်၏။ဣတိ၊ ဤသည်ကား။အစ္ဆော၊အနက်တည်း။ဝါ၊တနည်းကား။ ဧတာယ၊ ဤသဘောဖြင့်။သတ္တာ၊ သတ္တဝါတို့သည်။ တသန္တိ-ပရိတသန္တိ၊ တောင့်တကြရကုန်၏။ဣတိတသ္မာ၊ထိုသို့တောင့်တကြောင်းဖြစ်

သောသတ္တိကြောင့်။တဇ္ဈာ၊တဇ္ဈာမည်ကုန်၏။ ။ဥပါဒါန်ဟူ
သည်ကား။ ။ဥပါဒိယတီတိဥပါဒါနံ၊အဓိမတ္တဂါဟံဂဏှာတီတိ
အတ္ထော။ဥပါဒိယန္တိ ဓါ ဧတေနာတိဥပါဒါနံ။ ။ဝိဂ္ဂဟပြု။ ။
ဥပါဒိယတိ၊စွဲလမ်းတတ်၏။ဣတိ၊ထိုကြောင့်။ဥပါဒါနံ၊ ဥပါဒါန်
မည်၏။အဓိမတ္တဂါဟံ၊မလွှတ်သောယူခြင်းကို။ဂဏှာတိ၊ ယူတတ်
၏။ဣတိ၊ဤသည်ကား။အတ္ထော၊အနက်တည်း။ဝါ၊တနည်းကား။
ဧတေန၊ဤသဘောဖြင့်။ ဥပါဒိယန္တိ၊ စွဲလမ်း၍ယူတတ်ကုန်၏။
ဣတိတသ္မာ၊ထိုသို့စွဲလမ်း၍ယူတတ်သောသတ္တိကြောင့်။ဥပါဒါ
နံ၊ဥပါဒါန်မည်၏။ ။ဘဝဟူသည်ကား။ ။ဘဝတိဝဍ္ဎတိ
တိဘဝေါ။ ဘဝန္တိ ဓာယန္တိ ဝဍ္ဎန္တိဝါသုခဒုက္ခာနိဧတေနာတိဝါ
ဘဝေါ။ ။ဝိဂ္ဂဟပြု။ ။ဘဝတိဝဍ္ဎတိ၊ပွါးစီးတတ်၏။ဣတိ၊
ထိုကြောင့်။ ဘဝေါ၊ဘဝမည်၏။ ဝါ၊တနည်းကား။ ဧတေန၊
ဤသဘောဖြင့်။သုခဒုက္ခာနိ၊ ချမ်းသာဆင်းရဲတို့သည်။ ဘဝန္တိ
ဓာယန္တိ၊ဖြစ်ကုန်၏။ဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ ဣတိတသ္မာ၊ ထို
သို့ ဖြစ်ပွါး ကြောင်း ဖြစ်သော သတ္တိ ကြောင့်။ ဘဝေါ၊ဘဝ
မည်၏။ ။ဇာတိဟူသည်ကား။ ။ဇာနနံဇာတိ။ ဇာယန္တိ
ပါတုဘဝန္တိဓမ္မာဧတာယာတိဝါဇာတိ။ ။ဝိဂ္ဂဟပြု၊ ။
ဇာနနံ၊ဖြစ်ခြင်း။ဇာတိ၊ ဖြစ်ခြင်း။ ဝါ၊ တနည်းကား။ဧတာယ၊
ဤသဘောဖြင့်။ ဓမ္မာ၊ သင်္ခတတရားတို့သည်။ ဇာယန္တိ ပါတု
ဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့ထင်
ရှားဖြစ်ပေါ်ကြောင်းဖြစ်သောသတ္တိကြောင့်။ ဇာတိ၊ဇာတိမည်
၏။ ။ဇရာဟူသည်ကား။ ။ဇီရဏံဇရာ။ ဇီရန္တိ ဇိဏ္ဏဘာဝ
ံဂစ္ဆန္တိဧတာယာတိဝါဇရာ။ ။ဝိဂ္ဂဟပြု။ ။ဇီရဏံ၊ ဆွေး
မြေ့ခြင်း။ဇရာ၊ဆွေးမြေ့ခြင်း။ဝါ၊တနည်းကား။ ဧတာယ၊ဤသ
ဘောဖြင့်။ဇီရန္တိ၊ဆွေးမြေ့ကုန်၏။ဇိဏ္ဏဘာဝံ၊ဆွေးမြေ့သည်၏
အဖြစ်သို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဆွေးမြေ့
ကြောင်းဖြစ်သောသတ္တိကြောင့်။ဇရာ၊ဇရာမည်၏။ ။သောက
ဟူသည်ကား။ ။သောစနံ သောကော။ သောစန္တိ ဝိတ္တပရိဠာ

ဟံဂဏ္ဍန္တိ ဧတေနာတိ ဝါ သောကော။ ။ဝိဂ္ဂဟ်ပြု။ ။သော
စနံ၊ စိုးရိမ်ခြင်း။ သောကော၊ စိုးရိမ်ခြင်း။ ဝါ၊ တနည်းကား။ ဧတေန၊
ဤသဘောဖြင့်။ သောစန္တိ၊ စိုးရိမ်ကြရကုန်၏။ စိတ္တပရိဠာဟံ၊
စိတ်၏ပူပန်ခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့
စိတ်ပူပန်ကြောင်းဖြစ်သောသဘောကြောင့်။ သောကော၊ သောက
မည်၏။ ။ပရိဒေဝ-ဟူသည်ကား။ ။ပရိဒေဝနံ ပရိဒေဝေါ။
တံတံပဝတ္တိံ ပရိကိတ္တေတွာ၊ ဒေဝန္တိ ကန္ဒန္တိ ဧတေနာတိ ပရိ
ဒေဝေါ။ ။ဝိဂ္ဂဟ်ပြု။ ။ပရိဒေဝနံ၊ ငိုကြွေးမြည်တမ်းခြင်း။ ပရိ
ဒေဝေါ၊ ငိုကြွေးမြည်တမ်းခြင်း။ ဝါ၊ တနည်းကား။ ဧတေန၊ ဤတ
ရားဖြင့်။ တံတံပဝတ္တိံ၊ ထိုထိုအကြောင်းကို။ ပရိကိတ္တေတွာ၊
ပြောကြား၍။ ဒေဝန္တိ ကန္ဒန္တိ၊ ငိုကြွေးမြည်တမ်းကုန်၏။ ဣတိ
တသ္မာ၊ ထိုသို့ငိုကြွေးမြည်တမ်းကြောင်းဖြစ်သောသဘောကြောင့်။
ပရိဒေဝေါ၊ ပရိဒေဝမည်၏။ ။ဒုက္ခဟူသည်ကား။ ။ခမိတုံ
သဟိတုံ၊ ဒုက္ကရန္တိ ဒုက္ခံ။ ။ဝိဂ္ဂဟ်ပြု။ ။ခမိတုံသဟိတုံ၊ သည်း
ခံခြင်းငှါ။ ဒုက္ကရံ၊ ခဲယဉ်း၏။ ဝါ၊ ပြုနိုင်ခဲ၏။ ဣတိ၊ ထို့ကြောင့်။ ဒုက္ခံ၊
ဒုက္ခမည်၏။ ။ဒေါမနဿ-ဟူသည်ကား။ ။ဒုမ္မနဿ ဝိရူပ
စိတ္တဿ ဘာဝေါ ဒေါမနဿံ။ ။ဝိဂ္ဂဟ်ပြု။ ။ဒုမ္မနဿ၊
မကောင်းသောစိတ်၏။ ဝိရူပစိတ္တဿ၊ အဆင်းမလှသောစိတ်၏။
ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဒေါမနဿံ၊ မကောင်းသောစိတ်
၏ဖြစ်ကြောင်း။ ။ဥပါယာသ- ဟူသည်ကား။ ။ဘုသော
အာယာသနံ ဥပါယာသော၊ ဝိသီဒနန္တိ အတ္ထော။ ။ဝိဂ္ဂဟ်ပြု။ ။
ဘုသော၊ အလွန်ပြင်းစွာ။ အာယာသနံ၊ ပင်ပန်းခြင်းတည်း။ ဥပါ
ယာသော၊ အလွန်ပြင်းစွာပင်ပန်းခြင်း။ ဝိသီဒနံ၊ နစ်ခြင်းတည်း။
ဣတိ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ။ဝေ-ဟူသည်
ကား။ ။အကြင်အကြင်ဆို အပ်ခဲ့ပြီးသော။ အဝိဇ္ဇာအစရှိသော
သင်္ခါရာအစရှိသော။ ပစ္စည်းပစ္စယုပ္ပန်။ အဆက်ဆက်အစီအရင်
ဖြင့်။ ဖြစ်ပွါးခြင်းသည်ဖြစ်ပါ၏။ ဤသို့လျှင်။ သမ္ဘဝန္တိ ဖြစ်ခြင်းကိုပြု
အပ်ပေ၏။ ။ဧတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ [illegible]

ကား။ ။အဝိဇ္ဇာအစရှိသောအလုံးစုံသော။ ထိုဒုက္ခအစု၏။သို့ မဟုတ်။တစုံတခုသော သုခနှင့်မရောနှောသော။ထိုဒုက္ခအပေါင်း၏ ဖြစ်ခြင်းသည်။အမှန်ဖြစ်တတ်ပေ၏။ဟူ၍သိရာ၏။

ဆက်၍ဆိုပါဦးအံ့။ဤပဋိစ္စသမုပ္ပါဒ်အရာနိုက်။ပဋိစ္စသမုပ္ပါဒ် နည်းသည်။ သုတ္တန်နည်းအားဖြင့်၎င်း။ အဘိဓမ္မာနည်းအားဖြင့် ၎င်း-၂-ပါး အပြားရှိပါ၏။ ထို-၂-ပါး တို့တွင်း။ ရှေးဦးစွာ သုတ္တန္တနည်းဖြင့်။ ပြပေအံ့။ ။အဝိဇ္ဇာသည်။ ဒုက္ခသစ္စာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာလည်းတပါး။ သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာလည်းတပါး။ နိရောဓသစ္စာကိုဖုံး လွှမ်းတတ်သောအဝိဇ္ဇာလည်းတပါး။ မဂ္ဂသစ္စာကိုဖုံးလွှမ်းတတ် သောအဝိဇ္ဇာလည်းတပါး။ဤသို့လျှင်။သုတ္တန္တ-နည်းအားဖြင့် ၄-ပါးအပြားရှိ၏။ ။အဘိဓမ္မာနည်းအားဖြင့်ကား။ရှေ့အစွန်းကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာလည်းတပါး။ နောက် အစွန်းကို ဖုံးလွှမ်း တတ်သော အဝိဇ္ဇာလည်း တပါး။ ရှေ့ အစွန်း နောက်အစွန်း-၂-ပါးကိုဖုံးလွှမ်းတတ်သောအဝိဇ္ဇာလည်းတပါး။ ပဋိစ္စသမုပ္ပါဒ်ကိုဖုံးလွှမ်းတတ်သောအဝိဇ္ဇာလည်းတပါး။ ဤသို့ လျှင်အဘိဓမ္မာနည်း အားဖြင့်-၄ ပါးတို့နှင့် တကွ-၈-ပါး အ ပြားရှိသည်ဖြစ်၏။

အဝိဇ္ဇာပြီး၏။

သင်္ခါရတို့သည်။သုတ္တန္တကနည်းအားဖြင့်။အာသဝေါတရား နှင့်တကွဖြစ်ကုန်သော။ ကုသိုလ်စေတနာ အကုသိုလ်စေတနာ တို့သည်။အပုညာဘိသင်္ခါရဟူ၍၎င်း။ပုညာဘိသင်္ခါရဟူ၍၎င်း။ အာနေဉ္ဇာဘိသင်္ခါရဟူ၍၎င်း။ ၃-ပါးအပြားရှိကုန်၏။ ထို-၃- ပါးတို့တွင်။ ၁၂-ပါးကုန်သော အကုသိုလ်စေတနာ တို့သည်။ အပုညာဘိသင်္ခါရမည်ကုန်၏။ ကာမကုသိုလ် စေတနာ၊ ရူပ ကုသိုလ်စေတနာ တို့သည်။ ပုညာဘိသင်္ခါရမည်၏။ အရူပ

ကုသိုလ်စေတနာသည်။အာနေဠာဘိသင်္ခါရမည်၏။ ။အဘိဓမ္မာနည်း အားဖြင့်။ အလုံးရုံ ဖြစ်ကုန်သော။ လောကီ လောကုတ္တရာ- ကုသိုလ်စေတနာ၊ အကုသိုလ် စေတနာ တို့သည်။ သင်္ခါရတို့မည်ကုန်၏။ အလုံးရုံဖြစ်ကုန်သော။ ကြံယာစေတနာကိုမူကား။ဝိဘင်းပါဠိတော်ကြီး ချုး နှိုက်။မယူအပ်ဟူ၍ရင်း။ ။အဋ္ဌကထာနှိုက်လည်း။ ။ကိရိယာဓမ္မာနံပန၊ယသ္မာနေဝအဝိဇ္ဇာ၊နကုသလါကုသလမူလာနိ။ဥပနိဿယပစ္စယတ္တံလာဘန္တိ။တသ္မာကိရိယာဝသေနပစ္စယာကာရောနဝုတ္တော။ ။အနက်ကား။ ။ယသ္မာ၊အကြင်ကြောင့်။အဝိဇ္ဇာ၊အဝိဇ္ဇာသည်။ကြံယာဓမ္မာနံ၊ကြံယာတရားတို့အား။ဥပနိဿယပစ္စယတ္တံ၊ ဥပနိဿယပစ္စည်းအဖြစ်ကို။နေဝလာဘတိ၊မရအပ်သည်သာလျှင်တည်း။ ကုသလာကုသလမူလာနိ၊ကုသိုလ်မူလ၊အကုသိုလ်မူလတို့သည်။ ကြံယာဓမ္မာနံ၊ကြံယာတရားတို့၏။ဥပနိဿယပစ္စယတ္တံ၊ဥပနိဿယပစ္စည်းအဖြစ်ကို။နလာဘန္တိ၊မရကြကုန်။ တသ္မာ၊ထို့ကြောင့်။ကြံယာဝသေန၊ကြံယာ၏အစွမ်းအားဖြင့်။ ပစ္စယာကာရော၊ ပစ္စည်းပြုပုံအခြင်းအရာကို။နဝုတ္တော၊ဟောတော်မမူခဲ့ပါပေ။

သံယုတ် ပါဠိတော် မြတ်နှိုက်ယည်း မြတ်စွာ ဘုရားရှင်သည်။ ။ယတော ခေါဘိက္ခဝေ ဘိက္ခုနော။ အဝိဇ္ဇာ ပဟီနာ ဟောတိ-ဝိဇ္ဇာဥပ္ပန္နာ။သောအဝိဇ္ဇာဝိရာဂါဝိဇ္ဇုပ္ပါဒါ။ နေဝပုညာဘိသင်္ခါရံအဘိသင်္ခရောတိ။ နအပုညာဘိသင်္ခါရံ၊ နအာနေဉ္ဇာဘိသင်္ခါရံအဘိသင်္ခရောတီတိ။ ။အနက်ကား။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ယတောခေါ၊ အကြင်အကြောင်း ကြောင့်။ဘိက္ခုနော၊ရဟန်းအား။အဝိဇ္ဇာ၊အဝိဇ္ဇာကို။ ပဟီနာ၊ ပယ်အပ်ပြီးသည်။ဟောတိ၊ဖြစ်၏။ဝိဇ္ဇာ၊ ဝိဇ္ဇာသည်။ ဥပ္ပန္နာ၊ဖြစ်ပေါ်လာသည်။ဟောတိ၊ဖြစ်၏။သော၊ထိုရဟန်းသည်။ အဝိဇ္ဇာဝိရာဂါ၊အဝိဇ္ဇာ၏-ပြယ်ပျောက်ခြင်းကြောင့်။ ဝိဇ္ဇုပ္ပါဒါ၊ဝိဇ္ဇာ၏ဖြစ်ပေါ်ခြင်းကြောင့်။ ပုညာဘိသင်္ခါရံ၊ပုညာဘိသင်္ခါရကို။ နေဝအဘိ

သမ်ရောတိ၊မပြုပြင်မစီရင်တော့သည်သာလျှင်တည်း။ အပုညာဘိသင်္ခါရ၏၊ အပုညာဘိသင်္ခါရကို၊ နအဘိသမ်ရောတိ၊မပြုပြင်မစီရင်။အာနေဉ္ဇာဘိသင်္ခါရ၏၊အာနေဉ္ဇာဘိသင်္ခါရကို၊နအဘိသမ်ရောတိ၊မပြုပြင်မစီရင်။

ထိုကဲ့သို့ကြံယာစေတနာ၏-သင်္ခါရအဖြစ်ကို၊ ဝိဘင်းနှိက်ဟောတော်မမူသော်လည်း။ မိမိ၏လျော်သောအကြောင်း၏အစွမ်းအားဖြင့်။ထိုကြံယာတရားတို့၏ အကြောင်းကိုစွဲ၍ဖြစ်ခြင်းကို။မဖြစ်အပ်မပယ်အပ်သည်သာလျှင်ဖြစ်ပေ၏။ထိုစကားသည်မှန်လှပေ၏။ တရံတခုသောအကြောင်းကိုစွဲ၍ ဖြစ်ခြင်းမှကင်းသော။သင်္ခတတရားမည်သည်မရှိဟူ၍ မှတ်အပ်၏။ ။ဤနည်းအားဖြင့်-ဝိညာဏ်အစရှိသည့်တို့၌လည်း- ယင်းသို့ပင် မှတ်ပါရာ၏။

သင်္ခါရပြီး၏။

---

ဝိညာဏ်ဟူသည်ကား။ သုတ္တန္တနည်းအားဖြင့်။ ၃၂ —ပါးအပြားရှိသောလောကီဝိပါက်ဝိညာဏ်တည်း။ ။အဘိဓမ္မာနည်းအားဖြင့်။ ကြံယာစိတ်သည့်ကြဉ်အပ်သော။ တခုယုတ်-ခုနစ်ဆယ်အပြားရှိသော။ လောကီဝိညာဏ်၊ လောကုတ္တရာဝိညာဏ်တို့သည်ဝိညာဏ်မည်၏။

ဝိညာဏ်ပြီး၏။

---

နာမ်-ရုပ်ဟူသည်ကား။သုတ္တန္တ နည်းအားဖြင့်။လောကီဝိပါက်၊ဝိညာဏ်နှင့်တကွဖြစ်သော။ ဝေဒနာအစရှိသော- ခန္ဓာ၊သုံးခုတို့၏ အပေါင်းသည်ရင်း။ ပဋိသန္ဓေအခါနှိက်။ ကမ္မဇရုပ်သည်ရင်း။ပဝတ္တိအခါနှိက်စိတ္တဇရုပ်သည်ရင်း။နာမ်ရုပ်မည်၏။ ။အဘိဓမ္မာနည်းအားဖြင့်သော်ကား။အလုံးဂုံကုသိုလ်၊အကုသိုလ်

ဝိပါက်တို့နှင့် သမ္ပယုတ် ဖြစ်သော–ခန္ဓာ-၃-ခုတို့၏ အပေါင်း သည့်ရင်း။ဆိုအပ်ခဲ့ပြီးသောအပြားရှိသော ပဋိသန္ဓေကမ္မဇရုပ် ပဝတ္တိစိတ္တဇရုပ်သည်ရင်း။နာမ်ရုပ်မည်၏။ ။ပါဠိတော်နည်းမှ။ တပါး။အဋ္ဌကထာနည်းကို ဆိုဦးအံ့။ ။သင်း အဋ္ဌကထာနိုက်။ ရအပ်သောဒွာရာမ္မဏ ပစ္စည်းရှိသော။ အလုံးစုံ ဖြစ်ကုန်သော စတုသမုဋ္ဌာနရုပ်တို့ကို။ယူအပ်သည်သာလျှင်ဖြစ်၏ဟူ၍ ပြလေ၏။

နာမ်ရုပ်ပြီး၏။

---

သဠာယတန-ဟူသည်ကား။ ခြောက်ပါးကုန်သော အဇ္ဈတ္တိ ကာယတနတို့ကိုသာလျှင်။ သဠာနိ၊ အာယတနာနိ ဆိုအပ်ကုန် သော။ အလုံးစုံသောပါဠိတော်–အရပ်ရပ်တို့နိုက်။ ဝေဘန်၍ပြ တော်မူပေ၏။ အချို့သောဆရာတို့သည်ကား။ ဗာဟိရာယတန တို့သည်လည်း။ ဖဿ၏ပစ္စည်းတို့ဖြစ်ကုန်၏–ဟူ၍။ ဤကဲ့သို့ နှလုံးပိုက်တော်မူ၍ ပြီးလျှင်။ထိုဗာဟိရာယတန-ခြောက်ပါးတို့ ကို။ ဤသဠာယတနဟူသောပုဒ်နိုက်။ သွင်းသွင်းကြကုန်၏။ ထို စကားသည်။နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နှင့်ညီညွတ်လှပေ၏။ ။ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်နိုက်။ ဘုရားအကယ်ကဲ့သို့ဟော တော်မူပါသနည်းဟူမူကား။ ။ကတမော စဘိက္ခဝေလော ကဿသမုဒယော။ စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ။ တိဏ္ဏံသင်္ဂတိဖဿော။ ဖဿပစ္စယာဝေဒနာ။ ဝေဒနာပစ္စယာ တဏှာ။ တဏှာပစ္စယာဥပါဒါနံ။ ဥပါဒါနပစ္စယာဘဝေါ။ ဘဝ ပစ္စယာဇာတိ။ ဇာတိပစ္စယာဇရာမရဏသောကပရိဒေဝ။ဒုက္ခ ဒေါမနဿု ပါယာသာသမ္ဘဝန္တိ။ အယံလောကဿ ၊ သမုဒ ယော။သောတဉ္စ။လ။မနဉ္စပဋိစ္စဓမ္မေစဥပ္ပဇ္ဇတိ။ မနောဝိညာဏံ။ တိဏ္ဏံသင်္ဂတိဖဿော။လ။လောကဿသမုဒယော်။ သောတဉ္စ။ လ။မနဉ္စပဋိစ္စဓမ္မေစ ဥပ္ပဇ္ဇတိ။ မနောဝိညာဏံ။ တိဏ္ဏံသင်္ဂတိ ဖဿော။လ။ လောကဿသမုဒယောတိ။ ။ဟူ၍ဟောတော်

မူပါ၏။ ဖဿဝေဒနာ အစရှိသည့်တို့ကိုလည်း။ နည်းနှစ်ပါးရုံ
နိုက်။ထိုထိုဝိညာဏ်နှင့်ယှဉ်သည့်တို့ကို-သိအပ်ကုန်၏။

## သဠာယတန၊ဖဿ၊ဝေဒနာ၊ပြီး၏။

တဏှာဥပါဒါန်တို့သည် ထင်ရှား လှပေသည်ဖြစ်၍ မထည့်
လိုက်ပြီ-အောက်သရုပ်ခွဲတွင်လည်းပြအပ်ပြီ။

ဘဝ-ဟူသည်ကား။ကမ္မဘဝဟူ၍၎င်း။ဥပပတ္တိဘဝဟူ၍၎င်း
၂-ပါးရှိ၏။ထို-၂-ပါးတို့တွင်။ လောကီဖြစ်သောကုသိုလ်ခန္ဓာ
၄-ပါး။ အကုသိုလ်ခန္ဓာ-၄-ပါးတို့သည်။ ကမ္မ ဘဝမည်၏။
ဘုရားအဘယ်ကဲ့သို့ဟောတော်မူသနည်းဟူမူ။ ။သဗ္ဗံပိဘဝ
ဂါမိကမ္မံ ကမ္မဘဝေါ။ ။ပဋိစ္စသမုပ္ပါဒဝိဘင်းပါဠိတော်။ ။
သဗ္ဗံပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဘဝဂါမိကမ္မံ၊ ဘဝသို့
ရောက်ကြောင်းဖြစ်သောကံရသည်။ဝါ၊ဘဝတပါးသို့ပို့ဆောင်
တတ်သောကံရသည်။ ကမ္မဘဝေါ၊ ကမ္မဘဝမည်၏။ ။ထိုမှ
တပါး။သုတ္တန္တိကနည်းအားဖြင့်။အလုံးစုံကံကြောင့်ဖြစ်ကြကုန်
သော-လောကီဝိပါက်ခန္ဓာတို့သည်၎င်း။ အလုံးစုံသော ကမ္မဇ
ရုပ်တို့သည်၎င်း။ ဥပပတ္တိဘဝမည်၏။ အဘိဓမ္မာနည်းအားဖြင့်
သော်ကား။လောကုတ္တရာခန္ဓာတို့သည်လည်းဝိဘင်းကျမ်းနိုက်
လာကုန်သည်သာလျှင်တည်း။

## ဘဝပြီး၏။

ဇာတိဇရာမရဏတို့သည်။အလုံးစုံသော သင်္ခတတရားတို့
၏၊ လက္ခဏာမျှတို့သာလျှင်ဖြစ်ကုန်၏။ သောကအစရှိသည်တို့
တွင်။အဆွေအမျိုးတို့၏ပျက်စီးခြင်းတို့နှင့်တွေ့ထိသောသူအား
ငိုးရိမ်သောအခြင်းအရာအားဖြင့်ဖြစ်သော။ဒေါမနဿ။ ဝေဒနာ

သည်သောကမည်၏။ ။ပိုကြွေးမြည်တမ်းသော အခြင်းအရာအားဖြင့်ဖြစ်သော။ အလိုမရှိအပ်သောစိတ်ကြောင့်ဖြစ်သောအသံသည်။ပရိဒေဝမည်၏။ ။ကိုယ်နှိက်ဖြစ်သော ဒုက္ခဝေဒနာသည်ဒုက္ခမည်၏။ ။စိတ်နှိက်ဖြစ်သောဒုက္ခဝေဒနာသည်။ဒေါမနဿမည်၏။ ။အဆွေအမျိုးတို့၏ပျက်စီးခြင်း အစရှိသောအကြောင်းကြောင့်။ အထူးသဖြင့်ဆုတ်နစ်သော အခြင်းအရာအားဖြင့်ဖြစ်သော။ ဒေါသသည်။ ဥပါယာသမည်၏။ ။ဤသို့ဆိုအပ်ခဲ့ပြီးသည်ကား။ဤပဋိစ္စသမုပ္ပါဒ်အရာနှိက်။ တရားတို့ကိုအသီးအသီးခွဲဝေပိုင်းခြားခြင်းတည်း။

အဝိဇ္ဇာပစ္စယာသင်္ခါရာ-ဟူသည်ကား။ ။အ ငပုဂ္ဂိုလ်တို့အား။ခန္ဓာဒုက္ခသစ္စာနှိက်ဖုံးလွှမ်းတတ်သောအဝိဇ္ဇာကိုမပယ်အပ်သေးသည်ဖြစ်၏။ထိုပုဂ္ဂိုလ်တို့အားဒုက္ခသစ္စာမှတပါးသောသစ္စာတို့နှိက်လည်း။ထိုအဝိဇ္ဇာကိုမပယ်သေးသည်သာလျှင်ဖြစ်၏။ထိုကြောင့်ထိုပုဂ္ဂိုလ်တို့ သည်။ခန္ဓာဖြစ်ခြင်းနှိက်သာလျှင် သုခသညာကိုရကြကုန်၏။ ခန္ဓာချုပ်ခြင်းနှိက်ဒုက္ခသညာကို ရကြကုန်၏။ခန္ဓာဖြစ်ခြင်း၏အကြောင်းနှိက်သာလျှင်သုခသညာကိုရကြကုန်၏။ ခန္ဓာချုပ်ခြင်း၏အကြောင်းနှိက်။ဒုက္ခသညာကိုရကြကုန်၏။ထိုကြောင့်၊ ခန္ဓာ၏ဖြစ်ပွါးကြောင်းဖြစ်၍ဖြစ်ကုန်သော။ ပုညာဘိသင်္ခါရ၊အပုညာဘိသင်္ခါရ၊ အာနေဉ္ဇာဘိသင်္ခါရတရားတို့သည်သာလျှင်။အဝိဇ္ဇာဟောင်သည်ပိတ်ဆီးကွယ်ကာလျက်။ဒုက္ခကိုစက်ဆုတ်၍သုခကိုအလိုရှိကြကုန်သော။ ထိုထိုသတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာဘို့သည် ဖြစ်ကြပေကုန်၏။ ထို့ကြောင့်။ အဝိဇ္ဇာပစ္စယာသင်္ခါရာဟူ၍ မိန့်တော်မူပါ၏။ ဤအရာနှိက်။ အထူး အားဖြင့်ပဋိသန္ဓေခန္ဓာကိုဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့်။ ဒုစရိုက်ဖြစ်ကုန်သော အပုညာဘိသင်္ခါရ တရားတို့သည်ရှိကြပါကုန်၏။ အနာဂတ်ခန္ဓာကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာကြောင့်၊သုစရိုက်ဖြစ်ကုန်သောပုညာဘိသင်္ခါရ၊အာနေဉ္ဇာဘိ သင်္ခါရတရားတို့သည်ရှိကြပေကုန်၏။

သင်္ခါရပစ္စယာဝိညာဏံ ဟူသည်ကား။ ။ထိုသင်္ခါရတရားအပေါင်းတို့သည် ရှိကြပေကုန်သည်ရှိသော်။ ဘဝနှိုက်ခင်မင်၍အလွန်လျှင်တင်မက်ခြင်းရှိကြကုန်သောသတ္တဝါတို့အား။ စုတိ၏ အခြားမဲ့နှိုက် တဘာနိဘဝသစ်ဖြစ်ရပြန်ခြင်း၏ ၎င်း။ ရောက်ရခြင်း၏၎င်း။ထိုပုဂ္ဂိုလ်သတ္တဝါတို့၌။ တစုံတခုအနှောင့်အရှက်မည်သည့်မရှိ သို့ဖြစ်ပါ၍။ သင်္ခါရဟူသောအကြောင်းကြောင့်။ ဝိညာဏ်သည်၎င်း။ နာမ်ရုပ်သည်၎င်း။ သဠာယတနသည်၎င်း။ဖဿသည်၎င်း။ဝေဒနာသည်၎င်း။ရှိကြကုန်၏။ ဤသို့လျှင်အတ္တဘောဟုမှတ်အပ်ကုန်သော။ဤငါးပါးသော-ဝိညာဏ်နာမ်ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ၊တရားတို့သည်။ဘဝတပါးနှိုက်ထင်ရှားဖြစ်ကုန်၏။အထူးမှတ်ရန်မှာ။ ထိုတရားငါးပါးတို့တွင်။ဝိညာဏ်သည်သာလျှင်ပြဓာန်းပေ၏။ ဝိညာဏ်သည်သာလျှင်အကြီးအကဲဖြစ်၏။ထိုကြောင့်သင်္ခါရပစ္စယာဝိညာဏံဟူ၍မိန့်တော်မူပေသည်။

ဝိညာဏပစ္စယာနာမရူပံ-ဟူသည်ကား။ ။ဝိညာဏ်သည်ရှိသည်ရှိသော်။ ထိုဝိညာဏ်၏အပေါင်းအစီးဖြစ်ကြကုန်သော။ နာမ်ရုပ်တို့၏ဖြစ်ခြင်း၌။တစုံတခုသောအနှောင့်အရှက်မည်သည်မရှိ။ ထိုကြောင့်၊ဝိညာဏပစ္စယာနာမရူပံ-ဟူ၍မိန့်တော်မူပေသည်။

နာမရူပပစ္စယာ သဠာယတနံ-ဟူသည်ကား။ ။ဤမျှသောတရားအစုကိုယ်သာမည်အားဖြင့် ပြည့်စုံသော နာမကာယသည်၎င်း။ရူပကာယသည်၎င်း။ဆိုခဲ့ပေပြီ။သို့ပင်ဆိုခဲ့ပြီးသော်လည်း။ ထိုနှစ်ပါးသောကာယတို့တွင်။အကြောင်းတရားတို့သည်။ သတ္တဝါဟူသောပညတ်ခြင်းသို့ ပြဓာန်းသောအင်္ဂါ ဖြစ်ကြပါကုန်၏၊ အကြောင်းတရားတို့ကြောင့်လည်း။ဖဿ အစရှိကုန်သောအထက်အင်္ဂါတို့သည် လာရောက်ဖြစ်ပေါ်ကြရကုန်၏။ အကြောင်းတရားတို့နှိုက်သတ္တဝါဟူ၍-မှတ်ခြင်းကို။အလွန်လျှင်မြဲမြံစွာ-မှတ်ယူကြကုန်၏။ထိုတရားတို့ကို။ အသီးအခြားထုတ်ဆောင်၍ပြခြင်းငှါ။နာမရူပပစ္စယာသဠာယတနံဟူ၍ဟောတော်မူအပ်ပါ၏။

သဠာယတနပစ္စယာ ဖဿော-ဟူသည်ကား။ ။နာမ်ရုပ်သည်ရှိသည်ရှိသော်။ ထိုနာမ်ရုပ်တို့၏ ဖြစ်ခြင်းငှါအရှေ့ရောက် အရှက်သည်။ မရှိသည်သာလျှင်တည်း။ အာယတန-ခြောက်ပါးကြောင့် ဖြစ်သောဖဿသည်။ သဠာယတန တရားတို့သည်ရှိသော်။ စင်စစ်အားဖြင့်ဖြစ်သင့်ပေ၏။ ထိုကြောင့်။ သဠာယတနပစ္စယာဖဿောဟူ၍မိန့်တော်မူပါ၏။

ဖဿပစ္စယာဝေဒနာ-ဟူသည်ကား။ ။ဖဿကြောင့်ဖြစ်သောဝေဒနာသည်လည်း။ဖဿသည်ဖြစ်ပေါ်လာသည်ရှိသော်။ စင်စစ်အားဖြင့်။ ဝေဒနာ သည်လည်း ဖြစ်သင့်သည်သာလျှင်တည်း။ထိုကြောင့်။ဖဿပစ္စယာဝေဒနာဟူ၍မိန့်တော်မူပေ၏။

ဝေဒနာပစ္စယာတဏှာ-ဟူသည်ကား။ ။သုခဝေဒနာနှင့် တူသောတဏှာ၏မှီခိုရာသည်မရှိပေ။ ထိုကြောင့်။ ဝေဒနာပစ္စယာတဏှာဟူ၍မိန့်တော်မူပေသည်။

တဏှာပစ္စယာဥပါဒါနံ-ဟူသည်ကား။ ။ကာမုပါဒါန်မည်သည်လည်း တပ်သောအာရုံ၌။ အဘန်တလဲလဲလေ့ကျက်၍မြဲမြံသည်၏အဖြစ်သို့ရောက်သော။ တဏှာပင်ဖြစ်ပါ၏။ ဒိဋ္ဌိတို့သည်လည်း မိမိ၏အာရုံတို့၌။ သာယာခြင်းနှစ်သက်ခြင်း မြိန်ရှက်ခြင်း ဖြစ်၍ဖြစ်သော။တဏှာ၏အစွမ်းအားဖြင့်။ မြဲမြံနိုင်ခံ့သည်၏အဖြစ်သို့ရောက်ကုန်၏။ထိုကြောင့်။ တဏှာပစ္စယာဥပါဒါနံဟူ၍မိန့်တော်မူပေ၏။

ဥပါဒါနပစ္စယာဘဝေါ-ဟူသည်ကား။ ။စွဲလမ်းကြကုန်သောသူတို့သည်လည်း။ စွဲလမ်းအပ်ကုန်သောထိုထိုအကျိုး၏။ အကျိုးစီးပွါးဟူ၍ မှတ်သောထိုထိုကမ္မဘဝကို။ အားထုတ်ကြကုန်သည်သာလျှင်ဖြစ်ကုန်၏။ ထိုကြောင့်။ ဥပါဒါနပစ္စယာဘ

ဝေါဟူ၍မိန့်တော်မူပေ၏။ မှတ်ရန်။ ။(ဤဥပါဒါနပစ္စယာဘာဝေါဟူသောပုဒ်၌။ဘာဝသဒ္ဒါသည်။သုဝိဇာနေသာဘာဝံဟောတိ။ဒုဝိဇာနေသပရာဘာဝေါ-ဟူသောပါဠိတော်၌။ဟောတော်မူသောအတိုင်း။ ဝုဍ္ဎိသဒ္ဒါ၏ပရိယာယ်ဖြစ်သကဲ့သို့။ ဝုဍ္ဎိပရိယာယ်သာလျှင်ဖြစ်ပေ၏။ ထိုမှတပါးလည်း။သုတ္တန်ပါဠိတော်အရပ်ရပ်တို့၌။ ဘာဝဟူသောပုဒ်၌။ ဥပပတ္တိဘာဝကိုသာလျှင်ဝေဘန်တော်မူအပ်ပေ၏။)

ဘာဝပစ္စယာဇာတိ-ဟူသည်ကား။ ။ကမ္မဘာဝသည်ရှိသည်ရှိသော်။စင်စစ်အားဖြင့်တဘန်ဘာဝသစ်သည်ဖြစ်သင့်ပါ၏။ ထိုကြောင့်။ဘာဝပစ္စယာဇာတိဟူ၍မိန့်တော်မူပေ၏။

ဇာတိပစ္စယာဇရာမရဏံ-ဟူသည်ကား။ ။ဇာတိသည်ရှိသည်ရှိသော်။ စင်စစ်အားဖြင့်ဇရာမရဏတရားတို့သည်။ ဖြစ်သည် ဧကန္တသာလျှင်ဟုတ်ပေ၏။ ထိုကြောင့်။ ဇာတိပစ္စယာဇရာမရဏံဟူ၍မိန့်တော်မူပေ၏။

ဤသို့ဆိုအပ်ခဲ့ပြီးသောအတိုင်း။ဤပဋိစ္စသမုပ္ပါဒ်အရာ၌။ ထိုထိုအကြောင်း ထင်ရှား ရှိသည် ရှိသော်။ အလေ့အားဖြင့်ဖြစ်တတ်ကုန်သည်ဖြစ်၍။ တဗ္ဘာဝီဘာဝအမည်ရှိကုန်သောသင်္ခတရားတို့၏အစီအရင်ဖြစ်ပေသတည်း။ ။ဤအရာ၌။ သောကစသောစကားကို ဤသို့သဘောရှိသော။ တဗ္ဘာဝီဘာဝအားဖြင့်ဖြစ်သော။အလုံးစုံသောဝဋ်တရားအပေါင်းတို့၏အဖြစ်များကိုပြခြင်းအကျိုးငှါရင်း။ အဖြစ်ဝအရပ်ရပ်ကိုသိမြင်စေခြင်းအကျိုးငှါရင်း။ဟောတော်မူအပ်ပေသည်ဟူ၍မှတ်ရာ၏။

ဧတ္ထာတိ-ဟူသည်ကား။ ။ဤပစ္စယသင်္ဂဟနိုက်ဟူ၍-မိန့်အပ်၏။

တတ္ထာတိ-ဟူသည်ကား။ ။ထိုပဋိစ္စသမုပ္ပါဒ်နည်းနိုက်ဟူ၍-မိန့်အပ်၏။

တယောအဒ္ဓါတိ-ဟူသည်ကား။ ။ဒ္ဓါ၊နုဝန္တေဝမ္မေဘုသော ခါရေတီတိ အဒ္ဓါ။ ။ဝိဂ္ဂြဟ်ပြု။ ။အဒ္ဓါနုဝန္တေ၊ အစွန့်ရှိကုန်သော။ ဓမ္မေ၊ တရားတို့ကို။ ဘုသော၊ လွန်စွာ။ ခါရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အဒ္ဓါ၊ အဒ္ဓါမည်၏။ ။ အစွန့်ရှိသော များသော နှစ်ပရိစ္ဆေဒအတိုင်းတို့ဖြင့်ရှိသောတရားတို့ကို။ လွန်စွာဆောင်တတ်သောကြောင့်။ အဒ္ဓါဆိုရ၏။ ။အဒ္ဓါဆိုသည်ကား။ ။ကာလကိုမှတ်အပ်၏။ ထိုအဒ္ဓါသည်။ ကာလ-၃-ပါးတို့နှင့် ယှဉ်သောတရားတို့၏ အစည်ကိုဘွဲ့သည်၏ အစွန်းအားဖြင့်။ ကမ္ဘာအဆက်ဆက်သည်ရင်း။ နှစ်၊ ဥတု၊ ပက္ခ၊ ညဉ့်၊ နေ့၊ အစည်အဆက်သည်ရင်း။ ဖြစ်ကြကုန်၍။ ထိုနှစ်၊ ဥတု၊ ပက္ခ၊ တို့အားမရောက်မကျစေမူ၍။ ဆောင်သကဲ့သို့ထင်ကြရ၏ဟူ၍မှတ်အပ်ပေ၏။ တနည်းလည်း။ ။ဘုသော ဒဟန္တိ တိဋ္ဌန္တိ-ပဝတ္တန္တိ တေကာလိကာ ဓမ္မာ ဧတ္ထာတိ အဒ္ဓါ။ ။ဝိဂ္ဂြဟ်ပြု။ ။ဧတ္ထ၊ ဤကာလနိုက်။ တေကာလိကာ၊ တေကာလိကဖြစ်ကြကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဘုသော၊ လွန်စွာ။ ဒဟန္တိ တိဋ္ဌန္တိ၊ တည်ကုန်၏။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ။ ထိုသို့တေကာလိကဓမ္မတို့၏ ဖြစ်ရာဖြစ်သောသတ္တိကြောင့်။ အဒ္ဓါ၊ အဒ္ဓါမည်၏။ ။တေကာလိကဖြစ်ကြကုန်သောတရားတို့သည် လွန်စွာတည်ကြဖြစ်ကြကုန်၏။ ထိုကြောင့်။ တေကာလိကဓမ္မတို့ကို။ အဒ္ဓါဟုဆိုအပ်၏။ ရင်းအဒ္ဓါသဉ်လည်း။ ကာလကိုပင်ရအပ်၏။ ထိုအဒ္ဓါသည်ကား မိမိသည်အပြားမရှိငြားသော်လည်း။ အပြားရှိကုန်သောတရားတို့ကိုထောက်၍။ ပြားသကဲ့သို့တင်စား၍ခေါ်ဝေါ်ခြင်းငှါ။ သင့်မြတ်၏။ ထိုကြောင့်။ တယောအဒ္ဓါ-ဟူ၍ဆရာမိန့်တော်မူ၏။

အင်္ဂါနိ- ဟူသည်ကား။ ။အစိတ်အစိတ် ပြဋ္ဌာန်းသောအင်္ဂါတို့သည်။ ပြဋ္ဌာန်းသော အဆောက် အဦးတို့တည်းဟူ၍။ ဤသို့သောအနက်သဘောကိုဆိုလိုသည့်ဖြစ်၏။

အာကာရာ-ဟူသည်ကား။ ။အင်္ဂါစိတ်ဖြစ်သော အခုတည်း။ထိုစကားမှန်၏။ဤအရာနှိုက်အာကာရသဒ္ဒါသည်။ ကောဋ္ဌာသအနက်ရှိ၏။ဥပမာဒ္ဓိ။ဒွတ္တိံသာကာရာဟူသကဲ့သို့ဖြစ်၏။ ။အာကိရန္တိ တဋ္ဌတဋ္ဌပကိရိတ္ဗာ၊ ထပိတာဝိယဟောန္တိတိအာကာရောတိပိပဒန္တိ။ ။ဝိဂြိုဟ်ပြု။ ။အာကိရန္တိ၊ ကြဲကုန်၏။ တဋ္ဌတဋ္ဌ၊ထိုထိုအရပ်နှိုက်။ပကိရိတွါ၊ကြဲဖြန့်၍။ထပိတာဝိယ၊ ထားကုန်သကဲ့သို့။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။အာကာရာ၊ အာကာရမည်ကုန်၏။ဣတိပိ၊ဤသို့လည်း။ ဝဒန္တိ၊ ဆို(ကြ)ကုန်၏။ ထိုထိုအရပ်ဌာနတို့နှိုက်။ ကြဲဖြန့်၍ထားသကဲ့သို့ဖြစ်ခြင်းကြောင့်။ အာကာရမည်၏ဟူ၍။ ဆရာတို့ဆိုကြသောသဘောအရပေတည်း။

သန္ဓိ-ဟူသည်ကား။ ။၂-ခု၊ ၂-ခု ကုန်သော အဆွတို့၏ စပ်ရာအရပ်မှတ်။

သင်္ခေပါ-ဟူသည်ကား။ ။ပဋ္ဌာနတရားတို့ကို ပေါင်း၍ယူခြင်းဟူ၍မှတ်။

ဝဏ္ဏ-ဟူသည်ကား။ ။ဝဏ္ဏန္တိပုနပ္ပုနံအာဝဏ္ဏန္တိတိဝဏ္ဏာနီ။ ။ဝိဂြိုဟ်ပြု။ ။ဝဏ္ဏန္တိ၊ ဝဏ္ဏိဟူသည်ကား။ ပုနပ္ပုနံ၊ အဘန်ဘန်။ အာဝဏ္ဏန္တိ၊လှည့်လည်တတ်ကုန်၏။ဣတိ၊ထို(ကြော)င့်။ဝဏ္ဏာနိ၊ဝဏ္ဏမည်ကုန်၏။အဘန်ဘန်လှည့်လည်၍ ဖြစ်တတ်သောကြောင့်ဝဏ္ဏမည်၏ဟူလိုသည်။

မူလ-ဟူသည်ကား။ ။မူလယန္တိသဗ္ဗေပိဝဏ္ဏဝမ္မာ၊ဧတ္ထာတိတိဋ္ဌန္တိတဒါယတ္တဝုတ္တိတာယာတိမူလာနိ။ ။ဝိဂြိုဟ်ပြု။ ။ဧတ္ထ၊ဤအရပ်နှိုက်။တဒါယတ္တဝုတ္တိတာယ၊ထိုဝဏ္ဏတို့နှင့်စပ်၍ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့်။သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဝဏ္ဏဝမ္မာ၊ ဝဏ္ဏတရားတို့သည်။ မူလယန္တိ တိဋ္ဌန္တိ၊ တည်ကုန်၏။ဣတိတသ္မာ၊ ထိုသို့တည်ရာဖြစ်သော သဘောကြောင့်။ မူလာနိ၊

မူလတို့မည်ကုန်၏။ ။ထိုထို၀ ၌ အပေါင်းတို့နှင့်စပ်၍။ ဤအ ရပ်နှိုက်ဖြစ်ခြင်းရှိ၏။ ထိုအလုံးစုံသော၀ဋ်တရားတို့သည်။မူလ မတည်ဖြစ်၍ဘည်ကြပေကုန်၏။ထိုကြောင့်။ မူလတို့မည်ပေ၏။ ထိုမူလတို့သည်။ တည်ရာမှီရာဖြစ်၍။ အစအမွန်လက်ဦးတရား ကြီးတို့ ပေတည်းဟူ၍ သိအပ်ကြပေ၏။ ။ဥပမာ နှိုက်။ တယော က်သောယောကျ်ားသည်။ မိမိ၏တချောင်းသောလက် ဖြင့်။သမုဒ္ဒရာရေကိုယူပြီးလျှင်။လူများအပေါင်းတို့၏ခံတွင်းနှိုက် ထည့်၍။လေးစင်းကုန်သောသမုဒ္ဒရာရေ၏။ ဆားကဲ့သို့ငံသည် ၏အဖြစ်ကို။ထိုသူအပေါင်းတို့အားသိစေသကဲ့သို့။ ဘုန်းတော် အလွန်တရာကြီးမြတ်တော် မူလှသော။ ဘုရားကိုတော်မြတ် သည်လည်း။အဝိဇ္ဇာပစ္စယာသင်္ခါရာအစရှိသည်ဖြင့်။ တခုတခု သာလျှင်ဖြစ်သော။ပစ္စုပ္ပန်ဘ၀ကိုအပြည့်အစုံ ဟောတော်မူ၍။ မသိအပ်သောအစရှိသော အလုံးစုံသော။ သံသရာ ဝဋ်ဒုက္ခအ ပေါင်းတို့ဖြစ်ခြင်းကို သိစေတော်မူပေ၏။ အပြည့် အစုံဟော တော်မူသည်ဆိုရာနှိုက်လည်း။ တခုတခုသော - ထိုထိုဘ၀၏အ ကြောင်းကိုလည်း။ ဟောတော်မူသည်ဖြစ်ပါ၏။ ထိုထိုဘ၀၏ အကျိုးကိုလည်း ဟောတော်မူသည်ဖြစ်ပါ၏။ ထိုအကြောင်း အကျိုးနှစ်ပါးတို့တွင်။ရှေးဘ၀ကရှိပြီးဖြစ်ကုန်သော။အဝိဇ္ဇာ သင်္ခါရတို့သည်အကြောင်းမည်ပါ၏။ အနာဂတ်ဘ၀နှိုက်ဇာတိ သည်အကျိုးမည်ပါ၏။ဤသို့လျှင်။တခုသောဘ၀နှိုက်သာအရာ ရှိသည်ဖြစ်သောဤပဋိစ္စသမုပ္ပါဒ်ဒေသနာသည်။ အတိတ်ဘ၀၊ အနာဂတ်ဘ၀၊ နှစ်ပါးတို့နှင့်ဆက်ဆံသည်လည်း ဖြစ်ပါ၏။ထို ကြောင့်။အဝိဇ္ဇာသင်္ခါရာ-အတိတော အဒ္ဓါ-အစရှိသောစကား ကို။အနုဋ္ဌကထာဆရာမြတ်မိန့်တော်မူအပ်ပါ၏။

ဤအရာနှိုက်အငွန့်၏ဝင်း။အငွန့်ရှိသောတရား၏ဝင်း။အပြား ဘေဒမရှိသကဲ့သို့ပြု၍ဆိုခြင်းသည်။ ဓမ္မအားဖြင့်အသီးအခြား။ အဒ္ဓါဟုဆိုအပ်သောကာလ၏။ မရှိခြင်းကိုပြတော်မူ၏။ ကာလ

သည်ပင်လျှင်လောကကိုဖြစ်စေ၏။နှစ်လည်းနှစ်စေ၏။ ဤကဲ့သို့
ဖြစ်သောမိစ္ဆာအယူကိုလည်းတားမြစ်၏။ဒိဒိကိုယ်တိုင်ပင်လျှင်
အဘာဝဖြစ်သော ကာလသည်ဖြစ်ပါလျက်။ တရုံတခုသော
တရားကိုဖြစ်စေတတ်၏ဟူ၍၎င်း။တားမြစ်စေတတ်၏ဟူ၍၎င်း။
ဤသို့တတ်နိုင်ရန် ယုတ္တိမရှိကြောင်းကိုလည်းမှတ်အပ်၏။ အ
ဘယ့်ကြောင့်လျှင်။ဤအရာနှိုက်တခုဘခုသောပစ္စုပ္ပန်နှိုက် ဖြစ်
ပေါ်ခုရှိသောအဇ္ဈတ္တဘောဂ၏ဖြစ်ခြင်းကိုပြဋ္ဌန်တော်မူသော မြတ်
စွာဘုရားသခင်သည်။ အတိတ်ဘဝနှိုက် အကြောင်းကိုလည်း
ကောင်း။ အနာဂတ်ဘဝ၌အကျိုးကို၎င်း။ ပြတော်မူပါသနည်း
ဟူ၍။ဤ သို့မေးခဲ့ငြားအံ့။အဟေတုဒိဋ္ဌိ၊ဝိသမဟေတုဒိဋ္ဌိတို့ကို
တားမြစ်ခြင်းအကျိုးငှါ။အတိတ်ဘဝနှိုက်အကြောင်းကိုပြခြင်း
ဖြစ်ပါ၏။ဥစ္ဆေဒဒိဋ္ဌိကိုတားမြစ်ခြင်းအကျိုးငှါ။ အနာဂတ်ဘဝ
အကျိုးကိုပြခြင်းဖြစ်ပါ၏။သဿတဒိဋ္ဌိကိုတားမြစ်ခြင်းအကျိုး
ငှါ။ဘဝနှစ်ပါးရုံနှိုက်အကြောင်းအကျိုးနှစ်ပါးရုံကို ပြခြင်းဖြစ်
ပါ၏။ထိုစကားရပ်နှိုက်။ ဟိတ်အကြောင်း ရှိကုန်မူ၍။ ပစ္စည်း
အကြောင်းမရှိကုန်မူ၍။သတ္တဝါတို့သည်ဖြစ်လည်း ဖြစ်ကြကုန်
၏။နှစ်လည်းနှစ်ကြကုန်၏။ညစ်နွမ်းကြကုန်၏။ စင်ကြယ်ကြကုန်
၏။ဤသို့စွဲယူသောဒိဋ္ဌိသည်။ အဟေတုဒိဋ္ဌိမည်ပါ၏။ သတ္တဝါ
အပေါင်းတို့ကို။ ပြဟ္မာဘန်ဆင်းသည်ဟူ၍၎င်း။ ပဇာပတိနတ်
ဘန်ဆင်းသည်ဟူ၍၎င်း။ဗိဿနိုးနတ် ဘန်ဆင်းသည်ဟူ၍၎င်း။
ဤကဲ့သို့မဟုတ်မမှန်သောအကြောင်းကို ရှုမြင်စွဲယူခြင်းသည်။
ဝိသမဟေတုဒိဋ္ဌိမည်ပါ၏။ ။သတ္တဝါတို့သည်သေသောအခါ
နှိုက်ပြတ်တောက်ကုန်၏။ နောင်အနာဂတ်ကာလ၌ ပါတခုမျှ
မဖြစ်။ ပဋိသန္ဓေတည်နေရခြင်းမည်သည်မရှိ။ ဤကဲ့သို့မဟုတ်
မမှန်စွဲယူသောဒိဋ္ဌိကို။ဥစ္ဆေဒဒိဋ္ဌိဟူ၍မှတ်။အတ္တသည်။နိစ္စ၊ဓုဝ၊
သဿတဖြင့်မြဲခိုင်၏။ထိုအတ္တဟုဆိုအပ်သော ကိုဝိသည်။ တခု
သောဘဝမှတခုသောဘဝသို့ပြောင်းသွား၏။ကျည်လည်၏။ ဤ
ကဲ့သို့စွဲယူသောဒိဋ္ဌိကို။သဿတဒိဋ္ဌိခေါ်သည်။ ။မှတ်ရန်။ ။

ဤသို့လျှင်နိစ္စသဘောသည်ဖြစ်၍။ ဘဝတပါးသို့ ပြောင်းသွား ကျင်လည်နိုင်သောအတ္တကိုဝ်၏ တတ်စွမ်းနိုင်သောသတ္တိရှိပါမူ ကား။အဝိဇ္ဇာအစရှိသောအကြောင်းတို့သည်။သို့အတ္တဟုဆိုအပ် သောကိုဝ်နှိုက်ပြီးစေအပ်သည်ဖြစ်ရာ၏၊ ခြံရံလျက်ရှိအပ်သည် မဖြစ်နိုင်ရာဟူ၍မှတ်ရာ၏။

သောကာဒိဝစနံပနေတ္ထ နိဿန္ဒဖလနိဒဿနန္တိ-ဟူသည် ကား။ ။အဘယ်ကြောင့်လျှင် သောကအစရှိသောတရားတို့ ကို။ပဋိစ္စသမုပ္ပါဒ်အင်္ဂါတို့နှိုက် မယူအပ်လေကုန်သနည်းဟူ၍ မေးခဲ့ပါငြားအံ့။ဇာတိတရားသည်ဖြစ်ပေါ်ခဲ့သည်ရှိသော်။သော က အစရှိသည်တို့သည်။စင်စစ်အားဖြင့်မဖြစ်ကုန်။ ဤသို့ လျှင်တဏှာဝဘာဝပိဘာဝလက္ခဏာ၏မရှိခြင်းကြောင့်။သောက အစရှိသည်တို့ကို အင်္ဂါတို့နှိုက်မယူအပ်ကုန်။ ထိုစကားမှန်၏။ ဇာတိသည်ရှိပါသော်လည်း။ရူပဘုံနှိုက်ရင်း။အရူပဘုံနှိုက်ရင်း။ ထိုသောကအစရှိသောတရားတို့သည်မဖြစ်ကြလေကုန်။ကာမ ဘုံနှိုက်လည်း။အချို့သောသူတို့အားမဖြစ်ကြကုန် သည်သာလျှင် တည်းဟူ၍မှတ်အပ်၏။ ဤကဲ့သို့ ဖြေဆိုအပ်သော အကြောင်း စကားသည်။ အကယ်၍ဖြေဆိုသောအဘိုင်း ဟုတ်ပါငြားအံ့။ ဤသို့ဖြစ်ခဲ့သည်ရှိသော်။အဘယ်အကျိုးငှါဘုရားရှင်သည်။ ထို သောကအစရှိသည်တို့ကိုဟောတော်မူခြင်းဖြစ်ပါသနည်း။ ထို ကဲ့သို့စောဒနာအမေးရှိခဲ့ပါအံ့၊ ဆိုအပ်ပြီးသော အပြားရှိသော အလုံးစုံသော။ဝဋ်၏အစဉ်ဖြစ်သော။အဝိဇ္ဇာ အစရှိသော တရား ရ၏ရင်း။ကြီးစွာသောအပြစ်များကိုပြတော်မူခြင်းငှါဟောတော် မူခြင်းဖြစ်ပါ၏။ဟူ၍ပြတော်မူခြင်းငှါ။ သောကာဒိဝစနံပနေတ္ထ နိဿန္ဒဖလနိဒဿနံ ဟူသောပုဒ်ကို။ရှင်အနုရုဒ္ဓါဆရာမြတ်မိန့် အပ်ပါ၏။ ထိုစကားရပ်နှိုက်။ နိဿန္ဒ ဖလနိဒဿနံ-ဟူသည် ကား။ ဇာတိ၏ကြီးစွာသော အဖြစ်ဟုဆိုအပ်သော အကျိုးကို ညွှန်းပြခြင်းတည်း။

အဝိဇ္ဇာသင်္ခါရဂ္ဂဟာဏေန-ဟူသည်ကား။ ။အဘယ်ကြောင့် ဤပစ္စုပ္ပန်ဘဝ၏ အတိတ်အကြောင်းဖြစ်ကုန်သော-၂-ပါးကုန်သောအဝိဇ္ဇာသင်္ခါရတို့ကိုသာလျှင်။ပါဠိတော်နိုက်ဟောတော်မူအပ်ပါကုန်သနည်း။အဘယ်ကြောင့်လျှင်။ ထိုအဝိဇ္ဇာသင်္ခါရ ၂ ပါးတို့သည်သာလျှင်။ ဤပစ္စုပ္ပန်ဘဝ၏အကြောင်းတို့သည်ဖြစ်ပါကုန်သနည်း။ ဤသို့အမေးရှိအံ့။ ။အဝိဇ္ဇာသင်္ခါရတို့မှတပါးဖြစ်ကုန်သော တရားတို့သည်လည်း။ ဤပစ္စုပ္ပန် ဘဝ၏ အကြောင်းတို့သည် ဖြစ်ကုန်သည် သာလျှင်ဖြစ်ပါ၏။ ထိုသို့ဖြစ်ကုန်သည် ရှိသော်။ အဘယ်ကြောင့်။ ထိုအဝိဇ္ဇာသင်္ခါရတို့မှတပါးကုန်သော။ ဤပစ္စုပ္ပန်ဘဝ၏အကြောင်းတရားတို့ကို။ပါဠိတော်နိုက်မဟောအပ်ပါကုန်သနည်း။ဤသို့အမေးရှိပါအံ့။ဟောတော်မမူခြင်းသည်လည်း ထိုတရားတို့အားသဘောအားဖြင့်ရအပ်သည်၏အဖြစ်ကြောင့်။ ဟောတော်မမူကုန်ဟူ၍ဖြေရာ၏။ အဘယ်သို့လျှင်မဟောအပ်ကုန်သော်လည်း။ ထိုတရားတို့ကိုသဘောအားဖြင့်ရအပ်ပါကုန်သနည်း။ဤသို့အမေးရှိပါအံ့။တဏှာဝဘာဝီဘာဝလက္ခဏာအားဖြင့်၎င်း။ တဒဝိနာဘာဝီဘာဝလက္ခဏာအားဖြင့်၎င်း-ရအပ်ပါကုန်၏။ ဤသို့ရကြောင်းသဘောကိုပြလိုတော်မူသည်ဖြစ်၍။ အဝိဇ္ဇာသင်္ခါရဂ္ဂဟာဏေန-ဤသို့အစရှိသောစကားကိုဆရာနှင့်တော်မူပါ၏။ ။ဤနည်းကိုတပါးသောအရာတို့နိုက်လည်းဆောင်အပ်ပါသေး၏။ထိုစကားရပ်နိုက်။အဝိဇ္ဇာသင်္ခါရဂ္ဂဟာဏေန ဟူသည်ကား။ ပါဠိတော်နိုက်အစအစွန်းအားဖြင့်ဟောတော်မူအပ်သော။ အဝိဇ္ဇာသင်္ခါရ သဒ္ဒါဖြင့်၎င်း။ တဏှုပါဒါနဘဝါပိဂဟိတာဘဝန္တိ-ဟူသည်ကား။ ။အဝိဇ္ဇာထင်ရှားရှိသည်ရှိသော်။တဏှာဥပါဒါန်တို့သည်ထင်ရှားရှိခြင်းကြောင့်၎င်း။အဝိဇ္ဇာမရှိသည်ရှိသော်။ တဏှာဥပါဒါန်တို့သည်။မရှိခြင်းကြောင့်၎င်း။ အဝိဇ္ဇာသဒ္ဒါဖြင့်-တဏှာဥပါဒါန်တို့သည်။ ယူခြင်းပါဝင်ခြင်းကိစ္စပြီးကြပေ၏။ သင်္ခါရ ထင်ရှားရှိသည်ရှိသော်။ကမ္မဘဝသည်ထင်ရှားရှိခြင်းကြောင့်၎င်း။သင်္ခါရ

မရှိသည်ရှိသေး။ ကမ္မဘဝသည်မရှိခြင်းကြောင့်ရင်း၊ သင်္ခါရဖြင့်-သဒ္ဒါကမ္မဘဝသည်လည်း။ ယူခြင်းပါင်င်ခြင်းကိစ္စသို့အပြီးရောက်ပေ၏။ထိုပြင်မှတပါးလည်း။ ဝိဘာဝနီဋီကာကျမ်း၌။ ဤသို့မိန့်အပ်ပါသေး၏။ ။ကိလေသဘာဝ သာမညတော၊ အဝိဇ္ဇာဂဟဏေန တဏှုပါဒါနာနိ။ ကမ္မဘာဝ သာမညတော၊ သင်္ခါရဂ္ဂဟဏေန ကမ္မဘဝေါ ဂဟိတော။ ။အနက်ကား။ ။ ကိလေသဘာဝ သာမညတော၊ကိလေသာအဖြစ်၏တူကြသည်၏အဖြစ်ကြောင့်။အဝိဇ္ဇာဂဟဏေန၊အဝိဇ္ဇာသဒ္ဒါဖြင့်။တဏှုပါဒါနာနိ၊ တဏှာဥပါဒါန်တို့ကို။ ဂဟိတာနိ၊ ယူအပ်ကုန်၏။ကမ္မဘာဝသာမညတော၊ ကံအဖြစ်၏တူသည်၏ အဖြစ်ကြောင့်။ သင်္ခါရဂ္ဂဟဏေန၊သင်္ခါရသဒ္ဒါဖြင့်။ ကမ္မဘဝေါ၊ကမ္မဘဝကို။ ဂဟိတော၊ယူအပ်၏။ ။ဤသို့လျှင် ဋီကာကျော် ကျမ်းစကားသည်သင့်မြတ်လှပေ၏။ ထိုအတူ။ အဝိဇ္ဇာ သင်္ခါရ တို့သည်။ ယူခြင်းကိစ္စပြီးကုန်သည်ဖြစ်ကြပါ၏။ဟူ၍နှီးနှောအပ်၏။အဝိဇ္ဇာသည်။ဆို တဏှာဥပါဒါန်တို့နှင့် မကင်းမူ၍ ဖြစ်လေ့ရှိသည်၏ အဖြစ်ကြောင့်ရင်း။ သင်္ခါရသည်ကမ္မဘဝနှင့် မကင်းမူ၍ဖြစ်လေ့ရှိသည်အဖြစ်ကြောင့်ရင်း။တဏှာဥပါဒါန်သဒ္ဒါဖြင့် အဝိဇ္ဇာကိုရင်း။ကမ္မဘဝသဒ္ဒါဖြင့်။သင်္ခါရတို့ကိုရင်း။ယူ အပ်ပါကုန်၏။ လက္ခဏာမျှသာဖြစ်ကုန်သောတရားတို့အား။ လက္ခိတဗ္ဗတရားတို့နှင့်။မကင်းမူ၍ ဖြစ်ခြင်းအလေ့ရှိသည်၏ အဖြစ်ကြောင့်။ တဒဝိနာဘာဝ ဝိဘာဝနည်းအားဖြင့်။ဓာတိဓရော။လ။ ဂဟိတံ-ဟူသောသောစကားကိုမိန့်တော်မူ၏။

ဣတိကတ္တွာ- ဟူသည်ကား။ ။ဤသို့သော အကြောင်းကြောင့်။ဟူသည်-၂၀-သော အခြင်းအရာတို့ကို စပ်သောပုဒ်တည်း။

တိသန္ဓိစတုသင်္ခေပပါဝိဘာဝန္တိ- ဟူသည်ကား။ ။ရှေးဦးစွာသောအကြောင်းငါးပါးအပေါင်းဟုဆိုအပ်သော။ တခုသောအလွှာရင်း။နှစ်ခုမြောက်သော အကျိုး-၅-ပါးအပေါင်းဟု ဆို

အပ်သော-တရသောအလွှာရင်း။သုံးရမြောက်သောအကြောင်း ၅ ပါးအပေါင်းဟုဆိုအပ်သော-တရသော အလွှာရင်း။-၄-ရမြောက်သောအကျိုးငါးပါးအပေါင်းဟုဆိုအပ်သော-တရသော အလွှာရင်း။ဤသို့လျှင် လေးပါးသော အလွှာတို့သည် ဖြစ်ကြကုန်၏။ပေါင်း၍ ရေတွက်ကြောင်းတို့သည် ၄ ပါး ဖြစ်ကြ၏။ လေးပါးကုန်သော အလွှာတို့သည်။ ပြီးကုန်သည်ရှိသော်။ ပဌမအလွှာနှင့်ဒုတိယအလွှာ၏စပ်ခြင်းရင်း။ ဒုတိယအလွှာနှင့်တတိယအလွှာ၏စပ်ခြင်းရင်း။တတိယအလွှာနှင့်။ စတုတ္ထအလွှာ၏စပ်ခြင်းရင်း။ဤသို့လျှင် ၃ ပါးကုန်သော အစပ်တို့သည်လည်းပြီးစီးခြင်းသို့ရောက်ကြပေကုန်၏။ ထို့ကြောင့်။ တိသန္ဓိစတုသင်္ခေပါစဘာဝန္တိ-ဟူ၍ဆရာမိန့်တော်မူ၏။

ဆက်၍ဆိုလိုက်ပါဦးအံ့။ ။ဤအရာနိုက်။ ဟေတုပစ္စကံ ဖလပစ္စကံ-ဟူသောစကားကို။ လူအပေါင်းတို့အား။ ထင်ရှားသောဝေါဟာရအဖွမ်းဖြင့်- မိန့်တော်မူ၏။ စင်စစ်သော်ကား။ ဟေတုသဒ္ဒါ၊ ဖလသဒ္ဒါတို့သည်။ ပစ္စည်း ပစ္စယုပ္ပန်တို့၏ ပရိယာယ်သည်သာလျှင်ဖြစ်ပါ၏။ ထို့ကြောင့်။ ဒုတိယပစ္စကနိုက်။ ပဌမပစ္စကကိုထောက်သည်ရှိသော်။ ဖလပစ္စက၏ အဖြစ်သည်ရင်း။တတိယပစ္စကကိုထောက်သည်ရှိသော်။ ဟေတုပစ္စက၏အဖြစ်သည်ရင်း။မဖြစ်သင့်သည်ကားမဟုတ်ပေ။ဖြစ်သင့်သည်သာမှတ်။ထို့အတူ။ တတိယပစ္စက၏လည်းစတုတ္ထပစ္စကကိုထောက်သည်ရှိသော်။ဟေတုပစ္စက၏အဖြစ်သည်ရင်း။ ဒုတိယပစ္စကကိုထောက်သည်ရှိသော်။ ဖလပစ္စက၏အဖြစ်သည်ရင်း။ မဖြစ်သင့်သည်ကားမဟုတ်ပေ။ ဖြစ်သင့်သည်သာမှတ်။ဤသို့ဖြစ်သည်ရှိသော်။အကြောင်းမှ အကျိုးသည်သာလျှင် ဖြစ်ရာ၏။ အကျိုးမှအကြောင်းသည်မဖြစ်ပေရာဟု၍ကဲ့သို့ စောဒနာငြားအံ့။စောဒနာခွင့်မရှိ။ မစောဒနာအပ်ဟူ၍မှတ်။ ။တနည်းအားဖြင့် နှစ်ပါးကုန်သော ဟေတုပစ္စက တို့တွင်။ သင်္ခါရကမ္မ

ဘဝတို့၏ အထူးကို။ အဠကထာနှိုက်။ မိန့်တော် မူပါ၏။
အဘယ်ကဲ့သို့ မိန့်တော် မူပါသနည်း ဟူမူ။ ။ဒါနံဒဒသာ
မိတိစိတ္တံ ဥပ္ပါဒေတွာ ။မာသံပိ သံဝစ္ဆရံပိ ဒါနပကရဏာ
နိသဇ္ဇန္တသာ။ဥပ္ပန္နာပုရိမစေတနာယောအာယူဟနသင်္ခါရာနာမ။
ပဋိဂ္ဂါဟကာနံပနဟတ္ထေဒက္ခိဏံပတိဋ္ဌာပယတော ဥပ္ပန္နာစေတ
နာဘာဝေါတိဝုစ္စတိ။ ဧကာဝဇ္ဇနေသုဝါဆသုဇဝနေသု။စေတ
နာအာယူဟနသင်္ခါရာနာမ။ သတ္တမဇဝနစေတနာဘဝေါ။ ယာ
ကာစိဝါပနစေတနာဘဝေါ။တံသမ္ပယုတ္တာအာယူဟနသင်္ခါရာ
နာမာတိ။ ။အနက်ကား။ ။ဒါနံ၊ အလှူဝတ္ထုကို။ ဒဿာမိ၊
ပေးလှူအံ့။ဣတိ၊ဤသို့။ စိတ္တံ၊စိတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေပြီး၍။
မာသံပိ၊တလပတ်လုံးရင်း။သံဝစ္ဆရံပိ၊ တနှစ်ပတ်လုံးရင်း။ ဒါန
ပကရဏာနိ၊ ဒါန၏အဆောက်အဦးတို့ကို။ဝါ၊ လှူဘွယ်ဝတ္ထု
ပရိက္ခာတို့ကို။သဇ္ဇန္တသာ။ စီရင်သောသူအား။ ဥပ္ပန္နာ၊ဖြစ်ကုန်
သော။ပုရိမစေတနာ၊ပုရိမစေတနာတို့သည်။အာယူဟနသင်္ခါရာ
နာမ၊အာယူဟနသင်္ခါရတို့မည်ကုန်၏။ပဋိဂ္ဂါဟကာနံ၊ အလှူခံ
ပုဂ္ဂိုလ်တို့၏။ဟတ္ထေ၊လက်နှိုက်။ဒက္ခိဏံ၊အလှူဝတ္ထုကို။ပတိဋ္ဌာ
ပယတော၊တည်စေဆဲဖြစ်သောသူအား။ဝါ၊ လှူဆဲဖြစ်သောသူ
အား။ဥပ္ပန္နာ၊ဖြစ်ကုန်သော။စေတနာပန၊စေတနာကိုကား။ဘဝေါ၊
တိ၊ကမ္မဘဝမည်၏ဟူ၍။ဝုစ္စတိ၊အဠကထာဆရာမြတ်မိန့်အပ်ပါ
၏။ဝါ၊တနည်းကား။ဧကာဝဇ္ဇနေသု၊တခုသော အာဝဇ္ဇန်းရှိကုန်
သော။ဆသု၊ခြောက်ပါးကုန်သော။ဇဝနေသု၊ဇောတို့၌။စေတနာ၊
စေတနာတို့သည်။အာယူဟနသင်္ခါရာနာမ၊ အာယူဟနသင်္ခါရ
တို့မည်ကုန်၏။သတ္တမဇဝနစေတနာ၊သတ္တမဇောစေတနာသည်။
ဘဝေါ၊ကမ္မဘဝမည်၏။ဝါပန၊ တနည်းသော်ကား။ ယာကာစိ၊
အမှတ်မရှိကုန်သော။စေတနာ၊ စေတနာဟူသမျှတို့သည်။ ဘ
ဝေါ၊ကမ္မဘဝမည်၏။တံသမ္ပယုတ္တာ၊ ထိုစေတနာနှင့် ယှဉ်ကုန်
သောတရားတို့သည်။ အာယူဟနသင်္ခါ ရာနာမ၊ အာယူဟန
သင်္ခါရတို့မည်ပါ၏။ ။(ဤကားအဠကထာ၏အနက်)။

ကမ္မဘာဝသဘ္ဘာဂါတောဘာဝေကဒေသော-ဟူသည်ကား။ ။ ကမ္မဘာဝကိုရင်း။ ဥပပတ္တိဘာဝကိုရင်း။ ဤသို့လျှင် နှစ်ပါးကုန်သောဘာဝတို့သည်။ ၁၂ ပါးကုန်သော အင်္ဂါတို့တွင်။ တရားသာလျှင်ဖြစ်သော။ဘာဝအင်္ဂါ၏အစိတ်တို့မည်ပါကုန်၏။ ထိုကြောင့်။ ကမ္မဘာဝသဘ္ဘာဂါတော ဘာဝေကဒေသော- ဤသို့ အစရှိ သောစကားကို။ဆရာမိန့်တော်မူပါ၏။ ဤအရာနှိုက် သင်္ဂါရကမ္မဘာဝတို့၏။အထူးကိုဆိုအင်ခဲ့ပြီးသော အဋ္ဌကထာနည်းဖြင့် သာလျှင်။ သိအပ်မှုသိအင်၏။

အဝသေသာဝ-ဟူသည်ကား။ ။ဓာတ်စရာမရဏတို့နှင့်တကွ။ဝိညာဏ်အစရှိသော။ အကျိုးငါးပါး အပေါင်းကိုရည်၍ မိန့်အပ်၏။ဤအရာနှိုက်။ ရှေးနှိုက်ဓာတ်စရာ မရဏသဒ္ဒါဖြင့်။ အကြွင်းဝိညာဏ်အစရှိသောအကျိုးငါးပါးအပေါင်းကို၊ ယူအပ်၏။ထိုဝိညာဏ်အစရှိသောအကျိုးငါးပါးအပေါင်းသည်။အမှန်မုချအားဖြင့်။ ဥပပတ္တိဘာဝသာလျှင် တည်း။ ထိုစကား မှန်၏။ အကျိုးငါးပါးအပေါင်းမှတပါးသော။ ဥပပတ္တိဘာဝမည်သည် မရှိဟူ၍မှတ်အပ်၏။ ဤသို့ပင်မရှိငြားသော်လည်း။ဓမ္မအပြားကို စောင့်ရှောက်ခြင်းအကျိုး၂ါ။ဥပပတ္တိဘာဝသဒ္ဒါဖြင့်။ စတုတ္ထပဋ္ဌကကို။ယူလျှင်သင့်မြတ်ပါ၏။

အဝိဇ္ဇာတဏှာသသေနဒွေမူလာနိ-ဟူသည်ကား။ ။၁၂-ပါးကုန်သောအင်္ဂါတို့တွင်။ အဝိဇ္ဇာမည်သည်ကား။ မောဟစေတသိတ်ပင်တည်း။ထိုမောဟသည်အကုသိုလ်တရားတို့၏ အမြစ်အရင်းဖြစ်၏။ တဏှာမည်သည်ကား။ လောဘစေတသိတ်ပင်တည်း။ထိုလောဘသည်လည်း။ အကုသိုလ်တရားတို့၏ အမြစ်အရင်းဖြစ်ပါ၏။ထိုကြောင့်။ အဝိဇ္ဇာတဏှာ ဝသေနဒွေမူလာနိဟူ၍။ဆရာမိန့်အပ်ပါ၏။မူလဆိုသောစကားသည်။အဦးအစဖြစ်၏။ထိုမောဟ-လောဘ-၂-ပါးတို့သည်။ ဝဋ်တရားတို့၏ အဦးအစမူလဟူ၍ မှတ်ရာ၏။ ။ထိုကြောင့်အဋ္ဌကထာနှိုက်။ ။ပုရိမံပဋ္ဌကဒွယံဣဇ္ဇာဝကေ်ာ။ ပဋ္ဌိမံပဋ္ဌကဒွယံဣဇ္ဇာဝကေ်ာနှိ။

ကတ္တာပုရိမံအဝိဇ္ဇာမူလံ။တဉ္စဒိဋ္ဌိစရိတာနံဝါ။ အပါယဂါမိနံဝါ
စက္ကံ။ပစ္ဆိမံတဏှာမူလံ။ တဉ္စရာဂစရိတာနံဝါသုဂတိဂါမိနံဝါ
စက္ကံ။ ။အနက်ကား။ ။ပုရိမံ၊ ရှေးနိုက်ဖြစ်သော။ ပဋ္ဌက
ဒွယံ၊ပဋ္ဌကနှစ်ခုအပေါင်းသည်။ကော၊တခုသော။ ဘဝစက္ကံ၊ဘဝ
စက်မည်၏။ပစ္ဆိမံ၊နောက်နိုက်ဖြစ်သော။ပဋ္ဌကဒွယံ၊ပဋ္ဌက ၂ ခု
အပေါင်းသည်။ကော၊တခုသော။ဘဝစက္ကံ၊ဘဝစက်မည်၏။ဇာတိ
ကတ္တာ-ဇာတိတည်း၊ထိုကြောင့်။ပုရိမံ၊ ရှေ့နိုက်ဖြစ်သော ဘဝ
စက်သည်။အဝိဇ္ဇာမူလံ၊ အဝိဇ္ဇာလျှင် အကြောင်းရင်းရှိပေ၏။
တဉ္စ၊ ထိုရှေးဖြစ်သောဘဝစက်သည်လည်း။ဒိဋ္ဌိစရိတာနံဝါ၊ဒိဋ္ဌိ
စရိုက်များသောသူတို့၏လည်းကောင်း။အပါယဂါမိနံဝါ၊အပါယ်
သို့သွားလတ့်သောသူတို့၏ရင်း။စက္ကံ၊စက်တည်း။ပစ္ဆိမံ၊နောက်
ဖြစ်သောဘဝစက်သည်။တဏှာမူလံ၊တဏှာအရင်းရှိ၏။ တဉ္စ၊
ထိုနောက်ဖြစ်သောဘဝစက်သည်လည်း။ရာဂစရိတာနံဝါ၊ရာဂ
စရိုက်များသောသူတို့၏ရင်း။ သုဂတိဂါမိနံဝါ၊ သုဂတိသို့သွား
လတ့်ကုန်သောသူတို့၏ရင်း။စက္ကံ၊စက်တည်း။ ။ဤသို့လျှင်
အဋ္ဌကထာဆရာမြွတ်ပြအပ်ပါ၏။ ယင်းသို့အဋ္ဌကထာနိုက်ပင်
ပြအပ်သော်လည်း။စက်ဟူသည်ကား။အကြင်တရားမှစ၍ ဝန်း
အစဉ်၏အစဖြစ်၏။ ထိုအစဖြစ်သောတရားသည်။ တဘန်လာ
ပြန်သည် ရှိသော်သာလျှင်။ စက်မည်သည် ဖြစ်ရပါ၏။ ထို
ကြောင့်။ဤအရာနိုက်-၂ ခုမြောက်သောအကြောင်းအကျိုးရုံနှင့်
တကွ။အလုံးစုံသောပဋ္ဌကတရားတို့သည်။ တခုတည်းသာလျှင်
ဖြစ်သော စက်ဟူ၍မှတ်။ ဤသို့ယူမှ သင့်မြတ်မည်။ အဘယ်
ကြောင့်လျှင်ဤပဋ္ဌကအရာနိုက်။လာကြောင်းဖြစ်သော တရား
အဆောက်အဦတို့တွင်။အဝိဇ္ဇာကိုသာလျှင်အစအဦး အမှူးပြု၍
ဟောတော်မူအပ်လေသနည်း။ သွားကြောင်း ဖြစ်ကုန်သော
တရားအဆောက်အဦတို့တွင်လည်း။ တဏှာကိုသာလျှင် အစ
အမှူးအဦးပြု၍ဟောတော်မူအပ်လေသနည်း။လာကြောင်းသွား
ကြောင်း-၂ ပါးရုံနိုက်။အဝိဇ္ဇာ၊တဏှာ၊ ၂-ပါးရကိုလည်း အစ

အမျိုးအဦးပြု၍ဟောသင့်ဟောထိုက်သည် မဟုတ်ပါတုံလော။ ဤသို့သောစောဒနာစကားရပ်။အရေးယူဘွယ် ရှိရန်ဖြစ်ချေ၏။ ထို့ကြောင့်။ငါဋီကာဆရာသည်။၎င်းစောဒနာအမေးကို ဖြေဆို ရှင်းလင်းလိုက်ပါအံ့။

သုခဝေဒနာ[သမ္ပိသောဟိတဏှာယ အာဟာရာရောနာမနုဿ။ တသ္မာဝေဒနင်္ဂတောပရံဝဋ္ဋင်္ဂံ ဃဋေန္တေနဝေဒနာနုရူပါ တဏှာဥဝဝဏ္ဏဗ္ဗာ။နအဝိဇ္ဇာဂမနသမ္ဘာရေသု၊တာဝအဝိဇ္ဇာယပြကာသောနတ္ထိ။သဗ္ဗပထမံအာရဇ္ဇ ဋ္ဌာနေစ။ သဗ္ဗပဓာနာ အဝိဇ္ဇာဥဝဏ္ဏဗ္ဗာဟောတိ။သာစသင်္ခါရုပ္ပါဒနေ။အဝိရုဇ္ဈနကင်္ဂဘူတာနိ။နတောသံအနုရေဂကဿာအင်္ဂဿ။အညာယကိဉ္စိဝဏ္ဏဗ္ဗံ အတ္ထိတိ။အာဂမနသမ္ဘာရေသုတဏှာယပြကာသောနတ္ထိတိ။အသဒ္ဓိ ပဋိစ္စသမုပ္ပါဒ ဒေသနာနာမ။ ပဓာနင်္ဂ ပရိဂ္ဂဟဝသေန ပဝတ္တာ၊ နလဲ့က္ကမာနသဗ္ဗဓမ္မပရိဂ္ဂဟဝသေနာတိ။ ။အနက်ကား။ ။

ဟိ၊ထင်ရှားပြပေအံ့။သုခဝေဒနာသမ္ပိသော၊ သုခဝေဒနာနှင့်တူသော။ တဏှာယ၊တဏှာ၏။ အာဟာရာရောနာ၊ အာဟာရမည်သည်။နတ္ထိ၊မရှိ။ တသ္မာ၊ထိုကြောင့်။ ဝေဒနင်္ဂတော၊ ဝေဒနာတည်းဟူသောအင်္ဂါမှ။ပရံ၊နောက်နိုက်။ ဝဋ္ဋင်္ဂံ၊ ဝဋ် အင်္ဂါကို။ ဃဋေန္တေန၊စပ်ဆက်တော်မူသောမြတ်စွာဘုရားရှင်သည်။ ဝေဒနာနုရူပါ၊ဝေဒနာအားလျော်သော။တဏှာဥဝ၊ တဏှာကိုသာလျှင်။ဝဏ္ဏဗ္ဗာ၊ ဟောသင့်ဟောထိုက်၏။ အဝိဇ္ဇာ၊ အဝိဇ္ဇာကို။ နဝဏ္ဏဗ္ဗာ၊မဟောသင့်မဟောထိုက်။ ဣတိ၊ ထိုကြောင့်။ ဂမနသမ္ဘာရေသု၊သွားကြောင်းဖြစ်သောတရားတို့တွင်။တာဝ၊ ရှေးဦးစွာ။အဝိဇ္ဇာယ၊အဝိဇ္ဇာ၏။ပြကာသော၊အခွင့်သည်။နတ္ထိ၊မရှိ။ သဗ္ဗပထမံ၊အလုံးစုံတို့၏ရှေ့ဦးစွာ။ အာရဇ္ဇဋ္ဌာနေစ၊ အဦးအစအချိန်နိုက်။သဗ္ဗပဓာနာ၊အလုံးစုံတို့ထက်ပြဓာန်းသော။ အဝိဇ္ဇာဥဝ၊အဝိဇ္ဇာကိုသာလျှင်။ဝဏ္ဏဗ္ဗာ၊ ဟောသင့်ဟောထိုက်သည်။ ဟောတိ၊ဖြစ်ပါ၏။သာစ၊ထိုအဝိဇ္ဇာသည်လည်း။သင်္ခါရုပ္ပါဒနေ၊ သင်္ခါရကိုဖြစ်စေရာနိုက်။အဝိရုဇ္ဈနကင်္ဂဘူတာ၊ မချွတ်မယွင်း

သောအင်္ဂါ ထင်ရှားဖြစ်ပါ၏။ ဇာတိတသ္မာ၊ ထိုကြောင့်။ ထေသံ၊ ထိုတရားတို့၏။ အန္တရေ၊ အတွင်းနိုက်။ ဇောသာ၊ တရသော။ အင်္ဂသာ၊ အင်္ဂါ၏။ အဂ္ဂသာယ၊ အကျိုးငှါ။ ဝ ဟောသင့်ဟော ထိုက်သော။ ကိဉ္စိ၊ တစုံတခုသော တရားသဘောသည်။ နအတ္ထိ၊ မရှိ။ ဇာတိတသ္မာ၊ ထိုကြောင့်။ အာဂမနသမ္ဘာရေသု၊ လာကြောင်းဖြစ်သောတရားအဆောက်အဦတို့တွင်။ တဏှာသ၊ တဏှာ၏။ ဩကာသော၊ အခွင့်သည်။ နတ္ထိ၊ မရှိ။ ဇာတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်ပါ၏။ ဟိ-သစ္စံ၊ ထိုစကားမှန်၏။ အယံပဋိစ္စသမုပ္ပါဒဒေသနာနာမ၊ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာမည်သည်ကား။ ပဓာနင်္ဂပရိဂ္ဂဟာဝသေန၊ ပြဓာန်းသောအင်္ဂါကိုသိမ်းကျုံး၍ယူသည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်၏။ လဗ္ဘမာနသဗ္ဗဓမ္မပရိဂ္ဂဟာဝသေန၊ ရထိုက်ကုန်သော အလုံးစုံကုန်သောတရားတို့ကို သိမ်းကျုံး၍ ယူသည်၏ အစွမ်းအားဖြင့်။ နပဝတ္တာ၊ မဖြစ်။ ဇာတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်ပေ၏။

တေသမေဝစမူလာနံ နိရောဓေန နိရုဇ္ဈတိ-ဟူသည်ကား။ ။ အဘယ်ကြောင့်လျှင်။ ထိုနှစ်ပါးကုန်သော အဝိဇ္ဇာ တဏှာတို့သည်သာလျှင်မူလဟူ၍ မိန့်အပ်ပါကုန်သနည်း။ ဤသို့စောဒနာဘွယ်ရှိသောကြောင့်။ တေသမေဝစမူလာနံ၊ နိရောဓေန နိရုဇ္ဈတိ-ဟူ၍ဆရာမိန့်တော်မူ၏။ ထိုမူလတို့၏ဖြစ်ပွါးခြင်းကြောင့်။ အလုံးစုံသောဝဋ်သည်ဖြစ်ပွါး၏။ ချုပ်ခြင်းကြောင့်လည်းချုပ်၏။ ထိုကြောင့်-၂ ပါးကုန်သော အဝိဇ္ဇာ-တဏှာတို့သာလျှင် မူလမည်ပါကုန်၏။ အချို့သောကေစိဆရာတို့သည်ကား။ ထိုတေသမေဝစမူလာနံ၊ နိရောဓေန နိရုဇ္ဈတိ-ဟူသောစကားသည်။ ပဋိလုံ ပဋိစ္စသမုပ္ပါဒ်ကိုပြသောစကားဟူ၍ဆိုကြကုန်၏။ ဤသို့လျှင်ထိုကေစိဆရာတို့ဆိုသည့်အတိုင်း ဖြစ်သည်ရှိသော်ကား။ ဇရာမရဏ ရုဇ္ဈာယ-အစရှိသော။ ဤသို့သောစကားကို မဆိုသင့်သည်ဖြစ်ရာ၏ဟူ၍မှတ်အပ်၏။

ဇရာ မရဏာ မုစ္ဆာဒယ-ဟူသည်ကား။ ။ဤနေရာနှိုက်။ သောကအစရှိသောစကားသည်။ သက်သက် ဇာတိ၏အကျိုးဆက်မျှကိုပြခြင်းငှါသာလျှင် မဟုတ်သေး။ စင်စစ်သော်ကား။ ဇရာမရဏာနှင့် တကွတရသောအင်္ဂါသည်ဖြစ်၍။ အထက်နှိုက် အဝိဇ္ဇာဟူသောဝဋ်မူလခြေကိုဆက်နွယ်စေတတ်ကုန်သောဒုက္ခတရားတို့၏၊အကျိုးကိုပြခြင်းငှါလည်း ဖြစ်၏ဟူ၍ ပြတော်မူလို၍။ ဇရာမရဏာမုစ္ဆာဒယာဝတိ-ဟူသောစကားကို မိန့်တော်မူ၏။ ထိုစကားနှိုက်၊မုစ္ဆာသဒ္ဒါဖြင့်သောကအစရှိသည်တို့ကိုယူခြင်းဖြစ်ပေ၏။ ထိုသောက စသည်တို့သည်လည်း။ မိမိကိုယ်တိုင် အာသဝေါတရားတို့ကြောင့်ဖြစ်ကုန်သည်ဖြစ်၍။ တဖန်ထပ်မံ၍အာသဝတို့၏ဖြစ်ပွါးခြင်းငှါဖြစ်ကြကုန်၏။ထိုသောကစသည်တို့ကို။ဇရာမရဏာအင်္ဂါနှိုက်ယူခြင်းသည်။ သဘောအားဖြင့် ဟုတ်မှန်လှပါ၏။အိုခြင်း၊သေခြင်း၊ တွေဝေခြင်းတို့ဖြင့် ပြတ်နှိပ်စက်ခံရသော လူမိုက်တို့အား၊ အာသဝေါတရားတို့သည် မပြတ်ဖြစ်ပေါ်လျက်ရှိ၏။ အာသဝေါ တရားတို့၏ ဖြစ်ပေါ်မှုကြောင့်။ အဝိဇ္ဇာသည်လည်းတိုးပွါး၍သာလျှင် လာတော့၏။ ထိုကြောင့်။ ။အာသဝသမုဒယာအဝိဇ္ဇာ သမုဒယော-ဟူ၍ ဟောတော်မူသည်။ ဤသို့ဟောတော်မူသည်ရှိသော်။ အဝိဇ္ဇာပစ္စယာသင်္ခါရာ-ဟူ၍တဖန်ဝန်းသည့် ဆက်ငြပ် ပြန်သည့်သာလျှင်ဖြစ်သောအနက်သွားကိုမှတ်အပ်၏။ ။ဤနေရာနှိုက်။ ။ နာနာဗျသနဖုဋ္ဌဿ၊ သောကာဒိနံပဝတ္တိတော။ အဝိဇ္ဇာတဏှာ ဝဍ္ဎန္တိ၊ ယတော ဝဋ္ဋံပဝတ္တတီတိ။ ။ဟူ၍ဆိုသင့်ပါ၏။ ။ အနက်ကား။ ။နာနာဗျသနဖုဋ္ဌဿ၊အထူးထူးသောပျက်စီးမှုနှင့်တွေ့ထိသောသူအား။ သောကာဒိနံ၊သောကအစရှိသော တရားတို့သည်။ပဝတ္တိတော၊ဖြစ်ပေါ်ခြင်းကြောင့်။ အဝိဇ္ဇာ တဏှာ၊ အဝိဇ္ဇာတဏှာတို့သည်။ဝဍ္ဎန္တိ၊တိုးပွါး၍လာကြကုန်၏။ယတော၊ အကြင်အခါ၌။ဝါ၊ဤကဲ့သို့ တိုးပွါး၍လာသောအခါ၌။ဝဋ္ဋံ၊ ဝဋ်တရားသည်။ပဝတ္တတိ၊ဖြစ်ရပါတော့၏။ ဣတိ၊ဤသို့သိ အပ်၏။

ဘုရားအဘယ်ကဲ့သို့ ဟောတော်မူ သနည်းဟူမူကား။ ။က
တမောစဘိက္ခဝေဒုက္ခဿဝိပါကော။ သမ္မောဟဝေပက္ကံ ဝါဟံ။
ဘိက္ခဝေဒုက္ခံ ဝဒါမိ။ ပရိယေဋ္ဌိဝေပက္ကံဝါတိ။ တတ္ထသမ္မော
ဟောအဝိဇ္ဇာ။ ပရိယေဋ္ဌိတဏှာ။ တဒုဘယံပိပါကံ။ တေသာ
တိကတ္တာဇရာမရဏသောကာဒိကံဒုက္ခံ။ သမ္မောဟဝေပက္ကံ
ပရိယေဋ္ဌိဝေ ပက္ကန္တိ။ ။ဟူ၍ဟောတော်မူပါ၏။ ။ထိုပါဠိ
တော်နက်။ အဝိဇ္ဇာသည်။ သမ္မောဟမည်ပါ၏။ တဏှာသည်
ပရိယေဋ္ဌိမည်၏။ ထိုဒုက္ခတရားအား။ အဝိဇ္ဇာနှင့်တဏှာနှစ်ပါးစုံ
ဟူသောအကျိုးသည်အမှန်ရှိ၏။ ဤသို့လျှင်နှလုံးပိုက်တော်မူ၍။
ဒုက္ခကို-သမ္မောဟဝေပက္ကံဟူ၍၎င်း။ပရိယေဋ္ဌိဝေပက္ကံဟူ၍
၎င်း။မိန့်အပ်ပေ၏။ဤအရာနက်ကား။ကြီးကျယ်လှစွာ။ဇရာမရ
ဏနှင့်တူသော။ ပျံ့နှံ့သည့်လည်း ဖြစ်သောမြဲသည့်လည်းဖြစ်
သော။ဤလောကကြီး၏။ ဒုက္ခအရာမည်သည်မရှိ။ ဒုက္ခမှထွက်
မြောက်ခြင်းအကျိုးငှါလည်း။ မြတ်စွာဘုရား၏ သာသနာတော်
သည်သာလျှင်ဖြစ်ပါ၏။ ထိုကြောင့်။ ဤပဋိစ္စသမုပ္ပါဒ်ဒေသနာ
သည်။ဇရာမရဏလျှင်အကြောင်းရင်းရှိသည်ဖြစ်ပါ၏။ ဘုရား
ဘယ်ကဲ့သို့ဟောတော်မူပါသနည်းဟူမူကား။ ။ကိစ္ဆံ ဝတာ
ယံလောကောအာပန္နော။ဇာယတိစ၊ဇီယတိစ၊မီယတိစ၊စဝတိစ၊
ဥပပဇ္ဇတိစ၊ အထစပနိမဿဒုက္ခဿ နိဿရဏံ။ နပ္ပဇာနာတိ
ဇရာမရဏဿ။ ။ဟူ၍ဟောတော်မူပါ၏။ ။အနက်ကား။ ။
အယံလောကော၊ဤလောကကြီးသည်။ ကိစ္ဆံ၊ ငြိုငြင်ပင်ပန်း
ခြင်းသို့။ ဝတ၊စင်စစ်။အာပန္နော၊ရောက်၏။ဇာယတိစ၊ပဋိသန္ဓေ
လည်းနေရ၏။ဇီယတိစ။အိုလည်းအိုရ၏။မီယတိစ။ သေလည်း
သေရ၏။ စဝတိစ။ စုတေလည်းစုတေရ၏။ ဥပပဇ္ဇတိစ။ ဘဝ
တပါးသို့ကပ်၍လည်းဖြစ်ရ၏။အထစပန၊ထိုသို့ဖြစ်၍နေပါလျက်
လည်း။ဇရာမရဏဿ၊ ဇရာမရဏဟုဆိုအပ်သော။ ဒုက္ခဿ၊
ဒုက္ခတရား၏။ဝါ၊ ဒုက္ခတရားမှ။ နိဿရဏံ၊ ထွက်မြောက်ခြင်း
ကို။ နပ္ပဇာနာတိ၊ မသိရနိုင်ချေတကား။ ။ထိုမှတပါးလည်း။

အကြင်အင်္ဂါတို့ကိုအစမှစ၍။ သိအပ်ကုန်သည့်ရှိသော်။ဇရာမရ
ဏကိုအဖြစ်အရင်းနှင့်တကွတူးဖြို၍။ထိုနောက်မှ ထိုအင်္ဂါတို့၏ကိုယ်
ကို။ လွတ်စေခြင်းငှါတတ်နိုင်ရာ၏။ ထိုအင်္ဂါတို့ကိုပြခြင်းငှါ။
ရှေးနိုက်ဖြစ်ကုန်သောဇာတိအစရှိကုန်သော။ အင်္ဂါတို့ကိုဟော
တော်မူအပ်ပါ၏။ ဆိုဘွယ်အထူးမှာကား။ တခုသောဘဝနိုက်
တည်၍။ လာကြောင်းဖြစ်သော တရားအဆောက်အဦးတို့နှင့်
ငင်း။ သွားကြောင်းဖြစ်သောတရားအဆောက် အဦးတို့နှင့်ငင်း။
လာခြင်းနှင့်ငင်း၊ သွားခြင်းနှင့်ငင်း။အတူတကွအဆက်ဆက်သော၏ဖြစ်
ခြင်းကို။ ပြအပ်သည့်ရှိသော်။ အတိတ်အနာဂတ်တို့၌ဖြစ်သော။
အလုံးစုံ သံသရာဝဋ်ထိုထိုဘဝနိုက်။ ထိုထိုအဆက်ဆက်သော၏ဖြစ်
ခြင်းကိုပြ အပ်သည်သာလျှင်ဖြစ်၏။ အလုံးစုံသောဒိဋ္ဌိအပေါင်းတို့
ကိုသည်းနှစ်စေနိုင်ပါ၏။ ဘဝစက်သည်လည်းအစမရှိသည်ဖြစ်
၍။လည့်တော့သည်သာလျှင်ဖြစ်၏။ ထိုကြောင့်။ဇရာမရဏသဒ္ဒါ
ဖြင့်ငင်း။သောကစသောသဒ္ဒါဖြင့်ငင်း။ အဝိဇ္ဇာကိုမကြွင်းမူ၍။ ဝဋ်
အစည်၏။ဇာတိ၏သာလျှင်ငင်း။ကြီးပွားသောအပြစ်ရကိုပြခြင်း
၌သာလျှင်။ယုံယုံကြည်ကြည်ဖြစ်ထိုက်ပါ၏။

ဆုဒ္ဒေစံ-ဟူသည်ကား။ ။နိဂုံးစကားဟူ၍မှတ်။ ။အကြင်
ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ မပြတ်လည်လျက်အစမရှိသောဘုံ
သုံးပါးနိုက်ဖြစ်သော ဝဋ်သည်ဟူ၍လည်း ကောက်ယူရာ၏။
ထိုစကားနိုက်။အနုဂ္ဂကံဟူ၍အဘယ့်ကြောင့်ဆိုအပ်ပါသနည်း။
အဝိဇ္ဇာကိုအစနိုက်ဟောတော်မူအပ်သည်မဟုတ်ပါလော၊ ဤ
သို့စောဒနာရှိပါအံ့။ထိုစောဒနာ၌။ ဝဋ်၏အစဖြစ်သည်၏အဖြစ်
ကြောင့်ထိုအဝိဇ္ဇာကို။ အစ၌တား၍ ဟောတော်မူအပ်သည် မ
ဟုတ်။ ဝဋ်ကိုဟောတော်မူအပ်သောစကား၏အဦးဖြစ်သည်၏
အဖြစ်ကြောင့်သာလျှင်။ထိုအဝိဇ္ဇာကိုအစနိုက်ဟောတော်မူအပ်
ပါ၏။ ဤသို့ဟောတော်မူအပ်သောထိုအဝိဇ္ဇာဖြင့်ကား။ ဝဋ်၏အ
စမရှိသည်၏ အဖြစ်ကိုသာလျှင်ပြအပ်ပါ၏။ အဝိဇ္ဇာ၏အမည်
သည်။အပဗ္ဗဟိဒ္ဓနိုက်မရအပ်၊ သတ္တဝါအပေါင်းတို့၏။ အဇ္ဈတ္တ

သန္တာန်၌ကပ်သာလျှင်ရအပ်ပါ၏။ ဤသို့သောအနက်သွားသည်။ မျက်မှောက်ဖို့ဋ္ဌအားဖြင့်ထင်လျှားလှပါ၏။ ထိုကြောင့်။ ဤအရေဝယ်။ အတိတ်ဘဝ၌ကပ်အဝိဇ္ဇာသည်၊ ပြီးစီးပိုင်နိုင်ခဲ့သည်ရှိသော်။ ထိုအဝိဇ္ဇာ၏တည်ရာဖြစ်၍ဖြစ်သော။ အတ္တဘောသည်လည်း။ထိုဘဝ၌ကပ်။ပြီးစီးပိုင်နိုင်တော့သည်သာပင်။ ပြီးစီးပိုင်နိုင်သောအတ္တဘောသည်လည်း။ဤဒေသနာ၌ကပ်။ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။တပါးသောအဝိဇ္ဇာကိုသာလျှင်ပိုင်နိုင်ပြီးစီးတော့၏။ တပါးသောအခြင်းအရာအားဖြင့် မပိုင်နိုင်မပြီးစီးနိုင်ပေ။ ဤသို့ဖြစ်သည်ရှိသော်။ တဘန်ထိုတပါးသောအဝိဇ္ဇာ၏။ တည်ရာဖြစ်သေါအတ္တဘောသည်ပိုင်နိုင်ပြီးစီးနိုင်သာလျှင်တည်း။ထိုကြောင့်အဝိဇ္ဇာသည်၎င်း။ အတ္တဘောသည်၎င်း။ ဤနှစ်ပါးစုံတို့သည်။အစမရှိသည်သာလျှင်ဖြစ်ပေသည်ဟုမှတ်အပ်၏။

သုံးပါးအပြားရှိသောဝဋ်၏။ပဌာနအကြောင်းဖြစ်သည်၏အဖြစ်ကြောင့်။ထိုအဝိဇ္ဇာသည်။ဝဋ္ဋကထာ၏အဦးဖြစ်ပါ၏။ထိုအဝိဇ္ဇာသည်။ အကယ်၍ဝဋ်၏အစမဖြစ်ပါအံ့။ ဤသို့သို့အစမရှိသည်ဖြစ်ခဲ့သော်။၎င်း အဝိဇ္ဇာ၏ အကြောင်းကိုဟောသင့်ဟောထိုက်၏။ဤသည်ကားစောဒနာစကားတည်း။ သင်၏စောဒနာသည်မှန်ပါ၏။ထိုသို့မှန်ငြားသော်လည်းထိုအဝိဇ္ဇာ၏အကြောင်းကိုဟောသည်ရှိသော်လည်း။ ထိုအဝိဇ္ဇာအကြောင်း၏။ အကြောင်းတရားကို။ဟောရန်ဆိုသင့်ဆိုထိုက်ပါ၏။

ဤသို့ဖြစ်ခဲ့သည့်ရှိသော်။ ထိုအဝိဇ္ဇာ၏ပြီးဆုံးခြင်းအဖြစ်ကိုပင်မထင်နိုင်လေရာ။ ဤသို့လည်းမှတ်အပ်ပါသေး၏။ တပါးသောပါဠိတော်တို့၌ကား။ ဤသို့လျှင်ဟောတော်မူပါသေး၏။ ဘုရားအဘယ်ကဲ့သို့ဟောတော်မူပါသနည်းဟူမူ။ ။အာသဝသမုဒယာ၊အဝိဇ္ဇာသမုဒယောတိ-ဟူ၍ဟောတော်မူ၏။ ။အနက်ကား။ ။အာသဝသမုဒယာ၊ အာသဝတရား၏ ဖြစ်ပွါးခြင်းကြောင့်။ အဝိဇ္ဇာသမုဒယော၊ အဝိဇ္ဇာတရား၏ဖြစ်ပွါးခြင်းသည်၊ ဟောတိ။ဖြစ်ပါ၏။ ။တနည်းတုံ။အဘယ်သို့လျှင်ဟော

တော်မူပြန်ပါသနည်းဟူမူကား။ ။အဝိဇ္ဇံဝါဟံဘိက္ခဝေသာ
ဟာရံ။သနိဒါနံဝဒါမိ။ ကောစဿာအာဟာရော။ပဉ္စနီဝရဏာ
တိဿဝစနီယန္တိ။ ။အနက်ကား။ ။ဘိက္ခဝေ၊ချစ်သားရ
ဟန်းတို့။အဝိဇ္ဇံ ဝါ၊အဝိဇ္ဇာကိုမူလည်း။ သာဟာရံ၊အာဟာရနှင့်
တကွ။သနိဒါနံ၊နိဒါန်းနှင့်တကွ။အဟံ၊ငါဘုရားသည်။ဝဒါမိ၊ဟော
တော်မူခဲ့ပါပေ၏။ကောစ၊ အဘယ်တရားသည်လျှင်။အဿ၊
ထိုအဝိဇ္ဇာ၏။အာဟာရော၊ အာဟာရမည်ပါသနည်း။ ပဉ္စနီဝရ
ဏာ၊ ငါးပါးသောနီဝရဏတို့ပေတည်း။ဣတိ၊ ဤသို့။ဝစနီယံ၊ဆို
အပ်သောစကားသည်။ အဿ၊ဖြစ်ရာ၏။ ။တနည်းအားဖြင့်
ဤသို့ဟောတော်မူအပ်ပါ၏။ ။အဝိဇ္ဇာပစ္စယာသင်္ခါရာပစ္စ
ယုပ္ပန္နာ။ ဥဘယမေတံပဋိစ္စသမုပ္ပန္နန္တိ။ ။အနက်ကား။ ။
အဝိဇ္ဇာ။ အဝိဇ္ဇာသည်။ ပစ္စယော၊အကြောင်းတည်း၊ သင်္ခါရာ၊
သင်္ခါရတို့သည်။ပစ္စယုပ္ပန္နာ၊အကြောင်းကိုစွဲ၍ဖြစ်ကုန်သောပစ္စ
ယုပ္ပန်တရားတို့သည်။ဧတံဥဘယံ၊ထိုနှစ်ပါးတို့သည်။ ပဋိစ္စသမု
ပ္ပါ၊ပဋိစ္စသမုပ္ပန္နမည်ပါ၏။ ။ဣဒ္ဓပေသိတ်-ဟူသည်ကား။ပညတ်
တော်မူ၏။ဟောတော်မူ၏။

ပဋိစ္စသမုပ္ပါဒနယောနိဋ္ဌိတော။ ။ပဋိစ္စသမုပ္ပါ
ဒနယော၊ပဋိစ္စသမုပ္ပါဒ်နည်းသည်။
နိဋ္ဌိတော၊ပြီးဆုံးခြင်းသို့ရောက်ပေပြီ။

ပဋ္ဌာန်းနည်းနိုက်။ ။ဟေတုပစ္စယော။အာရမ္မဏပစ္စယော
အဓိပတိပစ္စယော။ အနန္တရပစ္စယော။ သမနန္တရပစ္စယော။ သဟ
ဇာတပစ္စယော။အညမညပစ္စယော။နိဿယပစ္စယော။ ဥပနိဿ
ယပစ္စယော။ပုရေဇာတပစ္စယော။ပစ္ဆာဇာတပစ္စယော။ အာသေ
ဝနပစ္စယော။ကမ္မပစ္စယော။ဝိပါကပစ္စယော။အာဟာရပစ္စယော။
ဣန္ဒြိယပစ္စယော။ ဈာနပစ္စယော။ မဂ္ဂပစ္စယော။ သမ္ပယုတ္တပစ္စ

ယော။ဒိပ္ပယုဂ္ဂပစ္စယော။အတ္ထိပစ္စယော။နတ္ထိပစ္စယော။ဝိဂတပစ္စ ယော။အဝိဂတပစ္စယော။

ပဟေတုပစ္စယော၊ ပစ္စယုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုသောတရား။

အာရမ္မဏပစ္စယော၊အာရုံပြုခံ၍ကျေးဇူးပြုသောတရား။

အဓိပတိပစ္စယော၊ကြီးကဲစိုးမိုး၍ကျေးဇူးပြုသောတရား။

အနန္တရပစ္စယော၊ အခြားမဲ့နှာမ်အား ကျေးဇူးပြုသော တရား။

သမနန္တရပစ္စယော၊ ကောင်းစွာအခြားမဲ့နှာမ်အားကျေးဇူး ပြုသောတရား။

သဟဇာတပစ္စယော၊ အတူတကွဖြစ်၍ ကျေးဇူးပြုသော တရား။

အညမညပစ္စယော၊ အချင်းချင်းပြန်လှန်၍ ကျေးဇူးပြုသော တရား။

နိဿယပစ္စယော၊မှီရာအဖြစ်ဖြင့်ကျေးဇူးပြုသောတရား။

ဥပနိဿယပစ္စယော၊ အားကြီးသောမှီရာအဖြစ်ဖြင့်ကျေး ဇူးပြုသောတရား။

ပုရေဇာတပစ္စယော၊ရှေးဦးဖြစ်နှင့်၍ကျေးဇူးပြုသောတရား။

ပစ္ဆာဇာတပစ္စယော၊နောက်မှဖြစ်၍ကျေးဇူးပြုသောတရား။

အာသေဝနပစ္စယော၊အဟုန်အရှိန်ဖြစ်စေရန်ကျေးဇူးပြုသော တရား။

ကမ္မပစ္စယော၊အမှုပြီးမြောက်ရန်နှိုးဆော်ခြင်းကိစ္စဖြင့်ကျေး ဇူးပြုသောတရား။

ဝိပါကပစ္စယော၊ မှည့်ရင့်၍အရှိန်ငြိမ်းခဲခြင်းဖြင့်ကျေးဇူးပြု သောတရား။

အာဟာရပစ္စယော၊ထောက်ပံ့နိုင်စေမှုဖြင့်ကျေးဇူးပြုသော တရား။

ဣန္ဒြိယပစ္စယော၊ အသီးအသီးမိမိကိစ္စဖြင့်အစိုးတရကျေးဇူးပြုသောတရား။

ဈာနပစ္စယော၊ရှုသားခြင်းကိစ္စဖြင့်ကျေးဇူးပြုသောတရား။
မဂ္ဂပစ္စယော၊ခရီးလားကိစ္စဖြင့်ကျေးဇူးပြုသောတရား။
သမ္ပယုတ္တပစ္စယော၊ ယှဉ်ခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။
ဝိပ္ပယုတ္တပစ္စယော၊မယှဉ်ဘဲကျေးဇူးပြုသောတရား။
အတ္ထိပစ္စယော၊ ပစ္စုပ္ပန်ရှိဘဲအဖြစ်ဖြင့် ကျေးဇူးပြုသောတရား။
နတ္ထိပစ္စယော၊မရှိဘဲကျေးဇူးပြုသောတရား။
ဝိဂတပစ္စယော၊ကင်း၍ကျေးဇူးပြုသောတရား။

အဝိဂတပစ္စယော။ ။ ပစ္စယုပ္ပန်တရားတို့အား မကင်းလေဘဲရှိဆဲပစ္စုပ္ပန် ကိစ္စဖြင့် ကျေးဇူးပြုသောတရား။

၂၄ ပစ္စည်းတို့၏။ (ပစ္စည်း၊ ပစ္စယုပ္ပန်၊ ပစ္စနိက်၊) သဘောတူပစ္စည်းမျိုး၊ ပစ္စည်းခွဲဝေပုံ၊ ပစ္စည်းတပ်ပုံ အမျိုးမျိုးနှင့်တကွ ဘော်ပြ၍။ သဘောပစ္စည်းတို့ကိုလည်း။ ပဋ္ဌာနသရုပ်ပါဠိနည်း အတိုင်း ရှင်းညွှန်ဝေဘန်၍။ ထိုထိုကျမ်းဂန်တို့မှ။ သင့်ရာဆိုင်ရာ အချက်တို့ကိုပြခဲ့ပေအံ့သတည်း။

ဟေတုပစ္စည်း။

ပစ္စည်း။ ။ဟိတ်ခြောက်ပါး။
ပစ္စယုပ္ပန်။ ။သဟိတ်စိတ်-၇၁။ စေတသိတ်-၅၂။ သဟိတ်စိတ္တဇရုပ်၊သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။အဟိတ်စိတ် ၁၈၊စေတသိက်-၁၂၊မောဟမူ စိတ်နှိုက်မောဟ၊ အဟိတ်ပဝတ္တဇရုပ်၊ သဟိတ်ပဋိ သန္ဓေကမ္မဇမှတပါး။အလုံးစုံကမ္မဇရုပ်၊ဥတုဇရုပ် အာဟာရ ဇရုပ်။

## အာရမ္မဏပစ္စည်း။

ပစ္စည်း။ ။အာရုံ ၆ ပါးခေါ်သော။စိတ်၊စေတသိတ်၊ရုပ်၊နိဗ္ဗာန်၊ ပညတ်အကုန်

ပစ္စယုပ္ပန်။ ။စိတ်၊စေတသိတ်၊အကုန်။

ပစ္စနိက်။ ။စတု ဇ ရုပ်အကုန်။

## အဓိပတိပစ္စည်း။

အဓိပတိပစ္စည်းသည်။အာရမ္မဏာဓိပတိ။သဟဇာတာဓိပ တိပစ္စည်းဟူ၍-၂ မျိုး။

## အာရမ္မဏာဓိပတိပစ္စည်း။

ပစ္စည်း။ ။ဣဋ္ဌဖြစ်၍အလေးအမြတ်ပြုအပ်သော။နိပ္ဖန္နရုပ် ၁၈။ဒေါသမူဒွေး။ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ် ကြဉ်သော စိတ် ၈၄။ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ကြဉ် သော စေတသိတ်-၄၇။ နိဗ္ဗာန်။

ပစ္စယုပ္ပန်။ ။အလေးအမြတ် ပြုဘွယ်သော။ လောဘမူ စိတ်-၈။မဟာကုသိုလ်စိတ်-၈။ မဟာကြိယာ ဉာဏသမ္ပယုတ်-၄။ လောကုတ္တရာစိတ်-၈။ ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ။ ဝိစိကိစ္ဆာ၊ အပ္ပမညာ ဒွေးကြဉ်သော စေတသိတ်-၄၅။

ပစ္စနိက်။ ။အလေးမပြုနိုက်မပြုနေဖြစ်သော။ လောကီစိတ် ၈၁။စေတသိတ်အာကုန်။ရုပ်အာကုန်။သဟဇာတာဓိပတိပစ္စည်း။

ပစ္စည်း။ ။ဆန္ဒ၊ဝီရိယ။ စိတ္တ၊ဝိမံသ၊ အဓိပတိတရား-၃-ပါး၊ ၄-ပါးတို့တွင်။တပါးပါးကိုယ်။

ပစ္စယုပ္ပန်။ ။ ဒွိဟိတ်ဇော-၁၀။တိဟိတ်ဇော-၃၄။ပေါင်းလျှင်သာဓိပတိဇော-၅၂။ ၎င်းသာဓိပတိဇော ၅၂-၌ယှဉ်သော။ဒိဗ္ဗိကိစ္စကြဉ်အပ်သော စေတသိက်၅၁။ ၎င်းသာဓိပတိ ဇောတို့ကြောင့် ဖြစ်သောသာဓိပတိစိတ္တဇရုပ်။

ပစ္စနိက်။ ။ အဓိပတိ ပစ္စည်း- မတပ်နိုက်- မတပ်နေ ကာမစိတ် ၅၄။မဟဂ္ဂုတ်ဝိပါက်-၉။ ၎င်း၌ယှဉ်သောစေတသိက်-၅၂။အဓိပတိတပ်ဆဲ။ တရားကိုယ်-၁။ သာဓိပတိဇောကြောင့် ဖြစ်သည်မဟုတ်သော။ နိရာဓိပတိစိတ္တဇရုပ်မှ။ ကမ္မဇရုပ်။ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်အလုံးပဲ။

အနန္တရ၊ သမနန္တရ၊နတ္ထိ၊ ဝိဂတ၊ ဤပစ္စည်-၄-မျိုးသည်။ ပစ္စည်း၊ပစ္စယုပ္ပန်၊ပစ္စနိက်၊အလုံးစုံတူကြ၏။

အနန္တရပစ္စည်း။

ပစ္စည်း။ ။အခြား မဲ့နိုက် ဖြစ်သော။ ရှေးရှေ့သော စိတ် ၈၉။စေတသိတ် ၅၂။

ပစ္စယုပ္ပန်။ ။ ၎င်း။ နောက် နောက်သော စိတ်-၈၉။ စေတသိတ်-၅၂။

ပစ္စနိက်။ ။စတုဇရုပ်အာကုန်။

## သမနန္တရပစ္စည်း။

သမနန္တရပစ္စည်းသည်၊ အနန္တရပစ္စည်းနှင့်။ အလုံးပုံတူ၏။

### သဟဇာတပစ္စည်း။

ပစ္စည်း။ ။ အထူးတကွဥပါဒ်သော။ စိတ် ၈၉။ စေတသိက် ၅၂။ ပဋိသန္ဓေ ၁၅။ ရုပ်နှင့်အတူဥပါဒ်သော ဟဒယ ဝတ္ထု။ စတုဇမဟာဘုတ် ၄ ပါး။

ပစ္စယုပ္ပန်။ ။ စိတ် ၈၉။ စေတသိက်-၅၂။ ပဋိသန္ဓေ ၁၅။ ရုပ်နှင့်အတူဥပါဒ်သော ဟဒယဝတ္ထု။ ဥပါဒါနိရုပ်နှင့်တကွ။ စတုဇမဟာဘုတ် ၄ ပါး။

ပစ္စနိက်။ ။ ပါတချုပ်မရှိပေ။

### အညမညပစ္စည်း။

ပစ္စည်း။ ။ အချင်းချင်းအပြန်အလှန်ပစ္စည်းပြုတတ်သော စိတ် ၈၉ စေတသိက် ၅၂။ ပဋိသန္ဓေ-၁၅။ ရုပ်နှင့်အတူဥပါဒ်သော-ဟဒယဝတ္ထု။ စတုဇမဟာဘုတ်။ ၄။

ပစ္စယုပ္ပန်။ ။ ပစ္စည်းနှင့်အလုံးပုံတူ၏။

ပစ္စနိက်။ ။ နာမ်နှင့် အချင်းချင်း အပြန် အလှန် မရသောစိတ္တဇရုပ်။ ပဋိသန္ဓေအခိုက်တွင်ရှိသော။ ဟဒယဝတ္ထုမှ တပါးဖြစ်သောကမ္မဇရုပ်ရ။ မဟာဘုတ်နှင့်အချင်းချင်းပြန်လှန်၍မရသောစတုဇဥပါဒါနိရုပ်ရ။

### နိဿယပစ္စည်း။

နိဿယပစ္စည်းသည်ကား။ သဟဇာတနိဿယ။ ဝတ္ထုပုရေ

ဇာတနိဿယ-ဟူ၍ ၂ မျိုးရှိ၏။ သဟဇာတနိဿယ ပစ္စည်း သည်။ သဟဇာတပစ္စည်းနှင့်-အလုံးစုံတူ၏။ ဝတ္ထုပုရေဇာတ နိဿယပစ္စည်းသည်လည်း။ဝတ္ထုပုရေဇာတပစ္စည်း။ ဝတ္ထာရမ္မ ဏပုရေဇာတပစ္စည်းဟူ၍။ ၂ မျိုးရှိပြန်၏။

ဝတ္ထုပုရေဇာတနိဿယပစ္စည်း။

ပစ္စည်း။ ။ပဝတ္တိအခါစိတ်တို့၏ မှီရာအာရုံပြုရာဖြစ်သောဝတ္ထု ရုပ် ၆ ပါး။

ပစ္စယုပ္ပန်။ ။ပဉ္စဝေါကာရဘုံနှိုက်။ ၎င်းဝတ္ထုရုပ် ၆ ပါးကိုမှီသော။ အရူပဝိပါက် ၄ ခုသည် ကြဉ် အပ်သော စိတ် ၈၅။စေတသိက် ၅၂။

ပစ္စနိက်။ ။စတုဝေါကာရဘုံနှိုက်။ ၎င်းဝတ္ထုကို- မမှီသော စိတ် ၄၆။ ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ၊အပ္ပမ ညာဒွေးကြဉ်သောစေတသိက်–၄၆-တည်း။ပဉ္စဝေါ ကာရ ပဋိသန္ဓေ ၁၅။ စေတသိက်–၃၅။ အလုံးစုံ စတုဇရုပ်ရ။

ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း။

ပစ္စည်း။ ။မှီရာအာရုံပြုရာဖြစ်သောပစ္စုပ္ပန်ဟဒယဝတ္ထု။

ပစ္စယုပ္ပန်။ ။၎င်းပစ္စုပ္ပန်ဟဒယဝတ္ထုကိုမှီ၍အာရုံပြုကြကုန် သော။ မနောဒွါရာဝဇ္ဇန်း။ ကာမဇော-၂၉။တဒါရုံ ၁၁။အဘိညာဏ်ဒွေး။ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ၊ ဝိရတိ ၃။အပ္ပမညာဒွေးကြဉ်သောစေတသိက်-၄၄။

ပစ္စနိက်။ ။၎င်းဟဒယဝတ္ထုကို အာရုံမပြုကြကုန်သော စိတ် ၈၉။ စေတသိက်-၅၂။ရုပ်အကုန်။

## ဥပနိဿယပစ္စည်း။

ဥပနိဿယပစ္စည်းသည်။ အာရမ္မဏူပနိဿယ။ အနန္တရူပနိဿယ။ ပကတူပနိဿယဟူ၍-၃-မျိုးရှိ၏။ အာရမ္မဏူပနိဿယပစ္စည်းသည်။ အာရမ္မဏာဓိပတိပစ္စည်းနှင့်- အလုံးစုံတူ၏။ အနန္တရူပနိဿယပစ္စည်းသည်။အနန္တရပစ္စည်းနှင့်အလုံးစုံတူ၏။

## ပကတူပနိဿယပစ္စည်း။

ပစ္စည်း။ ။အဇ္ဈတ္တ၊ ဗဟိဒ္ဓသန္တာန်နိုက်ဗလဝဖြစ်သော စိတ် ၈၉။စေတသိတ်-၅၂။ရုပ် ၂၈။အချို့သော ပညတ်တရားပ၊

ပစ္စယုပ္ပန်။ ။စိတ် ၈၉။ စေတသိက် ၅၂။

ပစ္စနိက်။ ။ရုပ်အကုန်။

## ပုရေဇာတပစ္စည်း။

ပုရေဇာတပစ္စည်းသည်။ ဝတ္ထုပုရေဇာတပစ္စည်း၊ အာရမ္မဏပုရေဇာတပစ္စည်း-ဟူ၍ ၂ မျိုးရှိ၏။ ထို-၂ မျိုး တို့တွင်။ ဝတ္ထုပုရေဇာတ ပစ္စည်းသည်လည်း၊ ဝတ္ထုပုရေဇာတပစ္စည်း။ ဝတ္ထာရမ္မဏပုရေဇာတပစ္စည်းဟူ၍ ၂ မျိုးပြားပြန်ပါ၏။၎င်း-၂မျိုးတို့သည်။နိဿယပစ္စည်းနိုက်ပြခဲ့ပြီးသောအတိုင်း။ဝတ္ထုပုရေဇာတနိဿယပစ္စည်း။ဝတ္ထာရမ္မဏပုရေဇာတ နိဿယပစ္စည်းတို့နှင့်အလုံးစုံတူပါ၏။

## အာရမ္မဏပုရေဇာတပစ္စည်း။

ပစ္စည်း။ ။အာရုံပြုခံသောပစ္စုပ္ပန်နိပ္ဖန္နရုပ်-၁၈။

ပစ္စယုပ္ပန်။ ။ အာရုံပြုသော ကာမစိတ်-၅၄ ခု။ အဘိညာဏ် ဒွေး။စေတသိက်-၅၂။

ပစ္စနိက်။ ။အာရုံမပြုစဉ်။ဒွေပဉ္စဝိညာဏ်-၁၀ နှင့်။မနောဓာတ် ၃-ပါးကြဉ်သောစိတ်-၇၆။စေတသိက်-၅၂။ ရုပ် အကုန်။

## ပစ္ဆာဇာတပစ္စည်း။

ပစ္စည်း။ ။ပဉ္စဝေါကာရဘုံနိုက်။ အရူပဝိပါက်-၄ ခု သည့် ကြဉ်အပ်သော။ပဌမဘဝင်အစရှိသော။ နောက်နောက် သောစိတ်-၈၅။စေတသိက်-၅၂ ပါး။

ပစ္စယုပ္ပန်။ ။ပဋိသန္ဓေအစရှိသော။ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍။ဌီသို့ရောက်သော။ဝါ၊ဌီတည်ဆဲရှိရုပ်ရ။

ပစ္စနိက်။ ။စိတ်-၈၉။ စေတသိက်-၅၂။ နောက်နောက်သော စိတ်နှင့်ဥပါဒ်ပြိုင်သောစတုဇရုပ်ရ။

## အာသေဝနပစ္စည်း။

ပစ္စည်း။ ။ရှေးရှေးသောလောကီဇော-၄၇။စေတသိက်-၅၂။

ပစ္စယုပ္ပန်။ ။ဖိုလ်ဇောတို့သည်ကြဉ်အပ်သော။ နောက်နောက် သောဇော-၅၁။စေတသိက် ၅၂။

ပစ္စနိက်။ ။ကာမပဌမဇော ၂၉။ အာဝဇ္ဇန်းဒွေး။ ဝိပါက်စိတ် ၃၆။စေတသိက် ၅၂။ရုပ် အကုန်။

## ကမ္မပစ္စည်း။

ကမ္မပစ္စည်းသည်။သဟဇာတကမ္မပစ္စည်း။နာနက္ခဏိကကမ္မ ပစ္စည်းဟူ၍ ၂ မျိုးရှိ၏။

ပစ္စည်း။ ။စိတ် ၈၉ နိုက်ရှိသောစေတနာ ၈၉။

ပစ္စယုပ္ပန်။ ။စိတ်-၈၉။ စေတနာစေတသိတ်သည့် ကြဉ်အပ်သောစေတသိတ် ၅၁။စိတ္တဇရုပ်။ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။စေတနာ ၁။ ပဋိသန္ဓေအခိုက်မှတပါးဖြစ်သော။ ကမ္မဇ၊ဥတုဇ၊အာဟာရဇရုပ်ရ။

## နာနက္ခဏိကကမ္မပစ္စည်း။

ပစ္စည်း။ ။အတိတ်ဖြစ်သောကုသိုလ်။ အကုသိုလ် စေတနာ ၃၃။

ပစ္စယုပ္ပန်။ ။ဝိပါက် ၃၆။စေတသိတ် ၃၈။ကမ္မဇရုပ် ၂၀။

ပစ္စနိက်။ ။ဝိပါက်ကြဉ်အပ်သောစိတ် ၅၃။စေတသိတ်၅၂။ စိတ္တဇ၊ဥတုဇ၊အာဟာရဇရုပ်ရ။

## ဝိပါကပစ္စည်း။

ပစ္စည်း။ ။ဝိပါက်စိတ် ၃၆။စေတသိက် ၃၈။

ပစ္စယုပ္ပန်။ ။ဝိပါတ် ၃၆။စေတသိက် ၃၈။ဝိပါက်စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။ဝိပါက်ကြဉ်အပ်သောစိတ်၅၃။စေတသိတ် ၅၂။ ၎င်းစိတ် ၅၃ တို့ကြောင့်ဖြစ်သော စိတ္တဇရုပ်။ပဋိသန္ဓေကမ္မဇမှတပါးသောကမ္မဇရုပ်၊ ဥတုဇရုပ်။ အာဟာရဇရုပ်။

## အာဟာရပစ္စည်း။

အာဟာရပစ္စည်းသည်။ရုပ်အာဟာရပစ္စည်း။နာမ်အာဟာရပစ္စည်းဟူ၍ ၂ မျိုးရှိပါ၏။

## ရူပအာဟာရပစ္စည်း။

ပစ္စည်း။ ။ဩဇဋ္ဌမကဖြစ်သောစတုသမုဋ္ဌာနိကဟု ဆိုအပ်သော စတုဇဩဇာ။

ပစ္စယုပ္ပန်။ ။ကလာပ်တူဩဇာသည်ကြည်အင်သော။ကလာပ် ပြားဖြစ်သော။စတုသမုဋ္ဌာနိက-ဟုဆိုအပ်သော စတုဇရုပ်ရ။

ပစ္စနိက်။ ။စိတ် ၈၉။ စေတသိက် ၅၂။ အာဟာရမှတပါး။ တိဇရုပ်။

## နာမ်အာဟာရပစ္စည်း။

ပစ္စည်း။ ။ဖဿ၊စေတနာ၊ဝိညာဏ၊ဟုဆိုအပ်သော နာမ်အာ ဟာရတရားကိုယ် ၃ ပါး။(ဤနေရာနိုက် ဝိညာဏာ ဟာရကို။စိတ် ၈၉ ဟူ၍မှတ်)၊

ပစ္စယုပ္ပန်။ ။စိတ် ၈၉။စေတသိက် ၅၂။ စိတ္တဇရုပ်၊ပဋိသန္ဓေ ကမ္မဇရုပ်။

ပစ္စနိက်။ ။ပဋိသန္ဓေကမ္မဇမှတပါး။ကမ္မဇ၊ ဥတုဇ၊အာဟာရဇ ရုပ်ရ။

## ဣန္ဒြိယပစ္စည်း။

ဣန္ဒြိယပစ္စည်းသည်။သဟဇာတိန္ဒြိယပစ္စည်း။ ပုရေဇာတိန္ဒြိယပစ္စည်း။ရူပဇီဝိတိန္ဒြိယပစ္စည်းဟူ၍ ၃-မျိုးရှိ၏။

## သဟဇာတိန္ဒြိယပစ္စည်း။

ပစ္စည်း။ ။စိတ်၊ဇီဝိတ၊ဝေဒနာ၊ဝီရိယ၊သဒ္ဓါ၊သတိ၊သမာဓိ၊

ပညာဟုဆိုအပ်သော၊ နာမ်ရုပ်ဓမ္မတရားကိုယ်-၈-ပါး။

ပစ္စယုပ္ပန်။ ။စိတ်-၈၉။ စေတသိတ်-၅၂။ စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။ပဋိသန္ဓေကမ္မဇမှ တပါးဖြစ်ကြကုန်သော။ ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်ရ။

## ပုရေဇာတိန္ဒြိယပစ္စည်း။

ပစ္စည်း။ ။မဇ္ဈိမာယုကဖြစ်သောပသာဒရုပ်-၅-ခု။

ပစ္စယုပ္ပန်။ ။ဒွေးပဉ္စဝိညာဏ်-၁၀-နှင့်။ သဗ္ဗစိတ္တသာဓာရဏ စေတသိတ်-၇-ပါး။

ပစ္စနိက်။ ။ဒွေး ပဉ္စဝိညာဏ် ကြဉ်အပ်သော စိတ်-၇၉။ စေတသိတ်-၅၂-ရုပ်အကုန်။

## ရူပဇီဝိတိန္ဒြိယပစ္စည်း။

ပစ္စည်း။ ။ရုပ်ဇီဝိတ-၁။

ပစ္စယုပ္ပန်။ ။ရုပ်ဇီဝိတမှကြွင်းသောကလာပ်တူ-ကမ္မဇရုပ်ရ။

ပစ္စနိက်။ ။စိတ်-၈၉။ စေတသိတ်-၅၂။ ဇီဝိတရုပ်။ စိတ္တဇ ဥတုဇ၊ အာဟာရဇ ရုပ်။

## ဈာနပစ္စည်း။

ပစ္စည်း။ ။ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟုဆို အပ်သောဈာန်တရား-၅-ပါး။

ပစ္စယုပ္ပန်။ ။ခွေးပဋ္ဌိညာဏ်-၁၀-ကြည်အပ်သောစိတ်-၇၉ စေတသိက် ၅၂။ပိဏ္ဍဇရုပ်။ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။ခွေးပဋ္ဌ ၀ိညာဏ် ၁၀။ သမ္ဗန္ဓိဏ္ဍ သာဓာရဏ စေတသိက် ၇ ။ပဋိသန္ဓေမှတပါးသော။ကမ္မဇ၊ဥတုဇ အာဟာရဇရုပ်ရ။

မဂ္ဂပစ္စည်း။

ပစ္စည်း။ ။ပညာ၊ဝိတက်၊ဝိရတိ ၃ ပါး။ ဝီရိယ၊သတိ၊ဧကဂ္ဂတာ၊မိစ္ဆာဒိဋ္ဌိ မဂ္ဂင်တရားကိုယ် ၉ ပါး။

ပစ္စယုပ္ပန်။ ။သဟိတ်စိတ် ၇၁။ စေတသိက် ၅၂။ သဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

ပစ္စနိက်။ ။အဟိတ်စိတ် ၁၈။ စေတသိက် ၁၂။ အဟိတ်စိတ္တဇရုပ်။ သဟိတ်ပဋိသန္ဓေ ကမ္မဇမှ တပါး ဖြစ်ကုန်သော။ ကမ္မဇ၊ ဥတုဇ၊ အာဟာရဇရုပ်ရ။

သမ္ပယုတ္တပစ္စည်း။

ပစ္စည်း။ ။စိတ် ၈၉။စေတသိက် ၅၂။
ပစ္စယုပ္ပန်။ ။စိတ် ၈၉။စေတသိက် ၅၂။
ပစ္စနိက်။ ။စတုရုပ် ဇအကုန်။

ဝိပ္ပယုတ္တပစ္စည်း။

ဝိပ္ပယုတ္တပစ္စည်း ။ ပဇာတဝိပ္ပယုတ္တ။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ။ပစ္ဆာဇာတဝိပ္ပယုတ္တ-ဟူ၍ ၃ မျိုးရှိ၏။

## သဟဇာတဝိပ္ပယုတ္တပစ္စည်း။

ပစ္စည်း။ ။နာမ်ကရုပ်။ ရုပ်ကနာမ်အားပစ္စည်းပြုသော။ ပဉ္စဝေါကာယဘုံမှာ ရုပ်ကိုဖြစ်စေတတ်သော စိတ် ၇၅။ ပဉ္စဝေါကာယပဋိသန္ဓေ ၁၅ နှင့်ဟဒယဝတ္ထု။ စေတသိက် ၅၂။

ပစ္စယုပ္ပန်။ ။စိတ္တဇရုပ်။ ပဋိသန္ဓေကမ္မဇရုပ်။ ပဉ္စဝေါကာယ ပဋိသန္ဓေ ၁၅ နှင့်ဟဒယဝတ္ထု။

ပစ္စနိက်။ ။ပဉ္စဝေါကာယပဋိသန္ဓေမှတပါးဖြစ်သောစိတ် ၈၉။ စေတသိက် ၅၂။ ပဋိသန္ဓေကမ္မဇမှတပါး ဖြစ်သော ရုပ်အကုန်။

ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ပစ္စည်းသည်လည်း။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ-ဟူ၍ ၂ မျိုးရှိ၏။ ထို ၂ မျိုးပုံသည်။ နိဿယပစ္စည်းနိုက်ပြဆိုခဲ့ပြီးသော အတိုင်း။ ဝတ္ထုပုရေဇာတနိဿယပစ္စည်း။ ဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းတို့နှင့် အလုံးစုံတူ၏။ ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်းသည်လည်း။ ပစ္ဆာဇာတပစ္စည်းနှင့် အလုံးစုံတူပေ၏။

## အတ္ထိပစ္စည်း။

အတ္ထိပစ္စည်းသည်။ သဟဇာတတ္ထိ။ ဝတ္ထုပုရေဇာတတ္ထိ။ အာရမ္မဏပုရေဇာတတ္ထိ။ ပစ္ဆာဇာတတ္ထိ။ အာဟာရတ္ထိ။ ရူပဇီဝိတိန္ဒြိယတ္ထိ-ဟူ၍ ၆ မျိုးရှိ၏။ သဟဇာတတ္ထိသည်။ သဟဇာတပစ္စည်းကြီးနှင့်အလုံးစုံတူ၏။ ဝတ္ထုပုရေဇာတတ္ထိ ပစ္စည်းသည်လည်း။ ဝတ္ထုပုရေဇာတတ္ထိ။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ-ဟူ၍ ၂ မျိုးရှိပြန်၏။ ထို ၂ မျိုးပုံသည်။ နိဿယပစ္စည်းနိုက်ပြဆိုခဲ့ပြီးသော။ ဝတ္ထုပုရေဇာတနိဿယပစ္စည်း။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ

ယပစ္စည်းတို့နှင့် အလုံးရ်တူပါ၏။ အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်းသည်။ အာရမ္မဏပုရေဇာတ ပစ္စည်းနှင့်အလုံးရ်တူ၏။ ပစ္ဆာဇာတတ္ထိပစ္စည်းသည်။ ပစ္ဆာဇာတပစ္စည်းနှင့် အလုံးရ်တူ၏။ အာဟာရတ္ထိပစ္စည်းသည်။ရူပအာဟာရပစ္စည်းနှင့် အလုံးရ်တူ၏။ရူပဇီဝိတိန္ဒြိယတ္ထိပစ္စည်းသည်။ ရူပဇီဝိတိန္ဒြိယ ပစ္စည်းနှင့် အလုံးရ်တူ၏။

နတ္ထိပစ္စည်း။

နတ္ထိပစ္စည်းသည်။အနန္တရပစ္စည်းနှင့်အလုံးရ်တူပေ၏။

ဝိဂတပစ္စည်း။

ဝိဂတပစ္စည်းသည်။အနန္တရပစ္စည်းနှင့် အလုံးရ် တူပေ၏။

အဝိဂတပစ္စည်း။

အဝိဂတပစ္စည်းသည်။အတ္ထိပစ္စည်းနှင့် အပြားပဘေဒမှစ၍၊ အလုံးရ်တူ၏။

၂၄-ပစ္စည်းတို့၏။ပစ္စည်းပစ္စယုပ္ပန်၊ ပစ္စနီကိမျာ်းကိုပြခြင်းပြီး၏။

---

၂၄-ပစ္စည်းတို့၏အပြားပဘေဒမှစ၍။ပစ္စည်းအပွါးတို့ကိုအောက်ပါအတိုင်းမှတ်လေ။

ဟေတု။ ။မရှိ။
အာရမ္မဏ။ ။မရှိ။
အဓိပတိ။ ။အာရမ္မဏာဓိပတိ။သဟဇာတာဓိပတိ။
အနန္တရ။ ။မရှိ။
သမနန္တရ။ ။မရှိ။

သဟဇာတ။ ။မရှိ။
အညမည။ ။မရှိ။

နိဿယ။ ။သဟဇာတနိဿယ။ ဝတ္ထုပုရေဇာတနိဿယ။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ။

ဥပနိဿယ။ ။အာရမ္မဏူပနိဿယ။ အနန္တရူပနိဿယ။ ပကတူပနိဿယ။

ပုရေဇာတ။ ။ဝတ္ထုပုရေဇာတ။ ဝတ္ထာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတ။

ပစ္ဆာဇာတ။ ။မရှိ၊
အာသေဝန။ ။မရှိ။

ကမ္မ။ ။သဟဇာတကမ္မ။ နာနက္ခဏိကကမ္မ။
ဝိပါက။ ။မရှိ။

အာဟာရ။ ။ရူပအာဟာရ၊ နာမအာဟာရ။
ဣန္ဒြိယ။ ။သဟဇာတိန္ဒြိယ။ ပုရေဇာတိန္ဒြိယ။ ရူပဇီဝိတိန္ဒြိယ။

ဈာန။ ။မရှိ။
မဂ္ဂ။ ။မရှိ။
သမ္ပယုတ္တ။ ။မရှိ။

ဝိပ္ပယုတ္တ။ ။သဟဇာတဝိပ္ပယုတ္တ။ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ္တ။ ပစ္ဆာဇာတ ဝိပ္ပယုတ္တ။

အတ္ထိ။ ။သဟဇာတတ္ထိ။ ဝတ္ထုပုရေဇာတတ္ထိ။ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ။ အာရမ္မဏပုရေဇာတတ္ထိ။ ပစ္ဆာဇာတတ္ထိ။ အာဟာရတ္ထိ။ ရူပဇီဝိတိန္ဒြိယတ္ထိ။

နတ္ထိ။ ။မရှိ။
ဝိဂတ။ ။မရှိ။

အဝိဂတ။ ။သဟဇာတအဝိဂတ။ ဝတ္ထုပုရေဇာတအဝိဂတ ဝတ္ထာရမ္မဏ ပုရေဇာတ အဝိဂတ။ အာရမ္မဏ ပုရေဇာတအဝိဂတ။ ပစ္ဆာဇာတအဝိဂတ။ အာဟာရအဝိဂတ။ ရူပဇီဝိတိန္ဒြိယအဝိဂတ။

---

## သဘာဂရာသိဝေဘာနီခန်း။

ပစ္စည်းတို့သည်။ ဥဒ္ဒေသ ပါဠိတော်နှင့် လာသောနည်းအတိုင်း အားဖြင့် ၂၄ ပစ္စည်းရှိပါ၏။ အထက်ကပြဆိုခဲ့ပြီးသော ပစ္စည်းအပွါးတို့သည်။ အပြားပဘေဒအားဖြင့် ၅၀ ရှိ၏။ ။ မှတ်ရန်။ ။သဟဇာတမျိုး ၁၅။ဥပသဟဇာတမျိုး–၆။ ဝတ္ထုပုရေဇာတမျိုး ၆။ အာရမ္မဏမျိုး ၆။ ဝတ္ထာရမ္မဏမျိုး ၃။အနန္တရမျိုး ၆။ ပစ္ဆာတမျိုး ၄။ ပကတူပမျိုး ၂။ ပေါင်းလျှင် ပစ္စည်းအပွါး ၅၀ ဖြစ်၏။

သဟဇာတမျိုး ၁၅ သည်ကား။ ။ဟေတု၊သဟဇာတာဓိပတိ၊ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ သဟဇာတကမ္မ၊ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ သဟဇာ တတ္ထိ၊ သဟဇာတအဝိဂတ။

ဥပသဟဇာတမျိုး၆ သည်ကား။ ။ရူပါဟာရ၊ရူပါဟာရတ္ထိ၊ ရူပါဟာရဝိဂတ၊ ရူပဇီဝိတိန္ဒြိယ၊ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ၊

ဝတ္ထုပုရေဇာတမျိုး-၆-သည်ကား။ ။ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ။

အာရမ္မဏမျိုး-၆-သည်ကား။ ။အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ။

ဝတ္ထာရမ္မဏမျိုး-၅-သည်ကား။ ။ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ။

အနန္တရမျိုး ၆-သည်ကား။ ။အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ။

ပစ္ဆာဇာတမျိုး-၄ သည်ကား။ ။ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ။

ပကတူပနိဿယမျိုး-၂-သည်ကား။ ။ပကတူပနိဿယ၊ နာနက္ခဏိကကမ္မ။

တနည်းမှတ်ရန်။ နာမ်သက်သက်ပစ္စည်း-၂၁။ ရုပ်သက်သက်ပစ္စည်း-၂၀။ ရုပ်နာမ်-၂-ပါးပစ္စည်း-၉။ ပေါင်းလျှင်ပစ္စည်း-၅၀ ရှိပေ၏။ ။နာမ်သက်သက်-ပစ္စည်း-၂၁-ပါးကား။ ဟေတု၊ သဟဇာတာဓိပတိ၊ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ ပစ္ဆာဇာတ၊ အာသေဝန၊ သဟဇာတကမ္မ၊ နာနက္ခဏိကကမ္မ၊ ဝိပါက၊ နာမ်အာဟာရ၊ သဟဇာတိန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ ပစ္ဆာဇာတ။အဝိဂတ၊ ပေါင်းလျှင်-၂၁-ရှိ၏။

ရုပ်သက်သက်-ပစ္စည်း-၂၀-ကား။ ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ အာရမ္မဏပုရေဇာတ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထာရမ္မဏပုရေဇာတ၊ ရူပအာဟာရ၊ ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏပုရေဇာတတ္ထိ၊ ရူပအာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ အာရမ္မဏပုရေဇာတအဝိဂတ၊ ဝတ္ထုပုရေဇာတအဝိဂတ၊ ဝတ္ထာရမ္မဏပုရေဇာတအဝိဂတ၊ ရူပအဝိဂတ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ၊ ပေါင်းလျှင် ၂၀-ရှိ၏။

ရုပ်နာမ်-၂-ပါးတို့၏ပစ္စည်း ၉-ပါးကား။ အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ သဟဇာတ၊ အညမည၊ သဟဇာတနိဿယ၊ အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ပေါင်းလျှင်-၉-ရှိ၏။

သဟဇာတပစ္စည်း-၁၅-မျိုးနှက်။ အကြီး၊ အလတ်၊ အငယ် ဟူ၍ ၃ မျိုးပိုင်းခြားလိုက်ရှိ၏။

အကြီး။ ။သဟဇာတ၊ သဟဇာတနိဿယ၊ သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ၊ ဤ ၄ ပါးကို သဟဇာတ ကြီး ခေါ်သည်။

အလတ်။ ။အညမည၊ဝိပါက၊သမ္ပယုတ္တ၊သဟဇာတဝိပ္ပယုတ္တ၊
ဤ ၄ ပါးကို။ သဟဇာတအလတ်ခေါ်သည်။

အငယ်။ ။ဟေတု၊ သဟဇာတာဓိပတိ၊ နာမ်အာဟာရ၊သဟ
ဇာတကမ္မ၊ သဟဇာတိန္ဒြိယ၊ ဈာန၊မဂ္ဂ၊ဤ-၇-ပါး
ကို-သဟဇာတငယ်ခေါ်သည်။

၎င်းသဟဇာတပစ္စည်းမျိုးတို့သည်။ အဘယ်ကဲ့သို့ကျေးဇူးပြုတတ်ပါသနည်းဆိုသော်။ ပဋိသန္ဓေကာလတို့နှိုက်။ ပဋိသန္ဓေစိတ်သည်။ပဋိသန္ဓေကမ္မဇရုပ်တို့အား။ သဟဇာတပစ္စည်းတပ်သည်။ပဝတ္တိအခါ။စိတ်စေတသိက်တို့သည်။ စိတ္တဇရုပ်တို့အား။ သဟဇာတပစ္စည်းတပ်သည်။ ပဉ္စဝေါကာယပဋိသန္ဓေ-၁၅-နှင့်ဟဒယဝတ္ထုသည်။ အချင်းချင်းအပြန်အလှန်သဟဇာတပစ္စည်းတပ်သည်။ကလာပ်တူမဟာဘုတ် ၄ ပါးသည်။ကလာပ်တူဖြစ်ကြကုန်သောဥပါဒါ၊နိရုပ်တို့အား။ သဟဇာတပစ္စည်းတပ်သည်။ ထိုပြင်မှတပါးလည်း။ သဟဇာတပစ္စည်းသည်။ မိမိနှင့်ဥပါဒ်ပြိုင်၍။အတူဖြစ်စေနိုင်ရန်။ကျေးဇူးပြုသောသဘောသည်။သဟဇာတပစ္စည်း၏သဘောဖြစ်ပါ၏။

အညမညပစ္စည်းသည်။ အဘယ်ကဲ့သို့ ကျေးဇူးပြုတတ်ပါသနည်းဆိုသော်။ပဉ္စဝေါကာယပဋိသန္ဓေ-၁၅-နှင့်ဟဒယဝတ္ထုတို့အား။အချင်းချင်းအညမညပစ္စည်းတပ်သည်။စိတ်နှင့်စေတသိက်အား နာမ်ချင်းချင်းအညမညပစ္စည်းတပ်သည်။ ကလာပ်တူသောမဟာဘုတ် ၄ ပါးအား။ ရုပ်ချင်းချင်းအညမညပစ္စည်းတပ်သည်။၎င်းအညမညပစ္စည်းသည်။ သဟဇာတမျိုးပင်ဖြစ်၍။ အညမညပစ္စည်း တပ်သောအချက်များကို။ သဟဇာတပစ္စည်းမှာလည်းရအပ်သည်သာလျှင်ဖြစ်၏။

မဂ်လေးခုနှိုက်ရှိသောစေတနာ-၄-ခုသည်။ဖိုလ်-၄-ခုအား

ဘယ်မျှလောက်ပစ္စည်းတင်ပါးသနည်းဆိုသော်။မဂ်လေးခုနှိက်ရှိသောစေတနာ-၄-ခုသည်၊နောက်ဖိုလ်-၄-ခုအား။ အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နာနက္ခဏိကကမ္မ၊နတ္ထိ၊ ဝိဂတ၊ ဤ ၆ ပစ္စယအားဖြင့်တင်သည်။

အာရမ္မဏာ ဓိပတိ ပစ္စည်းနှိက်။အလေးအမြတ် ပြုသောဓမ္မာရုံတို့ကို။ အလေးအမြတ်ပြုတတ်သောစိတ်တို့သည်ကား။ လောဘမူစိတ်-၈။မဟာကုသိုလ်စိတ်-၈။မဟာကြိယာဉာဏသမ္ပယုတ်-၄။ လောကုတ္တရာစိတ်-၈။ ပေါင်း ၂၈ ပါးရှိသည်။ ရင်းတို့အနက်။ လောဘမူစိတ် ၈ ခုသည်။ဒေါသမူနွေး။ မောဟမူနွေး။ ဒုက္ခသဟဂုတ်ကာယဝိညာဏ် ၁ ကြဉ်သော။ လောကီစိတ် ၇၆။ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ကြဉ်အပ်သောစေတသိတ် ၄၇ ပါး။ရုပ္ပဖြစ်သောနိပ္ဖန္နရုပ် ၁၈ ကို။ အလေးအမြတ်ပြုတတ်၏။ မဟာကုသိုလ် ၈ ပါးသည်။ လောကီကုသိုလ် ၁၇။အောက်မဂ်သုံးပါး။ အောက်ဖိုလ် သုံးပါးတို့ကို။အလေးအမြတ်ပြုတတ်၏။ မဟာကြိယာဉာဏသမ္ပယုတ် ၄ ပါးသည်။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်။နိဗ္ဗာန်ကိုအလေးအမြတ်ပြုတတ်၏။ လောကုတ္တရာစိတ် ၈ ပါးသည်။နိဗ္ဗာန်ကိုသာ။ အလေးအမြတ်ပြုတတ်၏။

တနည်းမှတ်ရန်။ ။ပုထုဇ္ဇန်တို့၏မဟာကုသိုလ်စိတ် ၈ ခုသည်။လောကီကုသိုလ် ၁၇။စေတသိတ် ၃၈ကိုအလေးပြု၏။ အရိယာတို့နှိက်ဖြစ်သောမဟာကုသိုလ်ဉာဏသမ္ပယုတ် ၄။မဟာကြိယာဉာဏသမ္ပယုတ် ၄ တို့သည်။ ထိုက်သည့်အားလျော်စွာလောကုတ္တရာစိတ် ၈။နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရတရား ၉ ပါးကို။ အလေးအမြတ် ပြုကြကုန်၏။ သောတာပန်ပုဂ္ဂိုလ်သည်။သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ နိဗ္ဗာန်ကိုအလေးပြု၏။သကဒါဂါမိပုဂ္ဂိုလ်သည်။သကဒါဂါမိမဂ်၊ သက

ဒါဂါမိဖိုလ်၊နိဗ္ဗာန်ကိုအလေးပြု၍။ အနာဂါမ်ပုဂ္ဂိုလ်သည်။ အနာဂါမိမဂ်၊အနာဂါမိဖိုလ်၊နိဗ္ဗာန်ကိုအလေးအမြတ်ပြု၏။ ရဟန္တာပုဂ္ဂိုလ်သည်။အရဟတ္တမဂ်၊အရဟတ္တဖိုလ်၊နိဗ္ဗာန်ကို။ အလေးအမြတ်ပြု၏။ လောကုတ္တရာစိတ် ၈ ပါးသည်။ နိဗ္ဗာန်ကိုသာလျှင် အလေးအမြတ်ပြု၏။

ပကတူပနိဿယပစ္စည်းသည်။ဘယ်တရားများကိုကျေးဇူးပြုတတ်ပါသနည်းဆိုသော်။၎င်းပစ္စည်းသည် နာမ်တရားများကိုသာကျေးဇူးပြုတတ်၏။

## သဘာဂရာသီဝေဘန်ခန်းပြီး၏။

---

နာမ်သည်နာမ်အားကျေးဇူးပြုသောပစ္စည်းများသည်ကား။ အနန္တရ၊သမနန္တရ၊ အာသေဝန၊သမ္ပယုတ္တ၊နတ္ထိ၊ ဝိဂတ-အားဖြင့်-၆-ပါးရှိ၏။

နာမ်သည်နာမ်ရုပ် ၂ ပါးတို့အား ကျေးဇူးပြုသော ပစ္စည်းများသည်ကား။ဟေတု၊ကမ္မ၊ဝိပါက၊ဈာန၊မဂ္ဂ-အားဖြင့် ၅ ပါး ရှိ၏။

နာမ်သည်ရုပ်အားကျေးဇူးပြုတတ်သောပစ္စည်းသည်ကား။ ပစ္ဆာဇာတပစ္စည်းတပါးသာလျှင်ရှိ၏။

ရုပ်သည်နာမ်အားကျေးဇူးပြုတတ်သောပစ္စည်းသည်ကား။ ပုရေဇာတပစ္စည်းတပါးသာလျှင်ရှိ၏။

ပညတ်၊နာမ်၊ ရုပ်တို့သည်။ နာမ်အား ကျေးဇူးပြုတတ်ကြသောပစ္စည်းများသည်ကား။အာရမ္မဏ၊ ဥပနိဿယ-အားဖြင့် ၂ ပါးရှိ၏။

နာမ်ရုပ် ၂ ပါးသည်။နာမ်ရုပ် ၂ ပါးတို့အားကျေးဇူးပြုတတ်ကြသောပစ္စည်းများသည်ကား။ အဓိပတိ၊သဟဇာတ၊ အညမညနိဿယ၊ အာဟာရ၊ဣန္ဒြိယ၊ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ-အားဖြင့် ၉ ပါးရှိ၏။၂၄ ပစ္စည်းတို့ကိုအကျဉ်းချုံး၍။ ပေါင်းရုံးရေတွက်သည်ရှိသော်။အာရမ္မဏ၊ဥပနိဿယ၊ကမ္မ၊ အတ္ထိ၊ အားဖြင့်။ဤပစ္စည်း ၄ မျိုးနှိက်သာလျှင် အကျုံးဝင်ကုန်၏။ ။အကျုံးဝင်ကြပုံကား။ ။ယခင်ပြဆိုအင်ပြီးသောသဟဇာတ ၁၅ မျိုး။ဥပသဟဇာတ ၆ မျိုး။ဝတ္ထုပုရေဇာတ ၆ မျိုး။ အာရမ္မဏပုရေဇာတ ၃ မျိုး။ ဝတ္ထာရမ္မဏပုရေဇာတ ၅ မျိုး။ ပစ္ဆာဇာတ ၄ မျိုး။ဤပစ္စည်းတို့သည်။ အတ္ထိပစ္စည်း၌ အကျုံးဝင်ကြကုန်၏။အနန္တရ ၄ မျိုးနှင့်ပကတူပနိဿယသည်။ ဥပနိဿယပစ္စည်းနှိက်အကျုံးဝင်ကြကုန်၏။ အာရမ္မဏပစ္စည်းမျိုးဟူသမျှသည်။ အာရမ္မဏပစ္စည်းကြီးမှာ အကျုံးဝင်ကြကုန်၏။နာနက္ခဏိကကမ္မပစ္စည်းမျိုးသည်။ ကမ္မပစ္စည်းမှာ အကျုံးဝင်၏။

ပစ္စည်းသွင်းပုံပြီး၏။

---

## ပညတ်ခန်း။

ပညတ်သည်။အနက်ဟူသောအတ္ထပညတ်တမျိုး၊ သဒ္ဒါ ဟူသောနာမပညတ်တမျိုး။ပေါင်း ၂ မျိုးရှိ၏။ ၎င်း ၂ မျိုးတွင်။ အနက် ဟူသော အတ္ထပညတ် သည်ကား။ ခေါ်ဝေ၊အပ်သော အထည်ဒြပ် ဝတ္ထုမျိုးဖြစ်၏။ သဒ္ဒါ-ဟူသော နာမပညတ်သည်ကား။ ခေါ်ဝေါ်ကြောင်းဖြစ်သော ဝေါဟာရသဒ္ဒါမျိုးဖြစ်၏။ ဤသို့လျှင်။အတ္ထပညတ်၊နာမပညတ်၊နှစ်ပါးအထူးကိုမှတ်။

အတ္ထပညတ်သည်လည်း။တဇ္ဇာပညတ်၊ ဥပါဒါပညတ်၊သမူဟပညတ်၊သဏ္ဌာနပညတ်၊သန္တတိပညတ်၊ကာလပညတ်၊အဒ္ဒါ

ပညတ်၊အာကာသပညတ်၊ဒိသာပညတ်၊ ဒေသပညတ်၊ စသော
အားဖြင့်။အတ္ထပညတ်အပြားသည်အလွန်များပြားလှ၏။ပရမတ္ထ
ကြိယာရကို။သဏ္ဌာပညတ်ခေါ်။ပရမတ္ထဓမ္မတို့ကိုစွဲ၍အကြောင်း
ပြု၍ထင်မြင်မှတ်မှါးအပ်သော။ပုဂ္ဂိုလ်၊သတ္တဝါ၊ယောကျ်ား၊မိန်း
မ၊တော၊တောင်၊သစ်ပင်၊ချုံနွယ်၊စသောပညတ်မျိုးကို ဥပါဒါ
ပညတ်ခေါ်။ အပေါင်းအစုအားဖြင့်ဘွဲ့စည်းလျက်တည်ရှိသော
အစိတ်တို့ကိုတခုတည်းပြု၍ထင်မြင်အပ်သောပညတ်မျိုးကိုသမူ
ဟပညတ်ခေါ်။တပြိုင်နက်တည်းဖြစ်ကြတည်ရှိကြကုန်သောအ
စိတ်တို့ကိုတခုတည်းပြု၍။အလုံး၊အပြား၊အဝန်း၊အဝိုင်း၊အရှည်၊
အတို၊အကြီး၊အငယ်၊စသည်ဖြင့်ပုံပန်းသဏ္ဌာန် ဟန်ပန်။ အမျိုး
မျိုးအားဖြင့်ထင်မြင်အပ်သောပညတ်မျိုးကို။သဏ္ဌာနပညတ်ခေါ်။
ရှေ့နောက်အစဉ်မပြတ်ဆက်စပ်၍ တည်ကြဖြစ်ကြကုန်သော
တရားအစိတ် အစိတ်တို့ကို၊တခုတည်းတပါတည်းပြု၍။ဤဝတ္ထု၊
ဤအထည်ဒြပ်ပင်ဟုထင်မြင်မှတ်မှားအပ်သော ပညတ်မျိုးကို။
သန္တတိပညတ်ခေါ်။(ဤပညတ်ရသည်ကား။ ပရမတ္ထဝတ္ထုနှင့်
အလွန်နီးစပ်သော ပညတ်ဖြစ်၏)။ ။ခဏငယ်မှစ၍။ နေ့၊
ရက်၊ပက္ခ၊လ၊နှစ်၊ကပ်၊ ကမ္ဘာ-စသောကာလများကို။ ကာလ
ပညတ်ခေါ်။ဆံချည်၊နှမ်း၊မုယော၊ လက်သစ်၊မိုက်၊ထွာ၊ တောင်၊
တာ၊ဥသဘ၊ကောသ၊ဂါဝုတ်၊တိုင်၊ ယူဇနာတို့မှစ၍။ ရှည်တို
ဝေးနီး။ ခရီးအစဉ်များကို။ အဒ္ဓါပညတ်ခေါ်။ အပေါက်၊ဟင်း
လင်း၊တွင်း၊လိုဏ်၊ ကောင်းကင်ပညတ်များကို။ အာကာသ
ပညတ်ခေါ်။ အရှေ့၊အနောက်၊တောင်၊မြောက်၊ စသော အရပ်
ဆယ်မျက်နှာကို။ဒိသာပညတ်ခေါ်။တော၊တောင်၊မြို့၊ရွာ-အစရှိ
သောအရပ်ဌာနမျိုးကို။ဒေသပညတ်ခေါ်။

အတ္ထပညတ်ပြီး၏။

နာမပညတ်သည်ကား။ ။ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနနာမပညတ်ဟူ၍ ၂ ပါးရှိ၏။ တဘန်။ ထို ၂ ပါးတို့ကိုပုန်ချင်းတွဲယှက်ပြုလုပ်အပ်သောကြောင့်။ ဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ် အားဖြင့်။ ပေါင်းနာမပညတ်၊ ခြောက်မျိုးရှိ၏။

ထင်ရှားစွာရှိနေသောပရမတ္ထဓမ္မတို့၏။ ပထဝီ၊ ဖဿ၊ ဝေဒနာ၊ စသောအမည်ပညတ်များကို။ ဝိဇ္ဇမာနပညတ်ဟူ၍မှတ်။ အဟုတ်ကေန်အမှန်မရှိ။ သမ္မုတိမျှသာဖြစ်သော။ ပုဂ္ဂလ၊ သတ္တ၊ စသောပညတ်များကို၊ အဝိဇ္ဇမာနပညတ်ဟူ၍မှတ်၊ ပုန် ၂ ခုတွဲစပ်၍။ ရှိနှင့်ရှိကိုခေါ်ဝေါ်သော။ စက္ခုဝိညာဏံ၊ စသောပညတ်များကို။ ဝိဇ္ဇမာနေနဝိဇ္ဇမာန၊ ပညတ်ဟူ၍ မှတ်။ ပုန် ၂ ခုတွဲစပ်၍။ ရှိနှင့်မရှိကိုခေါ်ဝေါ်သော။ ဆဠဘိညာ၊ စသော ပညတ်များကို။ ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်ဟူ၍မှတ်။ ပုန် ၂ ခုတွဲစပ်၍။ မရှိနှင့်မရှိကိုခေါ်ဝေါ်သော။ ရာဇပုတ္တော၊ အစရှိသော။ ပညတ်များကို။ အဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်ဟူ၍မှတ်။ ပုန် ၂ ခုတွဲစပ်၍။ မရှိနှင့်ရှိကိုခေါ်ဝေါ်သော။ ဣတ္ထိသဒ္ဒေါ၊ အစရှိသောပညတ်များကို။ အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်ဟူ၍မှတ်။

သဒ္ဒါကိုပြောဆိုသောဝဒန္တပုဂ္ဂိုလ်။ ကြားနာသော သုဏန္တပုဂ္ဂိုလ်ဟူ၍ ၂ မျိုးရှိ၏။ ထိုပုဂ္ဂိုလ်တို့နှိုက်။ အနုဗန္ဓကဟုဆိုအပ်သော။ အတ္ထဂ္ဂဟဏဝီထိ၊ နာမဂ္ဂဟဏဝီထိ။ ဖြစ်ကြပုံများသည်ကား။ ဝဒန္တပုဂ္ဂိုလ်မှာ။ အနုဗန္ဓကလေးဝီထိတို့တွင်။ နာမဂ္ဂဟဏဝီထိ ရှေးဦးစွာကျပြီးမှ။ အတ္ထဂ္ဂဟဏဝီထိကျသည်။ သုဏန္တပုဂ္ဂိုလ်မှာ။ နာမဂ္ဂဟဏဝီထိရှေးဦးစွာကျပြီးမှ။ အတ္ထဂ္ဂဟဏဝီထိကျသည်။ ပြောသူ၏သိမှုမှာ။ အနုဗန္ဓက၊ ၄-ဝီထိတွင်။ အတ္ထဂ္ဂဟဏဝီထိဖြင့်အတ္ထပညတ်ကို။ နာမဂ္ဂဟဏဝီထိ

ဖြင့်နာမပညတ်ကို။ အစဉ်အတိုင်းသိ။ အပြောကိုနာ၍ သိမှုမှာ။ နာမဂ္ဂဟာဏဝိထိက၊ ရှေးဦးစွာ။ အတ္ထဂ္ဂဟာဏဝိထိကနောက်မှ ဖြစ်၏။ ဝိတိပိုင်းဆိုင်ရာပေတည်း။

ကာယဝိညတ်အမူအရာ၊ ဝစီဝိညတ်အမူအရာတို့ကိုသိစေရာနိုက်လည်း။ ဝိညတ်အမူအရာကိုသိသောဝိညတ်ဂ္ဂဟာဏဝိထိ၊ အဓိပ္ပါယ်အလိုဆန္ဒကိုသိသော။ အဓိပ္ပါယဂ္ဂဟာဏဝိထိ။ ဤဝိထိ။ ၂ မျိုးကိုဆိုင်ရာတွင်ထည့်သွင်းရေ၏။ ယိုဝိထိ ၂ မျိုးကိုထည့်သွင်းလျှင်။ အနုဗန္ဓကဝိထိပေါင်း ၆ ပါးရှိ၏။

သစ္စာသည်။ သမုတိသစ္စာ၊ ပရမတ္ထသစ္စာ-ဟူ၍ ၂ ပါးရှိ၏။ ထို ၂ ပါးတို့တွင်။ စိတ်၊ စေတသိတ်၊ ရုပ်၊ နိဗ္ဗာန်၊ ဟူသောပရမတ္ထတရား ၄ ပါးသည်။ ကြံခြင်း၊ တွေ့ခြင်း၊ ခံစားခြင်း၊ မှတ်ခြင်းအစရှိသော။ အသီးသီးသောသဘောသဘာဝတ္ထုတို့နှင့်တကွ။ ရှိကြသည့်ချည်းအမှန်ဖြစ်၍။ ပရမတ္ထသစ္စာမည်၏။ ပုဂ္ဂိုလ်၊ သတ္တဝါဟူသောပညတ်မျိုးသည်။ သဘောနှင့်တကွ။ အသီးအခြားရှိကြသည်မဟုတ်ပေ။ ထိုသို့မဟုတ်ငြားသော်လည်း။ လောကီဘုံသားလူအများတို့က။ အရှိအမှန်ပြု၍ သမုတ်ကြ၏။ သမုတ်ကြသောအတိုင်း။ ပြောဆိုခေါ်ဝေါ်ကြသော်လည်းကောင်း။ ဝန်ခံကြသော်ငင်း။ မုသာဝါ မဖြစ်ပေ။ ဝတ္ထုအားဖြင့်ထင်ရှားရှိသည့်အတွက်။ ဝစီသစ္စာ၊ ဝိရတိသစ္စာဟုဆိုအပ်သော။ သစ္စာပါရမီ ဝိရတီသီလပင်ဖြစ်ပါသေး၏။ ဤသို့လျှင်လောကသမ္မုတိအခွင့်အားဖြင့်။ အရှိအမှန်ဖြစ်ရသောပညတ်မျိုးသည်။ သမ္မုတိသစ္စာမည်၏။ ဤသို့လျှင်သစ္စာ-၂ ပါးကိုမှတ်အပ်၏။

သမ္မာဒိဋ္ဌိသည်။ လောကီသမ္မာဒိဋ္ဌိ၊ သာသနာသမ္မာဒိဋ္ဌိ-ဟူ၍ ၂ ပါးရှိ၏။ ကမ္မသကာသတ္တာ၊ ကမ္မဒါယာဒါ၊ ကမ္မယောနီ၊ ကမ္မဗန္ဓူ၊ ကမ္မပဋိသရဏာစသည်ဖြင့်၎င်း။ ‘အတ္ထိဒိန္နံ’ အတ္ထိယိဋ္ဌံ၊ အတ္ထိဟုတံ-စသည်ဖြင့်၎င်း။ လာသောကံကံ၏ အကျိုးကို ယုံကြည်သောသမ္မာဒိဋ္ဌိသည်။ လောကီသမ္မာဒိဋ္ဌိမည်၏။ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ပဋိစ္စသမုပ္ပါဒ်လျှင် အရာရှိသော သမ္မာဒိဋ္ဌိသည်။

သာသနာသဒ္ဓါဒိန္ဒြိမည်၏။ သတ္တဝါအပေါင်းတို့သည်။လောကီ
သဒ္ဓါဒိန္ဒြိနှိုက်ကောင်းစွာတည်၍။ လူချမ်းသာ၊နတ်ချမ်းသာ၊
ဗြဟ္မာချမ်းသာတို့ကိုရနိုင်ကြကုန်၏။ သာဝကဗောဓိ၊ ပစ္စေက
ဗောဓိ၊သဗ္ဗညုဗောဓိ၊ဟုဆိုအပ်သော။ ဗောဓိဆုပါရမီတို့ကို
ရနိုင်ကြကုန်၏။အစနှိုက်လောကီသဒ္ဓါဒိန္ဒြိ။ အဆုံးနှိုက်သာသ
နာသဒ္ဓါဒိန္ဒြိနှိုက်ကောင်းစွာတည်၍။ ဆိုအပ်ခဲ့ပြီးသောဗောဓိ
သုံးပါးသို့ရောက်ကြရကုန်၏။ လောကီသဒ္ဓါဒိန္ဒြိနှင့်ပြည့်စုံစေ
လိုက။သမ္မုတိသစ္စာကိုအလေးအမြတ်ပြု။ သာသနာသဒ္ဓါဒိန္ဒြိနှင့်
ပြည့်စုံစေလိုက။ ပရမတ္ထသစ္စာကို အလေးအမြတ်ပြု။ သမ္မုတိ
သစ္စာကိုအလေးအမြတ်မပြု၍။ အလွတ်ပယ်လျှင်။ ထိုသူမှာ
လောကီသဒ္ဓါဒိန္ဒြိအလင်းကွယ်ပျောက်၍။နတ္ထိဒိဋ္ဌိ၊နတ္ထိယဒိဋ္ဌိ၊နတ္ထိ
ဟုတံ အစရှိသောအသူဝါဒသို့ရောက်၍။ ကံကံ၏ အကျိုးကို
လုံးလုံးပစ်ပယ်သော မိစ္ဆာဒိဋ္ဌိမှောင်တွင်းသို့ရောက်၏။ သုဂတိ
လမ်း၊ပါရမီလမ်း၊ဗောဓိလမ်းအကုန်ပိတ်၏။ [illegible]
လျှင်ဟောင်းလင်းပွင့်တော့သည် ဟူ၍မှတ်။ ။ပရမတ္ထသစ္စာကို
ပယ်၍လျှင်လည်း။ ထိုသူမှာသာသနာ သဒ္ဓါဒိန္ဒြိမှအပဖြစ်၏။
သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ၊ မှောင်တွင်းမှမလွတ် [illegible]။
ဗောဓိ ၃ ပါးတံခါး အကုန် ပိတ်လေ၏။ သံသရာ တလမ်းသာ
ဟောင်းလင်းပွင့်၏။ ထိုကြောင့်။ လောကီသဒ္ဓါဒိန္ဒြိအလင်းနှိုက်
ကောင်းစွာတည်၍၊သာသနာသဒ္ဓါဒိန္ဒြိသို့ရောက်ခြင်းငှါ။ စိတ်၊
စေတသိတ်၊ရုပ်၊နိဗ္ဗာန်၊ တည်းဟူသောပရမတ္ထသစ္စာ။ ကြိုးစားစွာ
ကို။လေ့လာအားထုတ်ကြကုန်ရာ၏။

နာမပညတ်နှင့်တကွသစ္စာတို့ကိုပြခြင်းပြီး၏။

---

ဟေတုပစ္စယော-ဟူသည့်ကား။ ။ယခုအခါနှိုက် ပဋ္ဌာန်း
နည်းကိုပြတော်မူခြင်းငှါ။အနုရုဒ္ဓါဆရာမြတ်သည်။ ဟေတုပစ္စ
ယော-၌သို့အစရှိသောစကားကို။ ကြိုးရင့်အားထုတ်တော်မူ

ပါ၏။ထိုဟေတုပစ္စယော-ဟူသောပုဒ်နိုက်။ ဟိတ်လည်းဖြစ်၏။ ထိုဟိတ်-ဟူသောစကားသည်ပစ္စည်းလည်းဖြစ်၏။ထိုကြောင့် ဟေတုပစ္စည်းမည်၏။ဟိတ်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဟူ၍မှတ်။ဟိတ်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားတည်း ဟူ၍။ ဤသို့သောအဓိပ္ပါယ်ကို ဆိုလိုသည်ဖြစ်၏။ ထိုစကား ရင်၌။အဘယ်ကဲ့သို့သောအနက်ကြောင့် ဟိတ်-မည်ပါသနည်း ဟူ၍အမေးရှိအံ့။အမြစ်အရင်းဟူသောအနက်ကြောင့်ဟိတ်မည် ၏ဟုဖြေကြားရာ၏။အမြစ်အရင်းဟူသည်။အဘယ်သို့သော စကားဖြစ်ပါသနည်းမေးအံ့။ အမြစ်အရင်းဟူသည်မှာ။ သစ်ပင် တို့နိုက်ဖြစ်သောသစ်မြစ်သည်။မြေနိုက်ကောင်းစွာတည်သည် ၏အဖြစ်ကိုပြီးစေသကဲ့သို့၊ အဘူတက္က ဖြစ်ခြင်း ရှိကုန်သော သဟဇာတ်တရားတို့အား။အခုံခြေက်ပါးတို့နိုက်ကောင်းစွာ တည်သည်၏အဖြစ်ကိုပြီးစေတတ်သောအနက်သည်။ (မူလဋ္ဌ) အမြစ်အရင်းမည်ပါ၏။ ။သဟဇာတ်တရားတို့အား။ဘုသိုလ် အစရှိသည်တို့၏အဖြစ်ကိုပြီးစေတတ်သောအနက်သည်။မူလဋ္ဌ ဟုဆိုအပ်သော။အမြစ်အရင်းမည်၏ဟူ၍ ဆရာတို့မိန့်ကြကုန် ၏။ဤဟေတုဟူသောပုဒ်နိုက်။ဟိတ်-တို့မည်သည်ကား ၆ ပါး အပြားရှိကုန်၏။၎င်းဟိတ် ခြောက်ကိစ္စအသီးအသီး။ ကိုယ်ပိုင် ကိုယ်၌ရှိကုန်၏။ကိစ္စတို့မည်သည်မှာကား။ အာရုံ၌သမ္ပယုတ် တရားတို့အား ကောင်းစွာတည်သည်၏အဖြစ်ကို ပြီးစေခြင်း တည်း။ ။(ပြီးစေတတ်သောအနက်သည်-မူလဋ္ဌ။ ပြီးစေခြင်း အနက်သည်-ကိစ္စဟူ၍မှတ်)။

ထိုစကားကို ထင်စွာပြပေဦးအံ့။ ။သစ်ပင်၏ အမြစ်တို့ သည်။မြေကြီးအတွင်းနိုက်ပွါးများ၍၊ မြေ၏အရသာတို့ကိုရင်း။ ရေ၏အရသာတို့ကိုရင်းစုပ်ယူ၍။ အဖျားတိုင်အောင် ထိုအရ သာတို့ကိုဆောင်ကုန်သည်ဖြစ်ပါ၏။ ထိုအခါ ။ လေသည်ရင်း။ ရေအယဉ်သည်ရင်းလာသည်ရှိသော်။ ကောင်းစွာ ဆွဲငင်၍။ထိုအမြစ်တို့၏အစွမ်းသတ္တိအားဖြင့်။ ပျက်မစီးစေဘဲ

တည်တန့်ခွဲမြဲချက် ကောင်းစွာဖြစ်စေနိုင်၏။ ဤကဲ့သို့ပျက်မစီးဘဲကောင်းစွာတည်ခဲ့သည်ရှိသော်။ သစ်ပင်၏ကြီးပွါးခြင်းသည်၎င်း။ စည်ကားခြင်းသည်၎င်း။ ပြန့်ပြောခြင်းသည်၎င်း။ ရှည်မြင့်စွာသော ကာလပတ်လုံး တည်၍။ ပျက်စီးခြင်းသို့မရောက်စေနိုင်သကဲ့သို့။ဤနည်းအတူ။ထိုဟိတ်တရားတို့သည်လည်း။မိမိတို့ကိုယ်တိုင်အာရုံတို့နှိုက်။မြဲမြံခိုင်ခံ့ခြင်း အဖြစ်သို့ရောက်ကြကုန်သည်ရှိသော်။ မိမိတို့နှင့် ယှဉ်တော်ယှဉ်ဘက်ဖြစ်သောသမ္ပယုတ်တရားတို့ကို။ ထိုထိုအာရုံ အပေါင်းတို့နှိုက်။ကြီးပွါးခြင်းတို့ကို၎င်း။စည်ပင်ခြင်းတို့ကို၎င်း။ ပြန့်ပြောခြင်းတို့ကို၎င်း။ ရှည်မြင့်စွာသော ကာလပတ်လုံး။ တည်တန့်နိုင်ခြင်းမြဲခိုင်ခြင်း အဖြစ်သို့ရောက်စေနိုင်၏ဟူ၍။ သိအပ် မှတ်အပ်သတည်း။

အဟိတ်တရားတို့သည်ကား။ရေအပြင်နှိုက်အမြစ်မရှိသောမှော်တို့ကဲ့သို့။ကောင်းစွာတည်တန့်ခြင်းငှါမရနိုင်ကုန်ပေဟုမှတ်အပ်၏။ ။အပရေ ဆရာတို့သည်ကား။ ကုသိုလ်အစရှိသောတရားတို့၏အဖြစ်ကို ပြီးစေနိုင်ခြင်းသည်ကား။ ဟိတ်တရားတို့၏ကိစ္စဟူ၍မိန့်တော်မူကြ၏။ယင်းအပရေဆရာတို့ဆိုသည့်အတိုင်းမှန်ခဲ့ပါလျှင်။ အကြင်တရားတို့နှိုက်။သဟဇာတအတူတကွဖြစ်သောဟိတ်သည်မရှိ။ထိုတရားတို့အား ကုသိုလ်၏အဖြစ်သည်၎င်း။အဗျာကတ၏အဖြစ်သည်၎င်း။ရရှိရန်မပြည့်စုံလေရာ။ထိုမှတပါးလည်းရအပ်သောဟောဘွယ်ပဋ္ဌည်းရှိကုန်သော။အကြင်ရုပ်တရားအပေါင်းတို့သည်လည်းရှိကြပါ၏။ထိုရုပ်တို့သည်လည်းအပရေဆရာတို့ဆိုသည့်အတိုင်း ကုသိုလ်အစရှိသောတရားတို့ကို။ဟိတ်နှင့်တကွဖြစ်ပေါ်လာသည် … ကျက်။ဖြစ်စေနိုင်ရစေနိုင်ရာ၏။ဤသို့လျှင်။မဟုတ်မမှန်ဖြစ် … သည်ဟူ၍ ထိုဝါဒကိုပယ်ကြကုန်၏။ ထိုသို့ပင် ပယ်ကြငြားသော်လည်း။ လောကနှိုက်အရိုက်အမြှောင်တို့မှာသည်ကား။ တစုံတခုသောအကြောင်းထူးဖြင့် ပြုလုပ်ကြီးစည် အပ်သည် မဟုတ်။ အကြင်အရပ်နှိုက်

အရောင်အလင်းသည်မရှိ။ ထိုအမိုက်မှောင်တို့ကို မိ၏သဘော အားဖြင့်ပျောက်ကင်းစေနိုင်ခြင်းမဟုတ်သည်သာလျှင် ဖြစ်၏။ ဤ အတူ။ အကုသိုလ်၊ အကုသိုလ်တရားအပေါင်းတို့နှိုက်။ တွေဝေ ခြင်းအမှုအရာနှိုက်ဖြစ်ကုန်သော၊ မောဟတည်းဟူသော အမိုက်တိုက်သည်လည်း။ မိ၏သဘောအတိုင်းသာလျှင်။ အကုသိုလ်ဖြစ်ခြင်းသို့ရောက်နိုင်၏။ ထိုစကားသည် မှန်၏။ ဇာနုသ္သတရားမည်သည်ရှိ၏။ ထိုတရားသည်မိုက်မဲတွေဝေခြင်းနှင့်ယှဉ် သည်ရှိသော်။ ငြိကပ်ခြင်းသဘောသို့ရောက်၍။ လောဘဟူသော အမည်ကိုရလေတော့၏။ ထိုဇာနုသ္သတရားသည်။ သဒ္ဓါတရားနှင့် ယှဉ်သည်ရှိသော်ကား၊ ဓမ္မစ္ဆန္ဒအဖြစ်သို့ရောက်၍။ ကုသိုလ် အလိုရှိသော။ လိုလားသောအမည်သည်ဖြစ်ရပြန်၏။ ထို့မှတပါး လည်း။ သည်းခံခြင်းမည်သည်ရှိ၏။ ထိုသည်းခံခြင်းသည်လည်း။ မိုက်မဲတွေဝေခြင်းနှင့်ယှဉ်သည်ရှိသော်။ ဒေါသဟုဆိုအပ်သော ပဋိဃအဖြစ်သို့ရောက်၍။ ဒေါသတည်းဟူသော အကုသိုလ် အမည်သည်ဖြစ်ပေ၏။ သဒ္ဓါတရားနှင့် ယှဉ်ရသည်ရှိသော်ကား။ မကောင်းသောတရား မကောင်းသောအာရုံတို့နှင့် ဆန့်ကျင် ဘက်အဖြစ်သို့ရောက်၍။ အလောဘဟုဆိုအပ်သော ကုသိုလ် အမည်သည်ဖြစ်ပေ၏။ တွေဝေနိုင်းမောခြင်း မိုက်ခြင်းသည် ကား။ ဤမည်သောတရားနှင့်ယှဉ်သည်ရှိသော်။ အကုသိုလ်မည် ၏။ မယှဉ်ရသည်ရှိသော်။ ကုသိုလ်မည်ပါ၏။ ဤသို့လျှင်ဆိုအပ် သောစကားသည်ယုတ္တိမရှိ။ အဘယ်ကြောင့်နည်းဟူမူ။ ချဉ်စေ ခြင်းအကျိုး၌ တပါးသောအချဉ်မျိုးနှင့် တွဲဘက်ခြင်းကိစ္စမှ ကင်းသောအမျိုးအရိုးဖြင့်သဖြင့်။ နဂိုပကတိ ဇာတိကပင်လျှင်။ ချဉ်သော အရသာရှိသော ဝဋ္ဋုကဲ့သို့။ ငင်စစ်အကုသိုလ်မျိုး သည်သာလျှင်ဖြစ်၏။

အကြောင်းတရားတို့သည်။ ကုသိုလ်သည်ရင်း။ အကုသိုလ် သည်ရင်းဖြစ်၏။ ထိုတရားသည် အဗျာကတမည်၏။ ဤအတိုင်း သာလျှင်။ တရားတို့၏အဗျာကတ အဖြစ်သို့ရောက်ခြင်း အ

ကြောင်းသာလျှင်ဖြစ်၏။ ထိုကြောင့်။ အဟိတ်စိတ်တို့၏ရုပ်။ ရုပ်
မှုဖြစ်ခြင်းတို့၏ရုပ်။ အဗျာကတအဖြစ်သည်လည်း။ မိမိတို့၏သဘော
အတိုင်းသာလျှင်။ အဗျာကတအဖြစ်သို့ရောက်ကြ၏။ ထိုစကား
နှိက်မဲ့ဘောဟာသည်။ ကြွင်းသော ဟိတ်တရားတို့၏ မူလ ဖြစ်၏။
တပ်ခြင်းပြစ်မှားခြင်းတို့သည်လည်း။ တွေဝေခြင်း၏ အကျိုး
ဆက်တို့သည်သာလျှင်ဖြစ်၏။ လောဘအစရှိသည်တို့၌လည်း။
ကုသိုလ်၏အဖြစ်သည်။ အဝိဇ္ဇာနှသယနှင့် အတူတကွသာလျှင်
ဖြစ်ကြကုန်၏ဟူ၍မှတ်အပ်၏။ ထိုလောဘ အစရှိသောဟိတ်တို့
သည်ကား။ လောဘသဟာဂုတ်အစရှိကုန်သော စိတ်တို့၏ မူလ
ပင်ဖြစ်ကြကုန်၏။ ထိုစကားသည်မှန်၏။ ဒိဋ္ဌိ၊ မာန၊ အစရှိသည်တို့
သည်။ တပ်ခြင်းအစရှိသည်တို့၏ အကျိုးဆက် ဖြစ်ကြကုန်၏။
သဒ္ဓါအစရှိသည်တို့သည်။ မတပ်ခြင်းဖြစ်သော တရား၏အကျိုး
ဆက်ဖြစ်ပါကုန်၏၊ အဘယ့်ကြောင့်ဆိုသော်။ ဟိတ်တို့သည်
သည်ကား။ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်သောတရားတို့နှိက်ပြမ္ဘာန်း
သောတရားတို့ဖြစ်ပါကုန်၏။ ထိုကြောင့်။ သဟိတ်ဝိပါက်ကြိယာ
တို့၏။ အဗျာကတအဖြစ်ကိုကား။ ဟိတ်ကို အဦး ပြုသဖြင့်လည်း
ဆိုခြင်းငှါသင့်မြတ်ပါ၏။ ။ ထိုစကားကိုဆက်ပါဦးအံ့။ ရအပ်
သောဈာနပစ္စည်းရှိကုန်သောရုပ်နာမ်တရားတို့တွင်။ ဈာန်အင်္ဂါ
တို့သည်နာမ်တရားတို့နှိက်သာလျှင်။ ကပ်၍ရှုခြင်းကိစ္စကို နှံ့စေ
နိုင်၏။ လုံလောက်စွာရစေနိုင်၏။ ရုပ်တရားတို့နှိက် ကပ်၍ရှုခြင်း
ကိစ္စကိုမနှံ့စေနိုင်ကုန်။ လုံလောက်စွာမရနိုင်ကုန်။ စင်စစ်တမူ
သော်ကား။ ထိုရုပ်တရားတို့ကိုဈာန်တရားတို့ကြောင့် ဖြစ်သည်
၏အဖြစ်ကြောင့်သာလျှင်။ ဈာနပစ္စယဟုဆိုအပ်ကုန်သည်။ ဟော
တော်မူ အပ်ကုန်သကဲ့သို့။ ဤအတူဟိတ်တို့သည်လည်း။ နာမ်
တရားတို့နှိက်သာလျှင်ကုသိုလ် အစရှိသည်၏အဖြစ်ကို ပြီးစေ
နိုင်ရစေနိုင်ကုန်၏။ ရုပ်တရားတို့နှိက်ကုသိုလ်၏အဖြစ်ကို။ မပြီး
စေနိုင်မရစေနိုင်ကုန်၊ ထိုရုပ်တရားတို့သည်ကား။ ဟိတ်တရား
တို့၏အစွမ်းကြောင့်ဖြစ်သည်၏ အဖြစ်ကြောင့်သာလျှင်။ ဟေတု

ပစ္စယုပ္ပန်တရားတို့နှိုက်ဟောတော်မူ အပ်ကုန်၏။ ထိုရုပ်တရားတို့၏ ကုသိုလ်အစရှိသည်တို့၏ အဖြစ်သို့ရောက်ခြင်းကို မစောဒနာအပ်။ စောဒ်နာမပြုထိုက်။

ထိုစကားကိုပမာပြ၍ ချဲ့လိုက်ပါဦးအံ့။ ။လောကနှိုက်။ နေ၏အရောင်သည်ထွန်းပရောက်လာသည်ရှိသော်။ နေ့အခါနှိုက်အားရှိကြကုန်သော။ ဟင်္သာငှက်အစရှိသည်တို့၏ အခွင့်ကာလသည်ဖြစ်ပါကုန်၏။ ထိုနေရောင်ပျောက်ကွယ်၍။ အမိုက်မှောင်ရောက်စေတတ်သောညဉ့်အခါသို့ကျလာသည်ရှိသော် ၎င်းညဉ့်အခါနှိုက်အားရှိကြကုန်သော။ လင်းလာ ကျက်စားနိုင်ကြကုန်သော။ ခင်ပုပ်ငှက်၊ တီးတုတ်ငှက်အစရှိသည်တို့၏ အခွင့်ကာလသည်ဖြစ်လေ၏။ ထိုနေရောင်တို့သည်၎င်း။ ထိုအမိုက်မှောင်တို့သည်၎င်း။ ထိုဟင်္သာငှက်၊ ခင်ပုပ်၊ တီးတုတ်ငှက်တို့၏။ ကိုယ်တွင်ပေါက်ရောက်။ အမွေးအတောင်တို့နှိုက်ဖြစ်သော အဆင်းအရောင်တို့ကိုပေးနိုင်သည်ဖြစ်စေနိုင်သည်မဟုတ်။ ထိုအဆင်းအမျိုးမျိုးတို့ကိုကား။ ထိုငှက်တို့၏။ ယောနိ၊ ဇာတိ၊ တို့ကသာလျှင်ပေးနိုင်၏။ ဖြစ်လည်းဖြစ်စေနိုင်၏။ ၎င်းဥပမာနှိုက်။ နေရောင်အလင်းကဲ့သို့။ ယောနိသောမနသိကာရကိုမှတ်အပ်၏။ အမိုက်မှောင်ကဲ့သို့အယောနိသောမနသိကာရကိုမှတ်အပ်၏။ ထိုဟင်္သာငှက်၊ ခင်ပုပ်၊ တီးတုတ်ငှက်တို့ကဲ့သို့။ ကုသိုလ် အကုသိုလ်တရားတို့ကိုမှတ်အပ်ကုန်၏။ ထိုငှက်တို့၏သန္တာန်နှိုက်ဖြစ်သော အဆင်းတို့ကဲ့သို့။ ကုသိုလ်တရားတို့၏ဖြစ်ကြောင်း။ အကုသိုလ်တရားတို့၏ဖြစ်ကြောင်းအစရှိသည်တို့ကိုမှတ်အပ်၏၊ ထိုငှက်တို့၏။ ယောနိ၊ ဇာတိ၊ တို့ကဲ့သို့။ ဟိတ်တရားတို့ကို မှတ်အပ်ပါ၏။ အလုံးစုံသောအဗျာကတတရားအပေါင်းတို့သည်ကား။ ဆိုအပ်ခဲ့ပြီးသောအတိုင်း။ အဟိတ်စိတ်နှင့်တကွ။ ရုပ်၊ နိဗ္ဗာန်၊ တို့သာလျှင်ဖြစ်ပေသတည်း။

ဤဟိတ်တရားနှိုက်။ သဒ္ဒါအနက်အားဖြင့်သော်ကား။ ။ ဟိနောတိ ဧတေန ဖလံ ဂစ္ဆတိ ပဝတ္တတိ ဝါ တိ ဟေတု၊ သဒ္ဒါ ပဘိဗ္ဗ ဟာ

သဟာဇာတဓမ္မာ၊ ဧတ္ထ ဧတေနဝါ အာရမ္မဏေ၊ ဒဿနိပါတိနါ ထာမဗလသမ္ပန္နေနာဘိဟတေ။ ။အနက်ကား၊ ။အာရမ္မဏေ၊ အာရုံ၌။ ဒဿနိပါတေန၊ မြဲမြဲစွာကျခြင်းရှိသော။ ထာမဗလသမ္ပန္နေန၊ အားအစွမ်းနှင့်ပြည့်စုံသော။ ဧတေန၊ ထိုဟိတ်ဖြင့်။ သဟဇာတဓမ္မာ၊ သဟဇာတ်တရားတို့သည်။ ဝုဍ္ဎိဝိရူဠှိဝေပုလ္လပဝတ္တိဝသေန ကြီးပွါးစည်ပင်ပြန့်ပြောခြင်း၏အစွမ်းအားဖြင့်။ သုဋ္ဌု၊ ကောင်းစွာ။ ဟိနေ ဋ္ဌန္တိ ပတိဋ္ဌဟန္တိ၊ တည်ကြကုန်၏။ ဇုတိတဿ၊ ထိုသို့သမ္ပယုတ်တရားအပေါင်းတို့၏တည်ရာတည်ကြောင်းဖြစ်သောသတ္တိကြောင့်။ ဟေတု၊ ဟိတ်မည်၏။

ပစ္စယ-သဒ္ဒါသည်ကား။ ။ဥပကာရကဋ္ဌော၊ ကျေးဇူးပြုခြင်းအနက်ရှိ၏။ ဥပကာရကမည်သည်လည်း။ ၎င်းဥပကာရကသည်။ အခြင်းသို့သောသဘောအားဖြင့် ရအပ်သည်ရှိသော်။ မဖြစ်သေးကုန်သောတရားတို့သည်ဖြစ်ပေါ်ကြကုန်၏။ ဖြစ်ပေါ်ကုန်ပြီးသောတရားတို့သည်လည်း။ တည်တည်တန့်တန့်ဖြစ်ကြကုန်၏၊ တည်သောတရားတို့သည်လည်း။ ဥပရူပရိ၊ အဆင့်ဆင့်ကြီးပွါးစည်ပင်ခြင်းလျှင် အကြောင်းရှိသော အဖြစ်သို့ရောက်ကုန်သတတ်။ ထိုကဲ့သို့သောသဘောအားဖြင့် ဟုတ်မှန်လှပေသတည်း။ အမှတ်မထင်သောအကြောင်အခြင်းအရာအားဖြင့် ပြုလုပ်တတ်သောသူကိုဇင်း။ ပြုလုပ်စေတတ်သောသူကိုဇင်း။ ရအပ်ရနိုင်ရာဖြစ်ပေ၏။ ပရမတ္ထသဘောတရားတို့နှိက်မူကား။ အားထုတ်ခြင်းအမှုကိုဇင်း။ ကြောင့်ကြစိုက်ခြင်း ဗျာပါရအမှုကိုဇင်း။ မရအပ်မရနိုင်ပါကုန်မှတ်။ ထိုသို့လျှင်တရံတရသော အကြောင်းခြင်းရာအားဖြင့်ရနိုင်ခြင်းသည်ရှိခဲ့သော်ကား။ အကြောင်းအားလျော်သည့်အလိုက် မဖြစ်သေးသည်ဖြစ်ကုန်သော။ ပစ္စယုပ္ပန်အကျိုးတရားတို့၏ ဖြစ်ပေါ်ခြင်းကြောင့်။ ဖြစ်ပေါ်ပြီး ဖြစ်ကုန်သော ပစ္စယုပ္ပန် အကျိုးတရားတို့၏ တည်ခြင်း၏ အဖြစ်သို့ရောက်ခြင်းကြောင့်။ တည်တန့်ပြီးဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့၏။ အဆင့်ဆင့်ကြီးပွါးစည်ပင်ခြင်းအကြောင်းသို့ ရောက်

ခြင်းကြောင့်။ ကောင်းစွာပြုလုပ်သကဲ့သို့ရင်း။ ပြီးစေဖြစ်စေနိုင်သကဲ့သို့ရင်းဖြစ်ပေ၏။ ဤကဲ့သို့သောအကြောင်းကြောင့်။ ဥပကာရက-ဟူ၍သာလျှင်မိန့်တော်မူသော အတိုင်း မှတ်အပ်၏။ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။အာရုံနှိက်မြဲမြံခိုင်ခံ့သည်၏အဖြစ်၊ကြီးပွါးစည်ပင်သည်၏အဖြစ်ကို။ ပြီးစေတတ်သည်ဟုဆိုအပ်သောမူလရှိသည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော။ခြောက်ပါးကုန်သောဟိတ်တရားတို့သည်။ဟေတုပစ္စည်းမည်ပါ၏။

အာရမ္မဏပစ္စယော-ဟူသည်ကား။ ။အာရုံနှိက်။စိတ်၊စေတသိတ်ဖြစ်ကုန်သောတရားအပေါင်းတို့သည်။ ကောင်းစွာမွေ့လျော်ခြင်းကိုခံစားကြကုန်ဘိသကဲ့သို့။ မြဲစွာအာရုံနှိက်မလွှတ်မူ၍ ကိုင်ဆွဲကြကုန်လျက်မွေ့လျော်ကြကုန်၏။ မွေ့လျော်ခြင်းကိုလည်း ဖြစ်စေနိုင်၏။ ထိုသို့မွေ့လျော်ရာကြီး ဖြစ်လေသောကြောင့်အာရုံမည်ပါ၏။ ။အာရမန္တိ စိတ္တစေတသိကာဓမ္မာသုဋ္ဌု ရတိံ အနုဘဝန္တာဝိယ၊အလ္လောလမ္ဗမာနာပဝတ္တန္တိ-ဧတ္ထာတိအာရမ္မဏံ။ ။ဝိဂြိုဟ်ပြု။ ။အနက်ကား။ ။ဧတ္ထ၊ဤအာရုံ၌။စိတ္တစေကသိကာ၊ စိတ်စေတသိတ်ဖြစ်ကြကုန်သော။ ဓမ္မာ။တရားအပေါင်းတို့သည်။သုဋ္ဌု၊ကောင်းစွာ။ ရတိံ၊မွေ့လျော်ခြင်းကို။အနုဘဝန္တာဝိယ၊ခံစားကြကုန်သကဲ့သို့။ အလ္လောလမ္ဗမာနာ၊မြဲစွာကိုင်ဆွဲကြကုန်လျက်။အာရမန္တိ၊မွေ့လျော်ပျော်ပါးကြကုန်၏။ပဝတ္တန္တိ၊ ဖြစ်ကြပါကုန်၏။ဣတိတသ္မာ၊ ထိုသို့မွေ့လျော်ရာဖြစ်သောသဘောကြောင့်။အာရမ္မဏံ၊အာရုံမည်ပါ၏။ ။သို့ဖြစ်ဝါ၍။အာရုံ၏အဖြစ်ဖြင့်ကျေးဇူးပြုကြကုန်သော။ရူပါရုံ၊သဒ္ဒါရုံအစရှိသောခြောက်ပါးကုန်သော အာရုံတရားတို့သည်။အာရမ္မဏပစ္စည်းမည်ပါ၏။

အဓိပတိပစ္စယော-ဟူသည်ကား။ ။အဓိပတိသဒ္ဒါ၏အ

နက်ဤသို့အပ်ပါ၏။အဓိပတိဟူသည်။ အရှင်သခင်တည်း။ အစိုးရတည်း။ထိုအစိုးရဟူသောစကားသည်လည်း။ တစ်ခုကိုအစိုးရသောသူရင်း။အလုံးစုံကိုအစိုးရသောသူရင်း။ ဤသို့လျှင်အစိုးရသည်-၂-မျိုးရှိ၏။ ထို-၂-မျိုးတို့တွင်။( ဆန္ဒဟုဆိုအပ်သောတရားတို့သည်ရှိ၏။ ထိုဆန္ဒတို့သည်။ မိမိတို့ကို။ သူတပါးတို့၏နေရာတွင်။သူတပါးတို့၏အလိုသို့လိုက်လျောက်ရှိ၏။ မိမိနေရာသို့ကျရောက်လာသောသူတပါးတို့ကိုလည်း။ မိမိအလိုသို့လိုက်စေရန်ပြုလုပ်တတ်၏။ပြုလုပ်အားထုတ်သောအတိုင်းလည်းလိုက်စေနိုင်ကုန်၏။ ထို့ကြောင့်လျှင်တစိတ် တဒေသကိုသာလျှင်အစိုးရသော။ပဒေသရာဇ်မင်းတို့နှင့်တူလှ၏။ရှေ့အဘို့နှိုက်ပြုပြင်ခြင်း၏အစွမ်းအားဖြင့်ရင်း။ ရှေးနှိုက်ရောက်ကြောင်း၏အစွမ်းအားဖြင့်ရင်း။ အထူးပြု၍။အဓိပတိဌာနသို့-ရောက်သည်ရှိသော်ကား။ တပါးသော အသော် ဖြစ်သော အစိုးရမည်သည်မရှိနိုင်ပေ။ထိုကြောင့်။လွန်ကဲသောအရှင်ဖြစ်ပါ၍။ အဓိပတိမည်ပါ၏။ရင်းအဓိပတိတရားတို့သည်။လေးကျွန်းသနင်းဖြစ်သော။စကြာမန္တတ်၊ဧကရာဇ်အစရှိသောမင်းတို့နှင့်တူ၏။ ။ အဓိကော-ပတိဘ်အဓိပတိ။ ။ဝိဂြိဟ်ပြု။ ။အဓိကော၊ လွန်သော။ ဝါ၊ အလွန်အကဲဖြစ်သော။ပတိ၊ အရှင်သခင်ကြီးပါပေတည်း။ဣတိ၊ထို့ကြောင့်။အဓိပတိ၊အဓိပတိမည်၏။ ။တနည်း။ ။ အတ္တာဓိနဝုတ္တီနံပတိတ်အဓိပတိ။ ။ဟူ၍ဆရာကြီးတို့ဆိုကြကုန်သေး၏။ ။အနက်။ ။အတ္တာဓိနဝုတ္တီနံ၊ မိမိနှင့်စပ်၍ဖြစ်ကုန်သောတရားတို့ကို။ ပတိ၊ အစိုးရသည်တည်း။ ဣတိ၊ထို့ကြောင့်။အဓိပတိ၊အဓိပတိမည်၏။

1

အစိုးရသည်၏အဖြစ်ဖြင့်ကျေးဇူးပြုသောတရားသည်။ အဓိပတိပစ္စည်းမည်ပါ၏။ထိုအဓိပတိပစ္စည်းသည်။ အာရမ္မဏာဓိပတိ၊သဟဇာတာဓိပတိတို့၏အစွမ်းအားဖြင့်-၂-ပါးရှိသည်ဖြစ်ပါ၏။အလေးအမြတ်ပြုအပ်သောအာရုံတရားတို့သည်ကား။

အရှင်တို့သည်ကျွန်တို့အား မိမိတို့၏အလိုဌှာ အလိုရှိသည့်အတိုင်း ထိုကျွန်တို့ဖြစ်စေကုန်ဘိသကဲ့သို့။ မိမိ၏အာရမ္မဏ်ကတရားတို့ကို။ မိမိ၏အလိုအတိုင်းဖြစ်စေကုန်လျက်။ မိမိနှင့်အမြဲနှီးပင်လျှင်။ ညွတ်ခြင်း၊ ကိုင်းခြင်း၊ ရှိုင်းခြင်းတို့ကို ပြုလုပ်၏ဟူ၍မှတ်အပ်၏။

အနန္တရပစ္စယော-ဟူသည်ကား။ ။နတ္ထိအန္တရံဧတဿာတိအနန္တရော၊ အနန္တရဘာဝေနဥပကာရကောဓမ္မော အနန္တရပစ္စယော။ ။ဝိဂ္ဂြိုဟ်ပြု။ ။ဧတဿ၊ ထိုတရားအား။ အန္တရံ၊ အကြားသည်။နတ္ထိ၊ မရှိ။ဣတိ၊ ထိုကြောင့်။ အနန္တရော၊ အနန္တရမည်၏။အနန္တရဘာဝေန၊ အကြားမရှိသည်၏အဖြစ်ဖြင့်။ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။ အနန္တရပစ္စယော၊ အနန္တရပစ္စည်းမည်၏။ ။ထိုအနန္တရ ပစ္စည်းသည်ကား။ အကြားအလပ်မရှိလေဘဲ။ အကြားအလပ်မရှိသောအဖြစ်ဖြင့်ကျေးဇူးပြုတတ်သောကြောင့်။ အနန္တရပစ္စည်းမည်၏ ဟူလိုသည်။

သမနန္တရပစ္စယော-ဟူသည်ကား။ ။သုဋ္ဌုအနန္တရ ဘာဝေန၊ ဥပကာရကောဓမ္မော သမနန္တရပစ္စယော။ ။သုဋ္ဌု၊ ကောင်းစွာ။ အနန္တရဘာဝေန၊ အကြားအလပ်မရှိသည်၏ အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုသော။ ဓမ္မော၊ တရားသည်။ သမနန္တရပစ္စယော၊ သမနန္တရပစ္စည်းမည်၏။ ။ငင်းသမနန္တရပစ္စည်းသည်။ ကောင်းစွာအကြားအလပ်မရှိသည့်၏အဖြစ်ဖြင့်ကျေးဇူးဥပကာရပြုတတ်သောကြောင့်။ သမနန္တရပစ္စည်းမည်၏ဟူလိုသည်။ ။တရားကိုယ် အားဖြင့်။ဤ ၂ ပါးသောပစ္စည်းတို့၏ အထူးသည်။ ထူးခြားကွဲလွဲခြင်းတို့သည်မရှိကြပေ။ ယင်းသို့ပင် တရားကိုယ်အားဖြင့် အထူးမရှိပေသည် မှန်ငြားသော်လည်း။ သဘာဝဋ္ဌသဘောအားဖြင့်။ ရှေးစိတ်သည် ချုပ်လေငြားသော်

လည်း။နောက်နိုက်ထိုအနန္တရပစ္စည်းသည်။ စိတ်၏အစဉ်ပြတ်ခြင်းကိုမပေးမူ၍။မဖြစ်စေမူ၍။ ၊ စိတ်၏အစဉ်ကို ဘွဲ့စပ်သည်၏အစွမ်းအားကြောင့်။သာရမ္မဏာဝမ္မ၏အဖြစ်ဖြင့်။မိမိနှင့် တူသောတပါးသောတရားကိုဖြစ်စေခြင်းသည်။အနန္တရပစ္စည်း၏အဖြစ်မည်၏။တပါးသောတရားကို ဖြစ်စေအပ်သည် ဖြစ်စေနိုင်သည်ဆိုရာနိုက်။ အမှတ်မထင်။ မြင်မြင်ဝါးဝါးဖြစ်သောတရားကိုမဖြစ်စေမူ၍။ ပဒိုသဏ္ဌာန်အစရှိကုန်သော။ ကိစ္စဋ္ဌာနတို့၏ အစဉ်အားဖြင့်စိတ်ကိုဆောင်ခြင်းအလုပ်ကိုပြီးစေဖြစ်စေ၍။ သင့်လျော်ကောင်းမြတ်သည်သာလျှင်ဖြစ်သော တရားတပါးကို ဖြစ်စေခြင်းသည်။ သမနန္တရပစ္စည်း၏ အဖြစ်မည်ပါ၏။ ဤသို့လျှင်အနန္တရ၊သမနန္တရ၊ပစ္စည်း-၂-ပါးတို့၏ ထူးခြားကွဲပြားပုံကိုမှတ် အပ်၏။

ဧင်းအနန္တရ၊သမနန္တရ-ပစ္စည်းတို့၏အကျိုးကို ဆိုပေဦးအံ့။ အယက်စကားရပ်အတိုင်း။ ဤသို့သော အနက်ရှိသည် ဖြစ်ခဲ့သော်။ နိရောဓသမာပတ်မှထသောပုဂ္ဂိုလ်အားဧင်း။ အသညသတ်ဘဝမှစုတေသောသူအားဧင်း။ ရှေ့အတို့၊ နောက်အတို့နိုက်ဖြစ်ကုန်သောစိတ္တုပ္ပါဒ်တို့နိုက်။အနန္တရ၏အဖြစ်သည်ဧင်း။ သမနန္တရ၏အဖြစ်သည်ဧင်း။ပြည့်စုံစွာဖြစ်သည်ဟူ၍ မှတ်အပ်၏။ထိုစကားမှန်၏။ ထင်ရှားမရှိသည်ဖြစ်၍ဖြစ်သောအကြား၌။ ဥပါဒ်၊ဌီ၊ဘင်၊ဟုံဆိုအပ်သောကာလသည်လည်း။ ထိုတရားတို့၏အကြားကိုပြုသည်မမည်။တပါးသောစိတ်အစဉ်သန္တာန်နိုက်ဖြစ်၍ဖြစ်သောအကြားနိုက်။ ရုပ်တရားသည်ဧင်းအကြားကိုပြုလည်းမပြု၊ ရုပ်အစဉ်သည်တခြား။ နာမ်အစဉ်သည်တခြား။ ဤကဲ့သို့ရုပ်နှင့်နာမ်သည် အစဉ်အားဖြင့် တခြားစီဖြစ်ကြောင်းကိုသိအပ်ပေ၏။

အဋ္ဌကထာနိုက်ကား။ ။ကာလအခြားမရှိသည်၏အဖြစ်

ကြောင့်။ သမနန္တရပစ္စည်းမည်၏ဟု မိန့်အပ်ပါ၏။ ဤသို့လျှင် ဤဝါဒကိုပယ်၍။ ။သဏ္ဌာနာဘာဝတော သုဋ္ဌုအနန္တရတော သမနန္တရတော။ ။ဟူ၍မိန့်တော်မူ၏။ ။အနက်ကား။ ။ သဏ္ဌာနာဘာဝတော၊ ဒြပ်သဏ္ဌာန်မရှိသည်၏အဖြစ်ကြောင့်။ သုဋ္ဌု၊ကောင်းစွာ။အနန္တရာ၊ အခြားမရှိသော တရားတို့တည်း။ ဣတိ၊ထိုကြောင့်။သမနန္တရာ၊သမနန္တရတို့မည်ကုန်၏။ ။ထို အဋ္ဌကထာစကားရပ်ဖြင့်။ ဒြပ်သဏ္ဌာန်ရှိကုန်သော ရုပ်တရား တို့၏။အခြားမရှိသည့်၏ အဖြစ်မည်သည်ကား။ အလယ်နိုက် အပိုင်း အခြားနှင့် တကွ။ ဖြစ်ခြင်း ဖြစ်သကဲ့သို့။ ထိုအတူ။ သဏ္ဌာန်မှကင်းကုန်သော နာမ်တရားတို့၏။ အနန္တရ၏အဖြစ် မည်သည်မဖြစ်နိုင်။ထိုကြောင့်။ရှေ့အဘို့၊ နောက်အဘို့နိုက်ဖြစ် ကုန်သောထိုနာမ်တရားတို့၏တပေါင်းတည်းတလုံးတဝတည်း ဖြစ်ကုန်ဘိသကဲ့သို့ဖြစ်ကြခြင်းသည်။ သမနန္တရ၏အဖြစ်မည် ပါ၏။ထိုသို့သောအခြင်းအရာအာကာရအားဖြင့်ဖြစ်ခြင်းငှါစွမ်း နိုင်သည်၏အဖြစ်သည်။သမနန္တရ၏ဖြစ်ခြင်း ဖြစ်ပေသည်ဟူ၍ ပြတော်မူ၏။

သဟဇာတပစ္စယော-ဟူသည်ကား။ ။အကြင်တရားတို့ သည်။မိမိတို့သည်ဖြစ်ပေါ်ကြသည်ရှိသော်သာလျှင်။ ဖြစ်ခြင်း ငှါစွမ်းနိုင်ပါ၏။မဖြစ်သည်ရှိသော်မစွမ်းနိုင်ကြကုန်။အတူတကွ သာလျှင်ဖြစ်ခြင်းငှါစွမ်းနိုင်ကြပေ၏။ရှေ့အခါနိုက်ရင်း။ နောက် အခါနိုက်ရင်း။ဖြစ်ခြင်းငှါမစွမ်းနိုင်ကြပေကုန်။ ထိုတရားတို့၏ ဖြစ်ခြင်း အလို့ငှါဖြစ်သကဲ့သို့။ မိမိကိုယ်တိုင် ထိုတရားတို့နှင့် အတူတကွဖြစ်သည်၏အဖြစ်ဖြင့်။ ကျေးဇူးပြုတတ်သောတရား သည်။ သဟဇာတပစ္စည်းမည်ပါ၏။ အဘယ်ကဲ့သို့နည်းဟူမူ ကား။ဆီမီးသည်အရောင်အလင်းအကျိုးငှါဖြစ်သကဲ့သို့မှတ်။

အညမညပစ္စယောဟူ-သည်ကား။ ။အချင်းချင်း ထောက်

၍နေကြသော။တောင်ဝှေးသုံးရတိုကဲ့သို့။အတူတကွ ဖြစ်ခြင်း၌။ စွမ်းနိုင်သည်၏အဖြစ်နှိုက်ပင်လျှင်မတည်မရပ်မှု၍။ဖြစ်ခြင်း၌ ကျေးဇူးပြုတတ်သောသဘ္တိဟု ဆိုအပ်ကုန်သော။ အားအစွမ်း တို့ကို။အချင်းချင်းဖြစ်စေသည်၏ အစွမ်းအားဖြင့်။ ကျေးဇူးပြု တတ်သောတရားသည်။ အညမညပစ္စည်းမည်၏။ ဤသို့လျှင် အနက်သွားဖြစ်သည်ရှိသေး၏။ ဤအညမညပစ္စည်း၏ ဧ့ဥဖြစ် သော။သဟဇာတပစ္စည်းနှင့်ဝိသေသ အထူးသည်ထင်ရှားသည် ဖြစ်ပါ၏။ထိုစကားမှန်၏။သဟဇာတသဒ္ဒါသည်။ ဤသို့သဘော ရှိသော။တပါးမှသည့် တပါးအားထောက်ပံ့ခြင်း ဟူသောအ နက်သွားကို။မသိစေနိုင်ဟူ၍မှတ်ရာ၏။

နိဿယပစ္စယော- ဟူသည်ကား။ ။နိဿယန္တိ ဧတ္ထာတိ နိဿယော။ နိဿယဘာဝေနဥပကာရော ဓမ္မောနိဿယပစ္စ ယော။ ။အနက်ကား။ ။ဧတ္တ၊ ဤတရားနိုက်။ နိဿယန္တိ၊ မှီကြရကုန်၏။ဣတိတသ္မာ၊ ထိုသို့မှီရာဖြစ်သော သတ္တိကြောင့်။ နိဿယော၊နိဿယမည်၏။ နိဿယဘာဝေန၊ မှီရာ၏အဖြစ် ဖြင့်။ ဥပကာရကော၊ 'ကျေးဇူးပြုပေတတ်သော၊ ဓမ္မော၊တရား သည်။နိဿယပစ္စယော၊နိဿယပစ္စည်းတပ်သောတရားမည်၏။

အဓိပ္ပါယ်ကား။ အလုံးစုံသော တရားအပေါင်းတို့သည်။ ဤတရားသို့မှီကြတွယ်ကပ်ကြရကုန်၏။ ထိုသို့လျှင်။မှီရာတွယ် ကပ်ရာဖြစ်စေခြင်း၌ကျေးဇူးပြုတတ်သောတရားကို။ နိဿယ ပစ္စည်းတပ်သောတရားဟုဆိုလိုသည်။ထိုနိဿယပစ္စည်းသည်။ သဟဇာတနိဿယပစ္စည်းရင်း။ ဝတ္ထုပုရေဇာတ ပစ္စည်းရင်း။ ဤသို့လျှင်-၂-ပါးအပြားရှိ၏။ယင်းနှစ်ပါးတို့တွင်။ ပိတ်ပုခါကား ပေါင်သည်။ဆန်းကြယ်သော ပန်းချီဆေးရေးရုပ်စသည်တို့၏။ တည်ရာဖြစ်သကဲ့သို့။ အတူတကွ သဟဇာတ် အဖြစ်ဖြင့်သာ လျှင်။ တည်ရာ၏အဖြစ်ဖြင့် ကျေးဇူးပြုပေတတ်သော တရား

သည်။သဟာဇာတ နိဿယ ပစ္စည်းမည်၏။ ။မြေသည်မြက် သစ်ပင်အစရှိသည်တို့၏ မဖြစ်ပေါ် မီ ရှေးနှက်ဖြစ်ပေါ်၍တည် ရာဖြစ်လေသကဲ့သို့။ရှေးနှက်။ဝါ၊အလျှင်ဖြစ်ပေါ်၍။ တည်ရာ၏ အဖြစ်ဖြင့်ကျေးဇူးပြုပေတတ်သောတရားသည်။ ဝတ္ထုပုရေဇာတနိဿယပစ္စည်းတပ်သောတရားမည်၏။

ဥပနိဿယပစ္စယော-ဟူသည်ကား။ ။အထူးသဖြင့်အား ကြီးသောမှီရာသည်။ဥပနိဿယမည်၏။ ထိုစကားကိုထင်ရှား စေအံ့။ ။သလေးထမင်း၏ဖြစ်ပေါ်ရရှိခြင်းအလို့ငှါ။စဖိုသည် သည်ရင်း။ထမင်းအိုးသည်ရင်း။ ထင်းသည်ရင်း။ မီးသည်ရင်း။ မှီရာသာလျှင်ဖြစ်သကဲ့သို့။ဝါ၊ ထိုသလေးထမင်းကိုရစေရန်အ ဆောက်အဦးမှီရာတည်ရာဖြစ်သကဲ့သို့။ဤနည်းတူစွာ။ဥပနိဿ ယပစ္စည်းနှက်မဖြစ်။စင်စစ်တမူကား။ သလေးလယ်ခင်းမိုဃ်း ရေအယဉ်တို့သည်သာလျှင်။ ဥပနိဿယ မည်၏။ အဘယ့် ကြောင့်ဆိုသော်။ ထိုသလေး လယ်ခင်း မိုဃ်းရေ အယဉ်တို့ သည်။မရှိကြကုန်သည်ရှိသော်။ ထမင်းဖြစ်ခြင်းငှါ။ စဖိုသည် စသည်တို့၏အားအစွမ်းသည် မရှိနိုင်မဖြစ်နိုင်ပေရာဟူ၍ မှတ် အပ်၏။ထိုသို့သော အခြင်းအရာအားဖြင့်။ အကြင်ပစ္စည်းသည်။ မရှိသည်ရှိသော်။ မှီရာဖြစ်သောတရားတို့လည်းမရှိနိုင်ပေကုန် မှီတတ်သောနိဿိတ တရားတို့သည်။ အဘယ်မှာလျှင်ရှိနိုင်ချေ တော့အံ့နည်း။ ထိုပစ္စည်းသည်နိဿယပစ္စည်းထက်။ အထူးသ ဖြင့်အားကြီးသည်ဟူသော အနက်ကြောင့်။ ဥပနိဿယပစ္စည်း ဟူ၍ဆိုအပ်၏။ထိုဥပနိဿယပစ္စည်းသည်လည်း။ အာရမ္မဏူပ နိဿယပစ္စည်းရင်း။ အနန္တရူပနိဿယပစ္စည်းရင်း။ ပကတူပနိဿ ယပစ္စည်းရင်း။ဤသို့လျှင်--၃-ပါး အပြားရှိသည်ဖြစ်ပါ၏။ထို ၃ ပါးတို့တွင်။ အလေး အမြတ်ပြုအပ်ကုန်သော အာရုံတရားတို့ သည်။ အလေးအမြတ်ပြုအပ်သည့်၏ အဖြစ်ကြောင့်သာလျှင်။ အကြီးအကဲဟူ၍ ဖြစ်ကြကုန်သည် ဖြစ်ပါ၏။ အားကြီးသော

မိုရာအဖြစ်သို့ရောက်ကုန်သည်လည်းဖြစ်ပါ၏။ အနန္တရပစ္စည်း
တရားတို့သည်လည်း။ထိုတရားတို့နှင့်ကင်း၍။ စိတ်သန္တာန်ဖြစ်
ခြင်းသည်မရှိသည်သာလျှင်ဖြစ်သောကြောင့်။ အားကြီးသော
မှီရာတို့သည်သာလျှင်ဖြစ်ကြပါကုန်၏။ထိုပြင်လည်း။ ပကတူပ
နိဿယဟူသော၍ပါဌ်နှိုက် ။ပကတူပနိဿယောတိ ဧတ္ထ
ပနပကတော ဥပနိဿယောတိ- ပကတူပ နိဿယော။ ။
အနက်ကား။ ။ပန၊အထူးကိုဆိုဦးအံ့။ပကတူပ နိဿယောတိ
ဧတ္ထ၊ပကတူပနိဿယဟူသော၍ပါဌ်နှိုက်။ပကတော၊ အပြား
အားဖြင့်ပြုအပ်ပြီးစေအပ်သော။ဥပနိဿယော၊ အားကြီးသော
မှီရာတည်း။ဣတိတသ္မာ၊ထိုကြောင့်။ ပကတူပနိဿယော၊ပက
တူပနိဿယမည်ပါ၏။ ။အပြားအားဖြင့် ပြုအပ်ပြီးစေအပ်
သော။အားကြီးသောမှီရာတံကဲဖြစ်ခြင်းကြောင့် ပကတူပနိဿ
ယပစ္စည်းဟူလိုသည်။ ပကတ-ဟူသော အမည်သည်လည်း။
အကြင်သို့သော အခြင်းအရာအားဖြင့် ပြုအပ်သည် ရှိသော်။
ကောင်းမွန် လျောက်ပတ်သော ကာလနှိုက် ထိုပြုသော သူ၏
သန္တာန်ဝယ်။စင်စစ်အားဖြင့် ပစ္စယုပ္ပန် အကျိုးတရားတို့သည်။
ထင်ရှားဖြစ်ပေါ်ကြပေကုန်သတတ်။ ထိုသို့သော အခြင်းအရာ
အားဖြင့်ကောင်းစွာပြုအပ်ပြီးစေအပ်ပါ၏ဟူ၍။ ဤသို့သောအ
နက်သွားကိုမှတ်။ ဤပကတူပနိဿယပစ္စည်းနှိုက် အကြောင်း
တရားသည်ကား။ သဒ္ဓါ၊သီလ၊သုတ၊စာဂ၊ပညာဟူ၍ရင်း။ရာဂ၊
ဒေါသ၊မောဟ၊မာန၊ဒိဋ္ဌိ၊ပတ္ထနာဟူ၍ရင်း။ပဋ္ဌာန်းပါဠိတော်နှိုက်
ဟောတော်မူအပ်သောတရားအပေါင်းတို့၏။ရှေးအဘို့နှိုက်။မိမိ
၏စိတ်အစဉ်ဟုဆိုအပ်သောသန္တာန်နှိုက်။ ဆိုအပ်ပြီးသောအ
ပြားအားဖြင့်။သဒ္ဓါ၊သီလ၊ စသောကရားတို့ကို ကောင်းစွာဖြစ်
စေခြင်းပေတည်း။ကာယိကံသုခံကာယိကံဒုက္ခံ၊ ပုဂ္ဂလောဥတု
ဘောဇနံသေနာသနန္တိ။ ။ဟူ၍ဟောတော်မူအပ်သောတရားတို့
ကို။ကောင်းစွာမှီ၍ပြုကျင့်အပ်သောတရားအပေါင်းတို့သည်သာ
လျှင်ဖြစ်ပေသည်တကားဟူ၍။မှုလုံးပိုက်အပ်ပေသတည်း။

ပုရေဇာတပစ္စယော ဟူသည်ကား။ ။ပုရေတရံဥပ္ပဇ္ဇိတွာ ဝတ္တမာနဘာဝေန၊ ဥပကာရကောဓမ္မောပုရေဇာတပစ္စယော။ အနက်ကား။ ။ပုရေတရံ၊ ရှေးဦးစွာ၊ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဝတ္တမာနဘာဝေန၊ ဝတ္တမာန်ဟုဆိုအပ်သော ပစ္စုပ္ပန်၏အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။ ပုရေဇာတပစ္စယော၊ ပုရေဇာတပစ္စည်းတပ်သောတရားမည်၏။ ရှေးဦးအစစွာဖြစ်ပေါ်ပြီး၍။ ဝတ္တမာန်ဟုဆိုအပ်သော ပစ္စုပ္ပန်၏အဖြစ်ဖြင့်။ ကျေးဇူးပြုတတ်သောတရားသည်။ ပုရေဇာတပစ္စည်းတပ်သောတရားမည်၏ဟုလိုသည်။ထိုပုရေဇာတပစ္စည်းသည်။ အာရမ္မဏပုရေဇာတ၊ နိဿယပုရေဇာတအပွမ်းအားဖြင့်-၂-ပါးရှိ၏။ အချို့ကုန်သော နိဿယတရား၊ အာရမ္မဏတရားတို့ကို။ရှေးနိုက်ဖြစ်သည်၏အဖြစ်မှုဖြင့်ထူးသည်၏အဖြစ်ကြောင့်။(ပဟာတုမန္တဗ္ဗိသေသနအနက်) ဝါ၊ရှေးနိုက်ဖြစ်သည်၏အဖြစ်မှုဖြင့်ထူးကုန်သည်ဖြစ်၍။ပုရေဇာတပစ္စည်းဟူ၍ဆိုအပ်ကုန်၏။မူလဋီကာဆရာရှင်အာနန္ဒာမထေရ်သည်ကား။ ။နိဿယာရမ္မဏာကာရာဒိဟိဝိသိဋ္ဌာ၊ပုရေဇာတကာရေန၊ ဥပကာရကတာ၊ပုရေဇာတပစ္စယတာတိ။ ။ဟူ၍မိန့်တော်မူအပ်၏။ ။အနက်ကား။ ။နိဿယာရမ္မဏာကာရာဒိဟိ၊ နိဿယအခြင်းအရာ၊ အာရမ္မဏအခြင်းအရာစသည်တို့မှ။ ဝိသိဋ္ဌာ၊ ထူးသော။ ပုရေဇာတကာရေန၊ရှေး၌ဖြစ်သောအခြင်းအရာဖြင့်။ ဥပကာရကတာ ၊ကျေးဇူးပြုတတ်သည်၏အဖြစ်သည်။ ပုရေဇာတပစ္စယတာ၊ ပုရေဇာတ ပစ္စည်း၏ အဖြစ်မည်၏။ ။ဤသို့လျှင်မူလဋီကာဆရာဆိုသည်ပင်ဖြစ်ငြားသော်လည်း။ ပုရေဇာတ၏အဖြစ်မှထူးကုန်သော။ နိဿယသတ္တိ၊ အာရမ္မဏသတ္တိအထူးတို့မှ။ အသီးအခြားပြုလုပ်၍။ ပုရေဇာတသတ္တိအထူးမည်သည်။မထင်ဘွယ်ရာမရှိဘွယ်ရာဖြစ်သည်သာတည်း။

ပစ္ဆာဇာတပစ္စယော-ဟူသည်ကား။ ။ရှေးနိုက်ဖျိုး၍ပေါက်

ပွါးကုန်သော သစ်ပင်ငယ်တို့အား။ နောက်နိုက် သွန်းလောင်းအပ်သောရေကဲ့သို့။ ရှေးဖြစ်ပေါ်ပြီး ဖြစ်ကုန်သော။ လေးပါးသောအကြောင်းတို့ကြောင့် ဖြင်ပေါ်ကုန်သော။ စတုသမုဋ္ဌာနိကရုပ်တရားတို့အား။ နောက်နိုက်လည်းမိမိနှင့် တူသောရုပ်အစဉ်၏။ ဖြစ်ပေါ်ခြင်းအကြောင်း၏အဖြစ်သို့။ ရောက်စေ၍ ထောက်ပံ့သည်၏အစွမ်းအားဖြင့်ကျေးဇူးပြုတတ်ကြကုန်သော။ နောက်မှဖြစ်သောနာမ်တရားတို့သည်။ ပစ္ဆာဇာတပစ္စည်း တပ်သောတရားမည်ပါ၏။ အဋ္ဌကထာနိုက်ကား။ ။ဂိဇ္ဈပေါတကာသရီရာနံ၊ အာ ဟာရာသာစေတနာဝိယာတိ။ ။ဟူ၍မိန့်တော်မူပါ၏။ ။ဂိဇ္ဈပေါတကာသရီရာနံ၊ လင်းတငယ်တို့၏ကိုယ်တို့အား။ အာဟာရာသာ၊ ကဗဠီကာရအာဟာရကိုတောင့်တမြော်လင့်တတ်သော။ စေတနာဝိယ၊ စေတနာကဲ့သို့ပင်တည်း။ ။မူလဋီကာနိုက်လည်း။ ဧတေနမနောသဉ္စေတနာဟာရဝသေန။ ပဝတ္တမာနေပိ အရူပဓမ္မေပိ ရူပကာယဿ။ ဥပတ္ထမ္ဘကတာဘာဝံဒဿေတိ။ တေနေဝအာဟာရာသာဝိယာတိ။ အဝတွာစေတနာဂဟဏံကရောတီတိ။ ။ဟူ၍မိန့်တော်မူ၏။ ။အနက်ကား။ ။ဧတေန၊ ထိုအဋ္ဌကထာပါဌ်ဖြင့်။ မနောသဉ္စေတနာဟာရဝသေန၊ မနောသဉ္စေတနာဟာရ၏အစွမ်းအားဖြင့်။ ပဝတ္တမာနေပိ၊ ဖြစ်ကြလေကုန်သော။ အရူပဓမ္မေပိ၊ နာမ်တရားတို့သည်။ ရူပကာယဿ၊ ရူပကာယအား။ ဥပတ္ထမ္ဘကတာဘာဝံ၊ ထောက်ပံ့သည်၏အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူခြင်းဖြစ်ပါ၏။ တေနေဝ၊ ထိုကြောင့်သာလျှင်။ အာဟာရာသာဝိယာတိ၊ အာဟာရာသာဝိယာ ဟူ၍ဝါ၊ ကဗဠီကာရအာဟာရတောင့်တမြော်လင့်သကဲ့သို့ဟူ၍။ အဝတွာ၊ မဆိုပါဘဲလျက်။ စေတနာဂဟဏံ၊ စေတနာသဒ္ဒါကို။ ဝါ၊ စေတနာသွင်းယူခြင်းကို။ ကရောတိ၊ ပြုတော်မူပါပေ၏။ ။မှတ်သားရန်ကား။ ။နောက်နိုက်ဖြစ်၍ သမ္ပယုတ်တရားတို့နှင့်တကွဖြစ်သော။ အာဟာရကိုတောင့်တမြော်လင့်တတ်သော ထိုစေတနာသည်။ ရှေးနိုက်ဖြစ်ပြီး ဖြစ်ကုန်သော

ထိုလင်းတငယ်တို့၏။ ကိုယ်နှိုက်ဖြစ်သောရုပ်တို့အား။ ရှည်မြင့်စွာသောကာလပတ်လုံး။ကဗဠီကာရအာဟာရနှင့်ကင်း၍သည်း။ မည်သို့နွမ်းသည့်၏အဖြစ်သို့ရင်း။အဆင့်ဆင့်လည်း ကြီးပွါးစည်ပင်သော။ ရုပ်အစဉ်၏ဖြစ်ခြင်း အကြောင်း၏ အဖြစ်ကိုရင်း။ ရောက်စေ၍ထောက်ပံ့နိုင်စေသည့်သာလျှင်ဖြစ်သတတ်။ ထိုကြောင့်အလွန်ထင်ရှားသော ပစ္စာဇာတပစ္စည်း တစိတ်တဒေသဖြင့်။အလုံးစုံသောပစ္စာဇာတပစ္စည်းကိုကောင်းစွာပြီးမြောက်စေခြင်းအကျိုးငှါ။ဤလင်းတ-ဥပမာကို။ပစ္စာဇာတပစ္စည်းနှိုက်ဆိုအပ်မိန့်အပ်သကဲ့သို့။ ထင်မြင်မှတ်ယူရာ၏။ စေတနာသဒ္ဒါနှိုက်သွင်းယူရခြင်းသည်လည်း။ ပစ္စာဇာတပစ္စည်းသို့ရောက်သည့်ရှိသော်ကား။စေတနာသည်သာလျှင် ပြဓာန်းသည်ဖြစ်ပါ၏၊ဤကဲ့သို့လျှင်ပြခြင်းအကျိုးငှါမှတ်ယူအပ်ပေ၏ဟူ၍။ဆိုခြင်းငှါမတတ်ကောင်းမဆိုကောင်းပေသည့်ကားမဟုတ်ပါပေ။ ဆိုကောင်းသည်သာလျှင်ဖြစ်ပါ၏။ဤကဲ့သို့ဆိုကောင်းသည်အမှန်ဖြစ်ခဲ့ပါသော်။ပစ္စာဇာတပစ္စည်း၏အနက်ကို။ နောက်နှိုက်ဖြစ်သည်သာလျှင်ဖြစ်သောဥပမာဖြင့်ပြီးစေခြင်းသည်။ ကောင်းစွာပြည့်စုံသည် ဖြစ်ပါ၏ဟူ၍ မှတ်ကြကုန်ရာ၏။ ။မူလဋီကာပါဌ်နှိုက်။ဤအနက်သွားကိုရအပ်ပေသည်သာလျှင်ကတည်း။

အာသေဝန-ပစ္စည်း ဟူသည်ကား။ ။အာသေဝနန္တိ သုဒ္ဓုဘာဇန္တိ-အပရာပရံ ဥပ္ပဇ္ဇမာနာ ဓမ္မာ-သုဋ္ဌု သေဝ မာနာ ဝိယ-ဘာဇမာနာဝိယ-တဿပုရိမဿ သဗ္ဗပါရိပူရံ အာကာရံ ဂဟေတွာဝေပုနပ္ပုနံပဝတ္တန္တိတိအာသေဝနံ။ ။အနက်ကား။ တံ၊ထိုရှေးရှေးဖြစ်သောဓာကို။ အာသေဝန္တိ၊ မှီဝဲကြကုန်၏၊ အပရာပရံ၊ အဆက်ဆက်။ဥပ္ပဇ္ဇမာနာ၊ ဖြစ်ပေါ်ကြကုန်သော။ ဓမ္မာ၊တရားတို့သည်။သုဋ္ဌု၊ကောင်းစွာ။ သေဝမာနာဝိယ၊ မှီဝဲကုန်သကဲ့သို့။ ဘာဇမာနာဝိယ၊ ဆည်းကပ်ကုန်သကဲ့သို့။ ပုရိမဿ၊ရှေးနှိုက်ဖြစ်သော။တဿ၊ထိုဓာ၏။သဗ္ဗပါရိပူရံ၊ အလုံး

ရုပ်တို့ဖြင့်ပြည့်စုံသော။အာကာသ၏၊ အခြင်းအရာကို။ ဂဟေတွာ
ဝေ၊ယူ၍သာလျှင်။ပုနပ္ပုနံ၊အဘန်တလဲလဲ။ပဝတ္တတ္တာ၊ဖြစ်ကြပါ
ကုန်၏။ဇာတိတာသ္မာ၊ထိုကြောင့်၊အာသေဝနံ၊ အာသေဝနမည်ပါ
၏။ ။တနည်း။ ။အာသေဝေတိဝါတေဝမွေ၊ အတ္တနောဝါ
သံသုဇ္ဇဂါဟာပေတိ၊ ဝဍ္ဎေတိတိဝါအာသေဝနံ။ ။အနက်
ကား။ ။ဝါ၊တနည်းကား၊ တေဓမ္မေ၊ ထိုတရားအပေါင်းတို့
သည်။အတ္တနော၊မိမိအား။အာသေဝေတိ၊ မှီဝဲရန်လာရောက်ကြ
ကုန်၏။သုဇ္ဇဂါဟာပေတိ၊ ကောင်းစွာ မှတ်ယူစေကုန်၏။ ဝါ၊
တနည်းကား။ဝဍ္ဎေတိ၊ တိုးပွါးစေကုန်၏။ ဇာတိတာသ္မာ၊ ထို
ကြောင့်။ အာသေဝနံ၊ အာသေဝနမည်ပါ၏။ ။ဤသို့သျှင်
ကုသိုလ်အစရှိသည်တို့၏အဖြစ်ဖြင့်။ မိမိနှင့်တူသော ပယောဂ
ဖြင့်ပြုသောသူအား။ အခြားမဲ့ဖြစ်သောတရားကို ပြုခြင်းဖြစ်စေ
ခြင်းသည်ရင်း။တနည်းမှာမူ။ မိမိနှင့်သဘောတူသောတရားကို။
မိမိနှင့်သဘောတူသည်၏အဖြစ်သို့ ရောက်စေခြင်းသည်။ ဝါ
သနာထုံခြင်းသည်။အာသေဝန၏အနက်မည်၏။ ။ထိုကြောင့်
မူလဋီကာနိုက်။ ။အပိစကုသလာဒိဘာဝေန၊ အတ္တနာသဒိ
သသသပယောဂေန၊ ကရဏီယဿ အနန္တရဿ၊ ပုနပ္ပုနံ၊
ကရဏံ ပဝတ္တနံ အတ္တသဒိသဿဝါ အတ္တသဒိသဘာဝါပါဒနံ၊
ဝါ နံ အာသေဝနတ္တံ။ ။အနက်ကား။ ။အပိစ၊ ဆို
ဘွယ်အထူးကား။ကုသလာဒိဘာဝေန၊ ကုသိုလ်အစရှိသည်တို့
၏အဖြစ်ဖြင့်။အတ္တနာ၊မိမိနှင့်။သဒိသသ။တူသော။ပယောဂေန၊
ပယောဂဖြင့်။ကရဏီယဿ၊ပြုသောသူအား။အနန္တရဿ၊
အခြားမဲ့ဖြစ်သောတရားကို။ ပုနပ္ပုနံ၊အဘန်တလဲလဲ။ ကရဏံ၊
ပြုခြင်းသည်။ပဝတ္တနံ၊ဖြစ်စေခြင်းသည်။ဝါ၊တနည်းကား။အတ္တ
သဒိသဿ၊မိမိနှင့်သဘောတူသောတရားကို။အတ္တသဒိသ ဘာ
ဝါပါဒနံ၊ မိမိနှင့်သဘောတူသည်၏ အဖြစ်သို့ ရောက်စေခြင်း
သည်။ဝါသနံ၊ဝါသနာထုံခြင်းသည်။အာသေဝနတ္တံ၊အာသေဝန
၏အနက်မည်ပါ၏။

ထိုမူလဋီကာ၏စကားရပ်နှင့်။ ပယောဂေနကရဏီယာသော ဟူသော ဤစကားဖြင့်။ အာဝဇ္ဇန်းနှောင်းကိုရင်း။ အလုံးစုံသော ဝိပါက်တရားတို့ကိုရင်းနစ်ချေ၏။အာဝဇ္ဇန်းနှောင်းသည်။ ၂-ကြိမ် ၃-ကြိမ်ဖြစ်ငြားသော်လည်း၊တိုးပွါးစေခြင်းငှါရင်း။ဆုတ်ယုတ်စေခြင်းငှါရင်း၊ပယောဂဖြင့်ပြုအပ်သည်၏အဖြစ်မည်သည်ရှိ။ အဘယ်ကြောင့် နည်းဟူမူကား။ ထက်ဝန်းကျင်မှ အားနည်းသည်၏ အဖြစ်ကြောင့်တည်း။ဒွိပါက်စိတ်တို့တွင် လည်း။ လောကုတ္တရာ ဝိပါက်စိတ်-၄-ခုတို့သည်။ ပရိကံ တည်းဟူသော ပယောဂဖြင့် ပြုအပ်အားထုတ်အပ်ကုန်သော်လည်း။ မဂ်စေတနာတည်းဟူသောအာနုဘော်နှင့်ကင်း၍။သက်သက်သော။ ထိုပရိကံဟုဆိုအပ်သော ပယောဂလုံ့လဖြင့်သာလျှင် ပြီးစေအပ်သည်မဖြစ်ပေကုန်။သက်သက်ဂံ၏အဟုန်သည်။ဝိပါက်အစဉ်နှင့်ကျစေအပ်သောလောကီဝိပါက်တို့နှင့်ကား။ပါဝါရမှု ဆိုဘွယ်ရာမရှိပေဟုမှတ် အပ်၏။ပုနပ္ပုနံကရဏ-ပဝတ္တနံ-ဟူသော ဤစကားနှင့်။ အဆင့်ဆင့်လေ့ကျက်ခြင်း အားကြီးသည်၏ အဖြစ်သို့ရောက်စေခြင်းနှင့်တကွဖြစ်ပေါ်စေခြင်းကို၊ရည်တော်မူ၍မိန့်အပ်ပါ၏။ အကျိုးကိုဆိုသော်။ ဤသို့သော အနက်သွားသည် ဖြစ်ခဲ့ပေသည်ရှိသော်။ ပရိယတ္တိဓမ္မကို သင်ကြားခြင်း။ အင်း၊အိုင်၊မန္တရား၊ဆေးဝါး၊ဗေဒင်-စသော ဝိဇ္ဇာဌာနအတတ်တို့ကိုသင်ကြားခြင်း။ပန်းဘဲ၊ပန်းထိမ်၊အစရှိသော။ သိပ္ပါယတနတို့ကိုသင်ကြားသောအခါတို့နှင့်။ရှေးရှေးနှင့်ဖြစ်သော အားထုတ်ခြင်းကဲ့သို့။ အာသေဝန သဘောအားဖြင့်။ မိမိမှတပါး အခြားမဲ့နှင့် ဖြစ်ပေါ် ပေါက်ရောက်၍ ဇာတ်တူဖြစ်ကြကုန်သောတရားတို့အား။လေ့ကျက်ခြင်း၊လေ့လာပွါးများအားထုတ်ခြင်းတို့၏ဖြစ်ခြင်းအကျိုးငှါကျေးဇူးပြုတတ်သော ကရားသည်။ အာသေဝနပစ္စည်းတပ်သောတရားမည်၏။ဤသို့လျှင် အာသေဝနပစ္စည်း၏ပြီးမြောက်ခြင်းကိုလည်းမှတ်ပါလေ။

ကမ္မပစ္စယော-ဟူသည်ကား။ ။ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ၊

ဝိဘတ်အင်္ဂါ၊အပေါင်းတို့ကိုပြုပြင် စီရင်တတ်သည်ဖြစ်သော။ဝိဗ္ဗပယောဂဟုဆိုအပ်သောကြိယာအမှုအရာတို့၏အဖြစ်ဖြင့်ကျေးဇူးပြုတတ်သောတရားသည်။ကမ္မပစ္စည်းတပ်သောတရား မည်၏။ ။ကာယင်္ဂဝါစင်္ဂဝိဗ္ဗင်္ဂါဘိသင်္ခရဏဘူတေန-ဝိဗ္ဗပ္ပယောဂသင်္ခါတေနကိရိယာဘာဝေန ဥပကာရကောဓမ္မော။ကမ္မပစ္စယော။ ။အနက်ကား။ ။ကာယင် ဝါစင် ဝိဗ္ဗင် ... သင်္ခရဏဘူတေန၊ ကိုယ်အင်္ဂါ၊ နှုတ်အင်္ဂါ၊စိတ်အင်္ဂါတို့ကို။ ပြုပြင်စီရင်တတ်သည်ဖြစ်၍ဖြစ်သော။ ဝိဗ္ဗပ္ပယောဂသင်္ခါတေန၊ ဝိဗ္ဗပယောဂဟုဆိုအပ်သော။ကြိယာဘာဝေန၊ကြိယာအမှုအရာ၏အဖြစ်ဖြင့်။ဥပကာရကော၊ကျေးဇူးပြုတတ်သော။ဓမ္မော၊တရားသည်။ကမ္မပစ္စယော၊ ကမ္မပစ္စည်းတပ်သောတရားမည်၏။ ။

ထိုကမ္မပစ္စည်းသည်၊သဟဇာတကမ္မပစ္စည်း၊နာနက္ခဏိကကမ္မပစ္စည်းတို့၏ အစွမ်းအားဖြင့် ၂-ပါးရှိ၏။ ထို-၂-ပါးတို့တွင်။ တပည့်ကြီး၊လက်သမားကြီးအစရှိသည်တို့ကဲ့သို့။ မိမိနှင့်အတူတကွဖြစ်ကြကုန်သောတရားတို့အား။ မိမိကိစ္စ၊ သူတပါးတို့၏ကိစ္စကိုပြီးစေနိုင်သည်၏ အစွမ်းအားဖြင့်ဖြစ်၍။ အလုံးစုံအတူတကွဖြစ်ပေါ်လာကြကုန်သောစေတနာတရားအပေါင်းတို့သည် သဟဇာတကမ္မပစ္စည်းမည်၏။ ။မှတ်ရန်။ ။မိန်းမယောကျ်ားတို့သည်။ သန္နိပါတပယောဂဖြင့်တကြိမ် မှိုဲပေါင်းဘက်ခြင်းတည်းဟူသောလှုံလပယောဂသည်။ ကာမရာဂချမ်းသာနိုက်ခံစားခြင်းကိစ္စကိုရင်း။နောက်အခါနိုက်လည်း။ပုဗ္ဗပါဒ ဘာဝဋ္ဋုပယ-တည်းဟူသော။ သားသမီးတို့၏ ထင်ရှားဖြစ်ပေါ်လာစေခြင်းအကျိုးငှါ။ပဋိသန္ဓေ တည်နေစွဲကပ်ရာဖြစ်သော ဝဋ္ဋုအိမ်နိုက်။ ဓမျိုးစေ့ကိုချပျို့ ပိုက်ထားခြင်းကိစ္စကိုရင်း၊ကော_င်း ... ... ငှါဘိယကဲ့သို့။ဤအတူသာလျှင်အကြောင်းဆိုအပ်ခဲ့ကုန်... သော။ကာယင်္ဂဝါစင်္ဂဝိဗ္ဗင်္ဂတို့ကိုပြုပြင်စီရင်ခြင်းဟုဆိုအပ်။အပဒုန်ဓောသည်ဖြစ်စေ အပ်သော။ နှောင်ကာလ တပါးနိုက်။ ဝိပါက်ကဋတ္တာ-ဟုဆိုအပ်သောကမ္မဇရုပ်တို့ကို။ ထင်ရှားဖြစ်

ပေါ်စေခြင်းအကျိုးငှါစိတ်အစဉ်နှိုက်။ ကြိယာအထူးကိုသိမှီးချထားခြင်းတည်းဟူသော။ကြိယာဝိသေသနဓိဇဘာဝကိစ္စကိုရှင်း။ကောင်းစွာပြည့်စုံစေ၍ ချုပ်လေပြီးသော။ ကုသိုလ်စေတနာ၊ အကုသိုလ်စေတနာအပေါင်းတို့သည်။နာနက္ခဏိကကမ္မပစ္စည်းတပ်သောတရားမည်၏။

ဝိပါက-ပစ္စည်းဟူသည်ကား။ ။ရင့်ကျက် ရုံမှု၏ အဖြစ်ဖြင့်။ကျေးဇူးပြုသော တရားသည်။ ဝိပါကပစ္စည်းမည်၏။ ။ဝိပစ္စနမဏ္ဍဘာဝေနဥပကာရကောဓမ္မော-ဝိပါကပစ္စယော။ ။အနက်ကား။ ။ဝိပစ္စနမဏ္ဍဘာဝေန၊ ရင့်ကျက်ရုံမှု၏ အဖြစ်ဖြင့်။ဥပကာရကော၊ကျေးဇူးပြုတတ်သော။ ဓမ္မော၊တရားသည်။ဝိပါကပစ္စယော၊ဝိပါကပစ္စည်းတပ်သောတရားမည်၏။ ။ရင့်ကျက်ခြင်း၏အဖြစ်မည်သည်ကား။ လောကနှိုက်အလုံးစုံကုန်သောအပွင့်အသီးအစရှိသည်တို့၏။ ကောင်းစွာမှည့်ရှမ်းခြင်းသို့ရောက်သောအခါကာလနှိုက်။ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ထိုအသီးအပွင့်တို့သည်မိမိတို့၏ ကိစ္စပြီးမြောက်သဖြင့်နုံ့နွေးသော အဖြစ်ဟုဆိုအပ်သော။ မိမိတို့၏အသီးကိစ္စ၊အပွင့်ကိစ္စတည်းဟူသောဆောင်ရွက်မှုတရားတို့သည်။ပြီးပြည့်စုံ၍။အောင်အောင်မြင်မြင်နှင့်။ အစွမ်းသတ္တိရှိသလောက်။ စွမ်းပကားရှိသလောက်။ မျိုးဓာတ်ဓာတ်အားလျော်စွာ။ဖြစ်နိုင်လေဘိသကဲ့သို့။ အားထုတ်ခြင်းအစွမ်းသတ္တိ မရှိသည်ဖြစ်၍။ ငြိမ်သက်သည်၏အဖြစ်ဟု ဆိုအပ်သော။ နုံ့သည်ထက်နုံ့သောအခြင်းအရာအားဖြင့်။ စိတ်အစည်ထင်ရှား ဖြစ်ပေါ်ရရှိခြင်းပေတည်း။ထိုကြောင့်သာလျှင်။ဝိပါက်စိတ်တို့၏ဖြစ်ပေါ်ခြင်းသည်မထင်မရှားသည်ဖြစ်၏။တည့်ဥပတ်သုံးအိပ်ပျော်၍ နေသောသူအား။ရှေးဘဝနှိုက် ပြုလုပ်ရွက်ဆောင် ခဲ့ပြီးသော။ ကံအစရှိသောအာရုံနှိုက်။ ဖြစ်လာကုန်သော။ ထိုဝိပါက်စိတ်တို့သည်။ထသော်အခါနှိုက် တစုံတခုမျှ သိသောစိတ်ဖြစ်ခြင်း၏။ အ

ကြောင်းတို့သည်မဖြစ်ကုန်ဟူ၍ မှတ်အပ်၏။ ။ပစ္စုပ္ပန်ဗီဇာကော် အစရှိသောဗိပါကစိတ်တို့သည်။ နောက်နိုက် သိသောအခါမှ စိတ်ဖြစ်ခြင်း၏။ အကြောင်းတို့သည် ဖြစ်ကြပါသော်လည်း။ ဝတ္ထုအာရုံတို့၏ သိုက်ခြင်းအာနုဘော်၏အားအစွမ်းနှင့်။အတူ တကွသာလျှင်ဖြစ်ကြကုန်၏။ထိုပစ္စုပ္ပန်ဗီဇာကော်အစရှိသောဗိပါက စိတ်တို့၏။ အားထုတ်ခါမျှကြောင့်ကြဗိုက်ခါမျှဖြစ်သော အစွမ်း အားဖြင့်။မဖြစ်ကုန်ဟူ၍မှတ်အပ်၏။

အာဟာရ-ပစ္စည်းဟူသည်ကား။ ။နာမ်ဖြစ်ကုန်သော ၃ ပါးသောအာဟာရတရားတို့သည်။ သဟဇာတ်တရားတို့ကို။ဖြစ် စေခြင်းဟူသောအနက်ဖြင့်ဇင်း။ ထောက်ပံ့ နိုင်စေတတ်သော အနက်ဖြင့်ဇင်း။ကဗဠီကာရအာဟာရသည်ကား။ကာံ၊စိတ်၊ဥတု၊ အာဟာရ၊ ဟု ဆိုအပ်သော။ လေးပါးသော အကြောင်းတို့ ကြောင့်ဖြစ်သော။ ဤကိုယ်အတ္တဘောကို။ ထောက်ပံ့နိုင်စေ တတ်သောအနက်သဘောဖြင့်သာလျှင်။ ကျေးဇူးပြုတတ်သည် ၏အဖြစ်ကြောင့်။အာဟာရပစ္စည်းတပ်သောတရားမည်၏။ ။ အရူပီနောတယောအာဟာရာ သဟဇာတာနံ။ ဇနနဋ္ဌေနဥ ပတ္ထမ္ဘနဋ္ဌေန။ကဗဠီကာရောဟာရောပန။ဣမဿစတုသမုဋ္ဌာနိ ကဿကာယဿ။ ဥပတ္ထမ္ဘနဋ္ဌေနေဝဥပကာရကတာအာဟာ ရပစ္စယော။ ။အနက်ကား ။အရူပိနော၊ နာမ်ဖြစ်ကြကုန် သော။တယော၊ သုံးပါးကုန်သော။ အာဟာရာ၊ အာဟာရတို့ သည်။သဟဇာတာနံ၊သဟဇာတ်တရားတို့အား။ဇနနဋ္ဌေန၊ ဖြစ်စေခြင်းဟူသောအနက်ဖြင့်ဇင်း။ ဥပတ္ထမ္ဘနဋ္ဌေန၊ထောက် ပံ့နိုင်စေတတ်သောအနက်ဖြင့်ဇင်း။ ကဗဠီကာရောဟာရောပန၊ ကဗဠီကာရအာဟာရ သည်ကား။ စတုသမုဋ္ဌာနိကဿ၊ကာံ၊ စိတ်၊ဥတု၊အာဟာရ၊ဟုဆိုအပ်သော-၄-ပါးသော အကြောင်း ကြောင့်ဖြစ်ကုန်သော။ဣမဿကာယဿ၊ ဤကိုယ်ကောင်ကို။ ဥပတ္ထမ္ဘနဋ္ဌေနေဝ၊ထောက်ပံ့နိုင်စေတတ်သောအနက်သဘော

ဘောဖြင့်သာလျှင်။ဥပကာရကတာ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်။အာဟာရပစ္စယော။ အာဟာရပစ္စည်းကျင်ကော တရားမည်၏။ ။အာဟာရ၏အနက်သဘောမည့်သည့်ကား။ကော ပံ့ခိုင်စေတတ်သောသဘောအားဖြင့် ပြဋ္ဌာန်းခြင်းအရင်း မှုပေ သည်။ထိုကြောင့်ပင်လျှင်။ပါဠိတော်ရင်းနှိုက်။ ။ကဗဠီကာရော အာဟာရော။ဣမဿကာယဿ၊အာဟာရပစ္စယေနပစ္စယော။ ။ ပဋ္ဌာန်းပါဠိတော်။ အနက်ကား။ ။ကဗဠီကာရော အာဟာ ရော၊ အလုပ်အလွေ့ကိုပြုတတ်သော ကဗဠီကာရ အာဟာရ သည်။ဣမဿကာယဿ၊ ဤကိုယ်ကောင်အတ္တဘောကြီးအား။ အာဟာရပစ္စယေန၊အာဟာရပစ္စည်းဖြင့်။ပစ္စယော၊ ကျေးဇူး ပြုတတ်ပါ၏။ ဟုဟောတော် မူပါ၏ (ကဗဠီ ကာရော အာ ဟာရောအာဟာရသမုဋ္ဌာနသရူပဿအာဟာရ ပစ္စယေနပစ္စ ယော) ဟူ၍ ဟောတော်မမူခဲ့ပေ။ထိုကြောင့်။ နာမ်အာဟာရ တရား-၃-ပါးတို့၏။ အာဟာရအနက်သဘောကို။ ထောက်ပံ့ ခိုင်စေတတ်သောဥပတ္ထမ္ဘန၏အစွမ်းအားဖြင့်သာလျှင် ဖြစ်ပေ သည်ဟုမှတ်။အာဟာရတရား-၄-ပါးတို့သည်။ ကမ္မဇ၊စိတ္တဇ၊ ဥတုဇ၊အာဟာရဇ၊တို့ကို။ ဖြစ်စေကုန်သော်လည်း။ထိုဖြစ်စေ အပ်ကုန်သော။ကမ္မဇအစရှိသောတရားတို့ကိုရင်း။ ထိုအာဟာ ရ-၄-ပါးတို့သည်ဖြစ်စေအပ်ကုန်သောတရားတို့မှ။ အခြားတ ပါးကုန်သောတရားတို့သည်ရင်း။အစည် အဆက်တည်နိုင်ခြင်း အကြောင်းဖြစ်ခြင်းအကျိုးငှါ။ထောက်ပံ့ခြင်းတရားနှင့် အတူ တကွဖြစ်မှသာလျှင်။ထိုကမ္မဇအစရှိသော တရားတို့ကို ရနိုင် သည်ဖြစ်စေနိုင်သည်မှတ်။

ဣန္ဒြိယပစ္စယော-ဟူသည်ကား။ ။ဣဿရိယ ဋ္ဌေန ဥပ ကာရကောဓမ္မော-ဣန္ဒြိယပစ္စယော။ ။အနက်။ ။ဣဿရိယ ဋ္ဌေန၊အစိုးရခြင်းဟူသောအနက်သဘောဖြင့်။ ဥပကာရကော၊ ကျေးဇူး ပြုတတ် သော။ ဓမ္မော၊ တရား သည်။ ။ဣန္ဒြိယ

ပစ္စယော၊ ဣန္ဒြိယ ပစ္စည်းဟုအပ်သော တရားမည်၏။ ။အစိုးရ
ခြင်းဟူသောအနက်သဘောဖြင့်ကျေးဇူးပြုပေတတ်သော
တရားကို၊ ဣန္ဒြိယပစ္စည်းခေါ်၏။ ထိုဣန္ဒြိယပစ္စည်းသည်။ သဟဇာ
တိန္ဒြိယအစရှိသည့်တို့၏အပွမ်းအားဖြင့်။ သုံးပါးအပြားရှိသည်
ဖြစ်၏။ ထို-၃-ပါးတို့တွင်။ သဟဇာတ်ဖြစ်ကြကုန်သောတရား
တို့သည်။ မိမိမိမိတို့၏ကိစ္စတို့၌။ အစိုးတရပြုနိုင်ခြင်းအစိုးရခြင်း
ဖြစ်ကုန်သော။ နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးတို့သည်။ (စိတ်၊ ဇီဝိ
တ၊ ဝေဒနာ၊ ဝီရိယ၊ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ပညာ)သဟဇာတိန္ဒြိယ
ပစ္စည်းမည်ပါ၏။ နောက်နှိုက်ဖြစ်ကုန်သော ပဉ္စဝိညာဏ် တရား
တို့၏။ ဒဿနကိစ္စအစရှိသည့်တို့နှိုက်။ အစိုးရကြသည်ဖြစ်ကြ၍။
ရှေးနှိုက်ဖြစ်ပေါ်ကုန်သော။ စက္ခုအစရှိကုန်သော။ ပသာဒိန္ဒြေ
တရားငါးပါးတို့သည်။ ပုရေဇာတိန္ဒြိယပစ္စည်းမည်၏။ အတူ
တကွဖြစ်ကြကုန်သောဝိပါက်ကဋတ္တာဟုဆို အပ်သော- ကမ္မဇ
ရုပ်တို့၏။ အထူးသဖြင့်ရှည်မြင့်စွာဖြစ်ခြင်းနှိုက်။ အစိုးရသည်
ဖြစ်ပါသော။ ရုပ်ဇီဝိတသည်။ ရူပဇီဝိတိန္ဒြိယပစ္စည်း မည်ပါ၏။
ဤအရာနှိုက်။ အဘယ်ကြောင့်လျှင်။ ဘာဝိန္ဒြေနှစ်ခုအပေါင်းကို
ဣန္ဒြိယပစ္စည်းတွင်မသွင်းယူအပ် ထည့်အပ်ပါသနည်း။ ဤကဲ့
သို့မေးခဲ့ပါငြားအံ့။ ဤသို့ဖြေကြားရာ၏။ အကြောင်းတရားအားဖြစ်
စေတတ်သောဇနကသတ္တိသည်၎င်း။ ထောက်ပံ့နိုင်စေတတ်သော-
ဥပတ္ထမ္ဘကသတ္တိသည်၎င်း။ အစဉ်စောင့်ရှောက်တတ်သော-အနု
ပါလကသတ္တိသည်၎င်း။ ရှိကြပေ၏။ ထိုတရားတို့သည်။ ပစ္စည်းတပ်
နိုင်သောတရားချည်းဖြစ်ပါ၏။ ထိုဘာဝရုပ် ၂ ခုပေါင်းတို့သည်
သဟဇာတဖြစ်ကုန်သော တရားတို့၏ အကျိုး၌။ ထိုဆိုအပ်
ခဲ့ပြီးသောဇနကကိစ္စ။ ဥပတ္ထမ္ဘကကိစ္စ။ အနုပါလကကိစ္စဟုဆို
အပ်သောကိစ္စ ၃-ပါးတို့သည်။ ပါတပုံတခုမျှမရှိကြလေ။ စင်စင်
သော်ကား။ ထိုဘာဝရုပ်တို့နှင့်တကွ အတူဖြစ်ကြကုန်သော။
ရုပ်အစည်သန္တာန်နှိုက်။ ကံအစရှိကုန်သော မိမိမိမိတို့၏ အ
ကြောင်းတို့ဖြင့်။ ဖြစ်ဆဲဖြစ်ကြကုန်သော- ဖြစ်လျက်ရှိကြကုန်

သော။စတုသရန္တာနိကတရားတို့၏။ဇာဿိ၊ပုရိသ၊ အခြင်းအရာ အစရှိသည့် ၏ အ...်းအားဖြင့် သာလျှင်။ ဖြစ်ပေါ်ခြင်းတို့နှက် မြဲခြင်းဟုဆိုအပ်...။ ပဝတ္တိနိယာမတရားသည်အမှန်ရှိပါ၏။ ထိုပဝတ္တိနိယာမတရားသည်။ဘာဝရုပ်-၂-ခုတို့၏ အာနုဘော် အစွမ်းကြောင့်ပြည့်စုံစွာပြီးမြော်ခြင်းဖြစ်ခြင်းသို့ ရောက်ပါ၏။ထို ကြောင့်၊ဝင်းစတုသရန္တာနိက...ပ်တရားတို့ကို။ ထိုထိုသို့သောသ ဘောရှိသေ။မြဲစေခြင်းနိယာမကံ၏အစိုးတရ ဖြစ်သည့်၏အဖြစ် ကြောင့်သာလျှင်။ ဘာဝရုပ်-၂-ခုအပေါင်းသည်။ ဇာတိမြေ့မှ သည်သာလျှင်ဖြစ်ပါ၏။ထိုကြောင့်။ထိုဘာဝရုပ်-၂ ခုအပေါင်း ကို။ဤဗုဒ္ဓိယပစ္စည်းအရာနှင့်သွင်း၍။ မယူအပ်မယူသင့်မယူ ထိုက်ကြောင်းကိုမှတ် အပ်၏။

ဈာနပစ္စယော-ဟူသည်ကား။ ။အာရုံသို့ကပ်၍။သို့တည်း မဟုတ်လျှင်။ထိုအာရုံနှင့်ပြင်းထန်မြဲမြံစွာကျရောက်သကဲ့သို့။ တပ်...တစေ စေ ကြီးစည်ကြည့်ရှုတတ်သော အနက်သဘော အားဖြင့်။ရှုးရှုးပိုက်ပိုက်၊အားဘိုက်မှီစီး၍ရှုတတ်သော အနက် သဘောအားဖြင့်ကျေးဇူးပြုတတ်သောတရားသည်။ဈာနပစ္စည်း မည်ပါ၏။ ။အာရမ္မဏံဥပဂန္တွာတသ္မိံ ဝါ ဘုသံ ဒဠှံ နိပတိ တွာဝိယ၊ ဈာယန္တုနုဩလောကနဋ္ဌေန၊ဥပကာရကော ဓမ္မော ဈာနပစ္စယော။ ။အနက်ကား။အာရမ္မဏံ၊အာရုံသို့။ဥပဂန္တွာ၊ ကပ်၍။ဝါ၊တနည်းကား။တသ္မိံ၊ထိုအာရုံနှက်။ဘုသံ၊ပြင်းစွာ။ဒ ဠှံ၊မြဲမြံစွာ။နိပတိတွာဝိယ၊ကျရောက်စေသကဲ့သို့။ဈာယန္တုနဋ္ဌေန၊ ကြီးစည်တတ်သောအနက်သဘောအားဖြင့်။ဩလောကနဋ္ဌေန၊ ရှုတတ်သောအနက်သဘောအားဖြင့်။ဥပကာရကော၊ကျေးဇူး ပြုတတ်သော။ဓမ္မော၊တရားသည်။ ဈာနပစ္စယော၊ ဈာနပစ္စည်း တပ်သောတရား မည်ပါ၏။ ။(ဤဈာနပစ္စယ- အရာနှင့်။ ဈာန်၏ အကြောင်းအထူးပြဿိတို့ကို။ ယထာရဟ ထိုက်သည့် အားလျော်စွာထုတ်ဆောင်၍ပြခဲ့ပေအံ့သတည်း)။ ။သတ္တဝါ

တို့သည်။ ကာမဂုဏ်ချမ်းသာကိုအလိုရှိအပ်ပါ၏။ ကာမဂုဏ်
သည်။သတ္တဝါတို့ အလိုရှိအပ်သောတရားလည်းဟုတ်၏။ ထို
ကြောင့်။ ကာမဘုံဟူ၍ သမုတ်ခေါ်ဝေါ်ခြင်းသို့ ရောက်ရပေ
သည်။ ဤကာမဘုံနိုက်ရှိကြကုန်သော သတ္တဝါတို့သည်လည်း။
ထိုကာမဂုဏ်ချမ်းသာကိုသာလျှင်။ အာသာမပြတ် တောင့်တ
ပူပန်၍အလိုရှိတတ်ကြပါ၏။ ကာမရာဂတရားအပေါင်းတို့ကို။
မခွဲနိုင်မခွါနိုင်။ပိုင်ပိုင်စေးညှိ။ အတွယ်မြဲလျက် ရှိကြသည်အ
ဖြစ်ကြောင့်၊ ကာမတည်းဟူသောမွေ့လျော်ခြင်း၊ပျော်ပါးခြင်း
ခံစား စံစား ခြင်းဖြင့်။ ကာမဂုဏ် သခင်နောက်သို့။ ကျွန်
သပေါက်ကဲ့သို့။ တကောက်ကောက် လိုက်ရခြင်း။ ဤကဲ့သို့
ကာမဂုဏ် တည်းဟူသော မွေ့လျော်ခြင်းတို့ဖြင့် မွေ့လျော်
ပျော်ပါးလျက် ရှိကုန်သော သတ္တဝါတွေကို။ ကာမ ဘုံသား
ဟူ၍ ခေါ်ဝေါ်သမုတ်အပ်ပါ၏။ ။(ကာမိယတီတိကာမော။
ဝတ္ထုကာမကိုမှတ်။ ။ကာမေတီတိကာမော၊ကိလေသာကာ
မကိုမှတ်)ဝတ္ထုကာမသည်။ အလိုရှိအပ်သောတရား။ ကိလေ
သာကာမသည်အလိုရှိတတ်သောတရား။ဤနေရာ၌။ ဌာနကာမ၊
အဝတ္ထာကာမ၊အာရမ္မဏကာမ၊သဟဇာတကာမ၊ဟူ၍။ဘုံအား
ဖြင့်၄-မျိုးရှိပြန် သေး၏၊အရာမဟုတ်သ၍ကျယ်မည် စိုးသော
ကြောင့်မတည့်လိုက်ပြီ။ ။၎င်းကာမဘုံနိုက်ရှိကြသောသတ္တ
ဝါတို့သည်။အထက်ထက်ဘုံများမှာကဲ့သို့။ ဈာန်တရားတို့ဖြင့်
မွေ့လျော်ခြင်းကိစ္စမရှိနိုင်ကြပေ။ ထိုကြောင့်။ ကာမဘုံသား
ဟူ၍။ ကာမဘုံသည်အပေါင်းအားဖြင့်။ ဒုဂ္ဂတိ-၄-နှင့်၊ သုဂ
တိ-၇-ဘုံရှိကြ၏။ သို့သော်လည်း။ အထူးမှတ်ရန်မှာ။ ကာမ
ဘုံနိုက်ဖြစ်ခိုက်နေခိုက်ကိုစွဲ၍သာလျှင်။ကာမပုဂ္ဂိုလ်။ ကာမဘုံ
သားဟူ၍ ခေါ်ဝေါ်ပညတ် သမုတ်အပ်သော စကားဖြစ်သည်။
ထိုကာမဘုံမှာပင်လျှင်။ဈာန်တရား၊မဂ်တရားတို့ဖြင့်။ မွေ့လျော်
ခံစားလျက်ရှိကြသော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း။ များစွာ
ပင်ရှိသည်ဟူမြဲမြဲစွဲစွဲမှတ်။ ထိုပုဂ္ဂိုလ်တို့ကိုလိပ်ခဲတင်းလင်းကာ

မဘုံနှိုက်နေခိုက်ရှိခိုက်ကိုရည်၍ ကာမဘုံသားဟူ၍ငင်း။ကာမ
ပုဂ္ဂိုလ်ဟူ၍ငင်း။မဆိုလိုက်ပါနှင့်ဦး။ လေးသံစကား တောင်မ
မြွက်လိုက်ပါနှင့်ဦး။အထက်နှိုက်ပြဆိုအပ်ခဲ့ပြီးဖြစ်သော။ သဟ
ဇာတ၊ဈာန၊အာရမ္မဏ၊အဝဋ္ဋာဟု ဆိုအပ်သောဘုံလေးမျိုးတို့
ကို။သေသေချာချာ-ပုဂ္ဂလ၊ ဓမ္မနှစ်ဈာနတို့နှိုက်။ ကွဲပြားစွာသိ
သောသူတို့၏ သန္တာန်မှာသာလျှင်ငင်း။ ပဋ္ဌိပတ္တိဓမ္မနှိုက်။မျက်
ဝါးထင်ထင်မြင်အပ်သကဲ့သို့။ မနောဒွါရိကကုသိုလ်ဇောဖြင့်
ယူအပ်သောသိအပ်သောပုဂ္ဂိုလ်တို့သည်သာလျှင်ငင်း၊ သိသင့်
သိအပ်သိထိုက်သောတရားဖြစ်ကျသည်။ထို့ကြောင့်။ ငင်းဈာန၊
ကာမဘုံမှာပင်လျှင်။ ဈာနလာဘီ ပုဂ္ဂိုလ်တို့သည့်ငင်း။ မဂ်
တရားကို ရငြားလေသော ပုဂ္ဂိုလ်တို့သည်ငင်း။ မရှိသည့်ကား
မဟုတ်ပေ။ ဧကန်စင်စစ် ရှိသည် သာ ဖြစ်၏။ ရှိကြသည်
ဆိုသော်လည်း။ အမြဲရှိကြသည်ကို မဆိုလို။ ရံခါရှိရံခါလည်း
မရှိဖြစ်၏။ ရံခါရှိသည်ကိုရည်၍ ဆိုခြင်းကိုမှတ်။ ထိုကဲ့သို့ဖြစ်
လျှင်။ ဤနေရာနှိုက်။ ဆိုရန်အထူးမှာ။ အဝိစိငရဲအစရှိသည်
တို့ကို။သတ္တဝါတို့သည်။အဘယ့်ကြောင့်အလိုရှိအပ်သေါတရား
ဖြစ်နိုင်ပါသနည်းမေးငြားအံ့။ဖြေရန်စကားဖြင့်။ ဂတိနိမိတ်ကိုသာ
ယာသည်၏အစွမ်းဖြင့်ငင်း။ဘဝနိကန္တိ၏ အစွမ်းအားဖြင့်ငင်း။
အလိုရှိအပ်တောင်းအပ်သောတရားဖြစ်၍။ ထိုသတ္တဝါတို့သည်
အဝိစိနှိုက် မွေ့လျော်ခြင်းဖြစ်ပါ၏။အကြောင်းမူကား။သေခါနီး
သောအခါနှိုက်တင်မြင်ကုန်သော။ ငရဲမီးလျှံတို့သည်ရွှေအဆင်း
တို့ကဲ့သို့။ထိုသတ္တဝါ၏စိတ်သန္တာန်နှိုက်ဖြစ်ပါကုန်၏။ ထင်မြင်
ပါ၏။ ထိုကြောင့်။နိပါတ်ဇာတ်တော်များနှိုက်ကြားရတွေ့ရဘူး
သည်မှာ။ မိတ္တဝိန္ဒအယူရှိသော ပုဏ္ဏားတယောက်သည်ရှိသ
တတ်။ထိုပုဏ္ဏားသည်။ သေရာညောင်စောင်းနှိုက်လျောင်းသည်
ရှိသော်။ပုဏ္ဏားဆရာကြီးတွေ့အနီးအနားမှာကပ်ပြီးလျှင်။ ဒုံအ
ရင်းပုဏ္ဏား။ [illegible]ပြည်သို့သွားပါလေနော်ဟူ၍ကြိမ်ဘန်[illegible]
မွှာသတိပေးကြကုန်၏။ ထိုသို့ပင်သတိပေးကြ ငြားသော်လည်း။

၎င်းပုဏ္ဏားသည်။အဝိစိနှက်ဖြစ်သောမီးတောက်မီးလျှံတို့ကိုသာလျှင်။ထင်လာမြင်လာတော့၏။ ထိုရောအခါ။ပုဏ္ဏားက။ဒို့ဆရာဖြဟ္မာလာတို့။ ရွှေအခုဆင်းကဲ့သို့ဖြစ်သောအဆင်းတို့သည်ထင်မြင်ပါ၏ဟုပြန်ပြောရာဝယ်။ဆရာပုဏ္ဏားတို့ကအချင်းဟုတ်ပေစွ၊ဟုတ်လှပေစွ။ကောင်းပေစွ၊ကောင်းလှပေစွ။သင်ယခုထင်မြင်သော။ရွှေအဆင်းကဲ့သို့အဆင်းအရောင်တို့သည်ကား။ အခြားမဟုတ်။ ငါတို့အယူနှက်တည်ကြကုန်သော။ ဒလုံးပုံဖြစ်သောအပင်းအသင်းတို့၏။သွားရာရေခံရာလမ်းအမှန်ဖြစ်ပေသောဖြဟ္မာပြည်ကြီးဖြစ်သတည်း။ ဖြဟ္မာကြီးအမှန်ဖြစ်ပေသည်၊ထိုဖြဟ္မာသို့သင်ပုဏ္ဏားသည်။ တန်းတန်းဖြောင့်ဖြောင့်၊မထောင့်မကွေ့။သွားလေနော်-သွားပါနော်-ဟု။ ဆရာပုဏ္ဏားတို့သည်။အားပေးတိုက်တွန်း နှိုးဆော်ခြင်းအမှုကို ပြုကြကုန်၏။ ထိုပုဏ္ဏားသည်။၎င်းတို့အားပေးကူညီသောအတိုင်း ထင်မြင်လာသော နိမိတ်နှင့်ပင်လျှင်။ ထိုထိုဆရာဖြဟ္မာလာပါမောက္ခတို့ကြောင့်။ အဝိစိငရဲ၌ကျရကျက်ရပါ၏။ ဤသို့လျှင်။ နိမိတ်ကိုသာယာသည်၏အစွမ်းအားဖြင့်။ထိုအဝိစိငရဲအစရှိသည်တို့ကို။သတ္တဝါတို့သည်အလိုရှိအပ်ပါကုန်၏။ ထိုအဝိစိငရဲမှာ ဖြစ်ကုန်သော သတ္တဝါ တို့မှာလည်း။ ဘဝနိကန္တိ တရားသည် ဖြစ်ပေသည်ဟု သိအပ်ပေသတည်း။ ထိုအဝိစိငရဲစသည်တို့နှက် ဖြစ်ကြကုန်သောသတ္တဝါတို့သည်။ မပယ်ခွါအပ်သေးသော ကာမရာဂ ရှိကုန်သည်သာလျှင်ဖြစ်ပါ၏။ထိုအဝိစိငရဲမှာရှိကြသောသတ္တဝါတို့သည်။ကျွတ်လွတ်ခွင့်ရကြသောအခါ တို့ဆိုက်ရောက်ခဲ့ပြန်ပါလျှင်။ ကာမဂုဏ်ဘည်းဟူသော မွေ့လျော်ပျော်ပါး ခံစံစားခြင်းတို့ဖြင့်။မွေ့လျော်ကြပေကုန်လတ့်။ထိုကာမဘုံနှက်သတ္တဝါအပေါင်းတို့။ဤကဲ့သို့ကာမဂုဏ်တရားတို့ကို။မှုမှုရရလက်ခံသိမ်းပိုက်လျက်ရှိကြခြင်းကြောင့်။၎င်းကာမဘုံနှက်သာလျှင်။နှစ်တုံပေါ်တုံ။တမှုမွှားမွှား။ ရဟတ်ချားကဲ့သို့။ ကျင်လည်မျှောပါးခါနေရခြင်းကြောင့်။ ကာမာဝစရဟူသောအနက်သဘောသို့ရောက်ပေ၏။

ထိုကြောင့်။ ။ကာမေအဝစရတိတိကာမာဝစရံ။ ဟူသောဝိ
ဂြိုဟ်ကိုသွင့်ဆိုပြုလုပ်ကြကုန်၏။ဤဝိဂြိုဟ်နိုက်။ အဝစရတိ ဟူ
သောပုဒ်နိုက်ဥပ္ပဇ္ဇတိအနက်ကိုမယူအပ်။ ထိုအနက်သည်။ပါဠိ
တော်ကြီးများနှင့်လည်းမညီ။ အထူးထူးသောအဖြစ်တို့နှင့်ယှဉ်
သည်ဖြစ်ပါ၏။ ။ဓမ္မဟဒယဝိဘင်းပါဠိတော်နိုက်။ ။ကတ
မေဓမ္မာကာမာဝစရာ။ ဟေဋ္ဌတောအဝိစိနိရယံပရိယန္တံကရိ
တွာ။ဥပရိတောပရနိမ္မိတဝသဝတ္တိဒေဝေအန္တောကရိတွာ။ယံ
ဧတသ္မိံအန္တရေဧတ္ထာဝစရာ။ဧတ္ထပရိယာပန္နာ–ခန္ဓ–ဓါတု–အာ
ယတနာ– ရူပါ–ဝေဒနာ–သညာ–သင်္ခါရာ–ဝိညာဏံ–ဣမေဓမ္မာ
ကာမာဝစရာ။ ။ဟူ၍မိန့်တော်မူပါ၏။ဤအဝစရတိ·ဟူသော
ပုဒ်နိုက်။ ထိုဥပ္ပဇ္ဇတိဟူသောအနက်ကို။ အလိုရှိအပ်သည်အ
ကယ်၍ဖြစ်ခဲ့ပါအံ့။ဤသို့လျှင်။ ဤအနက်ကိုအလိုရှိအပ်သည်အ
တိုင်းမှန်ခဲ့ပါသော်။ဘုရားကိုယ်တော်မြတ်သည်။ ဧတ္ထာဝစရာ
ဧတ္ထုပ္ပန္နာ ဟူ၍ ဟောတော်မူရာ၏။ဤသို့ဟောတော်မမူခဲ့လေ
ရကား။ပရိယာပန္နသဒ္ဒါသည်။ဥပ္ပန္နသဒ္ဒါနှင့်တူသောအနက်ရှိပေ
၏ဟူ၍။ဤသို့ဆိုခြင်းငှါလည်းမဖြစ်စကောင်း။ထိုစကားမှန်ပါ၏
လောကုတ္တရာစိတ်တို့သည်။ ဘုံသုံးပါးတို့၌ဖြစ်[illegible]ပါကုန်ငြား
သော်လည်း။ထိုဖြစ်ရာဘုံတို့၌။ အကျုံးဝင်ကုန်သည်မဟုတ်။
ဤသို့လျှင်ရှေးဦးစွာ။ ဤကဲ့သို့လောကုတ္တရာစိတ်တို့သည်။ ဘုံ
သုံးပါးတို့နိုက် အကျုံဝင်သည်ဟုစွဲယူမှတ်ထင်ခဲ့လျှင်။ ပါဠိ
တော်နှင့် မညီသည်ကို တင်ကူး၍သိနှင့်အပ်၏။ ။ဥပ္ပဇ္ဇတိဟူ
သောအနက်ကိုသွင်း၍ ယူအပ်သည်ရှိသော်။ ထိုကာမဘုံနိုက်
လည်း။မဟဂ္ဂုတ်လောကုတ္တရာတရားတို့သည်။ဖြစ်ကြကုန်ရာ၏
ရှိကြရကုန်ရာ၏။ ၎င်းမဟဂ္ဂုတ် လောကုတ္တရာတရားတို့သည်
လည်း။ ကာမာဝစရအဖြစ်သို့ ရောက်ခြင်း အဖြစ်သည်၎င်း။
ရူပါဝစရ အဖြစ်အစ ရှိသည်မှ လွတ်ခြင်းအဖြစ် သည်၎င်း။
ကျရောက်ခဲ့ရာ၏။ ၎င်းကာမာဝစရတရားတို့သည်လည်း။ ရူပ
ဘုံ၊အရူပဘုံတို့နိုက်ဖြစ်ကုန်ရာ၏။ရူပါဝစရအဖြစ်၊ အရူပါဝစ

ရအဖြစ်သို့ရောက်ခြင်းတည်းဟူသောအဖြစ်သည်ရင်း။ ကာမာ ဝစရဒေ၁ဖြစ်မှ လွတ်ခြင်းအဖြစ်သည်ရင်း။ ကျရောက်ခဲ့ရာ၏ ယောဘုယျဝုတ္တိ၏အစွမ်းအားဖြင့်လည်း။ အချို့သောအနက်တို့ ၏အမည်ကိုရခြင်းဖြစ်၏။ ဥပမာအဘယ်ကဲ့သို့နည်းဟူမူကား (ဝနစရကော-သင်္ဂါမာဝစရော) ဟူသောစကား ကဲ့သို့မှတ်။ ထိုကြောင့်။ ဤနေရာနှိက်လည်း။ ထိုအမည်ကို ရသည်ရှိသော်။ တရံတခါအဖြစ်သည်ရင်း။ လျဉ်းပါးဘွယ်သည်ရင်း။မရှိသည် မဟုတ်ပါလောဟုအမေးရှိအံ့။ ဤကဲ့သို့သော အမေးကိုမမေး အပ်၊မမေးသင့်။မေးခဲ့သည်ရှိသော်။လောကုတ္တရာတရားတို့၏။ ကာမာဝစရ အဖြစ်အစရှိသည်တို့မှ။ လွတ်ခြင်း အကျိုး၌။ ယောဘုယျအားဖြင့်-ဖြစ်ရာဘုံကို အသီးအခြားပြုလုပ်၍ သာ လျှင်ဆိုသင့်ပြောသင့်၏။ အကြင်ကာမဘုံနှိက်ထိုလောကုတ္တရာ တို့သည်။များသောအားဖြင့်ဖြစ်ပေါ်ကြကုန်၏ဟူ၍ဆိုတတ်ကြ ၏။ ဘုံဟူသော အာသည်သည်ရှိလည်းမရှိရောင်တကာ။ လော ကုတ္တရာတရားတို့သည်ဖြစ်ကြကုန်သည်ရှိသော်။ဘုံသုံးပါးတို့ နှိက်သာလျှင်ဖြစ်ကြကုန်၏ ထို့ကြောင့်။ ထိုလောကုတ္တရာ တ ရားတို့၏။ရူပါဝစရ၊အရူပါဝစရအဖြစ်သို့ရောက်ခြင်းတည်းဟူ သောအဖြစ်ကို။တားမြစ်နိုင်ခဲသည်ဖြစ်ရာ၏။ အထူးထူးအပြား ပြားများသောအဖြစ်နှင့်ယှဉ်သည်ဖြစ်ပါ၏။ထိုကြောင့်။ ထိုအဝ စရတိ-ပုဒ်၏။ထိုသို့သောအခြင်းအရာအားဖြင့် အနက်သွားကို။ မသွင်းမသူမူ၍။ ဧတ္ထာဝစရာဧတ္ထပရိယာပန္နာ ဟူ၍။ မြတ်စွာ ဘုရားသည်ဟောဘွင့်တော်မူအပ်သောပါဠိတော်နည်းဖြင့် သာ လျှင်။ထိုအဝစရတိ-ပုဒ်၏အနက်ကိုဘွင့်ယူအပ်၏။ ဤသို့လျှင်။ အကျုံးဝင်သည်၏ အဖြစ်ဖြင့်။ထိုကာမဘုံနှိက်သက်ဝင်၍ ဖြစ် တတ်ပေ၏။ထို့ကြောင့်သာလျှင်။ကာမာဝစရဟူသော အမည် ဖြစ်သည်။ပရိယာပန္နဟူသောအမည်သည်ကား။ မိမိ၏အာဓာရ ဖြစ်သောထိုကာမနှင့်။အတူတကွပင်လျှင်တူမျှသောအမျိုး။တူမျှ သောအနွယ်၊တူမျှသောအမည်ရှိသည်၏အဖြစ်ဟု ဆိုအပ်ကုန်

သော။ ထက်ဝန်းကျင်သောအဘို့တို့ဖြင့်။ ထိုကာမနှိက်ရောက်သည့်၏အဖြစ်ပေတည်း။သက်ဝင်သော သဘောလည်းဟုတ်ပါ၏။အတွင်းဝင်သောသဘောလည်းဟုတ်ပါ၏။(ကာမကို-အာခါရပြု။ပရိယာပန္နကို-အာခါရီထား။ အာခါရ- အမှီခံသောတရား။အာခါရီ-မှီသောတရားဟူ၍မှတ်) ဟုသို့ အကျုံးဝင်သည့်၏အဖြစ်ကိုလည်း။ သိမ်းဆည်းတတ်သောကားတကျော့သည်။ပြုပြင်စိရင်အပ်ပါ၏။ဤမှူတည်းသောစကားအစဥ်ဖြင့်။အကြောင်တရားတို့သည်၊ရူပသင်္ဂဝါ၊အရူပသင်္ဂဝါတို့၏သန္တာန်ဖြစ်၍။ဖြစ်ပါကုန်ငြားသော်လည်း။ဤတရားတို့သည်။ ငါ၏ဥဒ္ဒါတည်း။ဤသို့လျှင်။ကာမသည် သာယာနှစ်သက် ရ်မက်ချစ်ခင်သောသဘောဖြင့်။သိမ်းပိုက်အပ်ပါသည်ဖြစ်၍။ကာမ၌အကျုံးဝင်ပေသည်ဟုမှတ်အပ်၏။ထိုတရားတို့သည်ကာမာဝစရမည်ပါ၏။ရူပါဝစရ၊အရူပါဝစရတို့နှိက်။ ဤနည်းအတိုင်းပင်သိအပ်ပါ၏။ထိုရူပါဝစရတရားတို့နှိက်ကား။ ရူပတဏှာကိုရင်း။အရူပတဏှာကိုရင်း။ရူပါဝစရပုဂ္ဂိုလ်တို့၏သန္တာန်ဝယ်။ သိမ်းဆည်းတတ်သောတဏှာဟူ၍မှတ်။အကြောင်တရားတို့သည်ကား-၃ ပါးသောတဏှာတို့မှလွတ်ကုန်သည်ဖြစ်၍။ထိုတရားတို့သည်။သုံးပါးသောဘဝဟုဆိုအပ်သော။ကာမ၊ရူပ၊အရူပ၊တို့၌ပင်ဖြစ်ငြားသော်လည်း။ထိုဖြစ်ရာဘုံတို့၌။ အကျုံးမဝင်ကုန်သည်သာလျှင်ဖြစ်ပါ၏။ထိုကြောင့်။လောကုတ္တရာမည်၏ဟူ၍သိအပ်ပါ၏။ ။ ပဋ္ဌာန်းကျမ်းနှိက်။အာရုပ္ပေကာမသဝနိဿာယနိဝရဏံ၊ ပဋိစ္စဥဒ္ဓစ္စနိဝရဏံ့ အာဒိနာ။ ဤသို့အစရှိသဖြင့်။ အရူပပုဂ္ဂိုလ်သန္တာန်နှိက်လည်း။ကာမစ္ဆန္ဒဟုဆိုအပ်သော ကာမတဏှာ၏ ဖြစ်ခြင်းကို။ဘုရားဟောတော်မူပါ၏။ ထိုကြောင့်။ရူပဘုံ၊ အရူပဘုံတို့နှိက်ဖြစ်ကုန်သော။ကာမတရားတို့ကိုသိမ်းဆည်းတတ်သောတဏှာကို။ရူပသင်္ဂဝါ၊ အရူပသင်္ဂဝါတို့၏ သန္တာန်နှိက် တည်သောတဏှာကိုလည်းမှတ်အပ်ပါ၏။ ပါဠိတော်နှိက်။ကာမစ္ဆန္ဒနိဝရဏံ-ဟူသောစကားကို။ နိဝရဏအမျိုး ဖြစ်လေသောကြောင့်

ဟောတော်မူအပ်ပါ၏။ ဈာန်ဘုံတို့နှိက်။ စင်စစ်နိဝရဏကိစ္စရှိကြကုန်သော။ နီဝရဏတရားတို့ကိုရခြင်း၌ မတတ်ကောင်း။ ဤအရာနှိက်။ ကာမတရားကို ဟော အပ်ပါ၏။ ကာမတို့သည်။ ကိလေသာကာမ၊ ဝတ္ထုကာမ၊ ဟူ၍-၂-ပါးရှိကြပါ၏။ ထို-၂ ပါးတို့တွင်။ ရူပရာဂ၊ အရူပရာဂတို့ကိုကြဉ်ထား၍။ အလုံးစုံသိမ်းကျုံး၍ဟောအပ်သောလောဘတရားသည်။ ဤဘုံလေးပါးနှိက် ဖြစ်ကုန်သောတရားတို့ကို ပိုင်းခြားရာအခန်းနှိက်။ ကိလေသာကာမဟူ၍မှတ်။ ရူပ၊ အရူပတရားတို့ကိုကြဉ်၍။ အလုံးရုံဖြစ်ကုန်သောဘုံသုံးပါးတို့နှိက်။ ဖြစ်ကြရှိကြသောကာမတရားတို့သည် ဝတ္ထုကာမမည်၏။ အဓိပ္ပာယ်သာလျှင်အဓိပ္ပာယ်ဖြစ်သော ကထာနှိက်ကား။ ဘုံသုံးပါးနှိက်ဖြစ်ကုန်သောတရားတို့ကို ဝတ္ထုကာမမည်၏ ဟူ၍မိန့်တော်မူပါ၏။ ထိုသို့မိန့်တော်မူအပ်သော စကားသည်လည်း။ မဟာနိဒ္ဒေသပါဠိတော်နှိက်။ ဉာဏ်ဖြင့်ပြတော်မူအပ်သော။သုတ္တန်ပရိယာယ်ကိုထုတ်၍။မိန့်တော်မူသောစကားဖြစ်ပါ၏။ ထိုရူပါဝစရ၊အရူပါဝစရတရားတို့ကို။ အဘိဓမ္မာဒေသနာနှိက်။ ကာမဟူသောအမည်ဖြင့်ဟောအပ်သော တရားသည်မရှိ။ ဤနေရာနှိက်။ရူပသဒ္ဒါ၊အရူပသဒ္ဒါတို့သည်။ထိုရူပဘုံ၊ အရူပဘုံတို့နှိက်။ ထင်ရှားဖြစ်သောစကားဖြစ်၏။ဘုံတို့သည်။ ရူပဘုံ၊အရူပဘုံဟူ၍။ ဤသို့လျှင် ၂ ပါးရှိကြရာ၀ယ်။ ထို ၂ ပါးတို့တွင်။ အကြင်ဘုံနှိက်ဖြစ်ကြကုန်သောပုဂ္ဂိုလ်တို့၏ ရုပ်တရားတို့သည်။ ဘောက်ပြန်ခြင်းလက္ခဏာရှိသောရုပ်သည်မရှိ။လေးပါးအပြားရှိသော ထိုဘုံတို့ သည်။ အရူပဘုံ မည်ပါ၏။ ကြွင်းသော ၂၇ ဘုံတို့သည်။ ရူပဘုံ ဖြစ်ကြ ကုန်၏။ ထိုဗြဟ္မာဘုံ တို့၏ အောက်နှိက်လည်း။ -၁၁-ဘုံတို့သည် ကာမ ဟူသော အမည်ဖြင့်။ ရုန့်ရင်းကြမ်းတမ်းသော ရုပ်တို့နှင့်တကွ ရှိကြ၏ဟူ၍ ဟောတော်မူပါ၏။ ၎င်းကာမ -၁၁-ဘုံ။ အထက်နှိက်ရှိသောဘုံ ၁၆ တို့ကို။ ရူပဘုံဟူ၍ဟောတော်မူ၏။ ၎င်းဘုံတို့နှိက်။တဏှာကို၎င်း။ဈာန်ကို၎င်း။ရူပသဒ္ဒါ၊အရူပသဒ္ဒါတို့ဖြင့်ဟောတော်မူ၏။

ထိုစကားသည်။မှီရာဘုံ၏အမည်ကိုမှီတတ်သော တရားနှိုက်။
တင်စားသောစကားဖြစ်ပေသည်ဟုမှတ်။ ကာမာဝစရအစရှိ
သောသဒ္ဒါတို့ဖြင့်။ဘုံကိုသာလျှင်ဟောတော်မူ၏။ မှီတတ်သော
တရား၏အမည်ကိုမှီရာဘုံနှိုက်တင်စားသောစကားဟုသိ။ ။
ထိုကြောင့်။ပါဠိတော်ဓမ္မဟဒယဝိဘင်းကျမ်းနှိုက်။ ။ကတမေ
ဓမ္မာကာမာဝစရာ။ ဟေဋ္ဌတော အဝီစိနိရယံ ပရိယန္တံကရိ
တွာ။ ဥပရိတော-ပရနိမ္မိတဝသဝတ္တိဒေဝေ အန္တောကရိတွာ။
ယံဧတသ္မိံ အန္တရေဧတ္ထာဝစရာ ဧတ္ထပရိယာပန္နာ။ ခန္ဓ၊ဓာတု၊
အာယတနာ၊ရူပ။ဝေဒနာ၊သညာ၊သင်္ခါရာ၊ဝိညာဏံ၊ ဣမေဓမ္မာ
ကာမာဝစရာ။ ။ဟူ၍ရင်း။ ။ကတမေဓမ္မာရူပါဝစရာ။ ဟေ
ဋ္ဌတောဗြဟ္မလောကံပရိယန္တံကရိတွာ။ ဥပရိတောအကနိဋ္ဌေ
ဒေဝေအန္တောကရိတွာ။ ယံဧတသ္မိံ အန္တရေဧတ္ထာဝစရာဧတ္ထပ
ရိယာပန္နာ။သမာပန္နဿဝါ၊ဥပပန္နဿဝါဒိဋ္ဌဓမ္မသုခဝိဟာရိဿ
ဝါစိတ္တစေတသိကာဓမ္မာ။ဣမေဓမ္မာရူပါဝစရာ။ ။ဟူ၍ရင်း။ ။
ကတမေဓမ္မာအရူပါဝစရာ။ ဟေဋ္ဌတော အာကာသာနဉ္စာယ
တနူပဂေဒေဝေပရိယန္တံကရိတွာ။ဥပရိတောနေဝသညာနာသ
ညာယတနူပဂေဒေဝေ အန္တောကရိတွာ။ ယံဧတသ္မိံအန္တရေ။
ဧတ္ထာဝစရာဧတ္ထပရိယာပန္နာ။ သမာပန္နဿဝါ၊ ဥပပန္နဿဝါ၊
ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ၊စိတ္တစေတသိကာဓမ္မာ။ ဣမေဓမ္မာအ
ရူပါဝစရာ။ ။ဟူ၍ရင်း- ဟောတော် မူအပ်၏။ ။အနက်
ကား။ ။ကတမေဓမ္မာ၊ အဘယ်မည်သော တရားတို့သည်။
ကာမာဝစရာ၊ ကာမာဝစရ မည်ကုန်သနည်း။ ဟေဋ္ဌတော၊
အောက်အဘို့ အားဖြင့်။အဝီစိနိရယံ၊အဝီစိငရဲကို။ပရိယန္တံက
ရိတွာ၊အဆုံးပြု၍။ဥပရိတော၊အထက်အဘို့အားဖြင့်။ပရနိမ္မိတ
ဝသဝတ္တိဒေဝေ၊ပရနိမ္မိတဝသဝတ္တီနတ်တို့ကို၊ အန္တောကရိ
တွာ၊အတွင်းပြု၍။ဧတသ္မိံအန္တရေ၊ဤအတွင်းနှိုက်။ ဧတ္ထာဝစ
ရာ၊ဤအတွင်းနှိုက်ဖြစ်သောနေရာဘုံတို့နှိုက်ကျင်လည်ကြကုန်
သော။ဧတ္ထပရိယာပန္နာ၊ ဤနေရာဘုံတို့နှိုက်အကျုံးဝင်ကြကုန်

သော။ ယံယာနိခန္ဓဓာတုအာယတနာနိဝါ၊ အကြင်ခန္ဓာဓာတ်
အာယတနာတို့သည်၎င်း။ယံယာနိရူပါနိဝါ၊ အကြင်ရုပ်တို့သည်
၎င်း။ယာဝေဒနာဝါ၊အကြင်ဝေဒနာတို့သည်၎င်း။ယာသညာဝါ၊
အကြင်သညာတို့သည်၎င်း။ယာဝိညာဏံဝါ၊ အကြင်ဝိညာဏ်
တို့သည်၎င်း။သန္တိ ထင်ရှားရှိကြကုန်၏။ဇရာမေဓမ္မာ၊ဤတရားတို့
သည်။ ကာမာဝစရာ၊ကာမာဝစရမည်ပါ၏။ ။ကတမေဓမ္မာ၊
အဘယ်တရားတို့သည်။ရူပါဝစရာ၊ ရူပါဝစရတို့ မည်ကုန်သ
နည်း။ဟေဋ္ဌတော၊အောက်အဘို့အားဖြင့်။ ဗြဟ္မလောကံ၊ဗြဟ္မာ့
ပြည်ကို။ပရိယန္တံ ကရိတွာ၊အဆုံးပြု၍။ဥပရိတော၊အထက်အ
ဘို့အားဖြင့်။အကနိဋ္ဌေဒေဝေ၊အကနိဋ္ဌဗြဟ္မာတို့ကို။အန္တံက
ရိတွာ၊အတွင်းပြု၍။ဧတ္ထ အန္တရေ၊ဤအတွင်း၌။ဧတ္ထာဝစရာ။
ဤအရပ်၌သာဘုံဘဝတို့နှိက်ကျင်လည်ကြကုန်သော။ ဧတ္ထပရိ
ယာပန္နာ၊ဤ အရပ်၌သာဘုံဘဝတို့နှိက် အကျုံးဝင်ကြ ကုန်
သော။ သမာပန္နဿဝါ၊ဈာန်ဝင်စားသောပုဂ္ဂိုလ်တို့၏၎င်း။ ဥပ
ပန္နဿဝါ၊ပဋိသန္ဓေနေသောပုဂ္ဂိုလ်တို့သည်၎င်း။ ဒိဋ္ဌဓမ္မသုခဝိ
ဟာရိဿဝါ၊မျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝနှိက် ချမ်းသာ
စွာနေသောပုဂ္ဂိုလ်တို့သည်၎င်း။ ယံဧတ္ထစေတသိကာ ဓမ္မာ၊
အကြင်စေတသိတ်တရားတို့သည်။သန္တိ၊ ထင်ရှားရှိကြကုန်၏။
ဇရာမေဓမ္မာ၊ဤတရားတို့သည်။ရူပါဝစရာ၊ ရူပါဝစရတို့မည်ကုန်
၏။ ။ကတမေဓမ္မာ၊ အဘယ်တရားတို့သည်။ အရူပါဝစရာ၊
အရူပါဝစရတို့မည်ကုန်သနည်း။ ဟေဋ္ဌတော၊ အောက်အဘို့
အားဖြင့်အာကာသာနဉ္စာယတနူပဂေဒေဝေ၊အာကာသာနဉ္စာယ
တနဘုံသို့ကပ်ကြကုန်သောနတ်တို့ကို။ပရိယန္တံ ၊ အဆုံးပြု၍။ဥပ
ရိတော၊အထက်အဘို့အားဖြင့်။ နေဝသညာ နာသညာယတနူပ
ဂေဒေဝေ၊နေဝသညာနာသညာယတနဘုံသို့ကပ်ကုန်သော နတ်
တို့ကို။ အန္တံ ကရိတွာ၊ အတွင်းပြုလုပ်၍။ ယံဧတ္ထ အန္တရေ၊
အကြင်အတွင်းနှိက်။ဧတ္ထာဝစရာ၊ ဤဘုံနှိက်ကျင်လည်ကြကုန်
သော။ဧတ္ထပရိယာပန္နာ၊ဤဘုံတို့နှိက် အကျုံးဝင်ကြကုန်သော။

သမာပန္နသာဝါ၊ ဈာန်ဝင်စားသောပုဂ္ဂိုလ်တို့၏ရှင်း။ ဥပပန္နသာဝါ၊ ပဋိသန္ဓေနေကြကုန်သော ပုဂ္ဂိုလ်တို့သည်ရှင်း။ ဒိဋ္ဌဓမ္မသုခဝိဟာရိသာဝါ၊ ဒိဋ္ဌမျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဘဝနိုက်ချမ်းသာမှာနေကြကုန်သော ပုဂ္ဂိုလ်တို့သည်ရှင်း။ ယံယေစိတ္တစေတသိကာဓမ္မာ၊ အကြင်စိတ်စေတသိတ်တရားတို့သည်။ သန္တာ၊ ထင်ရှားရှိကြပေကုန်၏။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ အရူပါဝစရာ၊ အရူပါဝစရတို့မည်ကုန်၏။

လောကုတ္တရာနိုက် မူကား။ ။လုဇ္ဇနံ ပလုဇ္ဇနံ လောကော။ ။လုဇ္ဇနံပလုဇ္ဇနံ၊ ပျက်စီးတတ် အပြား အားဖြင့် ပျက်စီးတတ်သော အနက်ကြောင့်၊ လောကော၊ လောကမည်၏။ ။ဟု အနက်ပေး။ ။ဘုရားရှင်အဘယ်ကဲ့သို့ဟောတော်မူပါသနည်းဆိုသော်။ ။လုဇ္ဇတိပလုဇ္ဇတိတိခေါ ဘိက္ခဝေ။ တသ္မာလောကောတိ ဝုစ္စတိ။ ။အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ လုဇ္ဇတိ၊ ပျက်စီးတတ်၏။ ပလုဇ္ဇတိ၊ အပြားအားဖြင့် ပျက်စီးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ လောကော၊ လောကဟူ၍။ ဝုစ္စတိ၊ ငါဘုရားမိန့်တော်မူအပ်၏။ ။ဤသို့ဘုရားရှင်မိန့်တော်မူသောအတိုင်း။ နိဗ္ဗာန်သည်ကြည်အပ်ကုန်သောလောကုတ္တရာတရားတို့သည်သည်း။ လောကထဲ၌ပါဝင်ခြင်းရောခြင်းသည်ဖြစ်သင့်သည်းဟုတ်ပါလောဟု။ ဤသို့စောဒနာရှိခဲ့ပါအံ့။ ထိုလောကုတ္တရာတရားတို့သည်။ လောကထဲသို့ မရောက်ရာ။ အဘယ့်ကြောင့် ဆိုသော်။ အကြင်တရားတို့နိုက်။ နိစ္စ၊ ဓုဝ၊ သဿတ၊ အနေအားဖြင့်လူအပေါင်းတို့အား။ မိစ္ဆာအယူသည်။ တည်ထောင်လျက် ရှိကြပါ၏။ ထိုမိစ္ဆာဂါဟ တရားတို့နိုက် သာလျှင်။ ဖောက်ပြန်မှားယွင်းသောသဘောဟု ဆိုအပ်သော မိစ္ဆာအယူကို တားမြစ်ခြင်းအကျိုးငှါ။ ဤလောကဟုဆိုအပ်သောအမည်သညာသည်ရှိရပေ၏။ ရှိသောအတိုင်းလည်းမှတ်အပ်ပါ၏။ ထိုကြောင့်။ အခြင်းခပ်သိမ်းမိစ္ဆာအယူမှ လွတ်ကုန်

ကိုလောကုတ္တရာတရားတို့အား။ လောက၏ အဖြစ်သို့ ရောက်ခြင်းသည်။ မရှိဟူ၍ ဆရာတို့မိန့်ကြပါကုန်၏။ အကြင် တရားတို့၏ ပျက်စီးခြင်းသည်၎င်း။ မခိုင် မမြဲခြင်းသည်၎င်း။ ထင်လျှားသှပါ၏။ထင်လျှားသောအခါတိုင်း။ လူများအပေါင်းတို့ ကိုပျက်စီးစေ၏။ထိုတရားတို့ကိုသာလျှင်။လောကနှိုက်ထင်လျှား ရှိသောတရားဟူ၍၎င်း။ လောက၏ အဖြစ်နှိုက် တည်ခြင်း၊ပြီး ပြည့်စုံခြင်းဖြစ်ပါ၏။ ထိုကြောင့်။ လောကုတ္တရာတရားတို့ကို။ လောကနှင့် နှိုင်းယှဉ်တုဘက်စရာပါတခုမျှမရှိဟုမှတ်။ လော ကမှ လွန်မြောက်တတ်သောအနက်ကြောင့်။ လောကုတ္တရာဆို သည်။(၎င်းအနက်ကို၊မဂ်စိတ်ဟူ၍မှတ်)(လောကမှလွန်မြောက် ပြီးဟူသောအနက်ကို၊ဖိုလ်စိတ်ဟုမှတ်)။ ဤစကားနှိုက်။ လော ကုတ္တရာဆိုသော်လည်း။မဂ်စိတ်၊ဖိုလ်စိတ်ကိုသာလျှင်ဆိုလိုသည်။ နိဗ္ဗာန်ကိုဆိုသည်မဟုတ်။ ။လွန်မြောက်ခြင်းမည်သည်ကား။ တဏှာသုံးပါးမှကျွတ်လွတ်ခြင်းကြောင့်။ လောကသုံးပါးနှိုက် အကျုံးမဝင်ကြောင်းကိုသိရာ၏။ထိုအကျုံးမဝင်သည် ဆိုအပ် သောစကားသည်လည်း။လောကုတ္တရာ တရား အပေါင်းတို့၏ တည်ရာဖြစ်သကဲ့သို့မှတ်ယူကြ။ ။ဤနေရာ၌ဈာန်တရားကို ဈာနပစ္စည်းနှိုက်စပ်၍ ဆိုအပ်သောစကားဖြစ်၍။ ရူပ၊ အရူပ ဇသောလောကီဈာန်နှင့်တကွ။လောကုတ္တရာဈာန်တို့လည်းသိမ်း ကျုံး၍အလွယ်တကူနှင့်သတိထားနိုင်ကြရန်။ထုတ်ဘော်၍သေ ချာစွာပြခဲ့ပေအံ့သတည်း။

ရှင်အနုရုဒ္ဓါဆရာသည်။ အစဉ် အားဖြင့်ရောက်သော ရူပ ဝိတက်၏ [illegible]ကို ပြတော်မူလိုသည်ဖြစ်၍။ ဝိတက်၊ ဝိစာရ၊ အစရှိသောစကားကို မိန့်တော်မူပါ၏။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ဧကဂ္ဂတာတို့ကိုသိအပ်၏။၎င်းဈာနင်တရားတို့ကို။အပေါင်း ဖြစ်သော ပဌမဈာန်နှင့်ယှဉ်သော။ ကုသိုလ်စိတ်ဖြစ်ပါ၏။ အ ဘယ်သို့အနက်သဘောကြောင့်ပဌမဆိုသနည်းဆိုသော်။ အစ

အဦး ရအပ်ရေသံအပ်သည်၏အဖြစ်ကြောင့်ပဌမဆိုလိုသည်။အာရုံ ကိုဇင်း။ ထိုထိုလက္ခဏာကိုဇင်း။ ကပ်၍ရှုတတ်သော အနက် ကြောင့်။ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကိုလောင်တတ်ပျိုက် တတ်သောအနက်ကြောင့်ဈာန်မည်သည်။ ။ဈာယတိဉပနိဇ္ဈာ ယတီတိဈာနံ၊ ပစ္စနိကဓမ္မေ ဈာပေတီတိဈာနံ။ ။ဤသို့ဝိဂြိုဟ် ပြု။ ။ဈာယတိဉပနိဇ္ဈာယတိ၊ တစိမ့်စိမ့်တစေ့စေ့ကပ်၍ရှု တတ်၏။ဣတိတသ္မာ၊ ထိုကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ။ တနည်း။ ။ပစ္စနိကဓမ္မေ၊ ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ ကို။ဈာပေတိ၊ ဖုတ်မျိုက် လောင်ကျွမ်းစေတတ်ကုန်၏။ ဣတိ တသ္မာ၊ထိုကြောင့်။ ဈာနံ၊ ဈာန်မည်၏။ ။ယခုပြအပ်သော အနက်နှစ်ပါးတို့နှိက်။ ဧကဂ္ဂတာသည်သာလျှင် အလွန် အကဲ သင့်မြတ်သည်ဖြစ်ပေသည်။ထိုဧကဂ္ဂတာကို ဈာန်တရားနှိက်။ တခုတည်းသောသဘောရှိသော အာရုံဟုဆိုအပ်သော။ တခု သော အစွန်းသည်ဇင်း။ ။တနည်း။ ။အတိုအစသည် ရှိ၏။ သို့ဖြစ်၍ဧကဂ္ဂ-ဟု ဆိုအပ်သောစိတ်အား။ ထိုသို့သောအခြင်း အရာကိုဖြစ်ခြင်းနှိက် အစိုးရခြင်း ဂုဏ်နှင့်ယှဉ်ခြင်းကြောင့်။ ဧကဂ္ဂတာဟုမှတ်။ဧကဂ္ဂတာသည်။စိတ်ကို အထူးထူးသောအာ ရုံတို့သို့ပျံ့လွင့်ခြင်းငှါမဖြစ်စေဘဲ။တခုတည်းသော အာရုံ၌သာ လျှင်။ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကိုမလာစေဘဲ။မကပ်မ ငြိစေဘဲ။ဝေးသည်၏အဖြစ်ကိုကောင်းစွာပြုပေသည်။ ဣန္ဒြိယ် သည်လည်းညီညွတ်သောသဘော။ကောင်းမြတ်သောသဘော သို့ရောက်၍။ထိုအာရုံနှိက်သာလျှင်တွန့်တို ပျံ့လွင့်ခြင်းရှိသော စိတ်ကိုဖြစ်စေသဖြင့်။ တည်ကြည်ခြင်းအဖြစ်ကိုသာလျှင် ဖြစ် စေ၏။ဤသို့သောသဘောကြောင့်။ သမာဓိဟူ၍ဆိုအပ်၏။ ထို ဧကဂ္ဂတာကိုပင်လျှင်။ပဋ္ဌာနတော်နှိက်။ ။အဝိက္ခေပေါအဝိသာ ဟာရော၊သဏ္ဌိတိအဝဋ္ဌိတိ။ ။ဟူ၍ မိန့်ဟောတော်မူပါ၏။ ဝိတက်-အစရှိသော ဈာနင်တရားတို့သည်။ ထိုဧကဂ္ဂတာအား ကျေးဇူးဉပကာရ လွန်စွာပြုတတ်ကြသောကြောင့်။ ဈာန်ဟူ၍

သာလျှင်ဟောတော်မူသည်။ ရှေးဦးစွာဝိတက်သည် စိတ်ကို။ ထိန၊မိဒ္ဓ၊၏အစွမ်းဖြင့်။ဆုတ်နစ်သောအဖြစ်သို့ မရောက်စေဘဲ။ ထိုထိန၊မိဒ္ဓ၊တို့၏နိုင်ငံသို့မလိုက်စေဘဲ။ခိုင်မြဲစွာအာရုံဆီသို့ ရှေးရှုပိုက်ထားခြင်းကိုပြုတတ်သောကြောင့်။ ဝိတက်သည် အာရုံသို့ရှေးရှုထင်ခြင်းလက္ခဏာရှိသဖြင့်။ထိန၊မိဒ္ဓ၊ဟု ဆိုအပ်သောနီဝရဏတရားတို့နှင့်။ဖြောင့်ဖြောင့်ဆန့်ကျင်ဘက် ဖြစ်ကြောင်းကိုမှတ်။

ပီတိသည်။စိတ်ကိုဝိစိကိစ္ဆာ၏အစွမ်းဖြင့် ရွေ့ရှားခြင်းငှါ မဖြစ်ရစေဘဲ။အာရုံနှိုက်ကောင်းမွန်စွာသာလျှင် အစဉ်ဘွဲ့ခြင်းကိုပြုလျက်။အာရုံကို အဘန်ဘန်အထပ်ထပ်မပြတ်သုံးသပ်ခြင်း လက္ခဏာရှိသောကြောင့်။ ပညာသဘောသို့ ရောက်ရှိသဖြင့်။ ဝိစိကိစ္ဆာနီဝရဏနှင့်လည်း ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ကြောင်းကိုမှတ်။ ။ပီတိသည်။ စိတ်ကို ဗျာပါဒ၏အစွမ်းဖြင့် ဆန့်ကျင်ခြင်းငှါ မဖြစ်စေဘဲ။ အာရုံနှိုက် အလုံးစုံနှစ်သက်မြတ်နိုးသည်ကိုသာလျှင်ပြုလုပ်၍။ငင်းပီတိသည်။အာရုံကို ငြကန်ချစ်မြတ်နိုးခြင်းရှိမက်ခြင်း။အာရုံကိုမခွါနိုင်ခြင်း လက္ခဏာရှိသဖြင့်။ ဗျာပါဒတရားတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ကြောင်းကိုမှတ်။ ။သုခသည်။ စိတ်ကို။ ဥဒ္ဓစ္စ၊ကုက္ကုစ္စတို့၏ အစွမ်းဖြင့်။တုန်ဟုန်လှုပ်လှုပ်နှင့်မငြိမ်မသက်ခြင်းငှါမဖြစ်စေဘဲ။ အာရုံနှိုက်သက်သာရာကို ရှာကြံပြုလုပ်၍ငင်း။ ငင်းအာရုံနှိုက် ထက်ကြပ်မကွာစေဘဲ။ကပ်ပူးလျက်ပွါးများ လေ့သာခြင်းကို ဖြင်စေလျက်။ထိုသုခသည်အာရုံကို ငြကန်သာယာခြင်း၊ ပျော်မွေ့ခြင်းလက္ခဏာရှိသဖြင့်။ ဥဒ္ဓစ္စ၊ကုက္ကုစ္စ၊ နီဝရဏတရားတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သည်ကိုမှတ်။ ။ဥပေက္ခာသည်။စိတ်ကိုငြိမ်သက်စေခြင်းသဘောရှိသည်၏အဖြစ်ကြောင့်။ သုခတရားနှိုက်သာလျှင်သင်းကြိုဟ်ရေတွက်လေ။ ။ဤသို့ပြုလုပ်ကြကုန်သောထိုဈာနင်တရားငါးပါးတို့သည်။ ထိုထိုအာရုံ

အပေါင်းတို့နှိက်။ စိတ်၏ကောင်းစွာတည်ကြည်ခြင်း သမာဓိတရား၏အကျိုးဌါသာလျှင်ဖြစ်သောကြောင့်။တည်ကြည်သည်ဆိုသောစကား၏ အမည်သည်ကား။ ဧကဂ္ဂတာသည်သာလျှင်တည်း။ ။ဧကဂ္ဂတာသည် ထိုထိုကုသိုလ်တရားအပေါင်းတို့အား။ ဤကဲ့သို့ဈာနင်အခြင်းအရာတို့ဖြင့် ချီးမြှောက်အပ်သည်ဖြင့်၍။ကောင်းစွာခိုင်မာသနိုင်မ်းအားအင်တို့နှင့် ပြည့်စုံခြင်းသို့ရောက်သဖြင့်။၎င်းဧကဂ္ဂတာသည်။ မိမိကိုယ်တိုင် ကာမစ္ဆန္ဒ၏အစွမ်းဖြင့်။အထူးထူးသောအာရုံတို့နှိက် စိတ်၏လွင့်ပါး ပြေးသွားခြင်းတို့ကိုတားမြစ်၍။ကသိုဏ်းနိမိတ်အစရှိသော ထိုထိုအာရုံတို့နှိက်။ မတုန်မလှုပ် ငြိမ်သက် တည်ကြည်စွာဖြစ်စေလျက်။၎င်းအာရုံကိုပင်ကပ်၍။စိုက်စိုက်ရှုးရှုးရှု၏၊ စေ့စေ့စပ်စပ်ထက်ဝန်းကျင်ကြည့်ရှု၏။ ထိုကြောင့် အလုံးစုံသော ဈာနင်တရားတို့သည်။ ကပ်၍ရှုတတ်သော အနက်သဘောကြောင့်။ဈာန်ဟူ၍မှတ်အပ်သိအပ်ကြပေသတည်း။ ။ဈာနင်တရားတို့သည်။ဤကဲ့သို့ကောင်းမြတ်သောအခြေအနေသို့ရောက်ကြကုန်သည့်ရှိသော်။၎င်းတို့၏ဆန့်ကျင်ဘက်ဖြစ်သောနီဝရဏတရားတို့သည်။ မလာမရောက် မကပ်နိုင်ကြသဖြင့်။စိတ်ကို။ ထိုထိုမကောင်းညစ်ကြူး ယုတ်မာခြင်းအဖြစ်ဟု ဆိုအပ်သော။ ပရိယုဋ္ဌာနကိလေသာတရားတို့၏ ထကြွခြင်းကိုမဖြစ်စေနိုင်။ ၎င်းယုတ်မာညစ်ကြူးသောပါပဓမ္မပရိယုဋ္ဌာနကိလေသာတို့ကို။ပူတ်မြိုက်လောင်ကျွမ်းစေ၏။ ထိုကြောင့်၊ ပီတက်အစရှိသောဈာနင်တရားတို့ကို။ဆန့်ကျင်ဘက်ဖြစ်သောတရားတို့အား။ပူတ်ကြဉ်းသင်းပြုတ်အပ်သောအနက်ကြောင့်။လောင်ကျွမ်းစေတတ်သောအနက်ကြောင့်။ဈာန်ဟူ၍လည်းမှတ်။

သို့ပင်ဖြစ်ငြားသော်ငြားသော်ယည်း။ဈာန်၊မဂ်၊သမ္မောဓိ၊ ဟုဆိုအပ်ကုန်သော။ သုံးပါးသောနေရာဌာနတို့နှိက်။ အစိတ်အစိတ်ဖြစ်သောအင်္ဂါတို့၏ညီညွှတ်ခြင်းဟုဆိုအပ်သော။ ဓမ္မသာမဂ္ဂီလျှင်

ပြဋ္ဌာန်းခြင်းရှိပေသည်။ အဘယ်ကြောင့်ဆိုသော်။ အင်္ဂါတို့၏ ညီညွတ်ခြင်းကြောင့်အပ္ပနာသို့ရောက်သည်၏အစွမ်းအားဖြင့်။ ဈာနင်္ဂဝနင်္ဂကိစ္စ၊ မဂ္ဂင်္ဂဝနင်္ဂကိစ္စ၊ ဗောဇ္ဈင်္ဂဝနင်္ဂကိစ္စ အပေါင်းတို့၏ပြီးစီးထမြောက်ခြင်းဖြစ်ပေ၏။ ထိုကြောင့်။ ထို ဈာန်မဂ်၊ ဗောဇ္ဈင်၊တရားတို့သည်။ ဆိုအပ်ခဲ့ပြီးသောနည်းအတိုင်း။ အသီးအသီးမိမိမိမိတို့၏ကိစ္စကို။အားထုတ်ပြုလုပ်ကြကုန်သော်လည်း။ ရှေးဦးစွာစိတ်ကိုတရတည်းသောအာရုံနှိုက်ကပ်၍။ ရှုးရှုးဝိုက်ဝိုက်ရှုခြင်း ကိစ္စဟုဆိုအပ်သော။ ဧကဂ္ဂတာ သမာဓိ တရားတို့နှင့်ပြည့်စုံစွာရှိစေရမည်။ ။ရထား၏အင်္ဂါ အစိတ်တို့နှင့်ပြည့်စုံမှသာလျှင်။ ရထားခေါ်ရသကဲ့သို့။ ဝိတက်အစရှိသောဈာန်အင်္ဂါတရားငါးပါးတို့နှင့်ပြည့်စုံမှသာလျှင် ဈာန်ဟုခေါ်ဝေါ်ခြင်းဖြစ်သည်။တပါးသောအပရေဆရာတို့သည်ကား။ ထိုဝိတက်အစရှိသော ဈာနင်တရားငါးပါးတို့သည်။ အာရုံသို့စိတ်ကိုရှေ့ရှုထင်ခြင်းအစရှိကုန်သော။ မိမိတို့၏ ဥစ္စာဖြစ်ကုန်သောဈာနင်ကိစ္စတို့သည်သာလျှင်။ အသီးအသီး ကင်း၍ရှုခြင်း ကိစ္စဖြစ်ကုန်သည်ဟူ၍ဆိုကြ၏။ထိုကြောင့်။ ပဋ္ဌာန်းပါဠိတော်နှိုက်။ဈာနပစ္စည်းသို့ရောက်သည်ရှိသော်။အလုံးရ်သောဝိတက်အစရှိသောတရားတို့သည်။ အသီးအသီးဈာနပစ္စည်းကိုရစေနိုင်ပြီးစေနိုင်၏။ဟူ၍ဟောတော်မူသည်။ထိုကြောင့်။ ဝိတက်အစရှိသောတရားတို့သည်။ အသီးအသီးဈာန်တို့သာလျှင်ဖြစ်ပါကုန်၏။ ။ပဉ္စင်္ဂိကံသီလံ၊ဒသင်္ဂိကံသီလံ။ ။ဟူသောပါဠ်နှိုက်။ ။ ၄င်းသီလငါးပါးတို့ အား။ပဉ္စင်္ဂိကအစရှိသော အမည်ကိုရခြင်းသည်သာလျှင် အကြောင်းဖြစ်သကဲ့သို့။ သီလ၏ အဖြစ်နှိုက် အကြောင်းမဟုတ်။သီလနှင့်ပြည့်စုံခြင်းသည်လည်းအကြောင်းမဟုတ်။သီလ၏အဖြစ်နှိုက်တည်သည်ဆိုရာနှိုက်လည်း။ပါဏာတိပါတာဝေရမဏီ-တပါးနှင့် ပြည့်စုံလျှင်။ သီလရှိသောသူ သီလ၏အဖြစ်နှိုက်ကောင်းစွာတည်သောသူဟူ၍ပင် ဆိုရငြားသော်လည်း။ သီလ၏အမည်နှင့် ပါမှုမဆိုင်။ သီလသာလျှင်

ဖြစ်၏။ သီလ၏ အင်္ဂါမဖြစ်။ ဤအတူ။ ၎င်းဈာန် အရာနှိုက်
လည်း။ ဈာန်ငါးပါး အပေါင်းတို့သည်။ ပဉ္စင်္ဂိကအင်္ဂရှိသော
ဈာနင်အဖြစ်နှိုက်တည်၍။ ပဉ္စမဈာန်အစရှိသော။ ဈာန်သမာ
ဓိ တရားတို့၏ အကြောင်း တို့သည်သာလျှင် ဖြစ်ကြပေကုန်
သတတ်။ ဤသဘောအတိုင်း မှတ်ယူခဲ့ပါလျှင်။ ဈာနပစ္စည်း
နှိုက်။ဈာန်အင်္ဂါတို့သည်။ပစ္စနိက်အဖြစ်နှိုက်သာလျှင်။သက်ဝင်
ခြင်းသို့ ရောက်ရာ၏ဟုဆရာတို့ ဆိုကြပါသေး၏။ ဤမျှတည်း
သောစကားအစည်ဖြင့်။ ဤစိတ်သည် ဖဿ-အစရှိသောတရား
တို့နှင့်လည်း။ အတူတကွဖြစ်ပါသော်လည်း။ ထိုဖဿတရားတို့
၏ဈူးသောကိစ္စရှိသောသဘောမရှိခြင်းကြောင့်။ ဤအရာနှိုက်။
၎င်းဈာန်အင်္ဂါတို့ကို။ ပစ္စနိက်အဖြစ်နှိုက် မသွင်းမယူပါလျှင်။
သင့်မြတ်ပေလိမ့်မည်။ ဝိစာရ၊ပီတိ၊သုခ၊ ဧကဂ္ဂတာဟုဆိုအပ်
သောဒုတိယဈာန်နှင့်။သမ္ပယုတ္တခန္ဓဖြစ်သောကုသိုလ်စိတ်သည်။
ဒုတိယဈာန်စိတ်ဟုမှတ်။ကြွင်းသောဈာန်တို့နှိုက်လည်းထိုနည်း
အတူပင်ယူ။ ။အဘယ်တရားသည်။ဤဈာန်တရားတို့၏။ဈာန်
အင်္ဂါအပြားကို ပြုလုပ်ပါသနည်းအမေးရှိအံ့။ ပုဂ္ဂလဇ္ဈာသယ-
ပုဂ္ဂိုလ်၏အလိုဆန္ဒသည်ပြုလုပ်ပေ၏ဖြေ။ အကြင်ပုဂ္ဂိုလ်သည်။
ဝိတက်လျှင် အဘောသဟဲရှိသည်ဖြစ်သော။ အင်္ဂါငါးပါးနှင့်
ပြည့်စုံသောပဉ္စမဈာန်ကိုဖြစ်စေ၍။ ထိုပဉ္စမဈာန်ဝသီဘော်၏
အစွမ်းအားဖြင့်။ ကြိမ်ဘန်များစွာလေ့လာသည်၏အဖြစ်ကိုပြု
ပြီးလျှင်။ တဘန်မိမိရရှိရင်းဖြစ်သောဝိတက်နှိုက်။ငြီးငွေ့ခြင်း
သဘောသို့ရောက်၏။ထိုပုဂ္ဂိုလ်သည်။ ဝိတက်မှလွန်မြောက်၍။
ဝိတက်မပါမရှိသော။အင်္ဂါလေးပါး မျှသာလျှင်ရှိသောဈာန်ကိုရ
ခြင်းငှါ။ အဇ္ဈာသယအလိုသည်။ ပုဂ္ဂိုလ်၏စိတ်နှိုက်ထင်လာ
တည်လာသတတ်။ ထိုအခါ။၎င်းပုဂ္ဂိုလ်သည်။ မိမိရရှိပြီးဖြစ်
သောပဉ္စမဈာန်ကိုပင်လျှင်။အခြေပါဒကမြဲစွာပြုလုပ်၍။ဈာန်ဝင်
စားပြီးလျှင်၊ ဈာန်မှထသောအခါ။ ယခင်အဇ္ဈာသယအလိုအ
တိုင်း။အဇ္ဈာသယနှင့်အတူတကွပင်လျှင်။မိမိသည်-တဘန်ဘာ

ဝနာကို။အာဘန်တလဲလဲအားထုတ်ဆည်းဘူးခြင်းကြောင့်။ လေ့လာပွါးများခြင်းကြောင့်။ ဝိတက်လျှင်အာဘောဟ်သဟဲမရှိသော ဝိတက်မပါသော။ ဈာန်အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဈာန်ကို ကောင်းစွာရပေ၏။ ။ပဌမဈာန်ဘာဝနာသည်ဝိတက်နှင့်ယှဉ် ခြားသော်လည်း။ ပုဂ္ဂိုလ်၏အဇ္ဈာသယသည်။ လွန်စွာထုံအပ် သည်၏အဖြစ်ကြောင့်။ဝိတက်ကိုပျောက်ကင်းစေတတ်သဖြင့်။ ဝိတက္ကဝိရာဂဘာဝနာမည်၏။ ၎င်းဘာဝနာ၏ အစွမ်းသတ္တိ ကြောင့်။ဈာန်သည်ဖြစ်ပေါ်လာသည်ရှိသော်။ ဝိတက်မပါသော အင်္ဂါလေးပါးသာလျှင်ရှိသောဈာန်ဖြစ်ပေါ်၏။ ဤဒုတိယဈာန်မှ ကြွင်းသောအထက်ဈာန်တို့ကိုရရာတို့နှိုက်လည်း။ ဤနည်းအ တိုင်းဟူ၍မှတ်။ ပုဂ္ဂိုလ်၏အလိုဖြစ်သောအဇ္ဈာသယသည်သာ လျှင်။ ဈာန်တို့၏အင်္ဂါပြုလုပ်အားထုတ်ခြင်းဖြစ်သည်ဟူ၏။ ဤ စကားခွဲ။အထက်ဈာန်တို့ကိုရနိုင်ရန်ပါဒကဖြစ်ခြင်းအကျိုး၎ါ။ မိမိတို့၏ရရှိပြီးဖြစ်သောရှေးရှေးဈာန်ကိုဝင်စားခြင်း၎ါ။ မချွတ် ကေန်အမှန်အလိုရှိအပ်ပေသည် ။အောက်အောက်နှိုက်လေ့လာအပ် ပြီးသောဈာန်သည်။ အထက်ဖြစ်သောဈာန်တို့ကိုရစေရန်နီးစွာ သောအကြောင်းဖြစ်သည်ကိုလည်း။အဋ္ဌကထာနှိုက်မိန့်အပ်ပေ ၏။ ။ဟေဋ္ဌိမံဟေဋ္ဌိမံပဂုဏဇ္ဈာနံ၊ ဥပရိမဿဥပရိမဿ ပဒဋ္ဌာနံဟောတိ။ ။အဓိပ္ပါယ်ကား။ ။ဟေဋ္ဌိမံဟေဋ္ဌိမံ၊အောက် အောက်နှိုက်ဖြစ်သော။ ပဂုဏဇ္ဈာနံ၊ လေ့လာအပ်ပြီးသောဈာန် သည်။ဥပရိမဿဥပရိမဿ၊အထက်အထက်ဖြစ်သောဈာန်၏။ ပဒဋ္ဌာနံ။ နီးလှစွာသောအကြောင်းသည်။ ဟောတိဖြစ်၏။ ။ ပုဂ္ဂိုလ်၏အဇ္ဈာသယအစွမ်းအားဖြင့်ကား။အထက်အထက်ဖြစ် သောဈာန်တရားတို့သည်ဖြစ်ပေါ်လာသည်ရှိသော်။ပါဒကဈာန် နှင့်အားတူအင်တူမမှတ်နှင့်။ ပါဒကဈာန်ထက်ပုဂ္ဂလဇ္ဈာသယ ဈာန်သည်။အားကြီးသည်အစွမ်းသတ္တိဗလခွန်အားရှိသည်မှတ်။ ထိုကြောင့်။ မြတ်စွာဘုရားရှင်သည်။ ပုဂ္ဂလဇ္ဈာသယဈာန်၏အ စွမ်းသတ္တိကိုရည်တော်မူ၍။ ။ဇုဇ္ဈတိဘိက္ခဝေ သီလဝတော

စေတောပဏိဓိဝိသုဒ္ဓတ္တာ။ ။ဈာနဝိဘင်းပါဠိတော်။ ။ဘိက္ခဝေ၊ ချစ်သားတို့။ သီလဝတော၊သီလနှင့်ပြည့်စုံသောသူ၏။စေတော ပဏိဓိ၊စိတ်၏တောင့်တခြင်းသည်။ဝါ၊ဖိတ်အလိုရှိတိုင်းတောင့် တအပ်သောဘုရားတို့သည်။ ဈာန္တတိ၊ပြည့်စုံခြင်းသို့မချဥ်ကောန် အမှန်ရောက်နိုင်ပါ၏၊ ကဿ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဝိသုဒ္ဓတ္တာ၊ သီလစင်ကြယ် သည်၏ အဖြစ်ကြောင့် တည်း။ ဝါ၊ ပုဂ္ဂိုလ်၏သီလ အစွမ်းဖြင့်၊ အဇ္ဈတ္တသန္တာသယ-စင်ကြယ် သည်၏ အဖြစ် ကြောင့် တည်း။ ဟုအနက်ပေး။ ။ယခု ပြဆို အပ်သော ပါဠိ တော်၏ သဘော သည်။ အထက် နိုက်ဖြစ်သော လောကုတ္တရာ စိတ်သို့ ရောက်သည်ရှိသော်။ သာ၍ပင်ထင်ရှားမှာဖြစ်ပေလတ့်။ ။အဘယ်ကြောင့်ဤရူပါ ဝစရစိတ်၏သင်္ခါရအပြားကို။ အနုရုဒ္ဓါဆရာ-မိန့်တော်မမူခဲ့ပါ သနည်း။ စောဒနာအမေးရှိအံ့။ ဘုရားဟော တော်မမူသော ကြောင့်တည်း။ အဘယ်ကြောင့် ပါဠိတော်နိုက်ဘုရားဟော တော်မမူပါသနည်းဟု-မေး။ ။ပဋိပဒါအပြားကိုဟောသဖြင့် သာလျှင်။အဝုတ္တသိဒ္ဓိအားဖြင့်။ထိုသင်္ခါရအပြားတို့သည်။ အလို လိုဟောတော်မူပြီးသည်၏အဖြစ်ကြောင့်တည်း။ အလုံးစုံသော လောကီလောကုတ္တရာဈာန်တို့၏။ သုခပဋိပဒါ အဖြစ်ကိုဟော တော်မူသည်ရှိသော်။အသင်္ခါရိကဈာန်အဖြစ်သည့်ရင်း။ ဒုက္ခပဋိ ပဒါအဖြစ်ကိုဟောလျှင်လည်း။သသင်္ခါရိကအဖြစ်။ရင်း-၂-ပါး တို့သည်။အလိုလိုသက်ဝင်ခြင်းသဘောဖြစ်၍။ ပဋိပဒါတို့နှင့်သ ဘောတူတထပ်တည်းဖြစ်၍။ ဘုရားဟောတော်မမူခဲ့သည်ဟု မှတ်။ ။ထိုကြောင့်။ အဓ္ဓသာလိနီအဋ္ဌကထာနိုက်။ ။ယော အာဒိတောကိလေသေဝိက္ခမ္ဘေန္တော၊ ဒုက္ခေနသသင်္ခါရေနသပ္ပ ကိလမန္တော၀ိက္ခမ္ဘေတိ။တဿဒုက္ခပဋိပဒါဟောတိ။ ယောကိ လေသေဝိက္ခမ္ဘေန္တောသုခေနအကိလမန္တော၀ိက္ခမ္ဘေတိ။တဿ သုခပဋိပဒါဟောတိ။ ။သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ။ ဂိ သုဒ္ဓိမဂ်အဋ္ဌကထာတို့နိုက်လည်း ဤအတိုင်းပင်ရှိ၏။ ။အ

နက်ကား။ ။ယော၊အကြင်ပုဂ္ဂိုလ်သည်။အာဒိတော၊အစနှိက်။
ကိလေသေ၊ ကိလေသာတို့ကို။ ဝိက္ခမ္ဘေန္တော၊ခွါသည်ရှိသော်။
ဒုက္ခေန၊ဆင်းရဲပြင်းပြင်းစွာနှင့်။သသင်္ခါရေန၊အကျူအမသင်္ခါရနှင့်
တကွ။ သပ္ပယောဂေန၊ ပယောဂသုံလနှင့်တကွ။ကိလမန္တော၊
ဆင်းရဲပင်ပန်းစွာနှင့်။ ဝိက္ခမ္ဘေတိ၊ ကိလေသာတို့ကိုခွါရပေ၏။
တဿ၊ထိုပုဂ္ဂိုလ်အား။ဒုက္ခပဋိပဒါ၊ဒုက္ခပဋိပဒါသည်။ ဟော
တိ၊ဖြစ်ပေ၏။ယော၊အကြင်ပုဂ္ဂိုလ်သည်။ကိလေသေ၊ကိလေသာ
တို့ကို။ဝိက္ခမ္ဘေန္တော၊ ခွါသည်ရှိသော်။သုခေန၊ ကိုယ်စိတ်မပန်း၊
ချမ်းသာစွာနှင့်။ အကိလမန္တော၊ ဆင်းရဲပင်ပန်းခြင်းအဖြစ်သို့
မရောက်ဘဲ။ဝိက္ခမ္ဘေတိ၊ ကိလေသာတရားတို့ကို ခွါနိုင်ပေ၏။
တဿ၊ထိုပုဂ္ဂိုလ်အား။သုခပဋိပဒါ၊သုခပဋိပဒါသည်။ဟောတိ၊
ဖြစ်ပေ၏။ ။ဤစကားနှိက်။ဝိက္ခမ္ဘေတိ-ဟူသော ပါဠ်ကိုမြင်သ
ဖြင့်။ ကိလေသာကိုခွါ၏ဆိုသော်လည်း။ဝိက္ခမ္ဘနသဒ္ဒါ-ကိုရည်
တော်မူ၍အဋ္ဌကထာဆရာခိန့်သည်။ (လောကီဈာန်သက်သက်
ဟုမှတ်)။ရှေ့ဝါကျနှိက်လည်း။ဒုက္ခေနသသင်္ခါရေန သပ္ပယော
ဂေန-ဟူ၍မြင်အပ်သည်အဖြစ်ကြောင့်။နောက်ဝါကျနှိက်လည်း
ဤနည်းအတူ။သုခေန အသင်္ခါရေန အပ္ပယောဂေန-ဟူ၍ သိ
အပ်မြင်အပ်ပေ၏။သသင်္ခါရေန သပ္ပယောဂေန-ဟူသည်ကား။
သင်္ခါရပယောဂ-နှင့်တကွဖြစ်သော။ ကာမဂုဏ်တို့၏အပြစ်
ကိုမြင်ခြင်း အစရှိကုန်သောအကြောင်းတို့သည်သာလျှင် ဖြစ်
သည်မှတ်။ဤစကားသည်။အလုံးစုံသောဒုက္ခပဋိပဒါဈာန်တို့၏
သသင်္ခါရိကအဖြစ်ကိုဆိုရာ ကျသည်လည်းဟုတ်၏။ အသင်္ခါ
ရေနအပ္ပယောဂေန-ဟူသည်ကား။သင်္ခါရပယောဂ တို့မှကင်း
၍။ထိုကာမဂုဏ်တို့၏အပြစ်။အာဒိနဝတို့ကိုမြင်ခြင်း အစရှိကုန်
သော အကြောင်းတို့သည်သာဟု မှတ်။ ဤစကားဖြင့်လည်း။
အလုံးစုံသောသုခပဋိပဒါဈာန်တို့၏။အသင်္ခါရိက အဖြစ်ကိုဆို
ရာကျသည်လည်းဟုတ်၏။ခိပ္ပါဘိညာဈာန်တို့သည်။ဒုက္ခပဋိပဒါ
ဖြစ်သည်ရှိသော်။သသင်္ခါရိကဟုမှတ်။ ဒန္ဓာဘိညာဈာန်ပင်ဖြစ်

ပြားသော်လည်း။သုခပဋိပဒါဖြစ်သည်ရှိသော်ကား။ အသင်္ခါရိကဟူ၍ပင်မှတ်။ ။မှတ်ရန်။ ။ဒုက္ခပဋိပဒါ၊ခိပ္ပါဘိညာ၊ ဒုက္ခပဋိပဒါဒန္ဓာဘိညာ။သုခပဋိပဒါခိပ္ပါဘိညာ၊သုခပဋိပဒါဒန္ဓာဘိညာ။ အသင်္ခါရိက၊သသင်္ခါရိကသဘောသည်၊ ဒုက္ခပဋိပဒါ၊ဒုက္ခပဋိပဒါကိုမယူနှင့်။ ခိပ္ပါဘိညာ၊ဒန္ဓာဘိညာ သဘောကိုသာလျှင်ယူ။ ခိပ္ပဖြစ်လျှင်၊အသင်္ခါရိက။ ဒန္ဓဖြစ်လျှင်၊ သသင်္ခါရိကချည်းဟုမှတ်)။ထိုပြင်မှတပါးလည်း။လောကုတ္တရာ၊လောကီတို့နှိုက်ပင်လျှင်။ပဋိပဒါမှကင်းကုန်သော။မဂ္ဂသိဒ္ဓဈာန်၊ ဥပပတ္တိသိဒ္ဓဈာန်တို့သည်။အဘယ်သို့လျှင် သင်္ခါရအပြားအားဖြင့်ပြီးပါသနည်း စောဒနာအမေးရှိခဲ့။ထိုမဂ္ဂသိဒ္ဓဈာန်၊ ဥပပတ္တိသိဒ္ဓဈာန်တို့သည်။ သုံးသပ်ဆင်ခြင်သောကာလနှိုက်။သမာပတ်တရားတို့၏ အန္တရာယ်ဖြစ်ကြကုန်သောအကြောင်းတို့ကို။ အနီးနှိုက်မရှိ မလာမရောက်မတည်ခြင်း။ လာရောက်တည်ခြင်းတို့၏ အစွမ်းအားဖြင့်။ဒုက္ခပဋိပဒါ၊သုခပဋိပဒါအဖြစ်၏ဖြစ်သင့်ခြင်းသာလျှင်ဟုမှတ်ရာ၏။ထိုဈာန်–၂-ပါးတို့တွင်။မဂ္ဂသိဒ္ဓဈာန်မည်သည်ကား။

တတ္ထမဂ္ဂသိဒ္ဓဈာနံနာမ သုဒ္ဓဝိပဿနာယာနိကာနံ၊ မဂ္ဂပဋိလာဘေနသဟေဝသိဒ္ဓဈာနံ၊တံဒုဝိဓံဟေဋ္ဌိမမဂ္ဂသိဒ္ဓံ၊အရဟတ္တမဂ္ဂသိဒ္ဓဉ္စ၊တတ္ထမဟာသမယသုတ္တေအာဂတာနံ၊ပဉ္စသတာနံဘိက္ခူနံဈာနံ၊ဟေဋ္ဌိမမဂ္ဂသိဒ္ဓံ၊ အာနန္ဒတ္ထေရဿဈာနံ၊ အရဟတ္တမဂ္ဂသိဒ္ဓံ။ ။ယံပိအနာဂါမီနံ၊ အဇ္ဈာနဿာနုဘာဝေဝသတ္တေနဟာနိတွာသဟာသာ။မရဏန္တာနံဥပပန္နံ တံပိမဂ္ဂသိဒ္ဓံဧတိကံ။ ။ဋီကာသစ်။ ။

အနက်ကား။ ။တတ္ထ၊ထို–၂–ပါးတို့တွင်။မဂ္ဂသိဒ္ဓဈာနံနာမ၊မဂ္ဂသိဒ္ဓဈာန်မည်သည်ကား။သုဒ္ဓဝိပဿနာယာနိကာနံ၊သက်သက်သောဝိပဿနာယဉ်သာလျှင်ရှိသော ပုဂ္ဂိုလ်တို့၏။ မဂ္ဂပဋိလာဘေန၊မဂ်ကိုရသည်နှင့်။သဟေဝ၊ အတူတကွသာလျှင်၊ သိဒ္ဓဈာနံ၊ ဈာန်တရားကို အားမထုတ်ဘဲနှင့် အလိုလို ပေါ်ပေါက်ရရှိသောဈာန်ပေတည်း။ တံ၊ ထိုမဂ္ဂသိဒ္ဓဈာန်သည်။ ဟေဋ္ဌိမမဂ္ဂသိဒ္ဓံ၊ အောက်မဂ်နှိုက် အလိုလိုရရှိပြီးသော ဈာန်ဝင်း။အ

ရဟတ္တမဂ္ဂသိဒ္ဓံ၊အရဟတ္တမဂ်ကိုရသည်နှင့်တပြိုင်နက်အလိုလို ရရှိသောဈာန်ဝင်း။ဣတိ၊ဤသို့။ဒုတိယံ၊— ၂–ပါးအပြားရှိ၏။တဲ့တ္တ၊ ထို၂ပါးတို့တွင်။မဟာသမယသုတ္တေ၊မဟာသမယသုတ်တော်၌။ အာဂတာနံ၊လာကုန်သော။ပဉ္စသတာနံဘိက္ခူနံ၊ ၅၀၀ ရောကုန်သော ရဟန်းတော်တို့၏။ဈာနံ၊ဈာန်သည်။ဝေဟာဒ္ဓိမမဂ္ဂသိဒ္ဓံ၊အောင်မဂ်၌ ပြီးသောဈာန်မည်၏။အာနန္ဒတ္ထေရဿ၊ ဘုရားညီတော်အာနန္ဒာ မထေရ်မြတ်၏။ဈာနံ၊ဈာန်သည်။အရဟတ္တမဂ္ဂသိဒ္ဓံ၊ အရဟတ္တမဂ် နှင့်ပြီးသောဈာန်မည်၏။ အဇာနန္တာနံဧဝ၊ သစ္စာလေးပါး မြတ်တရားတို့ကို မျက်ဝါးထင်ထင် မသိကုန်ခင် သာလျှင်။ သဗ္ဗေသံ၊ ထားလက်နက်ဖြင့်။ ဟနိတ္တွာ၊ သတ်၍။ သဟာသား၊ အဆောတလျှင်။မရန္တာနံ။သေကြကုန်သော။ အနာဂါမိနံ၊အနာ ဂါမ်ပုဂ္ဂိုလ်တို့အား။ယံပိ၊ အကြင်ဈာန်သည်လည်း။ ဥပ္ပန္နံ၊ဖြစ် ပေါ်ကုန်၏။တံပိ၊ထိုဈာန်သည်လည်း။ မဂ္ဂသိဒ္ဓဂတိကံ၊မဂ္ဂသိဒ္ဓ ဈာန်နှင့်အလားတူ၏။ဝါ၊မဂ္ဂသိဒ္ဓဈာန်နှင့်အတူတူပင်ဖြစ်ပါ၏။

ဥပပတ္တိသိဒ္ဓဈာန်ဟူသည်ကား။ ။ယောပန အဓ္ဓသမာ ပတ္တိယော၊ဘာဝေတွာ။ အညတြသို့ ရူပဗြဟ္မလောကေနိဗ္ဗတ္တိ။ တဿတာသမာပတ္တိယော။ တတ္ထပါကတိကာ ဧဝဟောန္တိ။ ဣဒံဥပပတ္တိသိဒ္ဓန္တိ။ ။ကေသိဉ္စိဘဝေပိဟိ လဒ္ဓဇ္ဈာနာနိဝဍ္ဍန ကာလေ။ သန္တိဟိတပစ္စယ ဝသေန။ နာနာပဋိပဒါ ယုတ္တာနိ ဟောန္တိတိ။ ။ဋီကာသစ်။ ။အနက်ကား။ ။ယောပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ အဋ္ဌသမာပတ္တိယော၊ ၈ပါးသော သမာပတ်တို့ကို။ဘာဝေတွာ၊ပွါး၍။အညတြသို့၊ အမှတ်မရှိတ ရရသော။ရူပဗြဟ္မလောကေ၊ ရူပဗြဟ္မာဘုံနိုက်။နိဗ္ဗတ္တိ၊ဖြစ်၏။ တဿ၊ထိုပုဂ္ဂိုလ်အား။ တာသမာပတ္တိယော၊ ထိုသမာပတ်အ ပေါင်းတို့သည်။ပါကတိကာဧဝ၊ပြကတေ့အတိုင်းတို့သည်သာ လျှင်။ဟောန္တိ၊ဖြစ်ကြကုန်၏။ဣဒံ၊ဤဈာန်သည်။ဥပပတ္တိသိဒ္ဓံ၊ဥ ပပတ္တိသိဒ္ဓဈာန်မည်၏။ ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်၏။ဟိ၊သစ္စံ၊

ထိုစကားမှန်ပါ၏၊ ကောသို့ဘဝေပိ၊ တခုသောဘဝနှိုက်လည်း။ လဒ္ဓါသေဝနာနိ၊ ရအပ်ကုန်သောဈာန်တို့သည်။ ဝဍ္ဎနကာလေ၊ သုံးဆောင်သောကာလနှိုက်။ သန္နိဟိတပစ္စယဝသေန၊ အနည်းနှိုက်တည်သောအကြောင်း၏အစွမ်းဖြင့်။ နနာပဋိပဒါယုတ္တာနိ၊ အထူးထူးအပြားပြားများသော ပဋိပဒါတို့နှင့် ယှဉ်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ဣတိ၊ဤသို့။ ဝေဒိတဗ္ဗံ၊သိအပ်၏။ ။ဈာနပ္ပဋိပ္ပဋိပဒါရဟိတတ္တာဝ၊အသင်္ခါရိကဈာနေသု။တေသံသင်္ဂဟောယုဇ္ဇောသိယာတိ။ ။ဋီကာသစ်။ ။အနက်ကား။ ။ဝါ၊ တနည်းကား။ဈာနပ္ပဋိပ္ပဋိပဒါရဟိတတ္တာ၊ ဈာန်ဖြစ်ခြင်း၏အကြောင်းပဋိပဒါကင်းသည်၏အဖြစ်ကြောင့်။ အသင်္ခါရိကဈာနေသု၊အသင်္ခါရိကဈာန်တို့နှိုက်။ တေသံ၊ ထိုသိဒ္ဓဈာန်တို့ကို။ သင်္ဂဟော၊ရေတွက်အပ်သည်။ယုဇ္ဇော၊ယှဉ်သည်။ သိယာ၊ဖြစ်ရာ၏။ဣတိ၊ဤသို့။ဝေဒိတဗ္ဗံ၊သိအပ်ပါ၏။ ။ထိုဋီကာဆရာ၏အာဘောဂနှိုက်။မဂ္ဂသိဒ္ဓဈာန်သည်။မဂ်ကိုရသည်နှင့်တပြိုင်နက်အလိုလိုပြည့်စုံခြင်း ဖြစ်ပေါ်ခြင်းကိုပြသည်။ ဥပပတ္တိသိဒ္ဓဈာန်နှိုက်။လူ့ဘဝကလေ့ကျက်သောဈာန်အတွင်း။ မယုတ်သောဈာန်ရှိသဖြင့်။ဗြဟ္မာပြည်၌ ပဋိသန္ဓေကိစ္စဖြင့်ရအပ်သည် ရှိသော်. ဈာန်တရားတို့ကို။လေ့လာ ပွါးများရခြင်းတဘန်အားမသစ်ရဘဲ။လူဘဝက-လေ့ကျက် အားထုတ်သဖြင့် ရရှိပြီးသောဈာန်အတွင်း။ အလိုလိုဖြစ်ပေါ်ရရှိခြင်း။ ပြည့်စုံပြီးမြော်ခြင်းတို့ကိုပြတော်မူသည်။လူဘဝတွင်။လေ့လာအားထုတ်သဖြင့်။ ရရှိသောဈာန်တရားတို့ကို။ပဋိပဒါသိဒ္ဓဈာန်ဟူ၍ပြတော်မူလိုသည်။ ။ငင်းမဂ္ဂသိဒ္ဓဈာန်၊ဥပပတ္တိသိဒ္ဓဈာန်တို့ကို အသင်္ခါရိကဟု။ သဘောယုတ္တိပြုသည်။ ။နေတ္တိပါဠိတော်နှိုက်ကား။ ။အလုံးစုံသောလောကီလောကုတ္တရာသမာဓိတို့၏ သင်္ခါရအပြားတို့ကို သရုပ်အားဖြင့်ညွှန်တော်မူ၏။ အဘယ်ကဲ့သို့ နည်းဟူမူ။ ။ဒွေသမာဓိယော။ သသင်္ခါရောသမာဓိ၊ အသင်္ခါရောသမာဓိ။ ။အနက်ကား။ ။ဒွေသမာဓိယော၊နှစ်ပါးသောသမာဓိတရားတို့သည်။

သသင်္ခါရေသမာဓိ၊သင်္ခါရိကသမာဓိရင်း။ အသင်္ခါရေသမာ
ဓိ၊အသင်္ခါရိကသမာဓိရင်း။ ဟူ၍ဟောတော်မူသည်။ ။အဇ္ဈ
ကထာယဥ္စသုခပ္ပဋိပဒါပုဗ္ဗကာနံ။ ဒွိန္နံဒန္ဓာဘိညာခိပ္ပါဘိညာ သမာ
ဓိနံ။အသင်္ခါရဘာဝေါဒုက္ခပ္ပဋိပဒါ။ဗုဗ္ဗကာနံဒွိန္နံ။သသင်္ခါရဘာ
ဝေါစဝုတ္တောတိ၊ ။အနက်ကား။ ။အဇ္ဈကထာ ယဥ္စ၊
အဇ္ဈကထာနှိုက်လည်း။သုခပ္ပဋိပဒါပုဗ္ဗကာနံ၊ သုခပဋိပဒါရှေ့
သွားရှိကုန်သော။ဒွိန္နံ၊နှစ်ပါးကုန်သော။ ဒန္ဓါဘိညာ-ခိပ္ပါဘိညာသ
မာဓိနံ၊ဒန္ဓာဘိညာ၊ခိပ္ပါဘိညာသမာဓိတို့၏။ အသင်္ခါရဘာဝေါစ၊
အသင်္ခါရ အဖြစ် ကို ရင်း။ သသင်္ခါရဘာဝေါစ၊ သသင်္ခါရ
အဖြစ်ကိုရင်း။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ဖြစ်၏။ ။
ဤမျှတည်းသော စကား အစဉ်ဖြင့်။ မဟဂ္ဂုတ် လောကုတ္တ
ရာဈာန် စိတ်တို့၏ အသင်္ခါရိက၊ သသင်္ခါရိက၊ အစွမ်းအား
ဖြင့်။အသီးအသီးနှစ်ပါးအပြားရှိကြပါ၏။ ထိုကြောင့်။ဤသင်္ခါရ
ဟူသောဝေါဟာရသည်၊အကုသိုလ်တို့အားလည်းဆက်ဆံ၏။
ပဋိပဒါဟူသောဝေါဟာရသည်ကား။ဝိသေသအထူးအားဖြင့်။
ပဋိပတ္တိဓမ္မတို့နှိုက်သာလျှင် ထင်ရှားလှပါ၏။ မဟဂ္ဂုတ်လော
ကုတ္တရာတရားတို့သည်လည်း။ စင်စစ် ပဋိပတ္တိတရားသာလျှင်
ဖြစ်ပါ၏။ထိုမဟဂ္ဂုတ်လောကုတ္တရာစိတ်တို့၏အပြားကို။ သင်္ခါ
ရ၏အဖြစ်ဖြင့်မဟောမူ၍။ပဋိပဒါ၏ အဖြစ်ဖြင့်သာလျှင်ဟော
တော်မူ၏။ ဓမ္မသင်္ဂဏီပါဠိတော်နှိုက်ဟောတော်မူအပ် သလျှင်
ကတည်း။

လောကနှိုက်ရင်း။သာသနာတော်နှိုက်ရင်း။ အလုံးစုံဖြစ်ကြ
ကုန်သောကုသိုလ်ကံ၊အကုသိုလ်ကံအပေါင်းတို့သည်။ မိမိတို့
အားလျော်သော။ဗုဗ္ဗာဘိသင်္ခါရကင်း၍ဖြစ်ခြင်းမည်သည်မရှိ။
အယုတ်အားဖြင့်။တလုပ်တဆုပ်သောဆွမ်းအလှူမျှပင်ဖြစ်သော်
ငြားသည်း။သင့်လျော်သော-ပရိကမ္မသင်္ခါတ၊ ပုဗ္ဗာဘိသင်္ခါရ
တခြားတို့နှင့်ကင်း၍ဖြစ်ရခြင်းမည်သည်မရှိ။ အကြင်စိတ်သည်။
မိမိနှင့်သင့်လျော်သော။ပရိကံဟုဆိုအပ်သော။ ပုဗ္ဗာဘိသင်္ခါရ

တရားတို့နှင့်ကင်း၍- မဖြစ်နိုင်ပေ။ ထိုပရိကံဟု ဆိုအပ်သော ပုဗ္ဗာဘိသင်္ခါရသည်။ ၎င်းစိတ်၏ အကြောင်းအပေါင်းနိုက်သာလျှင် အတွင်းဝင်သည် ဖြစ်ပါ၏။ လောကီ လောကုတ္တရာတို့နိုက်ထင်ရှားဖြစ်ကုန်သော။အလုံးစုံသော ဈာန်တို့သည်လည်း။ မိမိမိမိတို့နှင့် သင့်လျော်သော (ဘာဝနာဘိသင်္ခါရနှင့်ကင်း၍) ဘာဝနာကိုပြုပြင်တတ်သောသင်္ခါရတရားနှင့်ကင်း၍။ဖြစ်ခြင်းမည်သည်မရှိ။ ထိုဘာဝနာကို ပြုပြင်တတ်သော ဘာဝနာဘိသင်္ခါရတရားသည်။ ထိုဈာန်စိတ်တို့၏။ ပြကတေ့ အကြောင်းအပေါင်းတို့နိုက်သာလျှင်။အတွင်းဝင်ဖြစ်ပါ၏။ ဤသဘောကိုထုတ်ဆော်သည်ရှိသော်ကား။ အလုံးစုံသော ကုသိုလ်အကုသိုလ်အပေါင်းတို့မည်သည်။ အသင်္ခါရိကကုသိုလ်ဟူ၍ ၎င်း။ သသင်္ခါရိကကုသိုလ်ဟူ၍၎င်း။ ၂-ပါးစလုံး သင့်မြတ်လှပေ၏။ လောကီဈာန်တို့သည်သည်လည်း။ အဓိကာရနှင့်ကင်း၍ဖြစ်နိုင်ကုန်ဟူ၍မဆိုအပ်။အကြောင်းမှာ။ရှေးဘဝ၌။ သမထအမှုတို့၌ပြုအပ်ပြီးသောအဓိကာရရှိသောပုဂ္ဂိုလ်အား။ သုခပဋိပဒါဈာန်သည်-ဖြစ်နိုင်ပါ၏၊ပြုအပ်ပြီး အားထုတ်အပ်ပြီးသော။ရှေးဘဝက၊ရှေးရှေးက၊အဓိကာရမရှိသောပုဂ္ဂိုလ်အား။ ဒုက္ခပဋိပဒါဈာန်သည်-ဖြစ်ပေ၏။ဤနည်းအတိုင်းပင်လျှင် အဋ္ဌကထာဆရာတို့လည်းမိန့်အပ်၏။ ။ယောစသမထေ အကတာ ဓိကာရော။ တဿဒုက္ခပဋိပဒါဟောတိ။ ကတာဓိကာရဿသုခါတိ။ ။ အနက်ကား။ ။ယောစ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။သမထေ၊ သမထနိုက်။အကတာဓိကာရော၊ပြုအပ်ပြီးသောအဓိကာရမရှိ။ တဿ၊ထိုပုဂ္ဂိုလ်အား။ ဒုက္ခာ၊ဆင်းရဲသော။ ပဋိပဒါ၊ အကျင့်သည်။ဟောတိ၊ဖြစ်၏။ ကတာဓိကာရဿ၊ ပြုအပ်ပြီးသော အဓိကာရရှိသော။တဿ၊ထိုပုဂ္ဂိုလ် အား။သုခါ၊ချမ်းသာသော။ ပဋိပဒါ၊အကျင့်သည်။ဟောတိ၊ဖြစ်ပါ၏။ ။ရှေးဘဝနိုက်ရရှိပြီးသောအဓိကာရကိုယူ၍။ဤနေရာနိုက်သင်္ခါရအပြားကိုစီစစ်ခြင်းသည်လည်း။မှတ်ရန်တနည်းပင်ဖြစ်ပါ၏။

ဈာန်ကိုအားထုတ်သော ပုဂ္ဂိုလ်တို့အား နိမိတ်ဖြစ်သည်မှ။ ရှေးနှိက်၊သို့မဟုတ်။ နိမိတ်မရမီ ရှေးအဘို့သည်။ ပဋိပဒါ၏ ခေတ်မည်သည်မှတ်။နိမိတ်ရလေပြီးသော နောက်အဘို့သည်။ အဘိညာဉ်၏ခေတ်မှတ်။ထိုစကားနှိက်။ရှေ့နှိက်ဆန့်ကျင်ဘက်ဖြစ်သောအကြောင်းတို့၏။အနီးနှိက်တည်ခြင်းကြောင့်။ ပင်ပန်းဆင်းရဲသောအားဖြင့်ကျင့်သောပုဂ္ဂိုလ်၏ဘာဝနာအကျင့်သည်။ ဒုက္ခဘာဝနာမည်ပါ၏။ ပင်ပင်ပန်းပန်းမရှိဘဲကျင့်သောပုဂ္ဂိုလ်၏ဘာဝနာအကျင့်သည်။ချမ်းချမ်းသာသာနှင့်ကျင့်ရခြင်းဖြစ်ပါ၏။နောက်အခါနှိက်လည်း။နှံ့နှေးစွာနှင့်အပ္ပနာသို့ ရောက်သောပုဂ္ဂိုလ်၏အဘိညာဏ်သည်။ ဒန္ဓာဘိညာဉ်မည်ပါ၏။ လျင်စွာကျင့်သောပုဂ္ဂိုလ်၏။ဘာဝနာအဘိညာဉ်သည်။ ခိပ္ပါဘိညမည်ပါ၏။ရှေးကဆင်းရဲစွာနှင့် ကျင့်ရပြီးမှ။ နောက်နှိက်-လျင်လျင်မြန်မြန်နှင့်ရင်း။နှံ့နှေးစွာနှင့်ရင်း။ ဖြစ်ပေါ်ရရှိသော ဈာန်သည်။ ဒုက္ခပဋိပဒါဈာန်ဟုခေါ်ပါ၏။ ရှေးကချမ်းသာစွာနှင့်ကျင့်ရပြီးမှ။နောက်နှိက်-လျင်လျင်မြန်မြန်နှင့်ရင်း။ နှံ့နှေးစွာနှင့် ရင်းဖြစ်ပေါ် ရရှိသောဈာန်သည်။သုခပဋိပဒါဈာန်ခေါ်ပါ၏။

ဒုတိယဈာန်အစရှိသည်တို့နှိက်ကား။ ရရှိပြီးဖြစ်သောပဌမဈာန်နှိက်။နိကန္တိကိုစွါခြင်း၏ သုခ ဒုက္ခအစွမ်းဖြင့်။ ပဋိပဒါအပြားကိုမှတ်။ဂဟာဋ္ဌလူသည်ရင်း။ပဗ္ဗဇိတရဟန်းသည်ရင်း၊ရှေးဘဝနှိက်ပြုအပ်ပြီးသောအဓိကာရမရှိငြားသော်သည်း။ အန္တရာယ်ခမ္မတို့မှလွတ်သည်ဖြစ်၍။ ကောင်းသောအကျင့်နှိက် တည်နိုင်သောကြောင့်။ပယ်ဖြတ်အပ်ပြီးသောပလိဗောဓရှိသည်ဖြစ်ပါ၍၊ ကမ္မဋ္ဌာန်းသို့သက်ဝင်ချင်းနင်းအားထုတ်ပွါးလိုသော စိတ်ရှိသဖြင့်။ဈာန်ကိုပွါးများ၏။ ထိုပုဂ္ဂိုလ်၏ဈာန်ကို ပွါးများခြင်းသည်။ ဈာန်၏တရား၏ပြီးမြောက်ပြည့်စုံခြင်း အကြောင်းသာလျှင်ဖြစ်ပေ၏။

ကုသိုလ်ဈာန်ပြီး၏။

ဝိပါက်ဈာန်နိုက်ကား။ ။အပ္ပနာသို့မရောက်နိုင်ဘဲ။ သိမ်ဖျင်းပေါ့ပျက်သောကာမာဝစရကုသိုလ်သည်။အားနည်းသည်ဖြစ်၍သေးငယ်လှကုန်သော အထူးထူးသော ကိစ္စဋ္ဌာနတို့နိုက်၎င်း။ယုတ်ညံ့သော အတ္တဘောတို့နိုက်၎င်း။ အကျိုးပေးတတ်ချေသည်။ ပေးလည်းပေးတတ်၏။ သို့ဖြစ်၍။ ထိုကာမာဝစရကုသိုလ်သည်။မိမိနှင့်ထပ်တူထပ်မျှ အလိုကျမရှိလေဘဲ။ မတူသော ယုတ်ညံ့သော အကျိုးကို ပေးတတ်ချေ၏။ မဟဂ္ဂုတ်ကုသိုလ်မျိုးတို့ သည်ကား။ အပ္ပနာသို့ ရောက်သည် ဖြစ်၍။ ထက်မျက်သော အားအင်ကြီးသော သတ္တိ ရှိပါ၏။ မွန်မြတ်တင့်တယ်သော။ ပြဟ္မာ အတ္တဘော-တည်းဟူသော ဘဝင်ဌာနတို့နိုက် သာလျှင် အကျိုး ပေး၏။ ထို့ကြောင့်။ အလုံးရုံသောဝိပါက်တို့ကို ကုသိုလ်နှင့်အတူသာလျှင် မှတ်ယူအပ်ပေသတည်း။(အခြားမဲ့သောဘဝနိုက်သာလျှင် အကျိုးပေးခြင်းရှိသောအဖြစ်ကြောင့်။ထိုမဟဂ္ဂုတ်ကံသည်မိမိနှင့်ထပ်တူထပ်မျှတူသည်သာလျှင်ဖြစ်သော။ ဝိပါက် အကျိုးကို ဖြစ်စေတတ်သည်ဖြစ်စေသည်ဟုဆရာတို့ဆိုကြပါ၏။ ထိုဆရာတို့ဆိုတိုင်းဟုတ်မှန်ခဲ့သည်ရှိသော်။ ကာမကုသိုလ်၏ သတ္တိမဖောသည်။မိမိနှင့်တူမျှသောဝိပါက်အကျိုးကိုသာလျှင် ဖြစ်စေနိုင်ရာ၏ဟုလျှဉ်းပါးဘွယ်ဖြစ်၏။ ကုသိုလ်သည်သာလျှင် အနုသယကင်းသောပုဂ္ဂိုလ်တို့၏သန္တာန်နိုက် ဖြစ်သည်ရှိသော်။ ကြိယာဈာန်မည်ပါ၏၊ထို့ကြောင့်။ကြိယာစိတ်ကိုကုသိုလ်နှင့် ထပ်တူထပ်မျှပြုအပ်ပါသတည်း)။

ဈာန်အပြားဟူရာနိုက်။ပဌမဈာန်အစရှိသော ငါးပါးသောဈာန်တို့နှင့်ယှဉ်သောအပြားအားဖြင့်။ရူပါဝစရစိတ်သည်ဈာန်အပြားအားဖြင့် ငါးပါးအပြားရှိသည်ဖြစ်ပါ၏။ ပဌမဈာန်နှင့်ယှဉ်သောစိတ်၎င်း။ဒုတိယဈာန်နှင့်ယှဉ်သောစိတ်၎င်း။တတိယ

ဈာန်နှင့်ယှဉ်သောစိတ်ရင်း။ စတုတ္ထဈာန်နှင့်ယှဉ်သောစိတ်ရင်း။ ပဉ္စမဈာန်နှင့်ယှဉ်သောစိတ်ရင်း။ ဤသို့လျှင် ငါးပါးအပြားရှိသည်ဖြစ်ပါ၏။ ထိုရူပါဝစရစိတ်သည်သာလျှင်။ ကုသိုလ်အပြား ဝိပါက်အပြား၊ ကြိယာအပြားအားဖြင့်-၁၅-ပါးရှိပါ၏။

ရူပါဝစရဈာန်ပြီး၏။

---

ဤနေရာနှိုက်။ အစဉ်ရောက်သည့် အားလျော်စွာ။ အရူပစိတ်ကိုညွှန်းပြတော်မူလိုသောရှင်အနုရုဒ္ဓါဆရာမြတ်သည်။ အာကာသာနဉ္စာယတနကုသလစိတ္တံ-ဟူသောစကားကို မိန့်တော်မူပါ၏။ ။ဘုသောကာသတိဒိဗ္ဗတီတိ အာကာသော။ ။ဝိဂြုဟ်ပြု။ ။ဘုသော၊ လွန်စွာ။ ကာသတိဒိဗ္ဗတိ၊ ထွန်းပ၏။ ဇုတိ တသ္မာ၊ ထိုကြောင့်။ အာကာသော၊ အာကာသမည်၏။ ။ ထိုအာကာသကောင်းကင်သည်။ သရုပ်အားဖြင့် အကောင် အထည်အနေနှင့်မရအပ်ငြားသော်လည်း။ လရောင်နေရောင် အစရှိသည်တို့၏အစွမ်းဖြင့်။ အလွန်လျှင်တောက်ပသကဲ့သို့ ထင်ရမြင်ရပါ၏။ ဖြတ်ခြင်း၊ ခွဲခြင်း။ အပိုင်းအပိုင်းပြုလုပ်ခြင်း။ ရေးခြစ်ခြင်းဟူဆိုအပ်သော တစုံတခုသောပယောဂတို့ဖြင့် ပြုလုပ်ခြင်းငှါလည်း။ ကြံစည်ခြင်းငှါ၊ မတတ်နိုင်ရာပေ။ ထိုကြောင့်။ အာကာသဟူ၍ဆရာတို့မိန့်ကြပါ၏။

ထိုအာကာသ ကောင်းကင်သည်ကား။ အဇဋာ ကာသ ကောင်းကင်။ ပရိစ္ဆိန္နာကာသကောင်းကင်။ ကသိဏုဂ္ဃာဋိမာကာသကောင်းကင်။ ရူပပရိစ္ဆေဒါကာသ ကောင်းကင်-ဟူ၍ ၄-ပါးအပြားရှိပါ၏။ ထို-၄ ပါးတို့တွင်။ ဤနေရာနှိုက်။ ကသိ

ကသိဏုဂ္ဃါဋိမာကာသ- ဟူသော ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်ကိုသာလျှင်အလိုရှိအပ်ပါသတည်း။ ထိုကသိုဏ်း ကိုခွါ၍ရအပ်သောကောင်းကင်သည်။ အဆုံးမရှိသောအဇဋာ ကာသကောင်းကင်နှင့်အတူတကွ။ တပေါင်းတည်းဖြစ်သကဲ့ သို့ဖြစ်ပါ၏။ ယောဂီပုဂ္ဂိုလ်သည်အဆုံးမရှိသည်၏အဖြစ်ဖြင့်နှံ့ စေအပ်၏။ ထိုကြောင့်။ အဆုံးမရှိသောကောင်းကင်ကို အာကာ သာနန္တမည်ပါ၏။ ။ယောဂိနာ စ အနန္တဘာဝေန ဖရိယတိ၊ တသ္မာအနန္တော အာကာသောတိ၊ အာကာသာနန္တော။ ။ ယောဂိနာ၊ ယောဂီပုဂ္ဂိုလ်တို့သည်။ အနန္တဘာဝေန၊ အဆုံးမရှိ သည်၏အဖြစ်ဖြင့်။ ဖရိယတိ၊ နှံ့စေအပ်၏။ တသ္မာ၊ ထိုကြောင့်။ အနန္တော၊ အဆုံးမရှိသော။ အာကာသော၊ ကောင်းကင်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာကာသာနန္တော၊ အာကာသာနန္တ မည်ပါ၏။ ။ဤသို့ဝိဂြိုဟ်ပြု။ ။ထိုကောင်းကင်အား။ ဥပါဒ် စွန်းသည်ရင်း။ ဘင်စွန်းသည်ရင်းမရှိ။ ထိုကြောင့်။ အနန္တ-ဟူ၍ လည်း ဆိုအပ်ပါသေး၏။ ထိုအာကာသာနန္တ-သည်ပင်လျှင်။ သကတ်အနက်နိုက်။ ယ-အက္ခရာနှင့်တကွ ပြီးသည်၏ အဖြစ် ကြောင့်။ အာကာသာနဉ္စမည်သည်မှတ်။ နတ်တို့၏တည်ရာ နတ် ကွန်းကို ဒေဝါယတန-ဟူ၍ဆိုအပ်သကဲ့သို့။ ထို အတူ ဤအရာ နိုက်လည်း။ အဆုံးမရှိသောကောင်းကင်နိုက်။ အပ္ပနာသို့ရောက် သောသမ္ပယုတ်တရားတို့နှင့်တကွ ဖြစ်သောဈာန်၏။ တည်ရာ ဟူသောအနက်ကြောင့်။ ထိုအဆုံးမရှိသော ကောင်းကင်ကိုပင် လျှင်။ အာယတနဟူ၍မှတ်။ ။အာကာသာနဉ္စံ၊ အာယတန မဿာတိ အာကာသာနဉ္စာယတနံ။ ။အဿ၊ ထိုတရား အပေါင်းအား။ အာကာသာနဉ္စံ၊ အဆုံးမရှိသော ကောင်းကင် ဟုဆိုအပ်သော။ အာယတနံ၊ တည်ရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာ ယတနမည်၏။ ။စိတ်၊ စေတသိတ် တရား အစုအပေါင်းကိုရ သည်။ ။ထိုကြောင့်။ ဝိဘင်းပါဠိတော်နိုက်။ ။အာကာသာ

နဉ္စာယတနံ၊သမာပန္နဿဝါ၊ ဥပပန္နဿဝါ၊ ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ၊စိတ္တစေတသိကာဓမ္မာ။ ။အနက်ကား။ ။အာကာသာနဉ္စာယတနံ၊အာကာသာနဉ္စာယတနဈာန်ကို။ သမာပန္နဿဝါ၊ဝင်စားသောပုဂ္ဂိုလ်အားရင်း။ဥပပန္နဿဝါ၊ ပဋိသန္ဓေအားဖြင့်ကပ်သောပုဂ္ဂိုလ်အားရင်း။ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ၊ မျက်မှောက်ဒိဋ္ဌနိုက်ချမ်းသာစွာနေသောပုဂ္ဂိုလ်အားရင်း။စိတ္တစေတသိကာဓမ္မာ၊စိတ်စေတသိတ်တရားတို့တည်း။ ။အာကာသာနဉ္စာယတနဈာန်နိုက်ဖြစ်သော ကုသိုလ်စိတ်ကို။ အာကာသာနဉ္စာယတနကုသိုလ်စိတ်ခေါ်သည်။

ဝိညာဏဉ္စာယတနနိုက်။ ။ဝိညာဏဉ္စာယတနန္တိ ဧတ္ထ ဝိညာဏံနာမ၊ အာကာသာနဉ္စာယတနစိတ္တမေဝ။ ။ဋီကာသစ်။ ။ဧတ္ထ၊ဤနေရာနိုက်။ဝိညာဏဉ္စာယတနန္တိ၊ ဝိညာဏဉ္စာယတနဟူသည်ကား။ ဝိညာဏံနာမ၊ ဝိညာဏ် အမည်သည်။ အာကာသာနဉ္စာယတနစိတ္တမေဝ၊အာကာသာနဉ္စာယတနစိတ်သည်သာလျှင်တည်း။ ထိုအာကာသာနဉ္စာယတန စိတ်သည်။ ဥပါဒ်အစရှိသောအားဖြင့်အဆုံးပင်ရှိငြားသော်လည်း။ အဆုံးမရှိဟုမှတ်ထင်အပ်သောကောင်းကင်နိုက်ဖြစ်ခြင်းကြောင့်။အနန္တဟူ၍ဆိုသင့်ပါ၏။အနန္တသဒ္ဒါသည်။ကောဋ္ဌာသအဘို့အစုအနက်ရှိသည်။မိမိ၏ဥပါဒ်အစရှိသောအဘို့အစုတို့တွင်။ တစိတ်တဒေသနိုက်မတည်မူ၍။အလုံးစုံကိုနှံ့စေသည်၏အစွမ်းအားဖြင့်။ ထိုပဌမာရုပ္ပ ဝိညာဏ်လျှင် အာရုံရှိသော။ ဘာဝနာ၏ ဖြစ်ခြင်းကြောင့်အနန္တဟူ၍မှတ်ကြရာသည်။အနန္တ–အမည်ရှိသော အာကာသကောင်းကင်နိုက်ဖြစ်ခြင်းကြောင့်။အနန္တ-ပြုလုပ်၍။ ထိုပဌမာရုပ္ပ ဝိညာဏ်လျှင် အာရုံရှိသော။ ဘာဝနာ တရားတို့ဖြစ်ပေါ်မှုကြောင့်။ အနန္တ–ဟု ဆိုအပ်ပါ၏။ သို့ပေတတ်လျှင်လည်း။ အနန္တ–အမည်ရှိသော အာကာသ ကောင်းကင်နိုက်။ နှံ့သော အခြင်း အရာ၏ အစွမ်း အားဖြင့်။ အနန္တ–ဟူ၍

ဆိုခြင်းငှါသင့်မြတ်ပေ၏။ ။အနန္တံ ဝိညာဏန္တိ ဝိညာဏာ
နန္တံ၊ ။ဝိဂြိုဟ်ပြု။ ။အနန္တံ၊အဆုံးမရှိသော။ဝိညာဏံ၊ဝိညာဏ်
တည်း။ဣတိ တသ္မာ၊ထိုကြောင့်။ဝိညာဏာနန္တံ၊ဝိညာဏာနန္တ-
မည်ပါ၏။ ။ထိုဝိညာဏာနန္တသည်ပင်လျှင်။နိရုတ္တိနည်းအား
ဖြင့်ဝိညာဏဉ္စမည်သည်မှတ်။ ထိုအဆုံးမရှိသောဝိညာဏ်ဟု
ဆိုအပ်သောတည်ရာသည်ရှိပေ၏။ထိုကြောင့်။ ဝိညာဏဉ္စာယ
တနမည်ပါ၏။ ဝိညာဏဉ္စာယတနဟုဆိုအပ်သော။စိတ်၊စေတ
သိတ်အစုနှိက်ဖြစ်သောကုသိုလ်စိတ်ပေတည်း။ ။ဝိညာဏဉ္စံ
အာယတနံအဿာတိ၊ဝိညာဏဉ္စာယတနံ။ ဝိညာဏဉ္စာယတန
သဟဂတံ-စိတ္တစေတသိကရာသိမှိပဝတ္တံကုသလစိတ္တန္တိ သမာ
သော။ ။ဋီကာသစ် ။အဿ၊ထိုတရားအပေါင်းအား။ ဝိညာ
ဏဉ္စံ၊ အဆုံးမရှိသောဝိညာဏ်ဟုဆိုအပ်သော။ အာယတနံ၊
တည်ရာသည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုကြောင့်။ ဝိညာဏဉ္စာ
ယတနံ၊ဝိညာဏဉ္စာယတနမည်၏။ဝိညာဏဉ္စာယတနသဟဂတံ၊
ဝိညာဏဉ္စာယတနဟုဆိုအပ်သော။ စိတ္တစေတသိကရာသိမှိ၊
စိတ်စေတသိတ်အစုနှိက်။ပဝတ္တံ၊ဖြစ်သော။ကုသလံ၊ကုသိုလ်စိတ်
တည်း။ဣတိ၊ဤသို့လျှင်။သမာသော၊သမာသ်ပုဒ်ကို။ကာတဗ္ဗော
ပြုအပ်၏။ ။အဘိဓမ္မာဝိဘင်းပါဠိတော်နှိက်လည်း။ ။ဝိညာ
ဏဉ္စာယတနန္တိ။ ဝိညာဏဉ္စာယတနံ။ သမာပန္နဿဝါ၊ဥပပန္န
ဿဝါ၊ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါစိတ္တစေတသိကာဓမ္မာ။ ။အ
နက်ကား။ ။ဝိညာဏဉ္စာယတနန္တိ၊ဟူသည်ကား။ ဝိညာဏဉ္စာ
ယတနံ၊ဝိညာဏဉ္စာယတနဈာန်ကို။ သမာပန္နဿဝါ၊သမာပတ်
ဝင်စားသောပုဂ္ဂိုလ်အားရင်း။ဥပပန္နဿဝါ၊ပဋိသန္ဓေ အားဖြင့်
ကပ်သောပုဂ္ဂိုလ်အားရင်း။ဒိဋ္ဌဓမ္မသုခဝိဟာရိဿဝါ၊မျက်မှောက်
ဒိဋ္ဌနှိက်ချမ်းသာစွာနေသောပုဂ္ဂိုလ်အားရင်း။ စိတ္တစေတသိကာ
ဓမ္မာ၊စိတ်စေတသိတ်အပေါင်းတို့တည်း။ ။ဤပါဠိတော်ဖြင့်။
စင်စစ်အားဖြင့်အနန္တဟူသော ဝိသေသန-နည်းနှင့် ယှဉ်သည်
ဖြစ်ပါ၏။

အာကိဉ္စညာယတနံ-အရကား။ ဤပါဌ်နှိုက်။ကိဉ္စိဟူသော ပုဒ်သည်ငင်း။ကိဉ္စနံ-ဟူသောပုဒ်သည်ငင်း။ အနက်အားဖြင့်-တခတည်းဖြစ်ပါ၏။ အနည်းငယ်၏ အမည်တည်း။ ထိုပဌမာရုပ္ပဝိညာဏ်အားအနည်းငယ်မျှ။အယုတ်အားဖြင့်။ဘင်မှုဖြစ်သော အကြွင်းသည်မရှိ၊ ထိုကြောင့်အာကိဉ္စနမည်၏။ ဘင်မျှအကြွင်း မရှိသည်၏ အဖြစ်ကိုဆိုလိုသည်။ဘင်မှုအကြွင်းမရှိသည်၏အဖြစ် ပဌမာရုပ္ပဝိညာဏ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ကိုရပါ၏။ ။နတ္ထိကိဉ္စနံအပ္ပမတ္တကံ၊ အန္တမသော ဘင်္ဂမတ္တံပိ၊အဝသိဋ္ဌံအဿပဌမာရုပ္ပဝိညာဏဿာတိအာကိဉ္စနံ။ ။ဝိဂြိုဟ်ပြု။ ။အဿပဌမာရုပ္ပဝိညာဏဿ။ ထိုပဌမာရုပ္ပဝိညာဏ်အား။ ကိဉ္စနံအပ္ပမတ္တကံ၊အနည်းငယ်မျှသော။ အန္တမသော၊အယုတ်အားဖြင့်။ဘင်္ဂမတ္တံပိ၊ဘင်မှုလည်းဖြစ်သော။ အဝသိဋ္ဌံ၊အကြွင်းတရားသည်။နတ္ထိ၊မရှိ။ဣတိ၊ထိုကြောင့်။အာကိဉ္စနံ၊အာကိဉ္စနမည်၏။ ။ထိုနတ္ထိဘာဝပညတ်သည်။နတ္ထိကိဉ္စိဟူ၍။ မနသိကာရ ပြုလုံးသွင်းသည်၏ အစွမ်းအားဖြင့်။ထိုအမည်ကိုရခြင်းဖြစ်ပေသည်။ ထိုပြုလုံး သွင်းသောတရားအား။ နတ္ထိဘာဝပညတ်ဟုဆိုအပ်သောတည်ရာဖြစ်ရာသည် ရှိပါ၏။

နေဝသညာနာသညာယတန-အရကား။ ။ဤပါဌ်၌ရုန့်ရင်းသော သညာကိုရည်၍။ ငင်းဈာန်နှိုက် သညာသည်မရှိ။ ထို့ကြောင့်။နေဝသညာမည်သည်ဟူ၍။သိမ်မွေ့သောသညာကိုရည်၍။ထိုဈာန်အားသညာသည် မရှိသည်လည်းမဟုတ်။ထိုကြောင့်။နာသညာမည်၏ဟူ၍။သညာမရှိသည်လည်းဖြစ်၏။ ထိုသညာမရှိဟူသောစကားသည်။ သညာမရှိခြင်းနှိုက်လုံးလုံး မဟုတ်သည်လည်းဖြစ်၏။ ထို့ကြောင့်။ အလယ်နှိုက် ဒွိစပြု၍။ နေဝသညာနာသညံ- ဟုအမည် ပြုလုပ်ပေသည်။ စိတ်စေတသိတ်အစုတ်ကို သာလျှင်ရအပ်ပေ၏။ ။ဩဠာရိကံသညံ သန္ဓာယနေဝတ္ထိ-သညံအသာတိနေဝသညံ။ ။ဝိဂြိုဟ်ပြု။ ။ဩဠာရိကံသညံ၊ ရုန့်ရင်းသော သညာကို။ သန္ဓာယ၊ ရည်တော်မူ

၍။ အသသ၊ထိုဈာန်အား။ သညာ၊ သညာသည်၊နေဝအတ္ထိ၊ မရှိ
သည်သာလျှင်တည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ နေဝသညံ၊နေ
ဝသညာမည်ပါ၏။ ။သုခုမသညံသန္ဓာယ- နစနတ္ထိသညာ
အသဿာတိနာသညံ။ ။ဝိဂြိုဟ်ပြု။ ။သုခုမံ၊ သိမ်မွေ့သော
သညာကို။သန္ဓာယ။ရည်တော်မူ၍။အသသ၊ထိုဈာန်အား။သညာ၊
သညာသည်။ နစနတ္ထိ၊ မရှိသည်ကားမဟုတ်။ ဣတိတသ္မာ၊ထို
ကြောင့်။နာသညံ၊နာသညာမည်ပါ၏။ ။နေဝသညဉ္စတံ- နာ
သညဉ္စာတိနေဝသညာနာသညံ။ ။ဝိဂြိုဟ်ပြု။ ။နေဝသညဉ္စ၊
သညာမရှိသည်လည်း။ ဟောတိ၊ဖြစ်၏။တံ၊ထိုသညာမရှိခြင်း
ဟူသည်။နာသညဉ္စ၊ သညာမရှိသည်ကားမဟုတ်သည်လည်း။
ဟောတိ၊ဖြစ်၏၊ဣတိတသ္မာ၊ ထို့ကြောင့်။နေဝသညာနာသညံ၊
နေဝသညာနာသညာမည်ပါ၏။ ။ထိုနေဝသညာနာသညာ
သည်ပင်လျှင်။ဝိသေသသုခအထူးတို့၏တည်ရာမှီရာဟူသောအာ
နက်ကြောင့်။ယောဂီပုဂ္ဂိုလ်တို့အား။ဝိသေသသုခအထူးကိုရနိုင်
ရန်တည်ရာကြီးဖြစ်ပါ၏။ထို့ကြောင့်။ နေဝသညာနာသညာယ
တနမည်ပေသည်ဟုမှတ်။ ထိုနေဝသညာ နာသညာယတန ဟူ
သောအမည်လည်း။ နေဝသညာနာသညာယတနဈာန်နှိုက်ဖြစ်
သောကုသိုလ်စိတ်ဖြစ်ပေသတည်း။ ။တနည်းမှာကား။ ။
သညာသည်ပင်လျှင်ထင်ရှားသောသညာကိစ္စ၏။နေဝသညာနာ
သညာမည်သည်ဖြစ်ပါ၏။သိမ်မွေ့သောသင်္ခါရကြွင်း၏အဖြစ်
ဖြင့်။ဝိဇ္ဇမာနပရမတ္ထတရားထင်ရှားရှိသည်၏အဖြစ်ကြောင့်။သညာ
မဟုတ်သည်လည်းဖြစ်နိုင်။ထိုကြောင့်။ နေဝသညာနာသညာ
မည်သည်ဟူ၍လည်းတနည်းမှတ်။ထိုသညာသည်ပင်လျှင်တည်
ရာဖြစ်ပေ၏။ ။သင်္ခါရဝသေသသုခုမဘာဝေနဝိဇ္ဇမာနတ္တာ-
အသညာစနဟောတီတိကတွာနေဝသညာနာသညာနာမ။ ။
ဝိဂြိုဟ်ပြုတနည်း။ ။သင်္ခါရဝသေသသုခုမဘာဝေန၊ သိမ်
မွေ့သောသင်္ခါရကြွင်း၏ အဖြစ်ဖြင့်။ ဝိဇ္ဇမာနတ္တာ၊ ပရမတ္ထသ
ဘောအားဖြင့်ထင်ရှား ရှိသည်၏ အဖြစ်ကြောင့်။ အသညာစ၊

သညာဟုမတ်သည်လည်း။ပေါတိ၊မဖြစ်နိုင်။ဇာတိကတွာ၊ဤသို့သောအကြောင်းကြောင့်။ဝါ၊ဤသို့နှလုံးပိုက်တော်မူ၍။ နေဝသညာနာသညာနာမ၊နေဝသညာနာသညာမည်ပါ၏။

ဤစကားနိုက်။အစမှစ၍ ရှန့်ရှင်းကုန်သောနိဝရဏာတရားတို့ကိုရှင်း။ဝိတက်အစရှိသည်တို့ကိုရှင်း။ပယ်ခွန့်၍ ကြွင်းသောတရားတို့ကိုလည်း။ဘာဝနာ၏အစွမ်းအားဖြင့်။ ဥပရူပရိ အဆင့်ဆင့်သိမ်မွေ့သည့်၏အဖြစ်သို့။ရောက်စေ၍အစည်အတိုင်း။ကျင့်တော်မူကြကုန်သောယောဂီပုဂ္ဂိုလ် အပေါင်းတို့သည်။ သိမ်မွေ့လှစွာသောအဖြစ်ကြောင့်။ လောကီတရားတို့နိုက်။ မုဒ္ဓဘူတအထွဋ်အထိပ်ဖြစ်သော။ဤသမာပတ်တရားတို့နှင့် ပြည့်စုံ တော်မူကြသဖြင့် ရောက်နိုင်ကြပါပေ၏။ ထိုကြောင့်။ ဤရူပစိတ်နိုက်။ စိတ်သည်နေဝဂ္ဂနာ စိတ္တ- ဟူ၍မှတ်။ ဖဿသည်သည်းနေဝဖဿနာဖဿ။ဝေဒနာအစရှိသည်တို့သည်လည်း။ဤနည်းအတူပင်ဖြစ်၏။ဤနေရာနိုက်သညာသဒ္ဒါသည်။ ဒေသနာသီသ မျှသာလျှင်ဖြစ်ပါ၏။

ဝိပါက်စိတ်တို့နိုက်လည်း။ ဝိညာဏ်ဟူသည်။ ပဋ္ဌမာရုပ္ပဝိညာဏ်ကုသိုလ်သဥ္စသာလျှင်ဖြစ်ပါ၏။ထိုဝိညာဏ်သည်လည်း အတိတာနန္တရဘာဝနိုက်ဖြစ်၏ဟူ၍မှတ်။ အကိဉ္စနအဖြစ်သည်ကား။ထိုပဋ္ဌမာရုပ္ပ ကုသိုလ်ဝိညာဏ်၏ မရှိခြင်း၏အဖြစ်ဖြစ်ပေသည်။ကြိယာစိတ်တို့နိုက်ကား။ဝိညာဏ်မည်သည်ဥကုသိုလ်သည်ရှင်း။ကြိယာသည်ရှင်း။ထင်ရှားရှိကြသဖြင့်၊နှစ်ပါးအပြားရှိသော။ ပဋ္ဌမာရုပ္ပဝိညာဏ် ဖြစ်ပါ၏။ အကိဉ္စနအဖြစ်သည်လည်း။ နှစ်ပါးအပြားရှိသောထိုပဋ္ဌမာရုပ္ပကုသိုလ် ဝိညာဏ်၏သာလျှင်။မရှိသည့်၏အဖြစ်ကိုသိအပ်ပါ၏။

အာရုံပြုခြင်းတို့နိုက်လည်း။ ကသိဏ်းကိုခွါ၍ ရအပ်ကုန်သော။ကောင်းကင်အစရှိသည်တို့၏ -၄-ပါး သောအာရုံတို့ကို

အပြားအားဖြင့်။ဤအရာ၀ယ်အာရမ္မဏာစတုက္ကသည်။ အတိက္ကမိတဗ္ဗစတုက္ကရင်း။ အာလမ္ဗိတဗ္ဗစတုက္ကရင်း။ ဤသို့လျှင်နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင်ပဌမအရှုပ်၌။ရူပါ၀စရပဉ္စမဈာန်၏အာရုံဖြစ်ကုန်သောကသိုဏ်းနိမိတ်သည်။ အတိက္ကမိတဗ္ဗအာရုံဖြစ်၏။ ထိုကသိုဏ်းနိမိတ်ကိုခွါ၍ရအပ်သော။ ကောင်းကင်ပညတ်သည်။ အာလမ္ဗိတဗ္ဗအာရုံဖြစ်၏။ဒုတိယာရုပ္ပနိုက်။ ပဌမာရုပ္ပဝိညာဏ်၏။အာရုံဖြစ်ကုန်သောကောင်းကင်ပညတ်သည်။အတိက္ကမိတဗ္ဗအာရုံမည်၏။ ပဌမာရုပ္ပဝိညာဏ်သည် အာလမ္ဗိတဗ္ဗအာရုံမည်၏။ တတိယာရုပ္ပနိုက်ထိုပဌမာရုပ္ပဝိညာဏ်သည်။အတိက္ကမိတဗ္ဗအာရုံမည်၏၊ထိုတတိယာရုပ္ပဝိညာဏ်၏နတ္ထိဘာဝပညတ်သည်။အာလမ္ဗိတဗ္ဗအာရုံမည်ပါ၏။ စတုတ္ထာရုပ္ပနိုက်ထိုနတ္ထိဘာဝပညတ်သည်။ အတိက္ကမိတဗ္ဗ အာရုံမည်ပါ၏။ တတိယာရုပ္ပဝိညာဏ်သည် အာလမ္ဗိတဗ္ဗအာရုံမည်ပါ၏။ ဤအရှုပ်စိတ်တို့သည်။ လေးပါးကုန်သော အတိက္ကမိတဗ္ဗအာရုံတို့နိုက်လည်းအပြားအားဖြင့်လေးပါးအပြားပင်ရှိပါ၏၊ထိုသို့ပင်ရှိခြားသေ်လည်း။အာကာသာနဉ္စာယတန-အစရှိသည်တို့သည်ကား။ ဤအရာနိုက်၊အာလမ္ဗိတဗ္ဗအာရုံတို့ကိုသာလျှင်သချင်အားဖြင့်ယူအပ်သည်၏ အဖြစ်ကြောင့်။ ထိုအာလမ္ဗိတဗ္ဗအာရုံတို့သည်အပြားအားဖြင့်။ ဤအရှုပ်စိတ်တို့၏ အပြားသည်ထင်ရှားလှပေ၏။ ထိုအရှုပ်စိတ်တို့သည်အာရုံတို့၏အပြားအားဖြင့်-၄-ပါးအပြားရှိပါ၏။ကုသိုလ်ဝိပါက်ကြိယာတို့၏ အပြားအားဖြင့်-၁၂-ပါးရှိပေသတည်း။

အရှုပ်ဈာန်ပြီး၏၊

---

ပဉ္စမဈာန်သောတာပတ္တိမဂ်စိတ်သည်။ အင်္ဂါငါးပါးရှိသောပဌမဈာန်နှင့်ယှဉ်သော။သောတာပတ္တိမဂ်တည်း။ ပဌမဈာန်နှင့်ယှဉ်သော သောတာပတ္တိမဂ်။ ထိုမဂ်နှင့်သမ္ပယုတ္တဓမ္မဖြစ်သော

ဓိတ်ကိုဆိုသည်။ ဤသို့ရှိသောသမာသ်ကိုပြု။ အချို့သောဆရာတို့သည်ကား။ဈာန်လည်းဖြစ်၏။ထိုဈာန်ဟူသည်။သောတာပတ္တိမဂ်စိတ်လည်းဖြစ်၏ဟုဆိုကြ၏။ ထိုဆရာတို့စကား သည်သင့်မည်မထင်။ ဈာန်သည်တခြား။စိတ်သည် တခြား။ဈာန် သည်စိတ်မဟုတ်။စိတ်သည်ဈာန်မဟုတ်။အင်္ဂါငါးပါးနှင့်ပြည့်စုံသောလောကုတ္တရာဈာန်သည်။ ပဉ္စမဈာန်နှင့်တူသော အနက်ကြောင့်ပဉ္စမဈာန်အမည်ကိုရ၏ဟူ၍ဆိုခြင်းငှါမသင့်၊ထိုပဉ္စမဈာန်သည် မိမိအလိုလိုသာလျှင်ရင်း။မိမိသည်ပဋ္ဌဂိကအဖြစ်ဖြင့်သာလျှင်ရင်း။ မချဆတ်ဆတ်အားဖြင့်ဈာန်မည်သည်ဖြစ်ပါ၏။ ဈာန်မည်သည်ကား။ လောကီဈာန်သည်မူလည်းဖြစ်စေ။ လောကုတ္တရာဈာန်သည်မူလည်းဖြစ်စေ။အကြင်ဈာန်သည်အင်္ဂါငါးပါးနှင့်ပြည့်စုံသည်ဖြစ်ပါ၏။ ထိုဈာန်သည်အလိုလိုသာလျှင် ပဉ္စမဈာန် ဟူ၍ဖြစ်ရပါတော့သတည်း။အကြင်ဈာန်တို့သည်။အင်္ဂါလေးပါးရှိ၏အင်္ဂါသုံးပါးရှိ၏။အင်္ဂါနှစ်ပါးရှိ၏။ တဖန်အင်္ဂါနှစ်ပါးရှိ၏။ ထိုဈာန်သည်မိမိအလိုလိုသာလျှင်။ပဉ္စမဈာန်ဟူ၍ပြည့်စုံ ပြီးမြောက်ခြင်းဖြစ်၏။လောကုတ္တရာနိုက်။ ဒုတိယဈာန်အစရှိသောအဖြစ်သည်။ဥပတ္တိက္ကမ၏အစွမ်းအားဖြင့်။ မပြီးမြောက်သည်၏အဖြစ်ကြောင့်။ ဈာနင်္ဂဝသေနပဉ္စမဈာနသဒိသတ္တာ– ဟူ၍မိန့်တော်မူ၏။အချို့ဆရာတို့သည်ကား။တူသည်၏အဖြစ်ကြောင့်သာလျှင်။လောကုတ္တရာနိုက်။ ထိုပဋ္ဌဂိကအစရှိသည်တို့၏ ဈာန်ဟူသောဝေါဟာရခေါ်ဝေါ်ခြင်း၏ပြီးသည်၏အဖြစ်ကိုပြခြင်းအကျိုးငှါ။ ပါဒကဈာနာ။လ။ပဋ္ဌဂိဝိဘာဇနတ္ထံ။ဟူ၍အကြင်စကားကိုမိန့်တော်မူကြ၏။ထိုစကားသည်သင့်မည်မထင်။မဂ်တို့သည်ကားပဉ္စမဈာန်အစရှိသောအမည်ကိုမရကြပေ။မဂ်သည်တခြား ဈာန်သည်တခြားတပါးဟူ၍သိ။ဆိုဘွယ်အထူးမှာ။ ကင်း၍ရှုတတ်သော အနက်ကြောင့်။ဆန့်ကျင်ဘက်ဖြစ်သောတရားတို့ကို လောင်ကျွမ်းစေတတ်သောအနက်ကြောင့်။ ဈာန်မည်သည်။ အကဖာ်၍ဖြစ်ငြားအံ့။လောကုတ္တရာဈာန်တို့သည်သာလျှင်။ အလွန်အကဲအား

ဖြင့်။ဈာန်မည်ကုန်သည်ဖြစ်ရာ၏။ဤမှတပါးသောအရူပဈာန်တို့
သည်။ဈာန်မဟုတ်ပေရာ။ထိုအရူပဈာန်တို့သည်။ကသိုဏ်း အစ
ရှိသောနိမိတ်မှုကိုသာကပ်၍ ရှုကြကုန်၏။ ဆန့်ကျင်ဘက်ဖြစ်
သောကရေးတို့ကိုလည်း။ ဝိက္ခမ္ဘနသတ္တိမျှဖြင့် လောင်ကျွမ်းစေ
နိုင်သည်။လောကုတ္တရာဈာန်တို့သည် သာလျှင်။ အလွန်နက်နဲ
သောအလွန်မြင်နိုင်ခဲသော။အတိဂမ္ဘီရ၊ အတိဒုဒ္ဒသ။ နိဗ္ဗာန်ကို
သာလျှင်ကပ်၍ရှုကြကုန်၏။ဆန့်ကျင်ဘက်တရေးတို့ကိုသည်း။အ
မြစ်အရင်းနှင့်တကွအနုသယနှင့်တကွ။အခြင်းခပ်သိမ်းအကြွင်း
မဲ့ဖြတ်နိုင်သည်၏အစွမ်းသတ္တိကြောင့်ပါတရမျှမကျန်ရဘဲလောင်
ကျွမ်းစေနိုင်၏။ဤစကား၌။ အပ္ပနာဈာန်တို့၏ပစ္စနီကအဖြစ်မည်
သည်ကား။ ပြကတေ့သဘော အားဖြင့်သာလျှင်။ အလိုလိုပြီးစီး
နိုင်သည်ဖြစ်ပါ၏။ ထိုကြောင့်ပဋ္ဌမဈာန် ရှိကုန်သော[illegible]လ်တို့၌
ပါဒကဈာန် အစရှိသောအကြောင်းထူး တို့ဖြင့်။ ပြုဘွယ်လုပ်
ဘွယ်အားထုတ်ဘွယ်ကိစ္စတို့သည်မရှိ။စတုရင်္ဂိက အစရှိသော
အဖြစ်သည်ကား။ ထိုအကြောင်းထူးနှင့် ကင်း၍ မဖြစ်နိုင်ပေ။
ထိုအကြောင်းထူးပါဒကဈာန်အစရှိသည်တို့သည်မရှိခဲ့သည်ရှိ
သော်။ အလုံးစုံသောဈာန်တို့သည်အင်္ဂါ ငါးပါးနှင့်ချည်းသာဖြစ်
ကြပေကုန်လတံ့။ဥပမာ။လောကီဈာန်တို့နိုက်။ အာဒိကမ္မိကပဌ
မအခါနိုက်။ဒုတိယအစရှိသောထိုထိုဈာန်၏ဥပစာရဖြစ်၍ ဖြစ်
သောဘာဝနာသည်။ဝိတက်အစရှိသည်တို့နှင့် ယှဉ်သည်ဖြစ်
ပါငြားသော်လည်း။ဝိတက်အစရှိသည်တို့၏အပြစ်အာဒီနဝကို
မြင်သောညာဏ်ရင်း။ငါသည်ယခုအခါဝိတက်ကင်းသောဈာန်
ကိုဖြစ်စေအံ့။ဤကဲ့သို့အစရှိသောအဇ္ဈာသယအထူးတို့နှင့် ယှဉ်
သည့်၏အဖြစ်ကြောင့်။ အချို့သော ဘာဝနာသည်။ ဝိတက်ကို
ပျောက်ကင်း စေတတ်သော ဘာဝနာမည်၏။ ထိုဝိတက်ကို
ပျောက်ကင်းစေတတ်သောဘာဝနာ၏အမည်ကို။ ဝိတက္ကဝိရာ
ဂ-ဘာဝနာခေါ်။အချို့သောဘာဝနာသည်ဝိစာရကိုပျော် ကင်း
စေတတ်သော။ဝိစာရဝိရာဂ-ဘာဝနာမည်၏။ပီတိကိုပျော်ကင်း

စေတတ်လျှင်။ ဗိတ်ဝိရာဂဘာဝနာ။ သုခကို ပျောက်ကင်းစေ တတ်လျှင်။ သုခဝိရာဂဘာဝနာ။ ရုပ်ကိုပျောက်ကင်းစေတတ် သောအရူပဘာဝနာသည်။ရူပဝိရာဂဘာဝနာ။အသညသတ်ဘုံ နှိုက်ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား။ သညာဝိရာဂဘာဝနာဟူ မှတ်။ထိုဘာဝနာတို့သည်။ မိမိမိမိတို့၏ဈာန်တို့နှိုက်။ ဝိတက် ကင်းသည်ကိုရင်း။ဝိစာရကင်းသည်ကိုရင်း။ ပီတိကင်းသည်ကို ရင်း။သုခကင်းသည်ကိုရင်း။ဥပေက္ခာနှင့်တကွဖြစ်သည်ကိုရင်း။ ပြုလုပ်အားထုတ်ခြင်း၌တတ်နိုင်ကြကုန်၏။ဈာန်တို့နှိုက် ဝသီ ဘောင်ဖြစ်၍ ဖြစ်သောကာလတို့နှိုက်ကား။ အပြစ်ကိုမြင်သော ညာဏ်နှင့်ကင်း၍။သက်သက် အရွှာသယအလိုမျှနှင့် အကြင် အကြင်ဈာန်ကိုအလိုရှိ၏။ထိုထိုဈာန်ကိုဝင်စားသည်သာတည်း။ ဤလောကီဈာန်နှင့်အလားတူ။ဤလောကုတ္တရာဈာန်နှိုက်လည်း။ ထိုထိုမဂ်၏ဥပစာဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟုဆိုအပ် သောဘာဝနာသည်။ဝိတက်အစရှိသောတရားတို့နှင့်ယှဉ်သည် ဖြစ်ပါငြားသော်လည်း။ အထူးထူးအပြားပြား များမြတ်သော စွမ်းပကားသတ္တိတို့နှင့်ယှဉ်သည်ဖြစ်ပါ၏။ အချို့သောဘာဝနာ သည်ဝိတက်ကိုပျောက်ကင်းစေတတ်သော၊ဝိတက္ကဝိရာဂ ဘာ ဝနာမည်၏။အချို့သောဘာဝနာသည်။ဝိတက်ဝိစာရတို့ပျောက် ကင်းစေတတ်သောကြောင့်။ဝိတက္ကဝိစာရဝိရာဂ ဘာဝနာမည် ၏။အချို့သောဘာဝနာသည်။ဝိတက်၊ဝိစာရ၊ပီတိတို့ကို ပျောက် ကင်းစေတတ်သောကြောင့်။ဝိတက္က၊ဝိစာရ၊ပီတိ၊ဝိရာဂ ဘာဝ နာမည်၏။အချို့သောဘာဝနာသည်။ဝိတက်၊ဝိစာရ၊ပီတိ၊သုခတို့ ကိုပျောက်ကင်းစေတတ်သောကြောင့်။ဝိတက္က၊ဝိစာရ၊ပီတိ၊သုခ ဝိရာဂဘာဝနာမည်၏။ ထိုဘာဝနာအပေါင်းတို့တွင်။ အကြင် ဘာဝနာသည်ဝိတက်ကို ပျောက်ကင်းစေခြင်းအလို့ငှါ။ လွန် မြောက်စေနိုင်တတ်စွမ်းနိုင်ပါ၏။ထိုဘာဝနာသည်ဝိတက္က ဝိရာ ဂဘာဝနာမည်၏။ကြွင်းသော ဘာဝနာတို့နှိုက်လည်း။ ဤနည်း အတိုင်းပင်မှတ်။

အဘာယ်တရား၏အစွမ်းကြောင့်ထိုဝိပဿနါသည်။အထူးထူး
သောသဘ္ဘောတို့နှင့်ယှဉ်၍ဖြစ်ပါသနည်း ။ဤကဲ့သို့အမေးရှိပါအံ့။
ပါဒကဈာန်၏အစွမ်းကြောင့် ထိုဝိပဿနာသည် အထူးထူး
သောသဘ္ဘောတို့နှင့် ယှဉ်သည် ဖြစ်ပေသတတ်။ဤစကားသည်
ထေရဝါဒတချမှတ်။ ။ပုဂ္ဂလဇ္ဈာသယ၏အစွမ်းကြောင့်၊ ထို
ဝိပဿနာသည်အထူးထူးသောသဘ္ဘောတို့နှင့် ယှဉ်သည် ဖြစ်ပေ
သတတ်။ဤစကားသည်လည်းထေရဝါဒတချမှတ်။ ။သမ္မသိ
တဈာန်၏အစွမ်းကြောင့်။ထိုဝိပဿနာသည် အထူးထူးသော
သဘ္ဘောတို့နှင့်ယှဉ်သတတ်။ ဤစကားကိုလည်း ထေရဝါဒတချ
မှတ်။ ။ထိုသုံးပါးသော ထေရဝါဒတို့တွင်။ အကြင်အကြင်
ဈာန်ကို။ထိုဝိပဿနာသည်၏အခြေပါဒကအကျိုး၌။ အနီး
နိုက်သမာပတ်ဝင်စားအပ်၏။ထိုဈာန်သည်ပါဒကဈာန်မည်၏။
ထိုပါဒကဈာန်သည်အကာယ်၌ပဌမဈာန်ဖြစ်ခဲ့ပါအံ့။ ဝိပဿနာ
သည် ဖြကတေ့အတိုင်းသာလျှင် ပဌမဈာန် ဝိပဿနာဖြစ်၏။
ဒုတိယဈာန်အကာယ်၌ဖြစ်ခဲ့ပါအံ့။ ဝိပဿနာသည် ဝိတက်ကို
ပျောက်ကင်းစေတတ်သော ဝိတက္ကဝိရာဂသဘ္ဘောနှင့် ယှဉ်သည်
ဖြစ်၏။ မဂ်နိုက်ဝိတက် ကင်းသောဈာန်ကို မှတ်သားခြင်း၌။
ဧကန္တပွမ်းပကားသဘ္ဘောဝိသေသ အထူးရှိသည်ကိုမှတ်။ ကြွင်း
သောပါဒက ဈာန်တို့နိုက်လည်း။ ဤနည်းအတူပင်ဖြစ်သည်။
ဤသည်ကားပါဒကဝါဒ‿ဟုမှတ်။ ။ပါဒကဈာန်ဖြစ်ပေါ်လာ
သည်ရှိသော်။ထိုပါဒကဈာန်နှင့်တူသည်သာလျှင်ဖြစ်သောမဂ်
နိုက်ဈာန်သည်ဖြစ်၏။ပါဒကဈာန်သည်မရှိခဲ့သည်ရှိသော်ကား။
မဂ်နိုက်ပဌမဈာန်သည်သာလျှင်ဖြစ်၏။ သမ္မသိတ ဈာန်သည်
၎င်း။ပုဂ္ဂလဇ္ဈာသယဈာန်သည်၎င်း။ မဂ်နိုက် ဈာန်အင်္ဂါတို့ကို
မှတ်သားခြင်း၌မပွမ်းနိုင်ပေ။ဤသည်ကားပါဒကဝါဒီဆရာ၏
အလိုတည်း။ ။ပါဒကဈာန်သည် ဖြစ်ပေါ်လာသည် ရှိသော်။
ထိုပါဒကဈာန်ကို၎င်း။တပါးသောဈာန်ကို၎င်း။မိမိအလိုအတိုင်း
တခုခုသောဈာန်ကိုသုံးသပ်၏။သုံးသပ်သောဈာန်သည်အကာယ်

၍ပဋ္ဌမဈာန်ဖြစ်ခဲ့ပါအံ့။ ဝိပဿနာသည် ပြကတေ့အတိုင်းသာလျှင်ဖြစ်ပါ၏၊ဒုတိယဈာန်သည်အကယ်၍ဖြစ်ပါအံ့။ ဝိပဿနာသည်ဝိတက်ကိုကင်းပျောက်စေတတ်သောဝိတက္ကဝိရာဂ သတ္တိနှင့်ယှဉ်သည်ဖြစ်ပါ၍၊မဂ်နှိုက် ဝိတက်ကင်းသောဈာန်ကို မှတ်သားခြင်းငှါစွမ်းနိုင်ပေ၏။ ကြွင်းကုန်သော သမ္ပယုတ္တဈာန်တို့နှိုက်လည်း ဤနည်းတူပင်မှတ်။ ဤသည်ကား သမ္ပယုတ္တဝါဒတည်း။ ။ဝိပဿနာသည်။အာရုံ၏အဖြစ်ဖြင့်အတူတကွ ဖြစ်သည်၏အဖြစ်ကြောင့်။ သမ္ပယုတ္တဈာန်သည်သာလျှင်။ ပါဒကဈာန်မဟုတ်ရင်း။အဇ္ဈာသယထက်ရင်း။အားကြီး၏၊ဤသည်ကား သမ္ပယုတ္တဝါဒတည်း။ ။ပါဒကဈာန်သည် ဖြစ်ပေါ်လာသည်ရှိသော်။ထိုပါဒကဈာန်ကိုရင်း။တပါးသောဈာန်ကိုရင်း။မဂ်နှိုက်အင်္ဂါဈာန်ကိုအလိုရှိ၏။ ထိုဈာန်သည် အလိုရှိသောအတိုင်းပြည့်ပုံ၏။ထိုအခါဝိပဿနာသည်အလိုအားလျော်စွာ ဝိတက်ကို ပျောက်ကင်းစေခြင်းအစရှိသော၊ ဝိတက္ကဝိရာဂ အဖြစ်သို့ရောက်သည်ဖြစ်ပါ၏။ဤသည်ကား။ပုဂ္ဂလဇ္ဈာသယဝါဒတည်း။ ။လောကီဈာန်တို့နှိုက် အနီးနှိုက်ထအပ်သော ဈာန်သည်။ အထက်ဈာန်အားဥပစာရဘာဝနာ၏ အထောက်အပံ့မျှသာဖြစ်၍။အထက်ဖြစ်သောဈာန်နှိုက် မိမိနှင့်တူသောဈာန်ကို ဖြစ်စေခြင်းငှါမတတ်နိုင်။အဇ္ဈာသယသည်သာလျှင် အထက်နှိုက်ဖြစ်သောဈာန်အင်္ဂါတို့ကိုထင်မှတ်နိုင်သကဲ့သို့။ဤအတူလောကုတ္တရာနှိုက်သည်း။ပါဒကဈာန်သည် ဝိပဿနာအား ထက်သန်စေခြင်း၊သန့်ရှင်းစင်ကြယ်စေခြင်းအကျိုးငှါ။ဗလဝုပနိဿယအားကြီးသောမှီရာဖြစ်၍။ အဇ္ဈာသယသည်လာလျှင် ဝိပဿနာကိုဝိတက်ကိုပျောက်ကင်းစေခြင်းအစရှိသောဝိတက္က ဝိရာဂအဖြစ်သို့ရောက်စေ၍။ မဂ်၌ဈာန်အင်္ဂါတို့ကိုမှတ်သား ပိုင်းခြားစေနိုင်၏။ဤသည်ကားပုဂ္ဂလဇ္ဈာသယဝါဒီဆရာ၏ အလိုတည်း။ ။ဝဍ္ဍနကမ်မိန့်ဝိပဿနာဇော၊ မဂ္ဂဈာနင်္ဂ နိယမေတိ။ ။ဟူ၍မဟာအဋ္ဌကထာနှိုက်မိန့်အပ်၏။ ။အနက်ကား။ ။ဝဍ္ဍန

ဂါမိနီဝိပဿနာ၁၉၀၊ ဝုဋ္ဌာနဂါမိနီဝိပဿနာသည်သာလျှင်။ မဂ္ဂေ၊
မဂ်နိုက်။ ဈာနင်္ဂံ၊ ဈာန်အင်္ဂါတို့ကို။ နိယမေတိ၊ မှတ်သားပိုင်းခြား
နိုင်ပေ၏။ ။ငါးမဟာအဋ္ဌကထာ စကားနိုက်။ ပုဂ္ဂလဇ္ဈာသ
ယဝိသေသ အစွမ်းဖြင့်။ ဝိတက်အစရှိသည်တို့ကိုပျောက်ကင်း
စေတတ်သောသတ္တိနှင့်ယှဉ်သော။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်
သာလျှင်ဖြစ်ပေသည်ဟူ၍မိန့်တော်မူလိုသတည်း။ ။အဋ္ဌသာ
လိနီနိုက်မူကား။ ထိုမထေရ်သုံးပါးတို့၏ အချင်းချင်းတပါးနှင့်
တပါးအယူသည်။ မဆန့်ကျင်ပေဟုဆိုအပ်သကဲ့သို့မိန့်၏။ ထို
သို့ပင်ဖြစ်သော်လည်း။ ၎င်းဝါဒတို့သည် အချင်းချင်းနှီးနှော၍ ပြု
လုပ်ကြသည်လည်းမဟုတ်။ အသီးအသီးအလုံးစုံသော လော
ကုတ္တရာဈာန်တို့ကို။ အပြည့်အစုံမိမိတို့၏ဝါဒရှိသည်အတိုင်း
ထုတ်ဆော်၍ မိန့်ဆိုခြင်း ဖြစ်ကြပေသဖြင့်။ ထိုသုံးပါးသော
ဆရာတို့၏ဝါဒများကို။ အချင်းချင်း ဆန့်ကျင်ခြင်းအကြောင်း
မရှိပေဟုရှောင်လွှဲ၍ ပြောဆိုရေးသားခြင်းငှါလည်း မပြုလုပ်
ကောင်းဖြစ်ပေ၏။ ၎င်းစကားရပ်နိုက်။ ဈာနလာဘီပုဂ္ဂိုလ်တို့၏
ဝိပဿနာမှုနိုက်။ ပါဒကဈာန်ကို ဝင်စားခြင်းအမှုကို မြတ်စွာ
ဘုရားသခင်သည်သာလျှင်။ ကောင်းစွာစီရင်အပ် သိတော်မူ
အပ်ခြင်းဖြစ်ပေသည်။ ။ရူဋ္ဌသုတ္တ သုတ်နိုက်။ ။ဣဓ
နန္ဒဘိက္ခု၊ ဝိဝိစ္စေဝ ကာမေဟိ၊ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ ပဌမ
ဈာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ။ ဒုတိယဈာနံ၊ တတိယဈာနံ၊ စတုတ္ထ
ဈာနံ၊ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သော အဇ္ဈတ္တံ သုညတံ မနသိကရောတိ၊
တဿစေ အဇ္ဈတ္တံ သုညတာယ၊ စိတ္တံ နပက္ခန္ဒတိ၊ နပသီဒတိ၊
တေန ဘိက္ခုနာ၊ တသ္မိံ ယေဝ ပုရိမသ္မိံ။ သမာဓိ နိမိတ္တေ
အဇ္ဈတ္တမေဝ စိတ္တံ သဏ္ဌပေတဗ္ဗံ။ သန္နိသာဒေတဗ္ဗံ၊ ဧကောဒိ
ကာတဗ္ဗံ၊ သမာဒဟာတဗ္ဗံ။ ။ဟူ၍ ဟောတော်မူ၏။ ။
ထိုပါဠိတော်နိုက်။ သုညတံ မနသိကရောတိ- ဟူသည်ကား။
ဝိပဿနာအမှုကို ဟောတော်မူသည်။ တသ္မိံ ယေဝ ပုရိမသ္မိံ
သမာဓိနိမိတ္တေ- ဟူသည်ကား။ ပါဒကဈာန် သမာဓိနိမိတ်ကို

ဟောတော်မူသည်။ ထို့ကြောင့်။ နဝနိပါတ်နိုက်လည်း။ ။ ပဌမံပါဟံဘိက္ခဝေဈာနံ နိဿာယ။ အာသဝါနံခယံဝဒါမိ။လ။ နေဝသညာနာသညာယတနံပါဟံဘိက္ခဝေဈာန နိဿာယအာသဝါနံခယံဝဒါမိ။ ။ဟူ၍ဟောတော်မူသည်။ ။ဤသုံးပါးသောဝါဒတို့တွင်။ပုဂ္ဂလဇ္ဈာသယဝါဒသည်။အားကြီးသကဲ့သို့ထင်မှတ်ရပါ၏။လောကီဈာန်တို့၌လည်း။ ထိုနည်းတူစွာ-ပါဒကဈာန်ကို အလိုရှိပေသလျှင်ကတည်း။ ထိုပါဒကဈာန်သည် အထက်ဈာန်အား။ ဥပစာရဘာဝနာ၏ ထက်သန်သောအဖြစ် သန့်ရှင်းစင်ကြယ်သောအဖြစ်ကို ရစေခြင်းအကျိုးငှါသာလျှင် ဖြစ်ပေသည်။ စင်စစ်မှာမူကား။ အဇ္ဈာသယ သည်သာလျှင်။ ဥပစာရဘာဝနာ၏။ဝိတက္ကဝိရာဂအဖြစ်ကို ပြီးမြောက်စေခြင်း ဖြစ်ပါ၏။ဥပစာရဘာဝနာသည်သာလျှင်အထက်ဖြစ်သောဈာန်၌ ဈာန်အင်္ဂါတို့ကိုပိုင်းခြားမှတ်သားနိုင်သည်။ဤနည်းတူ။ဤနေရာ၌လည်းပါဒကဈာန်၏ အစွမ်းသတ္တိကြောင့်။ ထက်သန်သည်၏ အဖြစ်၊ သန့်ရှင်းသည်၏ အဖြစ်သို့ ရောက်သော။ ဝုဋ္ဌာနဂါမိနိ ဝိပဿနာသည်သာလျှင်။ အဇ္ဈာသယဝိသေသထူး၏ အစွမ်းကြောင့်။ဝိတက်ကိုကင်းစေခြင်းအစရှိသော ဝိတက္ကဝိရာဂသတ္တိ အထူးနှင့်ယှဉ်သည် ဖြစ်ပါသောကြောင့်။ မဂ်နိုက် အထူးထူးသောဈာန်တို့ကို။ပြီးစေနိုင်ပါ၏။ အဇ္ဈာသယ ဝိသေသ အထူးသည်။မရှိသည်ဖြစ်သော်ကား။ ထိုပါဒကဈာန်အားလျော်စွာ။ သာမညဖြစ်သောအဇ္ဈာသယသည်။တည်နိုင်ပေ၏။ထိုကြောင့်။ အဇ္ဈာသယအထူးသည်မရှိခဲ့သော်။ ပါဒကဈာန်သည်သာလျှင် ပမာဏဖြစ်ပေသတည်း။ ၎င်းအဇ္ဈာသယဝိသေသအထူးသည် ရှိခဲ့သည်ရှိသော်ကား။ ထိုအဇ္ဈာသယသည်သာလျှင် ပမာဏ ဖြစ်ပေ၏။အလုံးစုံသောဈာန်တို့နိုက် လေ့ကျက်ပြီးသော ဝသီဘော်တို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်တို့အား။ မဂ်တို့နိုက်-အလိုရှိရာ အလိုရှိရာဈာန်ကို ဖြစ်စေနိုင်ခြင်းသည်။ အလိုရှိရာ အလိုရှိရာ လောကီဈာန်တို့ကို ဝင်စားခြင်းနှင့်တူပါ၏။ ပါဒကဈာန်အစရှိ

သည်တို့၏အစွမ်းအားဖြင့်ဖြစ်ကြကုန်သော။အကြင်ဝိသေသအထူးသည်အမှန်ရှိပါ၏။အလုံးစုံဖြစ်ကုန်သော ထိုဝိသေသအထူးသည်။ဝိပဿနာဉာဏ်အား။ဝိသေသ အထူးဖြစ်ခြင်းအကျိုးငှါသာလျှင်ဖြစ်ပေ၏။ဝိပဿနာဝိသေသ အထူးသည်သာလျှင်။မဂ်၌၊ဈာန်အင်္ဂါတို့ကိုမှတ်သားပိုင်းခြားနိုင်ပါ၏။ထိုကြောင့်။အဋ္ဌသာလိနီ၌ရင်း။ဝိသုဒ္ဓိမဂ်နိုက်ရင်း။ဝိပဿနာကိုသာလျှင်။ပမာဏအလေးဂရုပြု၍ မိန့်တော်မူပါ၏။ အလုံးစုံဖြစ်ကြကုန်သော ထိုဝိသေသ အထူးတို့သည်လည်း။ ပါဒကဈာန်နှင့်ကင်း၍။ပြီးမြောက်ပြီး ပြည့်စုံခြင်းကိုမရနိုင်ပေ။ ဤသို့အကြောင်းကိုမှလုံးပိုက်မိထားကြစေရန်။ ဝိဘင်းအဋ္ဌကထာ။ မဂ္ဂသံယုတ်အဋ္ဌကထာတို့နိုက်။ပါဒကဈာန်ကိုသာလျှင်။ အလေးဂရုပမာဏပြု၍ဟောတော်မူပါ၏။ ပါဠိတော်နိုက်လည်း။ ။ဈာနဂဟာပတိဘိက္ခုဝိဝိစ္စေဝကာမေဟိ။ ဝိဝိစ္စအကုသလေဟိ ဓမ္မေဟိ။ သဝိတက္ကံ၊သဝိစာရံ၊ဝိဝေကဇံ၊ပီတိ၊သုခံ၊ပဌမံဈာနံ၊ ဥပသမ္ပဇ္ဇဝိဟရတိ။သောဈာနံပဋိသဉ္စိက္ခတိ။ ဣဒံပိခေါပဌမဇ္ဈာနံအဘိသင်္ခတံ။အဘိသဉ္စေတယိတံ။ ယံခေါပနကိဉ္စိအဘိသင်္ခတံအဘိသဉ္စေတယိတံ။တဒနိစ္စံ။နိရောဓဓမ္မန္တိပဇာနာတိ။ သောတတ္ထဋ္ဌိတောအာသဝါနံခယံပါပုဏာတိ။ လ။ ဒုတိယံဈာနံ၊ တတိယံဈာနံစတုတ္ထဈာနံ၊ မေတ္တာ စေတောဝိမုတ္တိံ။ ကရုဏာ၊ မုဒိတာ၊ဥပေက္ခာ၊စေတောဝိမုတ္တိံ။အာကာသာနဉ္စာယတနံ။လ။အာကိဉ္စညာယတနံဥပသမ္ပဇ္ဇဝိဟရတိ၊သောဣတိပဋိသဉ္စိက္ခတိ။အယံပိခေါအာကိဉ္စညာယတနံသမာပတ္တိ။ အဘိသင်္ခတာအဘိသဉ္စေတယိတာ။ ယံခေါပနကိဉ္စိအဘိသင်္ခတံ။ခယံပါပုဏာတိ။ ။ဟူ၍။အင်္ဂုတ္တိုရ်ဧကာဒသနိပါတ်နိုက် ဟောတော်မူပါ၏။ ။ထိုပြင်မှတပါးလည်း မြတ်စွာဘုရားရှင်သည်။ ။ဈာနဓာနန္တဘိက္ခုဝိဝိစ္စေဝကာမေဟိ။ဝိဝိစ္စအကုသလေဟိဓမ္မေဟိ။ သဝိတက္ကံ၊သဝိစာရံ၊ဝိဝေကဇံ၊ပီတိ၊သုခံ၊ပဌမဈာနံ၊ ဥပသမ္ပဇ္ဇဝိဟရတိ။သောယဒေဝတတ္ထဟောတိ။ရူပဂတံ၊ဝေဒနာဂတံ၊သညာဂတံ၊ သင်္ခါ

ရဂတံ၊ဝိဥာဏဂတံ၊တေခမ္မေအနိစ္စတော၊ဒုက္ခတော၊အနတ္တတော။ သမနုပဿတိ။သော၊ဘဏ္ဍဋ္ဌိတော၊အာသဝါနံခယံပါပုဏာတိ၊နော စေအာသဝါနံခယံပါပုဏာတိ၊တေနေဝဓမ္မရာဂေန။ တာယဓမ္မ နန္ဒိယာပဉ္စန္နံ။ ဩရမ္ဘာဂိယာနံသံယောဇနာနံ။ ပရိက္ခယာဥပပါ တိကောဟောတိ။ တတ္ထပရိနိဗ္ဗာယီအနာဝတ္တိဓမ္မော။ ။မာလု ကျသုတ်-အနုပဒသုတ်၌ ဟောတော်မူပါ၏။ ။ထိုမာလုကျ သုတ်အနုပဒသုတ်အစရှိသော၊များစွာကုန်သော သုတ္တန်ကျမ်း တို့နှင့်လျော်ငြား၊ ရှစ်ပါးကုန်သော သမာပတ်တို့တွင် တခုခုသော သမာပတ်မှထ၍၊ ထ အပ်ပြီးသောသမာပတ်နှင့်ရှိသောဓမ္မတို့ အားသုံးသပ်ခြင်းကို သာလျှင်။ ဘုရား ဟောတော် မူသည်။ တပါးဈာန်ကိုသုံးသပ်ခြင်းငှါ။ ဘုရားဟောတော် မူအပ်သော ကျမ်းဂန်နှင့်မရှိ။ထို့ကြောင့်၊ယောဂီပုဂ္ဂိုလ်တို့၏။ အလိုအဖြာ သယ အစွမ်းဖြင့်။ပါဒကဈာန်မှတပါးသောဈာန်ကိုသုံးသင်ခြင်း သည်။ရှိသည့်ပင်ဖြစ်ပါငြားသော်လည်း။ပါဒကဈာန်သာလျှင်။ ပမာဏဖြစ်ကြောင်းကို သိခြင်းငှါဖြစ်ပေသည်။ ဤကဲ့သို့ပြဆို အပ်ပြီးသော စကားရပ်တို့ကို သိရှိရသဖြင့်။ သမ္မသိတ ဝါဒ သည်-၃-ပါးသော ဝါဒတို့တွင်။အားနည်းသော ဒုဗ္ဗလဝါဒဟု မှတ်။

အကြင်ပုဂ္ဂိုလ်တို့သည်။ဂ-ပါးသောသမာပတ်တို့ကိုရကုန်ငြား သော်လည်း။ဈာန်ကိုငင်း။ပါဒကကိုငင်း။အားမထုတ်မပြုလုပ်ကြ ဘဲ။မဂ်ကိုဖြစ်ပေါ်စေကြကုန်၏။ပဥ္စမဈာန်ကိုသာလျှင် ပါဒကပြု ၍သာလျှင်။ အဖြာသယဝိသေသ အထူးမပြုလုပ် အားမထုတ် ကြဘဲ။မဂ်ကိုဖြစ်ပေါ် ကြစေကုန်၏၊ပဥ္စမဈာန်ကိုသာလျှင်ရကြ ကုန်သည်ဖြစ်၍။ ထိုပဥ္စမဈာန်ကိုသာလျှင်အခြေပါဒကပြု၍။မဂ် ကိုဖြစ်ပေါ် ကြစေကုန်၏။ အကြင်ပုဂ္ဂိုလ်တို့သည်သုက္ခဝိပဿ ကဈာန်ခြောက်သော ပုဂ္ဂိုလ်တို့ဖြစ်ကြကုန်သဖြင့်။ မဂ်ကိုဖြစ် ပေါ် ကြစေကုန်၏။ ထိုပုဂ္ဂိုလ်သည်ပဥ္စမဈာန်ရှိသော မဂ်သည်

သာလျှင်ဖြစ်ပေါ်နိုင်လတံ့။ ။အကြင် ပုဂ္ဂိုလ်တို့သည်။ ပြက
တေ့ဖြင့်လျှင်ရှစ်ပါးကုန်သောသမာပတ်နှိုက်။ လေ့ကျက်အပ်
ပြီးသောဝသီဘော်ရှိကြကုန်သည်ဖြစ်သောကြောင့်။ ထိုပုဂ္ဂိုလ်
တို့သည်အနီးဖြစ်သောပါဒကဈာန်နှင့် ကင်း၍လည်း။ အကြင်
သို့သောဈာန်ကိုအလိုရှိကြကုန်သဖြင့်။ ထိုထိုဈာန်အပေါင်းတို့
သည်။ ထိုပုဂ္ဂိုလ်တို့၏ရရှိသော မဂ်နှိုက်မပြည့်ရ ံနိုင်ပေဟူ၍
မဆိုထိုက်။အာရုံမှုဖြစ်သောသမ္မာသိဟဈာန်သည်။အထက်ဈာန်
သို့ရောက်ခြားသော်ယည်း။ အနီးနှိုက်ဖြစ်တည်၍ ထအပ်သော
ဈာန်ထက်။ အားကြီးစေရန်အကြောင်း ဖြစ်ခြင်း၌ မထိုက်။
အဘယ့်ကြောင့် ဆိုသော်။ အနီးနှိုက်ထသော ဈာန်သည်သာ
လျှင်။ဝိတ်အစဉ်ကိုဝိသေသအထူးပြုခြင်း၌ စွမ်းနိုင်သည်၏အ
ဖြစ်ကြောင့်တည်း။ ။ထိုကြောင့်သာလျှင်။ သမ္မသိတ ဝါဒကို
အလုံးစုံသောအဋ္ဌကထာတို့နှိုက်။ ကေစိဝါဒပက္ခနှိုက်သာလျှင်
ထားတော်မူကြ၏။ပုဂ္ဂလဈာသယဝါဒ်ကိုထို့နည်းအတူ။ ကေစိ
ပါဒနှိုက်ထားအပ်သည်မဟုတ်ပါလောဟု စောဒနာရှိအံ့။ ထို
နည်းအတူထားအပ်သည်ပင်မှန်ပါ၏။ ထိုသို့ပင် ဟုတ်မှန်ငြား
သော်လည်း။ပုဂ္ဂလဈ္ဈာသယဈာန်သည်။ လောကီဈာန်တို့၏ဖြစ်
ပုံအစီအရင်နှင့်တကွ။နှီးနှောပြဆိုအပ်သည့်ဖြစ်ပါ၍။ အတိုင်း
ထက်အလွန်သင့်မြတ်သည့်သာဖြစ်ပါ၏။ ။ပါဒက ဈာန်သည်
အထက်ဖြင့်ံ သောဈာန်တို့ကိုရရန်အားထုတ်ရာတို့နှိုက်။ အခြေ
ပါဒကပြုလုပ်ကြရသည့်အတွက်။အားကြီးသည်၏ အဖြစ်သို့
မရောက်နိုင်ပေ။စင်စစ်သော်ကား။ မိမိသည် အထက်အထက်
ဈာန်တရားတို့ကိုအားထုတ်ရာဝယ်။ အခြေပါဒကအနေတာရ။
ဖြစ်ပေသောကြောင့်သာလျှင်။အားကြီးအသည်ဟု အခြေကိုစွဲယူ
တ္တင်ပြခြင်းဖြင့်။ဆိုအပ်သော စကားဖြစ်ပေသတတ်။အချို့သော
ဆရာတို့သည်။ မဂ်နှိုက်ဝေဒနာတို့ကိုမှတ်ခြင်းတွင်။ မဂ်သည်
ကား။ပါဒကဈာန်အစရှိသည်တို့၏အစွမ်းဖြင့်။ မပြီးမြောက်နိုင်
ဟုမိန့်တော်မူကြ၏။ ပါဒကမှတပါးသော အကြောင်းကြောင့်

သာလျှင်ဖြစ်နိုင်ရာ၏ဟု။ အလိုရှိတော်မူကြသည့် အတိုင်းဖြစ်သောသဘောရပ်ကို ယူမှတ်ချေသည်ရှိသော်။ ဝိပဿနာသည် ဝေဒနာနှင့်ယှဉ်သည့်ဖြစ်၍။ ထိုပါဒကချာနအစရှိသည် တို့ဖြင့် ခိုင်းခြားမှတ်သားအပ်သော။ တပါးစီတပါးစီဖြစ်သော မဂ်ဝေဒနာနှင့်တကွ။စပ်အပ်ရာဖြစ်သောအကြောင်းရှိပေရာ၏ဟူသော အဓိပ္ပါယ်ရောက်ခဲ့၏။အဘယ်ကြောင့်နည်း ဟူမူကား။ပါဒကချာန်အစရှိသည်တို့၏အစွမ်းကြောင့်သာလျှင်။ ဝိပဿနာနှင့်အတူတကွအလိုလိုပြီးမြောက်သည့်၏အဖြစ်ကြောင့်တည်း။

ထိုစကားကိုထင်ရှားစေအံ့။ ။ထိုထိုပါဒကချာန်မှထ၍။ ဝိပဿနာရှုသောယောဂီပုဂ္ဂိုလ်၏။ဝိပဿနာသည်။ အစဉ်းနှိုက်။ ရံခါ-သောမနဿနှင့်တကွဖြစ်သည်လည်းရှိပါ၏။ရံခါဥပေက္ခာနှင့်တကွဖြစ်သည်လည်းရှိပါ၏။မဂ္ဂဝုဋ္ဌာနကာလ။ မဂ်ထသောကာလတို့၌ကား။ပါဒကချာန်သည်သောမနဿချာန်အကယ်၍ဖြစ်ပါအံ့။ဝိပဿနာသည်စင်စစ်အားဖြင့်။သောမနဿနှင့်တကွဖြစ်သည်သာလျှင်ဖြစ်၍။ မဂ်နှင့်အတူတကွစပ်အပ်ပါ၏။ ဥပေက္ခာချာန်သည်အကယ်၍ဖြစ်ငြားအံ့။ ဥပေက္ခာနှင့်တကွဖြစ်သည်သာလျှင်ဖြစ်၍၊ မဂ်နှင့်အတူစပ်အပ်ပါ၏။ ဤသို့သောအကြောင်းကြောင့်သဋ္ဌာယတနဝိဘင်္ဂသုတ်နှိုက်။ ။တတြဘိက္ခဝေယာဒံဆနေက္ခမ္မသိတာနိသောမနဿာနိ။ တာနိပဟာယ၊ တာနိသမတိက္ကမထ၊ ၎ဝမေဘေသံပဟာနံဟောတိ။သမတိက္ကမောဟောတိ။ ။ဟူ၍ဘုရားရှင်မိန့်တော်မူပါ၏။ ။အဋ္ဌကထာနှိုက်လည်း။ ။အဋ္ဌသုသမာပတ္တိသု။ ပဌမာဒိနိစတိဏ်ချာနာနိ။ သုဒ္ဓသင်္ခါရေ ပါဒကေကတွာ။ ဝိပဿနံအာရဒ္ဓါနံ။ စတုန္နံဘိက္ခူနံပုဗ္ဗဘာဂဝိပဿနာ သောမနဿသဟဂတာဝါ ဟောတိ။ဥပေက္ခာသဟဂတာဝါ။ ဝုဋ္ဌာနဂါမိနီပန သောမနဿသဟဂတာဝဟောတိ။ စတုတ္ထဇ္ဈာနာဒီနိပါဒကာနိကတွာ။ဝိပဿနံအာရဒ္ဓါနံပဉ္စန္နံဘိက္ခူနံ။ ပုဗ္ဗဘာဂဝိပဿနာပုရိမသဒိသာ

ဝ။ ဝုဋ္ဌာနဂါမိနီပနဥပေက္ခာသဟဂတာဝဟောတိ။ ။ဟူ၍မိန့်
ဆိုတော်မူအပ်ပါ၏။ထို့ကြောင့်။အဇ္ဈာသယဝိသေသနှင့်တကွ။
မဂ်ဝုဋ္ဌာနနှိုက်လည်း။ဤနည်းအတိုင်းပင်ရှိပါ၏။ အားကြီးသော
ဝိပဿနာကာလနှိုက်။ ဝိပဿနာတရားတို့နှင့်မွေ့လျော်ရခြင်း
သည်။အလွန်တရာကောင်းမြတ်ချမ်းသာသောအဖြစ်သို့ရောက်
ရ၍။တကိုယ်လုံးဖရဏာပီတိအပေါင်းတို့ဖြင့်ပျံ့နှံ့လျက်။သွမ်း
မိုးအုပ်ချုံဖိုးကဲလျက်ဖြစ်လာသော့၏။ ထို့ကြောင့်မြတ်စွာဘု
ရားရှင်သည်။ ။သုညာဂါရေပဝိဋ္ဌဿသန္တစိတ္တဿဘိက္ခု
နော။အမာနုသီရတိဟောတိသမ္မာဓမ္မံဝိပဿတော။ ယတောယ
တောသမ္မသတိ ခန္ဓာနံ ဥဒယဗ္ဗယံ။လဘတိ ပီတိပါမောဇ္ဇံအမ
တန္တံဝိဇာနတံ။ ။ဟူ၍ဟောတော်မူပါ၏။ ။သုညာဂါရေ၊
ဆိတ်ငြိမ်ရာဖြစ်သောရပ်ဒေသသို့။ ပဝိဋ္ဌဿ၊သက်ဝင်ခြင်းနင်း
လျက်။ဝါ၊ဝင်ရောက်၍။သန္တစိတ္တဿ၊ငြိမ်သက်ငြိမ်းချမ်းသော
စိတ်ရှိသော။ဘိက္ခုနော၊ရဟန်းမြတ်အား။ သမ္မာဓမ္မံ၊ခန္ဓာငါးပါး
ရုပ်နာမ်တရားတို့၏ဖြစ်ပေါ်မှုချုပ်ကွယ်မှုတို့ကို။ ဝိပဿတော၊
ရှုမြင်သုံးသပ်ရခြင်းကြောင့်။အမာနုသီ၊လေးကျွန်းသနင်းစကြာ
မင်း၏စည်းစိမ်ချမ်းသာကိုရသည်ထက်။ ရတိ၊မွေ့လျော်ခြင်း
တို့သည်။ဟောတိ၊ဖြစ်ပေ၏။ ယတောယတော၊အကြင်အကြင်
အခါနှိုက်။ သမ္မသတိ၊ ကောင်းစွာဆင်ခြင်သုံးသပ်အပ်သော
သတိရှိသည်ဖြစ်၍။ခန္ဓာနံ၊ခန္ဓာတရားတို့၏။ဥဒယဗ္ဗယံ၊ဖြစ်ပေါ်မှု
ချုပ်ကွယ်မှုတို့ကိုသိနိုင်သော ဥဒယဗ္ဗယဉာဏ်ကိုရသည်ဖြစ်
၍။ပီတိပါမောဇ္ဇံ၊ပီတိပါမောဇ္ဇတို့ကို။လဘတိ၊ရအပ်ပေ၏။အမ
တန္တံ၊အမြိုက်နိဗ္ဗာန်ကို။ ဝိဇာနတံ၊ကောင်းစွာထူးထွေဥဒယဗ္ဗ
ယဉာဏ်ဖြင့်မြင်၍သိရှာပေ၏။

ထိုကြောင့်ပါဒကဈာနဝိသေသသည်၎င်း။အဇ္ဈာသယဝိသေ
သသည်၎င်း။ ကင်းကုန်သည်ရှိသော်။ ဝုဋ္ဌာနဂါမိနီဝိပဿနာ
သည်။ဥပေက္ခာနှင့်တကွမဖြစ်နိုင်။စင်စစ်အားဖြင့်။သောမနဿ
နှင့်သာလျှင်အတူတကွဖြစ်နိုင်ပါ၏။ အလုံးစုံသောဈာန်တို့နှိုက်

လေ့လာအင်ပြီးသောဝသီဘော်ရှိကြကုန်သောပုဂ္ဂိုလ်တို့အား။ အမှတ်မရှိတရသောဈာန်ကိုအခြေပါဒကပြု၍။ထိုဈာန်ကိုသော်ဝင်း။တပါးသောဈာန်ကိုသော်ဝင်း။ မဂ်၌အကြင်ဈာန်ကိုအလိုရှိ၏။အလိုရှိသည်အတိုင်း။ မဂ်မှထသောအခါကာလ၌။ အဇ္ဈာသယ၏အစွမ်းသတ္တိအားဖြင့် ထိုထိုဈာန်အားလျော်စွာ။ဝိပဿနာ၌ဝင်း။မဂ်၌ဝင်း။ဝေဒနာညွတ်ခြင်းကို ကောင်းစွာသိမြင်သဖြင့်။ ဝေဒနာတို့၏ နိယာမတရားမည်သည်ကို။ အသီးအခြားပြုလုပ်လျက်ဆိုဘွယ်ရာမရှိပေ။

ဈာန်တရားတို့၏အဋ္ဌုပ္ပတ္တိပြီး၏။

---

မဂ္ဂပစ္စယော-ဟူသည်ကား။ ။ဒုဂ္ဂတိသုဂတိနိဗ္ဗာနသမ္ပာပကဋ္ဌေန-ဥပကာရကောဓမ္မောမဂ္ဂပစ္စယော။ ။အနက်ကား။ ။ ဒုဂ္ဂတိသုဂတိနိဗ္ဗာနသမ္ပာပကဋ္ဌေန၊ ဒုဂ္ဂတိအရပ်၊သုဂတိအရပ်၊ နိဗ္ဗာန်ဓါတ်သို့ရောက်စေတတ်သောအနက်သဘောဖြင့်။ဥပကာရကော၊ကျေးဇူးပြုတတ်သော။ဓမ္မော၊တရားသည်၊မဂ္ဂပစ္စယော၊ မဂ္ဂပစ္စည်းတပ်သောတရားမည်၏။

သုဂတိအရပ်၊ဒုဂ္ဂတိအရပ်၊နိဗ္ဗာန်ဓါတ်သို့ရောက်စေတတ်သည်ဖြစ်သောကြောင့် မဂ်မည်၏ ဟူလိုသည်။ ဤမဂ္ဂပစ္စည်းသည်။အကြင်အကြင်ကောင်းမွန်မှန်ကန်စွာမြင်ခြင်းအစရှိသောလက္ခဏာအထူးတို့နှင့်ပြည့်ရသည်၏အဖြစ်ကြောင့်။ကုသိုလ်ဖြစ်ကြကုန်သောသမ္မာဒိဋ္ဌိအစရှိသည်တို့သည်။ သုဂတိ အရပ်နိဗ္ဗာန်ဓါတ်သို့ရောက်စေတတ်သောအနက်ကြောင့်။မဂ္ဂပစ္စည်းမည်သည်ဖြစ်ပါ၏။အဗျာကတ တရားဖြစ်ကြကုန်သောထိုသမ္မာဒိဋ္ဌိအစရှိသည်တို့အား။ ထိုထိုကောင်းစွာမြင်ခြင်း အစရှိသောလက္ခဏာအထူးသည်ရှိပေသည်သာလျှင်ဖြစ်ခြင်းကြောင့်။ ထိုအဗျာကတ ဖြစ်သောသမ္မာဒိဋ္ဌိ အစရှိသည်တို့အား၊ ထိုကဲ့သို့

သောအနက်ကြောင့်သာလျှင်။ မဂ္ဂပစ္စည်းတပ်သည်ဟူ၍ ဆိုရပေသတည်း။ ။မဂ္ဂင်တရားတို့အား။ ထိုထိုသုဂတိ၊ ဒုဂ္ဂတိ၊ နိဗ္ဗာန်သို့ရောက်စေတတ်သော အနက်သဘောအားဖြင့်။ ကျေးဇူးပြုတတ်သည့်၏အဖြစ်သည် ရှိပါငြားသော်လည်း။ ထိုမဂ္ဂင်တရားတို့ကြောင့်ဖြစ်ပေါ်ရကုန်သော ရုပ်တရားတို့အား။ ထိုသုဂတိ၊ဒုဂ္ဂတိ၊နိဗ္ဗာန်၊သို့ရောက်အနက်သဘောသည် မရောက်ဘဲရှိလေရာ၏။စင်စစ်သော်ကား။ ထိုမဂ်တရားတို့ကြောင့် ဖြစ်ကုန်သောရုပ်တရားတို့အား။ မိမိတို့၏ သင့်လျော်ပတ်သည်၏အစွမ်းအားဖြင့်။ဝိသေသအထူးကိုမူကား။ မဂ္ဂင်တို့၏အစွမ်းအားဖြင့်ရအပ်ပါ၏။ထိုဝိသေသအထူးတို့၏ အစွမ်းသတ္တိ အားဖြင့်။မဂ္ဂပစ္စယုပ္ပန်၏ အဖြစ်ကိုကောက်ယူအပ်ပါ၏။ ဤသို့လျှင်ကောက်ယူကြံဆအပ်သောနည်းကို။ဟေတုပစ္စည်း၊ကမ္မပစ္စည်း၊ဈာနပစ္စည်း၊ ဈာနပစ္စည်းတို့နှိုက် သော်ပြပြီးဖြစ်ပါ၏။ ။ (ဤနေရာနှိုက်လည်း။မဂ်၏အကြောင်းအထူးပြဿတို့ကို။ ယထာရဟာထိုက်သည်အားလျော်စွာ ထုတ်ဆောင်၍ သော်ပြခဲ့ပေအံ့သတည်း)။ ။မဂ်ဟူသည်ကား။ နိဗ္ဗာနံမဂ္ဂေတိတိမဂ္ဂေါ။ ။ဝိဂ္ဂဟ်ပြု။ ။နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ မဂ္ဂေတိ၊ သွားရောက်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။မဂ္ဂေါ၊မဂ်မည်၏။ ။မဂ်စိတ်ကို ဆိုလိုသည်။ ။နိဗ္ဗာနတ္ထိကေဟိမဂ္ဂိယတီတိမဂ္ဂေါ။ ။နိဗ္ဗာနတ္ထိကေဟိ၊နိဗ္ဗာန်ကိုအလိုရှိကြကုန်သောပုဂ္ဂိုလ်တို့သည်လျှင်။မဂ္ဂိယတိ၊မတွေ့တွေ့အောင်၊ကြိုးဆောင်လုံ့လ။ဝီရိယဖြင့် ရှာမှီးအပ်ပေ၏။ဣတိတသ္မာ၊ထိုကြောင့်။မဂ္ဂေါ၊မဂ်မည်၏။ ။မဂ်ပုဂ္ဂိုလ်ကိုဆိုလိုသည်။ ။မဂ်သည် မဂ်စိတ်အားဖြင့်။ သောတာပတ္တိအစရှိသည်ဖြင့်-၄-ပါးရှိ၏။ထို-၄-ပါးတို့တွင်။ သောတာပတ္တိမဂ်စိတ်ဟူသည်ကား။ ။သဝတိသန္ဒတီအနိဝတ္တဂမနဝသေန ပဝတ္တတီတိသောတော။ ။ဝိဂ္ဂဟ်ပြု။ ။သဝတိသန္ဒတိ၊ စီးတတ်၏။အနိဝတ္တဂမနဝသေန၊ မဆုတ်မနစ်သော သွားခြင်း၏အစွမ်းအားဖြင့်။ပဝတ္တတိ၊ စီးသွားတတ်၏။ ဣတိတသ္မာ၊ ထို

ကြောင့်၊သောတော၊သောတမည်၏။ ။ဆုတ်နစ် တန့်ရပ်ခြင်း မရှိဘဲသွားခြင်း၏အစွမ်းအားဖြင့် စီးသွားတတ်သော အနက် သဘောကိုသောတဆိုလိုသည်။ ။ဂင်္ဂါ အစရှိသည့်တို့နှိုက် ဖြစ်သောရေအယဉ်ကိုမှတ်။ထိုရေအယဉ်တို့သည်။ အမှန်ဖြစ် ရာအရပ်မှစ၍။မဟာသမုဒ္ဒရာကြီးသို့တိုင်အောင်။ ဆုတ်နစ်တန့် ရပ်ခြင်းမဖြစ်စေမူ၍။အဟုန်နှင့်တကွ စီးဆင်း၍သွားတတ်သော သဘောကိုသိ၍ထား။ ။သောတောဝိယာတိသောတော။ ။ ဝိဂြိုဟ်ပြု။ ။သောတောဝိယ၊ ဖြစ်ရေအယဉ် ကဲ့သို့တည်း။ ဇာတိတသ္မာ၊ ထိုကြောင့်။ သောတော၊ သောတမည်ပါ၏။ ။ အစဉ်မပြတ်အဟုန်နှင့်တကွဖြစ်ရေအယဉ်ကဲ့သို့စီးဆင်း၍သွား တတ်ခြင်းဖြစ်သောကြောင့်။သောတ ဟုဆိုလိုသည်။ အင်္ဂါရှစ် ပါးပြည့်စုံသောအရိယမဂ်ကိုရအပ်၏။ ။ဘုရားအဘယ်ကဲ့ သို့ဟောတော်မူသနည်းဟူမူကား။ ။ယောခေါ အာဝုသော အရိယော အဋ္ဌင်္ဂိကောမဂ္ဂေါ၊ သေယျထိဒံ။ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပေါ၊သမ္မာဝါစာ၊သမ္မာကမ္မန္တော၊သမ္မာအာဇီဝေါ၊ သမ္မာ ဝါယာမော၊သမ္မာသတိ၊ သမ္မာသမာဓိ၊ အယံဝုစ္စတာဝုသော သောတော။ ၊အနက်ကား။ ။အာဝုသော၊ငါ့ရှင်။ ခေါ၊ ခင်စစ်။ အရိယော၊ ဖြူစင်ကောင်းမြတ်ထွာထသော။ ယောအဋ္ဌင်္ဂိကော မဂ္ဂေါ၊အကြင်အင်္ဂါရှစ်ပါးနှင့်ပြည့်စုံပေသောမဂ္ဂင်တရားသည်။ အတ္ထိ၊ရှိပေ၏။သေယျထိဒံ၊ ဘယ်သင်းဘယ်ဟာများပါနည်းဆို သော်။သမ္မာဒိဋ္ဌိ၊သမ္မာဒိဋ္ဌိရင်း။ သမ္မာသင်္ကပ္ပေါ၊ သမ္မာသင်္ကပ္ပ ရင်း။သမ္မာဝါစာ၊သမ္မာဝါစာရင်း။သမ္မာကမ္မန္တော၊သမ္မာကမ္မန္တ ရင်း။သမ္မာအာဇီဝေါ၊သမ္မာအာဇီဝရင်း။သမ္မာဝါယာမော၊သမ္မာ ဝါယာမရင်း။သမ္မာသတိ၊သမ္မာသတိရင်း။သမ္မာသမာဓိ၊ သမ္မာ သမာဓိရင်း။အာဝုသော၊ငါ့ရှင်။အယံ၊ဤရှစ်ပါးကို။ သောတော တိ၊သောတဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ သောမဂ္ဂင်တရားတို့ကို။သောတဟူ၍ဟောတော်မူသည်။ ဤနေ ရာနှိုက်၊မြွေသောတကိုမှတ်။ ။ဤမဂ်သည်။အငြင်အခါနှိုက်

ဖြစ်ပေါ်၏။ထိုအခါမှစ၍။ မင်္ဂ၏အာနုဘော် နှင့်သည်၏အစွမ်း အားဖြင့်။ အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့တိုင်အောင်။ အစဉ် တစိုက် အကြားနှက်။ဆုတ်နစ်တန့်ရပ်ခြင်းမရှိလေဘဲ။ စီးသွား တတ်ပေသည်ဟုသိကြ။

ဘုရားရှင်သည်လည်း။ ။သေယျထာပိဘိက္ခဝေ ယာကာ စိမဟာနဒိယော၊သေယျထိဒံ၊ဂင်္ဂါ၊ယမုနာ၊အစိရဝတီ။သရဘူ၊ မဟီ၊ သဗ္ဗာတာသမုဒ္ဒနိန္နာဟောန္တိ၊ သမုဒ္ဒပေါဏာ၊ သမုဒ္ဒ ပဗ္ဘာရာ၊ ဧဝမေဝခေါ ဘိက္ခဝေဘိက္ခု။ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ ဘာဝေန္တော၊ဗဟုလီကရောန္တော၊ နိဗ္ဗာနနိန္နောဟောတိ။ နိဗ္ဗာန ပေါဏော၊နိဗ္ဗာနပဗ္ဘာရောတိ။ ။အနက်ကား၊ ။ဘိက္ခဝေ၊ ရဟန်းတို့။သေယျထာပိ၊ဥပမာမူကားသည်လည်း။ယာကာစိ၊ ခပ် သိမ်းကုန်သော။မဟာနဒိယော၊မြစ်ကြီးတို့သည်။သန္တိ၊ထင်ရှား ရှိကြပါကုန်၏။သေယျထိဒံ၊ ဘယ်သင်းဘယ်ဟာချွန်းနည်းဆို သော်။ဂင်္ဂါ၊ဂင်္ဂါမြစ်ရင်း။ယမုနာ၊ယမုနာရင်း။အစိရဝတီ၊ အစိ ရဝတီရင်း။သရဘူ၊သရဘူရင်း။ မဟီ၊မဟီရင်း။ ဣမာမဟာနဒိ ယော၊ဤမြစ်ကြီးတို့ပေတည်း။သဗ္ဗာတာ၊ ထိုအလုံးစုံကုန်သော မြစ်ကြီးတို့သည်။သမုဒ္ဒနိန္နာ၊ သမုဒ္ဒရာသို့ ညွတ်ကြကုန်သည်။ ဟောန္တိ၊ဖြစ်ကြကုန်၏။သမုဒ္ဒပေါဏာ၊ သမုဒ္ဒရာသို့ကိုင်းကုန် သည်။ဟောန္တိ၊ဖြစ်ပါကုန်၏။သမုဒ္ဒပဗ္ဘာရာ၊ သမုဒ္ဒရာသို့ရှိုင်း ကုန်သည်။ဟောန္တိ၊ဖြစ်ပါကုန်၏။ ဧဝမေဝခေါ၊ ဤအတူသာ လျှင်။ဘိက္ခဝေ၊ရဟန်းတို့။ ဘိက္ခု၊ သံသရာဝဋ်၊ ဒုက္ခညွတ်မှ၊ ကျွတ်လွတ်လိုကြောင်း၊သူတော်ကောင်းသည်။ အရိယံ၊ဖြူစင် ကောင်းမြတ်လှစွာထသော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ သော။မဂ္ဂံ၊မဂ္ဂင်တရားတော်မြတ်ကို။ဘာဝေန္တော၊ ပွါးသည်ရှိ သော်။ဗဟုလီကရောန္တော၊ ကြိမ်ဖန်များစွာ အားထုတ်ပြုလုပ် အပ်သည်ရှိသော်။နိဗ္ဗာနနိန္နော၊နိဗ္ဗာန်သို့ညွတ်သည်။ နိဗ္ဗာနပေါ ဏော၊နိဗ္ဗာန်သို့ကိုင်းသည်။နိဗ္ဗာနပဗ္ဘာရော၊ နိဗ္ဗာန်သို့ရှိုင်းသည်။

ဟောတိ၊ဖြစ်ပါ၏။ ။ဤပါဠိတော်နှင့်။ ထိုထိုမဂ်ဖြင့်ပယ်အပ်ကုန်ပြီးသောကိလေသာတို့ကို။ တဖန်မကပ်မလာစေသည်၏အစွမ်းအားဖြင့်ရင်း။ သဒ္ဓါ အစရှိကုန်သော ဗုဒ္ဓိန္ဒြေတို့သည်။ အစဉ်အတိုင်းရင့်ခြင်းသို့ရောက်သည့်၏ အစွမ်း အားဖြင့်ရင်း။ ဆုတ်နစ်တန့်ရပ်ခြင်းမရှိသောသွားခြင်းကိုဆိုအပ်ပါ၏။ ။ထိုကြောင့်ပင်လျှင် မြတ်စွာ ဘုရားရှင်သည်။ ။သေယျထာပိ ဘိက္ခဝေ၊ဿဒ္ဒေါနိက္ကုဏ္ဍောဝမတေ ဝဥဒကံနေဝပဗ္ဗာ ဝမတိဧဝမေဝခေါဘိက္ခဝေအရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဘာဝေန္တောဗဟုလီကရောန္တော။ဝမတေဝပါပကေအကုသလေဓမ္မေ။ နေဝပဗ္ဗာဝမတိ။ ။အနက်ကား။ ။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။သေယျထာပိ၊ဥပမာမည်သည်လည်း။ နိက္ကုဏ္ဍော၊ မှောက်၍ထားအပ်သော၊ဿဒ္ဒေါ၊အိုးသည်။ဥဒကံ၊ ရေကို၊ဝမတေဝ၊ထွေးအန်သည်သာလျှင်တည်း။နေဝပဗ္ဗာဝမတိ၊တဖန်ပြန်၍မမျို။ ဧဝမေဝခေါ၊ဤအတူပင်လျှင်။ဘိက္ခဝေ၊ချစ်သားရဟန်းတို့။ အရိယံ၊ ဖြူစင်ကောင်းမြတ်သော၊ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂံ၊မဂ္ဂင်တရားတော်မြတ်ကို။ ဘာဝေန္တော၊ ပွါးသည်ရှိသော်။ ဗဟုလီကရောန္တော၊ အကြိမ်အခါ၊ များစွာပြုလုပ်အားထုတ်အပ်သည်ရှိသော်။ပါပကေ၊ ဆိုးညစ်ယုတ်မာကုန်သော။ အကုသလေဓမ္မေ၊အကုသိုလ်တရားတို့ကို။ ဝမတေဝ၊ ဖျို့အန်သည်သာလျှင်တည်း။နေဝပဗ္ဗာဝမတိ၊ တဖန်ပြန်၍မမျိုပေ။ ။ထိုဖြင့်မှတပါးလည်း။ မြတ်စွာဘုရားရှင်သည်။ ဤကဲ့သို့ ဟောတော်မူပြန်ပါ၏။ ။သောတာပတ္တိမဂ္ဂဉာဏေန၊ ယေကိလေသေပဟီနာ။ တေကိလေသေနပုနေတိ။ နပစ္စေတိ၊ နပစ္စာဂစ္ဆတိ။ ။အနက်ကား။ ။သောတာပတ္တိမဂ္ဂဉာဏေန၊ သောတာပတ္တိမဂ်ဉာဏ်ဖြင့်။ပဟီနာ၊ပယ်စွန့်အပ်ကုန်ပြီးသော။ ယေကိလေသေ၊အကြင်ကိလေသာတို့သည်။ သန္တိ၊ထင်ရှားရှိကြပါကုန်၏။တေကိလေသေ၊ထိုကိလေသာတို့ကို။ နပုနေတိ၊ တဖန်ပြန်၍မလာစေ။နပစ္စေတိ၊နောက်တဖန်ပြန်၍မလာစေ။ နပစ္စာ

ဂန္ထုတိ၊နောက်တဘန်ပြန်၍ ထိုမကောင်းယုတ်မာ၊ဆိုးညစ်လှကုန်သောကိလေသာတို့ရှိရာအရပ်သို့မသွားရောက်စေ။

ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ပယ်အပ်ကုန်ပြီးသောကိလေသာတို့ကို။တဘန်ကပ်ရောက်စေကြပြန်၏။တံပဟိတ်အဖြစ်သို့ရောက်ငြားရငြားသော်လည်း။ တဘန်ဗိုဟိတ်အဖြစ်သို့ ရောက်ကြရပါ၏။ထိုပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ အထက် ဘဝဂ်ဟု ဆို အပ်သော။နေဝသညာ နာသညာယတနဘုံ၌ပင်ဖြစ်ငြားကြပါကုန်သော်လည်း။ တဘန်အပါယ်ဘုံတို့သို့ရောက်ခြင်း၌။ ထင်မြင်ကြရပါ၏။သီလဝန္တပင်ဖြစ်သော်လည်း။ တဘန်ဒုဿီလဖြစ်ရပါ၏။ တည်ကြည်သောသမာဓိတရားနှင့် ပြည့်စုံငြားသော်လည်း။တဘန်-ဥမ္မတ္တကအရူး ဖြစ်ရပြန်ခြင်းသည့်ငင်း။ စိတ်ကလေကလွင့်ဖြစ်ရခြင်းသည့်ငင်း။ ရှိပါရ၏။ပညာဝန္တဟု ဆိုအပ်သောပညာရှိကြီးတယောက်ပင် ဖြစ်ငြားသော်လည်း။ တဘန်ပါမှန်းသူမှန်းမသိ ဒုပ္ပညပုဂ္ဂိုလ်ကြီးဖြစ်ရ၏။ ဋ္ဌေမှ ခ၊ခံ တွင်းမှအရည်တစက်စက်နှင့်။အရည်ယိုလျက်ဖြစ်သော- သူယုတ်မာကြီးဖြစ်ရပြန်ပါ၏။ထို ကဲ့သို့ပြဆိုအပ်သော- ပုထုဇဉ်တို့ကဲ့သို့။ ဘုရားအစရှိသော အရိယာ အပေါင်းတို့သည်။ ထိုထိုမဂ်ဖြင့် ပယ်အပ်ကုန်ပြီးသော ကိလေသာ တို့ကို။ တဘန် ချဉ်းကပ်ပြု၍ မလုပ်ကြပါလေကုန်။ ပုထုဇဉ်အဖြစ်သို့ငင်း။ အထက်အထက်အရိယာပုဂ္ဂိုလ်တို့သည်။ ‌ေအာက်အရိယာ အဖြစ်သို့ငင်း။နိမ့်လျောဆုတ်ယုတ်ခြင်းမရှိကြကုန်။အစဉ်အတိုင်းသဒ္ဒါအစရှိကုန်သောဇာနေ္ဒြတို့၏၊ ရင့်စေရန် အဖြစ်ကိုသာလျှင်။ပြုကျင့်အားထုတ်တော်မူကြပါ၏။ (ဤနေရာနိုက်- ဘဝသောတကိုမှတ်ယူ)အလုံးစုံသောအရိယာပုဂ္ဂိုလ်တို့သည်။ အရိယာမဂ်၏အာနုဘော်တော်ကြောင့်သာလျှင်။ ပြည့်စုံပြီးမြောက်ခြင်းသို့ရောက်တော်မူနိုင်ကြပေ၏။ထိုကြောင့်။သောတဟူသောအမည်သည်။အစအမွန်ဖြစ်သော ထိုမဂ်နိုက်သာလျှင်။ ထင်မှတ်စွဲယူတော်မူစေ၏။ ။ဤကဲ့သို့သော အကြောင်းကြောင့် မြတ်စွာ

ဘုရားရှင်သည်။ ။ဥက္ကိတ္တွာပုညတေဇေန၊ကာမရူပဂတိံဂတာ။ ဘဝဂ္ဂတမ္ပိသမ္ပတ္တာ၊ ပုနဂစ္ဆန္တိဒုဂ္ဂတိံ။ ။တာဝဒီဃာယုကာ သတ္တာ၊စဝန္တိအာယုသင်္ခယာ။ နတ္ထိကောစိဘဝေါနိစ္စော၊ဣတိ ဝုတ္တံမဟေသိနာ။ ။တသ္မာဟိဓီရာနိပကာ၊ နိပုဏာ အတ္ထ စိန္တကာ။ဇရာမရဏမောက္ခာယ၊ဘာဝေန္တိမဂ္ဂမုတ္တမံ။ ။ဘာ ဝယိတွာ သုစိံ မဂ္ဂံ၊ နိဗ္ဗာနောဂဓဂါမိနိံ။ သဗ္ဗာသဝေ ပရိ ညာယ၊ ပရိနိဗ္ဗန္တိ အနာသဝါတိ။ ။ပိဘင်း ပါဌ်တော်။ ။ အနက်ကား။ ။ပုညတေဇေန၊ကောင်းမှုတေဇော် အာနုဘော် တို့သည်။ဥက္ကိတ္တွာ၊မြှောက်တင်အပ်ပါကုန်သည်ဖြစ်၍။ ကာမရူ ပဂတိံဂတာ၊ကာမဘုံ၊ ရူပဘုံသို့ ရောက်ကြ လေကုန်သော။ သတ္တာ။သတ္တဝါအပေါင်းတို့သည်ပင်။ဘဝဂ္ဂတမ္ပိ၊ဘဝဂ်ဟုဆို အပ်သောနေဝသညာနာသညာ ယတနဘုံသို့လည်း။ သမ္ပတ္တာ၊ ရောက်ကြလေကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်ပင်။ ပုန၊ တဖန်။ဒုဂ္ဂတိံ၊အပါယ်ဘုံသို့။ဂစ္ဆန္တိ၊လားကြရောက်ကြ ပြန်ပါကုန် ၏။တာဝ၊ထိုကမ္ဘာကြီးရှစ်သောင်း လေးထောင်မျှလောက်။ ဒီဃာ ယုကာ၊ရှည်သော အသက်ရှိကြကုန်သော။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ အာယုသင်္ခယာ၊ အသက်တမ်းကုန်သည်ရှိ သော်။စဝန္တိ၊ဇုတေ့မနေသေကြရပါကုန်၏။နိစ္စော၊မပျက်မစီးဘဲ အမြဲတည်၍နေနိုင်သော။ကောစိဘဝေါ၊ တစုံတခုသော ဘဝ သည်။နတ္ထိ၊မရှိပါတကား။ဣတိ၊ဤသို့။ မဟေသိနာ၊ သီလက္ခန္ဓ စသည်ကျေးဇူးဂုဏ်အထူးကို ဆည်းဘူး ရှာမှီးတော်မူလေ့ရှိ တော်မူပေသောမြတ်စွာဘုရားသခင်သည်။ဝုတ္တံ၊ ဟောတော်မူ အပ်ပါ၏။တသ္မာဟိ၊ထို့ကြောင့်သာလျှင်။နိပကာ၊ထက်မြက်ရင့် သန်သောသတိအပေါင်းတို့နှင့်ပြည့်စုံကြပါကုန်သော။နိပုဏာ၊ သိမ်မွေ့နူးညံ့သော စိတ်နှလုံးရှိတော်မူကြပါကုန်သော။ အတ္ထ စိန္တကာ၊မိမိအကျိုးကို ရှုမြော်ကြံစည်လေ့ရှိတော် မူကြပါကုန် သော။ဓီရာ၊ပညာရှိအပေါင်းသူတော်ကောင်းတို့သည်။ ဇရာမရ ဏမောက္ခာယ၊အိုနာ၊သေ၊ရေး၊ ဒုက္ခဘေးတို့မှ ကင်းလွတ်စေ

ခြင်း၌။ဥဗ္ဘမံ၊ ကျော်စောထူးမြတ်သွားသော။ မဂ္ဂံ၊မဂ္ဂင်ရှစ်
ပါးမြတ်တရားတို့ကို။ ဘာဝေန္တိ၊ပွါးများတော်မူကြပါပေကုန်
၏။နိဗ္ဗာနေသဂဓဂါမိနိ၊နိဗ္ဗာန်တည်းဟူသောပရမသုခ၊ အမတ
ရွှေမြို့တော်ကြီးသို့၊ တန်းတန်းဖြောင့်ဖြောင့်၊ မထောင့်မကွေ့
ခိုင်မြဲ့မိုင်မိုင်၊ သိုက်သေနိုင်သော။သုစိံ၊ကောင်းမြတ်စင်ကြယ်
လှစွာထသော။မဂ္ဂံ၊မဂ္ဂင်ရှစ်ပါးမြတ်တရားတို့ကို။ဘာဝယိတ္ဖွာ
ပွါးများကြကုန်သည့်ဖြစ်၍။သဗ္ဗာတပေါအလုံးစုံသောဘုံဘဝတို့
ကို။ပရိညာယ၊ညာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ
ဟုဆိုအပ်သော၊ ပရိညာဥ်သုံးပါးတို့ဖြင့်၊ မိုင်မိုင်နိုင်နိုင်သိကြ
ခြင်းကြောင့်။အနာသဝါ၊လေးဖြာအာသဝ၊ တစမကြွင်း၊အကုန်
ကင်းကြပါကုန်သည်ဖြစ်၍။ ပရိနိဗ္ဗုန္တိ၊ပါတရချုပ်မဖြစ်။ စင်စစ်
ပျောက်ငြိမ်းတော်မူကြရပါကုန်၏။

ဤသို့လျှင်။ အရိယာပုဂ္ဂိုလ်တို့သည်။ အရိယမဂ်တည်းဟူ
သောသောတသို့။အစဉ်ရောက်ခြင်းကြောင့်။ အရိယမဂ်တည်းဟူ
သောသောတသို့ရောက်ခြင်းဟုမှတ်၊ အရိယာမဂ္ဂတည်းဟူသော
သောတသို့ရှေးဦးစွာရောက်ခြင်းကြောင့်။ ရအပ်သောမဂ္ဂဖြစ်ပေ
သတတ်။အရိယာမဂ္ဂတည်းဟူသောသောတသို့ရှေးဦးစွာရခြင်း
ဖြင့်ရအပ်သောမဂ်။ ။တသသော တသအာဒိတောပဇ္ဇနံ
ပါပုဏံ သောတာပတ္တိ။ ။သောတာပတ္တိယာအဓိဂမမာနော
မဂ္ဂေါသောတာပတ္တိ မဂ္ဂေါ။ ။အနက်လွယ်ပြီ ။ထိုကြောင့်
လျှင်။ ။ဓမ္မသောတသောတာပန္နော အရိယောတိပဝုစ္စတိ။ ။ဟူ၍
ဟောတော်မူပါ၏။ဓမ္မသောတသမာပန္နော၊ဓမ္မသောတဟုဆိုအပ်
သောအကျင့်နှင့်ပြည့်စုံခြင်းကြောင့်။အရိယောတိ၊အရိယာဟူ၍။
ပဝုစ္စတိ၊အပြားအားဖြင့်မိန့်အပ်ပေ၏။ ။ဤကဲ့သို့ဟောတော်မူသည့်
၏အဖြစ်ကြောင့်။အလုံးစုံသော အရိယာ ပုဂ္ဂိုလ်အပေါင်းတို့၏
သန္တာန်နိုက်တည်ရှိကြကုန်သော။ လောကီ လောကုတ္တရာဖြစ်
ကြကုန်သော-၃၇- ပါးအပြားရှိသောဗောဓိပက္ခိယ။ တရားတို့
သည်။အထက်မဂ်လျှင်ပုန်းအောင်းရာလည်းလျောင်း ရာရှိသည်

အဖြစ်ကြောင့်ဝှင်း။အနုပါဒိသေသနိဗ္ဗာန်လျှင်လည်း လျောင်းရာ ရှိသည်၏အဖြစ်ကြောင့်ဝှင်း။ မဆုတ်မနစ်သော သွားခြင်းဖြင့်။ နိဗ္ဗာန်တည်းဟူသောရွှေဘုံဗွာနအာမတသို့။သွားတော်မူကြကုန် သည်ဖြစ်ပါ၍။သောတဟူ၍မိန့်ဆိုအပ်ပေ၏။ ။တံသောတံအါ ဒိတော-ပဌမန္တိ ပါပုဏာန္တိ ဧတာယာတိသောတာပတ္တိ။ ။ဝိဂြိုဟ် ပြု။ ။တံသောတံ၊ထိုဗောဓိပက္ခိယတရားတည်းဟူသောသော တသို့။ ပဌမန္တိပါပုဏာန္တိ၊ ရောက်ကြကုန်၏။ ဧတာယ၊ထို ကြောင့်။ သောတာပတ္တိ၊သောတာပတ္တိ-မည်ပါ၏။ ။သော တာပတ္တိစသာမဂ္ဂေါစာတိသောတာပတ္တိမဂ္ဂေါ။ ။ဒွိဂြိုဟ်ပြု။ ။ သောတာပတ္တိစ၊ဗောဓိပက္ခိယတရားတည်းဟူသောသောတသို့ အစဉ်ရောက်ကြောင်းသည်လည်း။ ဟောတိ၊ဖြစ်၏။သာ၊ ထို ရောက်ကြောင်းဟူသည်။ မဂ္ဂေါစ။မဂ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ဣတိတသ္မာ၊ထိုကြောင့်။သောတာပတ္တိမဂ္ဂေါ၊သောတာ ပတ္တိမဂ်မည်၏။ ။ထိုကြောင့်အဋ္ဌကထာနိုက် လည်း။ပဌမအာ သဝေါ တာယ သော တာပတ္တိ ယာ အင်္ဂန္တိ၊ သောတာ ပတ္တိ ယင်္ဂန္တိ။ ။ဟူ၍မိန့်အပ်ပါ၏။ ။မဂ္ဂေါတိစပဌောဥပါယော နိဗ္ဗာနံ မဂ္ဂတိ။ဟူ၍ဝှင်း။ ။နိဗ္ဗာနတ္တံကေဟိမဂ္ဂီ ယတိ၊ ဟူ၍ ဝှင်း။ ။ကိလေသေမာရေန္တော ဂစ္ဆတိတိမဂ္ဂေါ ဟူ၍ဝှင်း။ ဆ ရာတို့မိန့်ကြကုန်၏။ ။သောတာပတ္တိမဂ်နှင့်ယှဉ်သောစိတ်ကို သောတာပတ္တိမဂ်စိတ်မှတ်။

ပဋိသန္ဓိဝသေနသကိံ့မံလောကံ။အာဂစ္ဆတိသီလေနာတိ သကဒါဂါမီ။ ။ဝိဂြိုဟ်ပြု။ ။ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏အ စွမ်းအားဖြင့်။သကိံ၊တကြိမ်။ ဣမံလောကံ၊ဤလောကသို့။ အာ ဂစ္ဆတိ၊လာတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။သကဒါဂါမီ၊သ ကဒါဂါမ်မည်ပါ၏။ ။ဒုတိယဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုမှတ်။ ။ထို ဒုတိယဖလဋ္ဌာန်ပုဂ္ဂိုလ်သည်။ အကြွင်းမဲ့ မဖြစ်ရသေး သော။ ကာမရာဂအနုသယရှိသည်၏ အဖြစ်ကြောင့်။ကာမဘုံသို့လာရ ကြောင်းဖြစ်သောကိလေသာထင်ရှား ရှိသည်၏အဖြစ်ဖြင့်။ ထို

သို့သောသဘောကိုမလွန်နိုင်ခြင်းကြောင့်။အထက်ဘဝက်နှိုက်ပင်တည်နေရငြားသော်လည်း။ပဋိသန္ဓေ၏အစွမ်းအားဖြင့်။ ဤကာမဓာတ်သို့။လားရခြင်းအလေ့ရှိသည့်သာလျှင်ဖြစ်ပါ၏။ထိုကြောင့်ပင်လျှင်မြတ်စွာဘုရားရှင်သည်။အင်္ဂုတ္တရစတုက္ကနိပါတ်နှိုက်။ ။ဣဓသာရိပုတ္တ။ ဧကစ္စဿပုဂ္ဂလဿဩရမ္ဘာဂိယာနိ သံယောဇနာနိ အပ္ပဟီနာနိ ဟောန္တိ။ သောဒိဋ္ဌေဝ ဓမ္မေ နေဝသညာနာသညာယတနံ။ ဥပသမ္ပဇ္ဇဝိဟရတိ။ သောအပရိဟီနောကာလံကာရုမာနော။နေဝသညာနာသညာယတနူပဂါနံဒေဝါနံ။သဟဗျတံဥပပဇ္ဇတိ။သောတတောစုတောအာဂါမီဟောတိအာဂန္တွာဣတ္ထတ္တံ။ ။အနက်ကား။ ။သာရိပုတ္တ၊ချစ်သားသာရိပုတ္တရာ။ဧကစ္စဿပုဂ္ဂလဿ၊ အချို့သောပုဂ္ဂိုလ်တို့အား။ဩရမ္ဘာဂိယာနိ၊ယုတ်ညံ့သောကာမဘုံလျှင်အဘို့ရှိသော။ သံယောဇနာနိ၊သံယောဇဉ်တို့ကို။အပ္ပဟီနာနိ။မပယ်အပ်သေးကုန်သည်။ဟောန္တိ၊ဖြစ်ပါကုန်၏။သော၊ထိုပုဂ္ဂိုလ်သည်။ဒိဋ္ဌေဝဓမ္မေမျက်မှောက်သောဘဝနှိုက်ပင်လျှင်။ နေဝသညာနာသညာယတနံ၊နေဝသညာနာသညာယတနဈာန်ကို။ဥပသမ္ပဇ္ဇ၊ဝင်စား၍။ဝိဟရတိ၊နေ၏။သော၊ထိုပုဂ္ဂိုလ်သည်။အပရိဟီနော၊ ဈာန်မှမယုတ်ဘဲ။ဝါ၊မယုတ်မလျော့ သောဈာန်ရှိသည်ဖြစ်၍။ကာရုမာနော။ ရတေမနေသေလွန်ခဲ့သည်ရှိသော်။ နေဝသညာနာသညာယတနူပဂါနံဒေဝါနံ၊နေဝသညာနာသညာယတနဘုံသို့။ ကပ်၍ဖြစ်ကုန်သောဗြဟ္မာတို့၏။ သဟဗျတံ၊ အပေါင်းအဘော်၏ အဖြစ်သို့။ဥပပဇ္ဇတိ၊ပဋိသန္ဓေအားဖြင့်ကပ်ရောက်လေ၏။သော၊ ထိုသကဒါဂါမိပုဂ္ဂိုလ်သည်။တတော၊ ထိုနေဝသညာနာသညာယတနဘုံမှ။စုတော၊စုတေခဲ့သည်ရှိသော်။ ဣတ္ထတ္တံ၊ဤကာမဘုံသို့။ အာဂန္တွာ၊ လာလတ်သောသဘောရှိသောကြောင့်။အာဂါမီ၊ ကာမဘုံသို့ဘဘန်လာလတ်သောသဘောရှိသော အာဂါမိမည်သောပုဂ္ဂိုလ်သည်။ဟောတိ၊ဖြစ်၏။ ။ထိုကြောင့် ဒဠှကထာနှိုက်။ဣတ္ထတ္တန္တိ၊ဣမံကာမာဝစရပဉ္စက္ခန္ဓဘာဝံ။ ။ဟူ၍မိန့်အပ်

၏။ ။ဣတ္ထဘာနိ၊ဣတ္ထတ္တာနိ-ဟူသည်ကား။ ဣဋ္ဌံကာမာဝစ
ရပစ္စုပ္ပန္နာဘာဝံ၊ဤကာမာဝစရပစ္စုပ္ပန္နာအဖြစ်သို့။ ဟူ၍ မိန့်
တော်မူခြင်းကြောင့်။ ဗြဟ္မာ ဖြစ်ကြကုန်သော။ သောတာပန်၊
သကဒါဂါမ် ပုဂ္ဂိုလ်တို့သည်။ ပဋိသန္ဓေ၏ အစွမ်း အားဖြင့်။
အောက်ဖြစ်သောဗြဟ္မာပြည်သို့လည်းမလာကြပေကုန်။ ကာမ
ဘုံသို့အဘယ်မှာလာတော့အံ့နည်း။(ဣတ္ထတ္တာနိ ဣဋ္ဌံကာမာဝစ
ရပစ္စုပ္ပန္နာဘာဝံ-ဟူသော ဤအနက်ကိုလည်း။ ကိလေသဂတိ
အစွမ်းအားဖြင့်ဟောတော်မူခြင်းဟုမှတ်။ ပုဂ္ဂလအစွမ်းအား
ဖြင့်ဟောတော်မူသည်မမှတ်လင့်)ထိုသို့မလာခြင်းသည်လည်း။
မဂ်လျှင်အဘော်သဟဲရှိသောဈာန်၏ အာနုဘော်ဖြင့်သာလျှင်။
မလာသောအခြင်း အရာတို့ကိုသိရှိစရာဖြစ်ပါ၏။ လာလတံ့ဖြစ်
သောအခြင်းအရာတို့ကိုလည်းသိရှိစရာဖြစ်ပါ၏။ ။ဣဋ္ဌံလော
ကံ-ဟူသောပုဒ်၏။ ဣဋ္ဌံမနုဿလောကန္တိ ဝါ-ဟူ၍၎င်း။ ဣဋ္ဌံ
မနုဿလောကန္တိ ဝါ-ဟူ၍၎င်း။ ၂ ပါးအပြားရှိသောအနက်ကို။
အဋ္ဌကထာတို့၌ဖွင့်မိန့်တော်မူကြသည်။ထို ၂-ပါးသော အနက်
တို့တွင်။ရှေးအနက်သည်ဟုတ်မှန်ခဲ့သည်ရှိသော်။အာဂန္တွာတိ
တေသံ-ပုဒ်၏အနက်အရကား။ နတ်ပြည်မှလာကြကုန်၏ဟူ၍
ကောက်ယူရန်ရှိသည်။နောက်အနက်သည် ဟုတ်မှန်ခဲ့သည်ရှိ
သော်။၎င်းနောက်ပုဒ်၏အနက်အရကား။ဗြဟ္မာပြည်မှလည်းလာ
ကြကုန်၏။ ဟူ၍ကောက်ယူရန်ရှိသည်။ ပါဠိတော်နှိုက် မူကား။
နောက်အနက်ကိုသာလျှင် ဟောတော်မူ သင့် သို့။ မှတ်ထင်
အောက်မေ့ရခြင်းဖြစ်ပါ၏။ထိုစကားမှန်၏။ပုဂ္ဂလပညတ်ကျမ်း
နှိုက်။ ။အနာဂန္တွာဣတ္ထတ္တံ၊အနာဂါမီတေနဝုစ္စတေ။အာဂန္တွာ
ဣတ္ထတ္တံသောတာပန္နသကဒါဂါမိနော တေနဒုစ္စရာ၊ ။ဟူ၍
မိန့်တော်မူပါ၏။ ။ဤပါဠိတော်နှိုက်။ အနာဂန္တွာ ဣတ္ထတ္တံ
ဟူသောဤပါဠိဖြင့်။ ။ဣဋ္ဌံကာမာဝစရလောကံ နအာဂန္တွာတိ
တိအနာဂါမီ။ ။ဟူ၍ပြုဟ်ပြု။ ။ဣဋ္ဌံကာမာဝစရလောကံ၊
ဤကာမာဝစရလောကသို့။ နအာဂန္တွာတိ၊ မလာတတ်။ ဣတိ

တသ္မာ၊ ထိုကြောင့်။ အနာဂါမိ၊ အနာဂါမိမည်ပါ၏။ ။ဟူ၍။ ဤ
သို့သောအနက်သဘောကိုပြတော်မူသိုရင်းဖြစ်ပါ၏။ ။အာ
ဂန္တွာဣတ္ထတ္တန္တိ-ဟူသောဤပါဌ်ဖြင့်ကား။ ။ဒွေပိ သောတာ
ပန္နသကဒါဂါမိနော သကိံ ပုနဣမံကာမာဝစရလောကံ၊ ဂစ္ဆန္တိ
တိ သကဒါဂါမိနော။ ။ဥပြိုဟ်ပြု။ ။ဒွေပိ၊ နှစ်ပါးလည်းဖြစ်
ကုန်သော။ သောတာပန္နသကဒါဂါမိနော၊ သောတာပန်၊ သကဒါ
ဂါမ်ပုဂ္ဂိုလ်တို့သည်။ သကိံ၊ တကြိမ်။ ပုန၊ တဖန်။ ဣမံကာမာဝစ
ရလောကံ၊ ဤကာမာဝစရလောကသို့။ အာဂန္တွာ၊ လာကုန်၏။
ဣတိတသ္မာ၊ ထိုကြောင့်။ သကဒါဂါမိနော၊ သကဒါဂါမ်မည်ပါ
၏။ ။ဟူ၍ဤအနက်ကိုပြတော်မူ၏။ အဘယ်ကြောင့်နည်းဟူ
မူကား။ အခြားမရှိ တစပ်ထည်းဖြစ်သောဝါကျတို့နှိုက် တည်
ကုန်သော။ ၂ ပါးကုန်သောဣတ္ထတ္တ-သဒ္ဒါတို့၏ထူးသောအနက်။
မဖြစ်စေရခြင်းငှါ ပြခြင်းဖြစ်ပေသတတ်။ မဇ္ဈိမပဏ္ဏာသနှိုက်
လည်း။ ။ယောသော မဟာရာဇ ဗြဟ္မာသဗျာပဇ္ဈော။ သော
ဗြဟ္မာအာဂန္တာ။ ဣတ္ထတ္တံ ယောသောဗြဟ္မာအဗျာပဇ္ဈော။ သော
ဗြဟ္မာအနာဂန္တွာဣတ္ထတ္တံ။ ။ဟူ၍ကဏ္ဏကတ္ထလသုတ်နှိုက်ဟော
တော်မူ၏။ ။အနက်ကား။ ။မဟာရာဇ၊ မြတ်သောမင်းကြီး။
သဗျာပဇ္ဈော၊ ပုထုဇဉ်နှင့်တကွသောတာပန်သကဒါဂါမ်ဖြစ်ကြ
ကုန်သော။ ယောသောဗြဟ္မာ၊ ဘို ဗြဟ္မာတို့သည်။ သန္တိ၊ ထင်ရှား
ရှိကြပါကုန်၏။ သောဗြဟ္မာ၊ ထိုဗြဟ္မာတို့သည် ဣတ္ထတ္တံ၊ ဤကာမ
ဘုံသို့။ အာဂန္တွာ၊ လာပေလိမ့်သတည်း။ အဗျာပဇ္ဈော၊ ပုထုဇဉ်နှင့်
တကွသောတာပန်သကဒါဂါမ်အဖြစ်မှ လွန်မြောက်တော်မူကြ
ကုန်သော။ သောဗြဟ္မာ၊ ထိုဗြဟ္မာတို့သည်။ ဣတ္ထတ္တံ၊ ဤကာမဘုံ
သို့။ အနာဂန္တွာ၊ ဘယ်ခါဘယ်တော့မလာလတံ့သတည်း။ ။ထို
ပါဠိတော်နှိုက်။ သဗျာပဇ္ဈော- ဟူသော ဤပါဌ်ဖြင့်။ ပုထုဇဉ်နှင့်
တကွ၊ သောတာပန်၊ သကဒါဂါမ်ဖြစ်ကြကုန်သော ဗြဟ္မာတို့ကို
မှတ်။ ထိုပုဂ္ဂိုလ်တို့သည်။ ပဋိဃာနုသယကိုမပယ်အပ်သေးသည်
၏အဖြစ်ကြောင့်။ စေတသိကဒုက္ခဟုဆိုအပ်သော ဗျာပဇ္ဈကို

လည်းမပယ်အပ်သေးသည်သာလျှင်ဖြစ်ပါ၏။ထိုကြောင့်သဗ္ဗာ
ပဏ္ဍိမည်၏။ ။အာဂန္တွာဇာတုတ္တံ-ဟူသည့်ကား။ဤကာမလော
ကသို့ပဋိသန္ဓေ၏အစွမ်းအားဖြင့် တဘန်လာခြင်းအလေ့ရှိပေ
သေး၏ လာခြင်းသဘောလည်းအမှန်ရှိပါ၏။ထိုမှပြန်သေးအား
ဖြင့်။ နောက်မှဖြစ်သောဝါကျ၏အနက်ကို အလွယ်တကူနှင့် သိ
အပ်သတည်း။ ။၂-ပါးကုန်သော ထိုသကဒါဂါမိတို့တွင်။
ရှေ့ဖြစ်သောသကဒါဂါမိသည်နောက်နှိုက်ပြအပ်သေသောသကဒါ
ဂါမိနှင့်မဆက်ဆန်ဘဲ။ ရှေ့ဦးစွာ အရိယမဂ်တည်းဟူသော
သောတသို့ရောက်ခြင်းဂုဏ်ဖြင့်။သောတာပန်ဟူ၍သာခေါ်ဝေါ်
ပညတ်ခြင်းဖြစ်သည့်ဟူသောစကားကိုသေသေချာချာမှတ်။ ။
ပုဂ္ဂလဂတိ၏အစွမ်းအားဖြင့်။ ဖြံဟွာပြဉ်နှိုက် ရှိကြကုန်သော
အရိယာပုဂ္ဂိုလ်တို့၏။သတ္တက္ခတ္တုပရမတာအစရှိသော အဖြစ်
ကဲ့သို့။ သကဒါဂါမိပုဂ္ဂိုလ်၏အဖြစ်သည်လည်းမရှိ။ ပဌမဖလ
ဌာန်၊ဒုတိယဖလဌာန် ပုဂ္ဂိုလ်တို့သည်လည်း။ ထိုဖြံဟွာပြည်
နှိုက်။ အနာဂါမိဟူသောရေတွက်ခြင်း အဖြစ်သို့သာ ရောက်ပေ
သတတ်။ထိုကြောင့်။သကဒါဂါမိ-ဟူသော၍စကားသည်။ကာ
မမျိုးသာလျှင်ဖြစ်ကြကုန်သော။ ဒုတိယဖလဌာန် ပုဂ္ဂိုလ်တို့၏
အမည်ဟုမှတ်။ ။ထိုသကဒါဂါမိပုဂ္ဂိုလ်တို့သည်။ ကာမဘုံ
နှိုက်သာလျှင် အောက်အထက် ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။
တကြိမ်လာရန်ရှိသေးကြောင်းကို။အဋ္ဌကထာတို့နှိုက်မိန့်တော်
မူကြ၏။ ။ဤသို့သော အကြောင်းကြောင့် ပါဠိတော်နှိုက်
လည်း။ ။ပဉ္စန္နံ ဣဓနိဋ္ဌာသတ္တက္ခတ္တုပရမသကောလံ ကော
လသ။ဧကဗီဇိသသကဒါဂါမိသ။ ယောစဒိဋ္ဌေဝဓမ္မေအရဟာ
တိ။ ။အနက်ကား။ ။ပဉ္စန္နံ ငါးမျိုးလည်းဖြစ်ကြကုန်သော။
ဣဓနိဋ္ဌာ၊ ဤလူ့ပြည်နှိုက်အလိုမရှိကြကုန်သော။ သတ္တက္ခတ္တု
ပရမသ၊သတ္တက္ခတ္တုပရမပုဂ္ဂိုလ်တို့အားရင်း။ ကောလံကော
လသ၊ကောလံကောလပုဂ္ဂိုလ်တို့အားရင်း။ဧကဗီဇိသ၊ဧကဗီ
ဇပုဂ္ဂိုလ်တို့အားရင်း။သကဒါဂါမိသ၊သကဒါဂါမိပုဂ္ဂိုလ်အား

ရင်း။ သန္တိ၊ ရှိကြကုန်၏။ ယောဝ၊ အကြင်ပုဂ္ဂိုလ်တို့သည်ကား။ ဣဒ္ဓေဝခေမ္မေ၊ မျက်မှောက်သောဘဝနှိက်ပင်လျှင်။ အရဟတ္တံ၊ ရဟန္တာဟူ၍။ အဟံ၊ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူခဲ့ပေ၏။ ။ဤသကဒါဂါမ်သည်ကား။ဤလူ့ပြည်နှိက် သကဒါဂါမ် အဖြစ်သို့ရောက်၍။ ဤလူ့ပြည်နှိက်ပင်လျှင်။ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်ရင်း။ နတ်ပြည်နှိက် သကဒါဂါမ်အဖြစ်သို့ရောက်၍။ ထိုနတ်ပြည်နှိက်ပင်လျှင်ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်ရင်း။ လူ့ပြည်နှိက် သကဒါဂါမ်ဖြစ်၍။ နတ်ပြည်နှိက်ပရိနိဗ္ဗာန်စံသောပုဂ္ဂိုလ်ရင်း။ နတ်ပြည်နှိက်သကဒါဂါမ်ဖြစ်၍။ လူ့ပြည်နှိက်ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်ရင်း။ ဤလူ့ပြည်နှိက် သကဒါဂါမ်ဖြစ်၍ နတ်ပြည်သို့ ရောက်ပြီးမှ။ တဘန်လူ့ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်ရင်း။ နတ်ပြည်နှိက် သကဒါဂါမ်ဖြစ်၍။ လူ့ပြည်သို့ ရောက်ပြီးမှ။ တဘန်နတ်ပြည်သို့ပြန်၍ ပရိနိဗ္ဗာန်စံသော ပုဂ္ဂိုလ်ရင်း။ ဤသို့လျှင် ၆ မျိုးပြားလျက်ရှိ၏။ အချို့သောဆရာတို့သည်ကား ဣမံလောကံ- ဟူသောပုဒ်၏။ ဣမံမနုဿလောကံ၊ ဟူသော အနက်ကိုသာလျှင် မိန့်ကြ၏။ ထိုအနက်အတိုင်း ယူချေလျှင်။ သကဒါဂါမ်ပုဂ္ဂိုလ်သည်။ ငါးမျိုးပြားလျက်သာလျှင်ရှိပေလတံ့။ ထိုဆရာတို့သည်။ တတ္ထပတွာဇာ၊ ခန္ဓဗ္ဗတို တွာတတ္ထပရိနိဗ္ဗာယိ၊ ဟူသောဤအပြားကို မရမယူအပ်သည်ဖြစ်၏။ မဟာပရိနိဗ္ဗာနသုတ္တအဋ္ဌကထာနှိက်ရင်း။ မဟာဝဂ္ဂသံယုတ္တအဋ္ဌကထာ၌ရင်း။ ထိုသကဒါဂါမ်သည်။ တကြိမ်လာခြင်းအနက်အားဖြင့်၊ ဤကာမဘုံသို့ကြေနဘယ်နည်းနှင့်ဆို လာရမည့် အကြောင်းကိုမိန့်တော်မူကြပါ၏။ ။သဗ္ဗသုမြတ်စွာဘုရားတို့မှ သော်လည်း။ အကြင်ရှေ့လောက်။ အထက်မဂ်သို့ မရောက်ကြကုန်သေး။ ထိုရှေ့လောက်ပဌမ ဖလဋ္ဌပုဂ္ဂိုလ်ဖြစ်၍ ဖြစ်ကြကုန်သည်ရှိသော်။ သတ္တက္ခတ္တုပရမအဖြစ်နှိက်တည်သကဲ့သို့ရင်း။ ဒုတိယဖလဋ္ဌပုဂ္ဂိုလ်ဖြစ်ကြကုန်သည်ရှိသော်။ တကြိမ်လာခြင်း သဘောနှိက်တည်ကုန်သည်ဖြစ်ပါ၏။ ထိုကြောင့်ဤသကဒါဂါမိ

ဟူသောပါဌ်နိုက်၊ အမှတ်မရှိ တပုံတည်းယောက်သော။ ဒုတိယ
ဖလဇ္ဈာနံပုဂ္ဂိုလ်သည်။တကြိမ်လာဖြင်း အနက်အားဖြင့်။ နိပ္ပရိ
ယာယမုချဆက်ဆတ်။သကဒါဂါမိအမည်သည်မဟုတ်ဟုမဆို
သင့်။ဧကန်ဟုတ်သည်သာလျှင်ဖြစ်ပါ၏။အလုံးစုံသောသကဒါ
ဂါမ်ပုဂ္ဂိုလ်တို့သည်။ ဤသကဒါဂါမိဟူသောပါဌ်နိုက်နိပ္ပရိယာ
ယ-မုချအားဖြင့်။သကဒါဂါမိဧကန္တဟုတ်တော့သည်သာပ။ ။
သကဒါဂါမ်ပုဂ္ဂိုလ်နိုက်ရှိသောမဂ်ကို။ သကဒါဂါမိမဂ်ဟူ၍
မှတ်၊ ထိုသကဒါဂါမိ မဂ်သည်။ ကိုယ်တိုင် ဖြစ်စေတတ်သော
ကာရဏအားဖြစ်၍၊ ဇနကသတ္တိအားဖြင့်ဖြစ်စေအပ်သော။ သကဒါ
ဂါမ်ပုဂ္ဂိုလ်ဟုဆို အပ်သောကံကို-ဖြစ်စေတတ်ပါ၏။ ဇနေတဗ္ဗ
ဇနကာနမ္ဗန္ဓ်ဖြင့်။ ဝိသေသန အထူးပြုတတ်သည်အဖြစ်။အထူး
ပြုအပ်သည်အဖြစ်သည်။အသင့်အားဖြင့်လာသည်သာလျှင်ဖြစ်
၏။ဥပမာအဘယ်နည်းဟူမူ။တိဿမာတာ၊တိဿ၏အမိ။ဖုဿ
မာတာ၊ဖုဿ၏အမိ။ဤပြယုဂ်ကဲ့သို့မှတ်။ဩရမ္ဘာဂိယသံယော
ဇဉ်ကိုအခြင်းခပ်သိမ်းပယ်ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။
ပဋိသန္ဓေအစွမ်းဖြင့် ဤကာမဘုံသို့မလာသည်၏အဖြစ်ကြောင့်
အနာဂါမ်ဟူလိုသည်။ ။ဩရမ္ဘာဂိယ သံယောဇနာနံ- သဗ္ဗ
သောသမုစ္ဆိန္နတ္တာ- ပဋိသန္ဓိဝသေနပုန ဣမံ လောကံ နအာ
ဂန္တတိတိအနာဂါမိ။ ။ဝိဂ္ဂဟ်။ ။ဩရမ္ဘာဂိယ သံယော
ဇနာနံ၊ ဩရမ္ဘာဂိယ သံယောဇဉ်ကို။ သဗ္ဗသော၊ အခြင်းခပ်
သိမ်း။ သမုစ္ဆိန္နတ္တာ၊ ပယ်ဖြတ်အပ်ပြီးသည်၏ အဖြစ်ကြောင့်။
ပဋိသန္ဓိ ဝသေန၊ ပဋိသန္ဓေ အစွမ်းဖြင့်။ ပုန၊ တဖန်။ ဣမံ
လောကံ၊ဤကာမဘုံသို့။နအာဂန္တတိ၊မလာတတ်။ ဣတိတသ္မာ၊
ထိုကြောင့်။ အနာဂါမိ၊ အနာဂါမိမည်၏။ ။စင်စစ်အားဖြင့်
ဗြဟ္မာပြည်လျှင် လည်းလျောင်းရာ ရှိပေသည်ဟု မှတ်။ ။
သက်သက်ဤ အနာဂါမိမဂ်၏အစွမ်းအားဖြင့် ဖြစ်သောအာနု
ဘော်ကြောင့်သာလျှင်။ဟောတော်မူအပ်ပါ၏။ အထက်မဂ်ကို
ရစေရန်ဝိပဿနာတရားကို အားထုတ်အပ်သည် ရှိသော်ကား။

ထိုပုဂ္ဂိုလ်သည်။ထိုမိ ါနေရင်းအရပ်နိုက်သာ။ သို့မဟုတ်။ကာမဘုံမှာဖြစ်စေ။ရူပ၊အရူပဘုံမှာဖြစ်စေ၊ အရဟတ္တမဂ်လျှင်လည်းချောင်းရောက်ရှိသည့်နကန်ဖြစ်ပေ၏။ (အနာဂါမိအမည်ရှိသောတတိယဖလဋ္ဌာန်ပုဂ္ဂိုလ်၏မဂ်ဟုမှတ်။ထိုတတိယမဂ်နှင့်ယှဉ်သောစိတ်ကို။အနာဂါမိမဂ်စိတ်ဟုမှတ်။

အကျိုးကြီး သည်၏ အဖြစ်ကို။ ပြုတတ်သောဂုဏ်နှင့် ယှဉ်ခြင်းကြောင့်။ပူဇော်အလှူးကိုခံတော်မူထိုက်ကြသဖြင့်။ ရဟန္တာဟူလိုသည်။ ။မဟာပ္ဖလကာရိတာဂုဏာယောဂေန- ပူဇာဝိသေသံအရဟတီတိအရဟာ။ ။ငြဂိုဟ်ပုဒ်။ ။မဟာပ္ဖလ ကာရိတာဂုဏာယောဂေန၊အကျိုးကြီးသည်၏ အဖြစ်ကိုပြုတတ်သောဂုဏ်နှင့်ယှဉ်ခြင်းကြောင့်။ပူဇာဝိသေသံ၊ပူဇော်အလှူးကို။အရဟတိ၊ခံထိုက်၏။ဣတိတသ္မာ၊ထိုကြောင့်။အရဟာ၊ရဟန္တာမည်ပါ၏၊ ။စတုတ္ထဖလဋ္ဌာန် ပုဂ္ဂိုလ်ကိုမှတ်ပါ ။ ။ရဟန္တာပုဂ္ဂိုလ်၏အဖြစ်ပေတည်း။ ၎င်းသည်စတုတ္ထဖိုလ်ကိုရပါ၏။ ထိုစတုတ္ထဖိုလ်၏မဂ်ဖြစ်ပေသတတ်။ထိုမဂ်နှင့်ယှဉ်သော စိတ်ကို။အရဟတ္တမဂ်စိတ်မှတ်။ပိသဋ္ဌါဖြင့်၊ ပါဠိတော်နိုက် ဝေဘန်အပ်ကုန်သော။မဂ်စိတ်အပြားတို့ကို။ သမ္ဗိဏ္ဍနပြု၍ ပေါင်းတော်မူပါ၏။ဓမ္မသင်္ဂဏီပါဠိတော်နိုက်။ ။ပဌမမဂ်တွင်ဈာန်ဟူသောအမည်ဖြင့်ဟောတော်မူအပ်ကုန်သော။ ငါးပါးကုန်သောဝါရတို့တွင်။ ပဌမဖြစ်သောသုဒ္ဓိက ပဋိပဒါဝါရနိုက်။ နှစ်ပါးကုန်သောစတုက္ကနည်း။ ပဉ္စကနည်းတို့၏ အစွမ်းဖြင့်။ ကိုးပါးကုန်သောစိတ်တို့သည်ဖြစ်ကြ၏။ ထိုအတူသုဒ္ဓိကသုညတနိုက်၎င်း။သုညတပဋိပဒါနိုက်၎င်း။သုဒ္ဓိကအပ္ပဏိဟိတနိုက်၎င်း။အပ္ပဏိဟိတပဋိပဒါနိုက်၎င်း။ ဤသို့လျှင်ငါးပါးသော ဝါရတို့နိုက်။ဆယ်ပါးသောနည်းနယတို့၏အစွမ်းဖြင့်။၄၅-ပါးကုန်သောစိတ်တို့သည်ဖြစ်ကြပေ၏။ မဂ္ဂသတိ ပဋ္ဌာန အစရှိကုန်သော။ တခုယုတ်နှစ်ဆယ်သော အမည်တို့ဖြင့်ဟောတော်မူအပ်ကုန်သော။အသီးသီးငါးပါးသောဝါရတို့နိုက်လည်း။ အတူပင်ဖြစ်ပါ၏။

နှစ်ပါးသော အညည့်ဘ်တို့ဖြင့် ဟောတော်မူအပ်ကုန်သော။ ဝါရတရာနှိုက်။ နည်းနှစ်ရာတို့၏ အစွမ်းဖြင့်။ ကိုးရာသောစိတ်တို့သည်ဖြစ်ကြပါ၏။ တဘာန်လေးပါးသော အဓိပတိတို့နှင့်ယှဉ်၍ ဟောတော်မူအပ်ကုန်သော-ဝါရလေးရာတို့၌။ နည်းရှစ်ရာတို့၏ အစွမ်းဖြင့်။သုံးထောင်သောစိတ်တို့သည်ရင်း။ ခြောက်ရာသော စိတ်တို့သည်ရင်း။ဖြစ်ကြပါ၏။ ဤသို့လျှင်ပဌမမဂ်နှိုက် နည်းတထောင်၏ အစွမ်းဖြင့်လေးထောင်သော စိတ်တို့သည်ရင်း။ ငါးရာသောစိတ်တို့သည်ရင်းဖြစ်ပါ၏။ ကြွင်းသော မဂ်တို့နှိုက်လည်း။ထိုအတူပင်သိအပ်ပါ၏။ ဤသို့လျှင် ၄ ပါးသောမဂ်တို့နှိုက်လေးထောင်သောနည်းတို့၏ အစွမ်းဖြင့်။ တသောင်းရှစ်ထောင်ကုန်သောမဂ်စိတ်တို့သည် ဖြစ်ပါကုန်၏။ ။သစ္စဝိဘင်းသတိပဌာန ဝိဘင်းတို့နှိုက်ကား။ နှစ်သောင်းသော နည်းတို့၏ အစွမ်းဖြင့်။ကိုးသောင်းကုန်သောမဂ်စိတ်တို့သည်ဖြစ်ပါကုန်၏။ မဂ္ဂဝိဘင်းနှိုက်။ နှစ်သောင်းရှစ်ထောင် ကုန်သော နည်းတို့၏ အစွမ်းဖြင့်။ တသိန်းသည်ရင်း။နှစ်သောင်း ခြောက်ထောင်တို့သည်ရင်းဖြစ်ကြပါ၏။အဋ္ဌကထာတို့နှိုက်မူကား-နည်းအပြားကိုသာလျှင်မိန့်ကြပါ၏။စိတ်အပြားကိုမူကားမမိန့်ခဲ့ကြလေကုန်။

ဖိုလ်စိတ်နှိုက်။ဖလဟူသည်ကား။ ဝိပါက်အကျိုးတရားဖြစ်သောအဋ္ဌင်္ဂိကမဂ်ဟုမှတ်။သို့မဟုတ်လျှင်ထိုမဂ်တို့နှင့်သမ္ပယုတ္တဓမ္မဖြစ်ကြကုန်သော။ စိတ်စေတသိတ်တရားတို့ဟူ၍ တနည်းမှတ်။ သောတာပတ္တိမဂ်ဖြင့်ရအပ်သောဖိုလ်ဖြစ်သတတ်။ထိုမဂ်နှင့်သမ္ပယုတ္တဓမ္မဖြစ်ကြ၍။ ၎င်းဖိုလ်နှိုက်အကျုံးဝင်သော-စိတ်ဖြစ်ခြင်းကြောင့်။သောတာပတ္တိဖိုလ်စိတ်မည်ပါ၏။ ဒုတိယဖိုလ်တို့နှိုက်လည်းဤနည်းအတိုင်းပင်မှတ်။ ။သောတသာအာဒိတော၊ပဋ္ဌနံသောတာပတ္တိ။ သောတသာ၊သောတမည်သောအရိယာမဂ်သို့။အာဒိတော၊အစပြု၍။ဝ၊ရှေးဦးစွာ။ပဋ္ဌနံ၊ရောက်ခြင်းပေတည်း။သောတာပတ္တိ၊သောတာပတ္တိအမည်ရှိသောအရိယာမဂ်သို့ရှေးဦးစွာအစပြု၍ဆိုက်ရောက်ရခြင်း။ ။သောတာ

ပတ္တိယာအဓိဂတံဖလန္တိသောတာပဇ္ဇိဖလံ။ ။ဝိဂြိုဟ်ပြု။ ။
သောတာပတ္တိယာ၊သောဘမည်သောအရိယာမဂ်သို့။ အစပြု၍
ရှေးဦးစွာဆိုက်ရောက်ခြင်းဖြင့်။ အဓိဂတံ၊ ရအပ်ရောက်အပ်
သော၊ဖလံ၊အကျိုးမိုလ်တည်း။ဌာတိကာသွာ။ ထို့ကြောင့်။သော
တာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်မည်၏။ ။သောတာပတ္တိ
ဖလေပရိယာပန္နံစိတ္တန္တိ သောတာပတ္တိဖလစိတ္တံ။ ။ဝိဂြိုဟ်ပြု။ ။
သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်နှိုက်။ဝါ၊သောတာပတ္တိ
မဂ်၏အကျိုးဝိပါကဟုဆိုအပ်သော ဖိုလ်နှိုက်။ ပရိယာပန္နံ၊အ
ကျုံးဝင်သော။စိတ္တံ၊စိတ်တည်း။ဌာတိတသွာ၊ထို့ကြောင့်။ သော
တာပတ္တိဖလစိတ္တံ၊သောတာပတ္တိဖိုလ်စိတ်မည်၏။ ။သကဒါ
ဂါမိဖိုလ်စိတ်နှိုက်လည်း။ ။သကဒါဂါမိနောဖလန္တိသကဒါဂါ
မိဖလံ။ ။ဟူ၍ဖွင်း။ ။သကဒါဂါမိဖလေပရိယာပန္နံစိတ္တန္တိ-
သကဒါဂါမိဖလစိတ္တံ။ ။ဟူ၍ဖွင်း။ ။အနာဂါမိဖိုလ်နှိုက်လည်း။ ။
အနာဂါမိနောဖလန္တိအနာဂါမိဖလံ။ ။ဟူ၍ဖွင်း။ ။အနာဂါမိ
ဖလေပရိယာပန္နံစိတ္တန္တိ အနာဂါမိဖလစိတ္တံ။ ။ဟူ၍ဖွင်း။ ။
အရဟတ္တဖိုလ်နှိုက်လည်း။ အရဟတ္တဥ္စတံဖလဥ္စာတိအရဟတ္တ
ဖလံ။ ။အရဟတ္တဥ္စ၊ပူဇော်အထူးကိုခံထိုက်ခြင်းကြောင့်အရ
ဟတ္တဟူသည်လည်းဟောတိ၊ဖြစ်ပါ၏။တံ၊ထိုအရဟတ္တသည်။
ဖလဥ္စ၊ဖိုလ်သည်လည်း။ ဟောတိ၊ဖြစ်ပါ၏။ ဌာတိတသွာ၊ ထို့
ကြောင့်။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်မည်ပါ၏။ အရဟတ္တ
ဖလေပရိယာပန္နံစိတ္တန္တိ-အရဟတ္တဖလစိတ္တံ။ ။ဝိဂြိုဟ်ပြု။ ။
(နိရုတ္တိနည်းဟူ၍မှတ်)

လေးကြိမ်ရောက်အပ်သည်၏အဖြစ်ကြောင့်။လေးပါးအပြား
ရှိကုန်သောအဓ္ဓဂိကမဂ်တို့သည်။အဘယ်ကြောင့်လျှင်။ အပြား
ပဉ္စောဒအားဖြင့်ထိုမဂ်စိတ်တို့ကို။လေးကြိမ်ရောက်အပ်ပါနည်း
ဟုစောဒနာအမေးရှိအံ့။ ။ရှေးဦးစွာ သောတာပတ္တိမဂ်နှိုက်။
သင်္ခါအစရှိကုန်သော။ဓမ္မတို့သည်။ နုကြကုန်သည်ဖြစ်ပါ၍။
ထိုသောတာပတ္တိမဂ်သည်။ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကိုသာလျှင်။ ပယ်

ဖြတ်ခြင်းငှါစွမ်းနိုင်ပါသဖြင့်။ တပါးသောကာမရာဂဗျာပါဒတို့ကို။ ခေါင်းပါးစေခြင်းငှါလည်းမတတ်နိုင် မစွမ်းနိုင်ကြသေး။ ဒုတိယမဂ်နိုက်မှုကား။ ထိုသဋ္ဌါအစရှိကုန်သောဇာနေ္ဒြတို့သည်။ ပဌမမဂ်ထက်။အတန်ငယ်ထက်သည်ဖြစ်ပါ၏။ထိုကြောင့်။ဒုတိယမဂ်သည်ကာမရာဂဗျာပါဒတို့ကို ခေါင်းပါးစေခြင်းငှါတတ်နိုင်၏။အကြွင်းမဲ့ဖြတ်ခြင်းငှါ။မတတ်နိုင်ကြသေး။ တတိယမဂ်သို့ကျရောက်သောအခါ။ထိုသဋ္ဌါအစရှိကုန်သောဇာနေ္ဒြတို့သည်။ အဘိုင်းထက်အလွန်ထက်သန်ကြကုန်သဖြင့်။တတိယမဂ်သည်။ ကာမရာဂဗျာပါဒတို့ကို။အကြွင်းမဲ့ဖြတ်ခြင်းငှါတတ်နိုင်ကြပါ၏။ရူပရာဂ၊အရူပရာဂ၊မာန၊ဥဒ္ဓစ္စ၊အဝိဇ္ဇာတို့ကိုမူကား။အကြွင်းမဲ့ဖြတ်ခြင်းငှါမတတ်နိုင်ကြသေး။စတုတ္ထမဂ်နိုက်မှုကား။ထိုသဋ္ဌါအစရှိကုန်သောဇာနေ္ဒြတို့သည်။ နှိုင်းပြိုင်စရာမရှိလေအောင်။ အဘိုင်းထက်အလွန်ပင်လျှင်။အထက်သန်ဆုံးဖြစ်ကြပေသဖြင့်။ထိုအရဟတ္တစတုတ္ထမဂ်သည်။ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာတို့ကိုၗင်း။အလုံးစုံသောအာသဝလပါပဓမ္မတရားတို့ကိုၗင်း။ အကြွင်းမဲ့ ဖြတ်ခြင်းငှါ စွမ်းနိုင်ကြပေကုန်၏။ ဤသို့လျှင်လေးကြိမ်ဖြစ်မှသာလျှင်။ထက်ဝန်းကျင် ပြီးဆုံးသောကိစ္စရှိသည်၏အဖြစ်ကြောင့်။ထိုမဂ်တို့သည်လေးကြိမ်လေးဆင့်ရောက်အပ်ရအပ်သောတရားဖြစ်ပါ၏။ ကုသိုလ်စိတ်တို့ကိုလည်းလေးပါးသောမဂ်တို့၏အပြားအားဖြင့်။လေးပါးရှိပါ၏။ ဝိပါက်စိတ်တို့ကိုလည်း။လေးပါးအပြားရှိသောကုသိုလ်ဇောတို့၏။အကျိုးအဖြစ်ကြောင့်။ထိုအတူလေးပါးအပြားပင်ရှိပြန်၏။လောကုတ္တရာစိတ်တို့ကိုရှစ်ပါးအပြားရှိသည်ဟုမှတ်။ထိုစိတ်အား။ဒိဋ္ဌိထက်လွန်ကဲသောတရားသည်မရှိ။ ထို့ကြောင့်" အနုတ္တရမည်၏။ ။နတ္ထိအတ္တနော ဥတ္တရံအဓိကံဧတေသာတိအနုတ္တရံ။ ။ဣတိဝုတ္တံ။ ။ဧတေသံ၊ ထိုစိတ်အား။အတ္တနော၊မိမိထက်။ဥတ္တရံအဓိကံ၊လွန်ကဲသောတရားသည်။နတ္ထိ၊မရှိ။ ဣတိတသ္မာ၊ထို့ကြောင့်။အနုတ္တရံ၊အနုတ္တရမည်၏။

အဘယ်ကြောင့်ဤလောကုတ္တရာစိတ်နှိုက်ကား။ကြိယာစိတ်သည်မရှိပါသနည်းဟူ၍။ဤသို့မေးဖွယ်ရှိ၍ ။လောကုတ္တရာနှိုက်ကြိယာစိတ်၏ မရှိခြင်းကြောင့်တည်း။ အဘယ်ကြောင့်ထိုလောကုတ္တရာစိတ်သည်မရှိပါသနည်းဟူမူ။ မဂ်စိတ်၏တခုသောစိတ္တက္ခဏာရှိသည်၏အဖြစ်ကြောင့်တည်း။ ထိုမဂ်စိတ်သည်ကားလောကီကုသိုလ်တို့ကဲ့သို့။အထူးထူးသောခဏတို့နှိုက်။အကယ်၍ဖြစ်ငြားအံ့။ ထိုအခါအနုသယ ကင်းလေပြီးသောပုဂ္ဂိုလ်တို့၏ သန္တာန်နှိုက်လည်း။ လောကုတ္တရာ ကြိယာသည်ဖြစ်ပေလတ္တံ့။အဘယ်အကြောင်းကြောင့်။ ထိုလောကုတ္တရာစိတ်သည်။တခုသောစိတ္တက္ခဏာရှိပါသနည်းဟူမူ။ မဂ်၏ကြီးသော အာနုဘော်ရှိသည်၏ အဖြစ်ကြောင့်ဟု မှတ်။ အဘယ့်ကြောင့်ကြီးသောအာနုဘော်ထိုမဂ်နှိုက် ရှိနိုင်ပါသနည်းဟူမူ။ အရိယာမဂ်တို့မည်သည်ကား။တကြိမ်ဖြစ်သည်ရှိသော်။ မိမိတို့၏ပယ်သင့်ပယ်ထိုက်သောကိလေသာအပေါင်းတို့ကို။ တဖန်ဖြန့်၍မဖြစ်စေခြင်း သဘောရှိသည်၏ အဖြစ်သို့ရောက်စေ၍။ ပယ်အပ်စွန့်အပ်သောကြောင့်တည်း။ဤသည်ကား၊ တခုသောမဂ်၏အာနုဘော်အဖွင့်ဟုမှတ်၏။ ။ဤနေရာနှိုက်။ ဝိပါက်စိတ်ကိုလည်း။ကုသိုလ်စေ။ကြိယာစေတို့ကဲ့သို့။ ဇောကိစ္စနှင့်ယှဉ်သည်ဖြစ်၍။အမှတ်မရှိသောအလိုရှိရာအခါနှိုက်။သမာပတ်ဝင်စားခြင်းငှါ။တတ်စွမ်းနိုင်သည်ဖြစ်ပါ၍။ မိမိ၏အနန္တရအခြားမဲ့ကာလမှစ၍။ဖြစ်စေနိုင်ပါ၏။ဤသည်ကားထိုအရိယာမဂ်၏ဒုတိယမြောက်ဖြစ်သော အာနုဘော်ကြီးဟူ၍မှတ်။ ထိုမဂ်သည်ကိလေသာတို့ကိုပယ်ခြင်းအကျိုးငှါလည်း။ တဖန်နောက်ကာလနှိုက်။ဖြစ်စေရန်ကိစ္စသည်မရှိ။ သမာပတ်ဝင်စားခြင်းငှါလည်းထိုနည်းအတူမရှိ။ထိုစကားမှန်ပါ၏။ တယောက်သောသူက။ဥပမာအားဖြင့်။ ငါသည်ဖိုလ်ကိုသမာပတ်ဝင်စားခြင်းငှါအလိုမရှိ။ရှေးနှိုက်ရပြီးဖြစ်သောမဂ်ကိုသာလျှင် ဝင်စားတော့အံ့ဟုဤသို့နှလုံးပိုက်၍။ပရိကံကို အကယ်၍ပြုစေဦးတော့။ ထို

အခါနှိုက်၊မဂ်သည်တကြိမ်သာ လျှင်ဖြစ်ပေ၏။ချုပ်လေပြီးသော မဂ်စေတနာ၏ အာနုဘောင်ကြောင့်။ ဖိုလ်စိတ်သည်မဖြစ်ပေ၊ဘဲ မနေ။ဇောကန်အမှန်ဖြစ်ပေါ်ရာ၏။မဂ်စိတ်သည် အစဉ်တပိုက်ဖြစ် ၍မနေနိုင်ရာဟုမှတ်ကြ။အဘယ်ကြောင့်နည်းဆိုသော်။ မဂ်ကို မတားမြစ်အပ်သော မတားမြစ်နိုင်သော။ မဂ်၏အာနုဘော်ရှိ သည်အဖြစ်ကြောင့်တည်း။ ။မဂ်အာနုဘော်တို့ မည်သည်။ ဆန္ဒဖြင့်ရင်း။အလိုဖြင့်ရင်း။အဇ္ဈာသယဖြင့်ရင်း။ပဋိကံဖြင့်ရင်း။ မဂ်၏ အာနုဘော် အစွမ်းကို တားမြစ်ခြင်းငှါ မတတ်နိုင်ဟု မှတ်ကြ။

အနုတ္တရ-ဟူသောပုဒ်နှိုက်။လောကုတ္တရာဘုံကို ဆိုသည်ဟု ၍နေရာနှိုက်မှတ်ယူကြ။ ထိုဘုံသည်သဓ်တ၊ အသဓ်တ-ဟူ၍ ၂ ပါးရှိ၏။သဓ်တဘုံသည် ၄ ပါးပြား၏၊ ဘုရားအဘယ်ကဲ့သို့ ဟောတော်မူသနည်းဆိုသော်။ ။ယသ္မိံ သမယေ လောကုတ္တ ရာဈာနံဘာဝေတိ၊ ပဌမာယဘူမိယာပတ္တိယာ။ လ။ ဒုတိယာ။ လ။တတိယာ။လ။ စတုတ္ထာယဘူမိယာ ပတ္တိယာတိ။ ။ဟူ၍ ဟောတော်မူသည်။ ။ထိုပါဠိတော်နှိုက်။ဘူမိ-ဟူသည်။ သာ မညဖိုလ်ဟူ၍ အဓိဂကထာနှိုက်မိန့်၏။ ပဌမမဂ်ဖိုလ်အစုသည်။ ပဌမဘုံဟုမှတ်။၍အဘိုင်း။ဒုတိယ၊ တတိယ၊ စတုတ္ထတို့နှိုက် မှတ်ယူကြ။တရားကိုယ်အားဖြင့်၊ ရာဂသုံးပါး အပေါင်းတို့၏ သိမ်းဆည်းခြင်းမှ ထွက်သောကြောင့်။ တေဘူမကတရားတို့ နှိုက်အကျုံးမဝင်သည့်၏အဖြစ်ဟုဆိုအပ်သော။အခိုက်အတန့် ဖြစ်သော ဝိသေသန အထူးနှင့်ယှဉ်၍ဖြစ်သော။ ဝိသေသတရား ထူးခြားဖြစ်ပါ၏။ထိုဝိသေသတရားအထူးသည်လည်း။ ကိလေ သာတို့ကိုပယ်ခြင်းအဖြစ်ဖြ ။ ထူးသော ဝိသေသတရားဟုမှတ် ကြရာ၏။ဘုံသည်။ဩကာသဘုံ၊ အဝတ္ထာဘုံ၊ဟူ၍ ၂ မျိုးရှိပါ ၏။ထို ၂ မျိုးတို့တွင်။အဝတ္ထာဘုံသည်သာလျှင်နိပ္ပရိယာယဂမ္ဘ ဖြစ်သဖြင့်။မချဆတ်ဆတ်၊ရအင်သေခဘုံပေတည်း။ဩကာသ ဘုံသည်ကား။နိပ္ပရိယာယဘုံမဟုတ်။ပရိယာယဘုံသာလျှင်ဖြစ်

ပါဠိ၏။ဤပရိယာယဩကာသတို့သည်။ တရားအပေါင်းတို့အား ထိုထိုအခိုက်အတန့်တွင်ဖြစ်ပေါ်စေတတ်သော။ ဝိသေသအထူး ၏အခွင့်းသဘောအားဖြင့်သာလျှင်။ဩကာသလောကဟူရာဘုံဟူ ၍ဝေါဟာရအဖြစ်ဖြင့်ခေါ်ဝေါ်သမုတ်အပ်သော အမည်ဖြစ်၏ ဟုမှတ်။ ။အဝကာသလောကဟူရာဘုံကဲ့သို့။နိပ္ပရိယာယတရား မျိုးမှတ်လေနှင့်။ ။အထူးမှတ်ရန်မှာ။ ။ဘုံသုံးဆဲ့တစ်သည်။ ကုသိုလ်အကုသိုလ်တရားအပေါင်းတို့၏။ဟိန၊ပဏီတ၊ဩဠာရိ က၊သုခုမ၊အဖြစ်ဟုဆိုအပ်ကုန်သော။အခိုက်အတန့်ဖြစ်ကြကုန် သောဝိသေသအထူးတို့ကိုသာလျှင်စွဲ၍။အလုံးရုံ ဘုံ-၃၁-ဖြစ် ရသတတ်။

မဂ်ဖိုလ်တို့၏အဋ္ဌုပ္ပတ္တိပြီး၏။

---

သမ္မယုတ္တပစ္စယော-ဟူသည်ကား။ ။ဧကုပ္ပါဒတာဒိဟိ ပကာရေဟိသမံဧကီဘူတောဝိယဟုတွာ၊ အညမညယုတ္တဘာ ဝေန၊ ဥပကာရကောဓမ္မော သမ္မယုတ္တပစ္စယော။ ။အနက် ကား။ ။ဧကုပ္ပါဒတာဒိဟိ၊တူသောဖြစ်ခြင်းအဖြစ်အစရှိကုန် သော။ပကာရေဟိ၊အထူးအပြားတို့နှင့်။ သမံ၊အညီအမျှ။ ဧကီ ဘူတောဝိယ၊ တပေါင်းတည်းဖြစ်ကုန်သကဲ့သို့။ အညမညယုတ္တ ဘာဝေန၊အချင်းချင်း ယှဉ်သည့်၏အဖြစ်ဖြင့်။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ဓမ္မော၊တရားသည်။ သမ္မယုတ္တပစ္စယော၊ သမ္မယုတ္တပစ္စည်းတပ်သောတရားမည်၏။ ။ဧကုပ္ပါဒ ဟုဆို အပ်သောတူသောဖြစ်ခြင်းအစရှိကုန်သော။အထူးအပြား များ ပွာဖြစ်ကြကုန်သောတရားတို့နှင့်။ထပ်တူထပ်မျှတပေါင်းတည်း ဖြစ်စေသကဲ့သို့။ အချင်းချင်း သမ္မယုတ္တဓမ္မသဘောအနေဖြင့်။ ကျေးဇူးဥပကာရပြုတတ်သောတရားကို။ သမ္မယုတ္တပစ္စည်း တပ်သည်ဟူလို။

ဝိပ္ပယုတ္တပစ္စည်း-ဟူသည်ကား။ ။သဟဇာတအဖြစ်နှင့် ရင်း။နိဿယ၊နိဿိတ၊မှီရာမှီတတ်သည်၏အဖြစ်နှင့်ရင်း။ ယှဉ်

သည့်၏အဖြစ်သည်ဖြစ်ငြားသော်လည်း။ ဧကုပ္ပါဒ-အစရှိသော သမ္ပယောဂလက္ခဏာ၏ကင်းခြင်းကြောင့်။မယှဉ်သည့်၏အဖြစ် ဖြင့် ကျေးဇူးပြုတတ်သောတရားသည်။ ဝိပ္ပယုတ္တပစ္စည်း တပ် သောတရားမည်၏။ ။သမာနေပိသဟဇာတဘာဝေန၊ နိဿ ယနိဿိတဘာဝေန၊ ယုတ္တဘာဝေ ဧကုပ္ပါဒတာဒိကဿ၊သမ္ပ ယောဂလက္ခဏဿ ဝိရဟတော၊ဝိပ္ပယုတ္တဘာဝေန၊ ဥပကာရ ကောဓမ္မော-ဝိပ္ပယုတ္တပစ္စယော။ ။အနက်ကား။ ။သဟဇာ တဘာဝေန၊သဟဇာတ၏အဖြစ်နှင့်ရင်း။ နိဿယနိဿိတဘာ ဝေန၊မှီရာမှီတတ်သည်၏အဖြစ်နှင့်ရင်း။ ယုတ္တဘာဝေ၊ ယှဉ် သည့်၏အဖြစ်သည်။သမာနေပိ၊ဖြစ်ငြားသော်လည်း။ ဧကုပ္ပါဒ တာဒိကဿ၊ ဧကုပ္ပါဒ အစရှိကုန်သော။ သမ္ပယောဂ လက္ခ ဏဿ၊ သမ္ပယောဂ လက္ခဏာ၏။ ဝိရဟတော။ ကင်းခြင်း ကြောင့်။ဝိပ္ပယုတ္တဘာဝေန၊မယှဉ်သည့်၏အဖြစ်ဖြင့်။ ဥပကာရ ကော၊ကျေးဇူးပြုတတ်သော။ဓမ္မော၊တရားသည်။ ဝိပ္ပယုတ္တပစ္စ ယော၊ဝိပ္ပယုတ္တပစ္စည်းတပ်သောတရားမည်၏။ ။အကြင်တရုံ တရာနေရာနိုက်။သမ္ပယုတ္တပစ္စည်းဖြင့် လျော်းပါးခြင်းသည် ဖြစ် သင့်၏။ထိုနေရာနိုက်သာလျှင် ထိုသမ္ပယုတ္တပစ္စည်းဖြင့် လျော်း ပါးခြင်းတည်းဟူသော။ယုံမှားသက်ာကို ဖြေဖျောက်ရှင်းလင်း ရန်အကျိုးငှါ။ ဤဝိပ္ပယုတ္တပစ္စည်းကို ဟောတော် မူသည်ဟု မှတ်ကြ။

အတ္ထိပစ္စယော-ဟူသည်ကား။ ။အောင်နိုက်ဆိုအပ်ခဲ့ကုန်ပြီး သောပစ္စည်းတရားတို့နိုက်သာလျှင်ထင်ရှားရှိသည်၏အဖြစ်ဟု ဆိုအပ်သော။ခဏပစ္စုပ္ပန်နှင့်ပြည့်စုံကြသည်၏အဖြစ်ဖြင့်။ဤကဲ့ သို့သဘောရှိသည်သာလျှင်ဖြစ်သော။ခဏပစ္စုပ္ပန်နှင့်ပြည့်စုံခဲ ဖြစ်ကြကုန်သောတရားတို့အား။ သဟဇာတ အစရှိသည်တို့၏ အထွမ်းအားဖြင့်ကျေးဇူးပြုတတ်သော။အကြင်အကြင်တရားတို့ သည်အမှန်ရှိကြပါ၏။ ထိုထိုတရားတို့သည်။ အတ္ထိပစ္စည်းတပ် သောတရားတို့သည်သာလျှင်ဖြစ်ကြပါကုန်၏။

နတ္ထိပစ္စယော- ဟူသည်ကား။ ။အကြင်တရားတို့သည် ထင်ရှားရှိသည်ရှိခဲ့သော်။ တပါးသောတရားတို့ ဖြစ်ပေါ်လာစေခြင်းငှါ။ အခွင့်ကိုမရနိုင်ကြကုန်။ ထိုတရားသည်။ အခြားတပါးဖြစ်ကြကုန်သော တရားတို့အား။ အခွင့်ပေးခြင်းဟုဆိုအပ်သော။ မိမိသည်ကွယ်ပျောက် ချုပ်ပျက်လေသည်၏အဖြစ်ဖြင့်။ ကျေးဇူးပြုသောတရားသည်။ နတ္ထိပစ္စည်းတပ်သော တရားမည်ပါ၏။ ။ဤပစ္စည်းသည်မိမိကိုယ်တိုင်အားဖြင့်။ ဝိသေသသတ္တိအထူးကိုမပြနိုင်။ ထိုစိတ်ဖြင့်သာလျှင်သွား၏။ ထိုစိတ်ဖြင့်သာလျှင်ထိုင်၏။ ရပ်၏။ ဤသို့အစရှိသဖြင့်။ နောက်စိတ်နှိုက်တည်ကုန်သောသူတို့အား။ ရှေးစိတ်သည်ဖြစ်သည်သာလျှင်ဖြစ်ကြ၏ဟူ၍။ လူအပေါင်းတို့သည် မှတ်ထင်စွဲယူကြကုန်၏။ ထိုကြောင့်။ အကြင်အရာနှိုက်။ ထင်ရှားရှိသည်၏အဖြစ်ဖြင့်။ ယုံမှားခြင်းတို့သည် ဖြစ်သင့်သည်သာဖြစ်ပါ၏။ ထိုအရာနှိုက်။ ထိုယုံမှားသက်သာရှိခြင်းကိုနှစ်စေခြင်းငှါ။ ပယ်ဖျောက်စေခြင်းငှါ။ ဤနတ္ထိပစ္စည်းကိုဟောတော်မူခဲ့ပါ၏။

ဝိဂတပစ္စည်းဟူသည်ကား။ ။ကင်းကုန်ပျောက်ပျက်ခြင်းသို့ရောက်ခြင်းတည်း။ ။ဝိနာသံဂတောဝိဂတော။ ။အနက်လွယ်၏။ ။အကြင်တရားသည်။ ကွယ်ပျောက် ပျက်စီး ခြင်းသို့မရောက်သည်ရှိသော်။ တပါးသောတရားသည်ဖြစ်ပေါ်လာခြင်းငှါအခွင့်မရနိုင်။ ထိုတရားသည်။ တပါးသောတရားအားအခွင့်ပေးခြင်းဟုဆိုအပ်သော အကြောင်းဖြင့်။ မိမိကိုယ်တိုင်။ ကင်းပျောက်ခြင်းသို့ပျက်စီးခြင်းသို့ရောက်ခြင်းဖြစ်ပြီးလျှင်။ ကျေးဇူးပြုတတ်သောတရားသည်။ ဝိဂတပစ္စည်းတပ်သော တရားဖြစ်ပါ၏။

အဝိဂတပစ္စည်း-ဟူသည်ကား။ ။ဖြစ်ဆဲသော တရား၏အဖြစ်ဟုဆိုအပ်သော။ မကင်းသည်၏အဖြစ်ဖြင့်။ ထိုကဲ့သို့သော သဘောရှိသည်သာလျှင်ဖြစ်သော။ ပစ္စုပ္ပန်ဖြစ်သောတရားကို

ကျေးဇူးပြုသောတရားသည်။ အဓိဂတပစ္စည်းတပ်သောတရားမည်၏။ ။ဝတ္တမာနတာသင်္ခါတေန၊ အဓိဂတဘာဝေနတာဒိသဘာဝဿဓမ္မဿ၊ဥပကာရကောဓမ္မောအဓိဂတပစ္စယော။ ။

အနက်ကား။ ။ဝတ္တမာနတာသင်္ခါတေန၊ ဖြစ်ဆဲ ဖြစ်ကုန်ကြသောတရားတို့၏အဖြစ်ဟူ၍ဆိုအပ်ကုန်သော။ အဓိဂတဘာဝေန၊ မကင်းသည်၏အဖြစ်ဖြင့်။ တာဒိသဘာဝဿ၊ ထိုသို့သဘောရှိသည်သာလျှင်ဖြစ်ကုန်သော။ဓမ္မဿ၊ ပစ္စုပ္ပန်ဖြစ်သော တရားအား။ဥပကာရကော၊ ကျေးဇူးပြုတတ်သော။ ဓမ္မော၊ တရားသည်။အဓိဂတပစ္စယော၊အဓိဂတပစ္စည်းတပ်သောတရားမည်၏။ ။ဤအရာနှိုက်။ရှေးနှိုက်ပြဆိုအပ်ပြီးဖြစ်သော။အတ္ထိ၊နတ္ထိပစ္စည်း-၂-ခုတို့၏အပေါင်းကိုသာလျှင်။ထူးသောအနက်ရှိသည်၏အဖြစ်ကိုလျှဉ်းပါးခြင်းနှိုက်နစ်စေခြင်း အကျိုးငှါရင်း။ အသိဉာဏ်၏သန့်ရှင်းစင်ကြယ်စေခြင်း အကျိုးငှါရင်း။ ပရိယာယ်တပါးဖြင့်- ဝိဂတဒုက်အမည်ကိုပြုလုပ်၍ ဟောတော်မူအပ်ပါ၏။ ထိုစကားနှိုက်။ ။အတ္ထီတိခေါ ကစ္စာန အယ မေကောအန္တော။နတ္ထီတိခေါကစ္စာနအယံဒုတိယောအန္တော။ ။ဤသို့အစရှိသဖြင့်။အထူးထူးအပြားပြားသော အနက်တို့ကို ပြတတ်ကုန်သော။အတ္ထိ၊နတ္ထိသဒ္ဒါတို့သည်။သာသနာတော်ကျမ်းဂန်တို့၌ရင်း။လောကီကျမ်းဂန်တို့နှိုက်ရင်း။ ထင်ရှားသိမြင်မှတ်ထင်ကြရပါကုန်၏။ရှေးနှိုက်ပြဆိုအပ်ခဲ့ပြီးသောအနက်ကို။ တဘန်ပရိယာယ်တပါးဖြင့်ဆိုရခြင်းသည်လည်း။ကြားနာမှတ်ရကုန်သောသူအပေါင်းတို့အား။အသိဉာဏ်၏ သန့်ရှင်းစင်ကြယ်စေခြင်းအကျိုးငှါဖြစ်ပါ၏။ ။အဘိဓမ္မာဋီကာကျမ်းပြုဆရာတို့သည်ကား။များစွာပင်ထိုအတ္ထိဒုက်၊နတ္ထိဒုက်တို့နှိုက် အထူးထူး အပြားပြားများစွာသောအနက်တို့၏ ဖြစ်သင့်ကြောင်းကို။ ဘွင့်ဆိုကြပါကုန်၏။

ပစ္စယုဒ္ဒေသပြီး၏၊

ဤနေရာနှိုက်အဘိဓမ္မတ္ထသင်္ဂဟာတွင် မိန့်အပ်သောအတိုင်း ထုတ်ဆောင်ဘွင့်ပြပေအံ့။

ဆဓာနာမန္တုနာမသသ- ဟူသော ပါဌ်နှိုက်။ ။အကြင် အခြင်းအရာအားဖြင့်အကျဉ်းပြအပ် ကုန်သော-၂၄-ပါးသော ပစ္စည်းတို့ကို။ ရှေးဦးစွာခြောက်ပါးကုန်သော ရာသီ အပေါင်း အရုတ်ဖြင့်။ သင်္ဂြိုဟ် ရေတွက်၍။ တဘန် ခြောက်ပါးကုန် သောရာသီတို့၏ အစည်အားဖြင့်။ ထို-၂၄- ပစ္စည်းတို့၏ အ ကျယ်ကိုပြတော်မူလိုသော ငှာ်အနုရုဒ္ဓ ါဆရာသည်။ ဆဓာနာ မန္တုနာမသသ-ဤသို့အစရှိသောဂါထာ-၂-ချတ်၏ အပေါင်းကို။ မိန့်တော်မူပါ၏။နာမ်တရားသည်နာမ်တရားတို့အား။ ၆-ပါးကုန် သောပစ္စည်းတို့ဖြင့်ကျေးဇူးပြုတတ်သည်။ပစ္စည်းတပ်သည်ဖြစ် ပါ၏။နာမ်တရားသည် နာမ်ရုပ်တို့ အား။ ငါးပါးအပြားရှိသော ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်သည်။ပစ္စည်းတပ်သည်ဖြစ်ပါ ၏။ တဘန် နာမ်သည်ရုပ်အား။ တပါး အပြားရှိသော ပစ္စည်း တို့ဖြင့်ကျေးဇူးပြုတတ်သည်။ ပစ္စည်းတပ်သည်ဖြစ်ပါ၏။ ရုပ် သည်နာမ်တရားအား။ တပါး အပြားရှိသောပစ္စည်းဖြင့်ကျေးဇူး ပြုတတ်သည်။ ပစ္စည်းတပ်သည်ဖြစ်ပါ၏။ ပညတ်တရား၊ နာမ် တရား- ရုပ်တရားတို့သည်။ နာမ်အား ၂-ပါး အပြားရှိသော ပစ္စည်းဖြင့်။ကျေးဇူးပြုတတ်သည်။ ပစ္စည်းတပ်သည် ဖြစ်ပါ၏။ နာမ်ရုပ်နှစ်ပါးတို့သည်။နာမ်ရုပ် ၂-ပါးတို့အား။ ၉-ပါး အပြား ရှိသောပစ္စည် ဖြင့်ကျေးဇူးပြုတတ်သည်။ ပစ္စည်းတပ်သည်ဖြစ် ပါ၏။ဤသို့လျှင်။ဆဟ္ဟုပစ္စက အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ပစ္စည်းတို့သည်။ ခြောက်ပါးအပြားရှိသည် ဖြစ်ပါကုန်၏။ အ ဘယ်ကဲ့သို့ဖြစ်ပါသနည်းဆိုသော်။ ။ဝိဘာဝနီဋီကာနှိုက်။ ။ ပဥ္စတ္တံနာမရူပါနိနာမဿဒွိဓာဒွိပကာရာပစ္စယာဟောန္တိ။ ။ ဟူ၍မိန့်ဆိုသည်။ အကြင်စကားသည်လည်း လျဉ်းပါးဘွယ် သာဖြစ်ပါချေ၏။အဘယ်ကြောင့်ဆိုသော်။ပစ္စည်းကိုပြဆိုသော စကားမည်သည်။ပစ္စည်းအားဖြင့်၎င်း။ ပစ္စယုပ္ပန် အားဖြင့်၎င်း။

ပစ္စယသတ္တိအားဖြင့်၎င်း။ဤသို့လျှင် ၃-ပါးကုန်သောပကာရတို့ဖြင့်မိန့်ဆိုအပ်ခြင်းသည်သာလျှင်။ကောင်းစွာဆိုအပ်သည်မည်ပါ၏။အနန္တရအစရှိသောပစ္စည်းတို့မည်သည်ကား၊ စိတ်အစည်၏မပြတ်စေခြင်းအကျိုး၎င်း။ ကိစ္စဌာနတို့၏ အစည်ကိုပြီးစေခြင်းအကျိုး၎င်း-ဖြစ်ပါ၏။ ထို့ကြောင့်။ ကုသိုလ်အစရှိကုန်သော-နာမ်တရားတို့တွင်။ အမှတ်မရှိ တစုံတခုသော တရားသည်။ မိမိနှင့်မဆန့်ကျင်သော ဆန့်ကျင်ဘက် မဟုတ်သော။ အမှတ်မရှိတစုံတခုသောတရား၏ အခြားမဲ့၌မဖြစ်သည်ကားမဟုတ်။ ထို့ ကြောင့်ပင်။ ရှင် အနုရုဒ္ဓါ ဆရာ မြတ်သည်။ အနန္တရနိရုဒ္ဓါစိတ္တစေတသိကာဓမ္မာ။ ဤသို့အစရှိသောစကားကိုမိန့်အပ်ပါ၏။ထိုစကားနှိုက်၊အဝိရုဒ္ဓ-ဟူသောဤပါဌ်ဖြင့်။ အချင်းချင်းဝိရုဒ္ဓဆန့်ကျင်ဘက်ဖြစ်ကြကုန်သော။ ကုသိုလ်အကုသိုလ်တို့၏၎င်း။သောမနဿ၊ဒေါမနဿတို့၏၎င်း။အချင်းချင်းအနန္တရပစ္စည်းနှင့်ပဋိက္ခေပဖြစ်၍ပယ်ခြင်းကိုမှတ်ယူကြ။

ပစ္စုပ္ပန္နာနံ-ဟူသည်ကား။အဖန်ဖန်ဖြစ်ပေါ် ခြင်း။ အစဉ်အားဖြင့်ဖြစ်ခြင်း။ဟူ၍မှတ်ကြ။အဖန်တလဲလဲ ဖောပိတ်အစဉ်ကိုထုံသည်၏အစွမ်းအားဖြင့်ဖြစ်သောတရားသည်။အာသေဝနပစ္စည်းမည်၏။ သက်သက်သောလုံ့လပယောဂတို့ဖြင့် ပြီးစေအပ်ကုန်သော။ အဟုန်နှင့်တကွဖြစ်ကြကုန်သော စိတ္တုပ္ပါဒ်တို့နှိုက်သာလျှင်ရအပ်၏။ထို့ကြောင့် ပုရိမာနိဇဝနာနိ-ဤသို့အစရှိသောစကားကို။ရှင်အနုရုဒ္ဓါဆရာမိန့်အပ်ပါ၏။ ထိုစကားနှိုက်။ ဇဝနာနိ-ဟူသည်ကား။ မဂ်ဇောဖိုလ်ဇောတို့သည် ကြဉ်အပ်ကုန်သော။ လောကီကုသိုလ်အကုသိုလ်ကြိယာဇောတို့ ဟူ၍မှတ်ကြ။ပစ္ဆိမာနံဇဝနာနံ-ဟူသည်ကား။ ဖိုလ်ဇောသည်ကြဉ်အပ်ကုန်သော။ဘိန္နဇာတိ-ပြားသော ဇာတ်ရှိကုန်သော တရားတို့သည်အချင်းချင်း။အလုံးစုံသောအခြင်းအရာတို့နှင့် ပြည့်စုံသော။ပရိဝါသ-ထုံခြင်းမည်သည်ကို။မိမိယူခြင်း၎င်း။ သူတပါးကိုယူစေခြင်း၎င်း၊ မတတ်နိုင်ကုန်။အကယ်၍တတ်နိုင်

ကုန်သည်ဖြစ်ပါအံ့။ဓာတ်မျှပင်လည်းတရားတို့သည်။ရှေ့နောက်
မကွဲပြားကြကုန်သည်ဖြစ်ရာ၏။ ထို့ကြောင့်။ ဘိန္နဓာတ်-ကွဲ
ပြားသောဓာတ်ရှိသောဖိုလ်ဖောသော်။မဂ်ဝီထိမှ။ အထုံကိုယူ
ခြင်းငှါ။မတတ်နိုင်ပေ။ထို့ကြောင့်သာလျှင်။ မဂ်သည်ဖိုလ်ဖော
၏။အာသေဝနပစ္စည်းမဖြစ်ဟုဆိုမှတ်ကြရာ၏။ ကာမာဝစရအာ
ဖြစ်မှမဟဂ္ဂုတ်အဖြစ်။ လောကုတ္တရာအဖြစ်သို့ရောက်ခြင်းမည်
သည်။အာသေဝန၏။ အားအစွမ်းကြောင့်သာလျှင်ဖြစ်၏။ထို
ကြောင့်။ဂေါတြဘု-ဗျာနှံမဂ်တို့၏ဘုံအပြားသည်။ ဤအရာနိုက်
ပမာဏမဟုတ်ဟုမှတ်ကြ။ ဟေတုဗျာနုဂ်မဂ္ဂါနိသဟဇာတာ
နံနာမရူပါနံ ဟူသည်ကား။ ဟိတ်တရား၊မဂ္ဂင်တရားတို့သည်။
ဟိတ်တရားသည် ကြဉ်အပ်ကုန်သောတကွဖြစ်ကုန်သောနာမ်
ရုပ်တို့အားဗျာနှံတရားတို့သည်။ပါဠိဉာဏ်သည် ကြဉ်အပ်
ကုန်သော။သဟဇာတဖြစ်ကုန်သောနာမ်ရုပ်တို့အား။တကွဖြစ်
သောရုပ်၏လေ့ကျဟာကို။ချင်အနုဒ္ဒါဆရာသည်။ မိမိကိုယ်ဘုင်
ပင်ဟောအပ်ပြီ။ စေတနာနာမပဝတ္တမာနာဒွေကိစ္စာနိသာဓေ
တိ။ သဟဇာတာနံ၊သံဝိဓာနဥ္စအာယတိံဝိပါကာပါတုဘာဝဥ္စာ
ယ။ တသ္မိံသန္တာနေ အတ္တနောပဝတ္တကာရသင်္ခါတဗီဇနိဓာ
နဉ္စာတိ။ တတ္ထသံဝိဓာနကိစ္စံ။ သဗ္ဗစေတနာသာဓာရဏံဟော
တိ။ ဗီဇနိဒ္ဒါနကိစ္စံပန။ ကုသလာကုသလဘာဝပ္ပတ္တာယဝစေ
တနာယဟောတိ။ ။အနက်ကား။ ။စေတနာနာမ၊ စေတနာ
မည်သည်ကား။ပဝတ္တမာနာ၊ဖြစ်ပေါ်လာသည်ရှိသော်။သဟဇာ
တာနံ၊ သဟဇာတဖြစ်ကုန်သောတရားတို့ကို။သံဝိဓာနဥ္စ၊စီရင်
ခြင်းကိစ္စကိုလည်း။ အာယတိံ၊ နောင်အခါနိုက်။ ဝိပါကာပါတု
ဘာဝဥ္စာယ၊အကျိုးတရားတို့ကိုထင်ရှားဖြစ်ပေါ်ခြင်းအကျိုး
ငှါ။တသ္မိံသန္တာနေ၊ထိုမိမိဖြစ်သောဝိတ်သန္တာန်နိုက်။အတ္တနော၊
မိမိ၏။ ပဝတ္တကာရသင်္ခါတံဗီဇနိဓာနဥ္စ၊ ဖြစ်ပုံအခြင်းအရာ
ဟုဆိုအပ်သောဗီဇမျိုးစေ့ကို။ သိုမှီးမြှုပ်ထားခြင်းကိစ္စကိုလည်း။
ဥတိ၊ဤသို့။ဒွေကိစ္စာနိ၊နှစ်ပါးကုန်သောကိစ္စတို့ကို။သာဓေတိ၊ပြီး

စေနိုင်၏။ တဏ္ဍ၊ထို–၂–ပါးသောကိစ္စတို့တွင်။ သံပိဋခနကိစ္စ၊ သဟာဇာတ်တရားတို့ကိုစီရင်ခြင်းကိစ္စသည်။ သမ္ဘစေတနာသည် ဓာရုဏ်၊အလုံးစုံသောစေတနာတို့နှင့်ဆက်ဆံသည်။ ပဟောတိ၊ ဖြစ်၏၊ ဗီဇနိဓာနကိစ္စပနာ၊ မျိုးစေ့ကိုသိုမှီးမြှုပ်ထားခြင်းကိစ္စ သည်ကား။ကုသလာကုသလာဘာဝပ္ပဏ္ဏာယဇော၊ကုသိုလ်အကု သိုလ်၏ အဖြစ်သို့ရောက်စေသောစေတနာအား ဖြင့်သာလျှင်။ ပဟောတိ၊ဖြစ်ပါ၏။ ။ထိုကဲ့သို့ရှင်အနုရုဒ္ဓါဆရာဖြတ်သည်။မိန့် အပ်ပါ၏။ ထိုစကားရပ်နိုက်။ သဟဇာတ စေတနာ ဟူသည် ကား။ တ်သောအပိုင်းအခြားအားဖြင့်။ ပဉ္စဝိညာဏ်နှင့်တကွ ဖြစ်သောစေတနာသည်မှန်၏။ထိုပဉ္စဝိညာဏ်နှင့်တကွဖြစ်သော စေတနာသည်လည်း။သဟဇာတ်တရားတို့ကို။ကောင်းစွာစီရင် ခြင်းဟုဆိုအပ်သောကံ၏အဖြစ်ဖြ ့်။ ဖြစ်သည်သာလျှင်ဖြစ်ပါ သောကြောင့်။ကံမည် ည်သာလျှင်ဖြစ်ပါ၏။ထိုကြောင့်။မိမိ၏ ဖြစ်ပုံအခြင်းအရာဟုဆိုအပ်သောဝိပါက်၏မျိုးစေ့ကို သိုမှီးမြှုပ် ထားခြင်းမည် သည်၊အလွန်လျှင်မြန်စွာ။ ဗီဇမျိုးစေ့၏ကိစ္စကိုမ ပြီးစေနိုင်။သရက်မျိုးစေ့အစရှိသည်တို့ကဲ့သို့။ရင့်မာသည်၏အ ဖြစ်သို့ရောက်၍။ နောက်ခဏ တပါးနိုက်သာလျှင်။ ပြည့်စုံပြီး မြောက်စေနိုင်ပါ၏။ထိုကြောင့်။ နာနက္ခဏိကာစေတနာ–ဤသို့ အစရှိသောစကားကို။မိန့်တော်မူ၏။နာနက္ခဏိကာစေတနာ–ဟူ သည်ကား။ မိမိ၏ပစ္စုပ္ပန်တရားတို့၏ဖြစ်ရာခဏမှ။ အသီးအ ခြားဖြစ်သောအတိတ်ကာလနိုက်။ ပြည့်စုံပြီးမြောက်ခြင်း ဖြစ် သော။ကုသိုလ်စေတနာ၊အကုသိုလ်စေတနာတည်း။ ကုသလာ ကုသလစေတနာ–ဟူ၍ပါဠိရှိလိုရင်းသည် ဖြစ်တန်ရာ၏။ ဝိပါ ကဏ္ဍာအညမညံသဟဇာတာနံရူပါနံ–ဟူသောပါဌ်နိုက်။ အ ချင်းချင်းအားရင်း။ သဟဇာတ် ပ်တို့အားရင်း။ ဤသို့သောအ နက်ကိုမှတ်။ နိုင်းယှဉ်စရာဥပမာနိုက်။ ရှေးနိုက်ဖြစ်ကုန်သော အင်ကြင်းပင်မျိုတ့်သည်။ နောက်နိုက်နှစ်တိုင်း နှစ်တိုင်းသွန်း လောင်း၍ရွာကုန်သော။မိုယ်းရေအယဉ်တို့၏အစွမ်းဖြင့်။ ကြီး

ပွါး ခြင်းသို့၎င်း။ စည်ပင် ခြင်းသို့၎င်း။ ပြန့်ပွါး ခြင်းသို့၎င်း။ ရောက်ကြကုန်၍။ ထိုအရပ်နှိက်ပင်လျှင်။ ကမ္ဘာပျက်ဆုံးသည့်တိုင်အောင်။ ကြီးကျယ်သောမဟာသာလအမည်ရသော။ အင်ကြင်းတော်ဒခုပ်၏ဖြစ်စေနိုင်ခြင်းအား။ ကျေးဇူးပြုတတ်ကြကုန်သကဲ့သို့။ ဤနည်းအတူ။ ပဋိသန္ဓေခဏမှစ၍။ ရှေးဖြစ်ကုန်သောစိတ္တကမ္မဏတို့နှိက်ဖြစ်ကြကုန်သော။ အလုံးရှိသောကိုယ်နှိက်။ ကမ္မဇကာယ၊ စိတ္တဇကာယ၊ ဥတုဇကာယ၊ အာဟာရဇကာယ၊ ဟုဆိုအပ်ကုန်သော။ အလုံးရှိကိုယ်နှိက်တည်ကြကုန်သော။ စတုသမုဋ္ဌာနနိကရုပ်တရားတို့သည်။ နောက်နှိက်ဖြစ်ကုန်သော ပဉ္စမဘဝင်အစရှိကုန်သောစိတ်စေတသိက်တို့၏ အစွမ်းသဖြင့်။ စည်ပင်ပြန့်ပွါးကြီးမားခြင်းသို့။ ရောက်၍အဆင့်ဆင့်။ စတုသမုဋ္ဌာနိကရုပ်အဆက်ဆက်တို့၏။ ဖြစ်ပေါ်စေကြောင်းအကြောင်း၏အဖြစ်သို့။ ကပ်ဝင်ရောက်ကြကုန်၏။ ဟူ၍။ ပစ္ဆာဇာတာ စိတ္တစေတသိကာဓမ္မာ-ဤသို့အစရှိအောစကားကို။ ရှင်အနုရုဒ္ဓါဆရာမိန့်အပ်ပါ၏။ ပုရေဇာတဿ-ဟူသည်ကား။ အတိတ်ဖြစ်သောအခြားမဲ့စိတ်နှိက်ဖြစ်သော-ဟူ၍။ ဤအနက်ကိုဆရာတို့ဆိုကြပါ၏။ သို့မဟုတ်။ ရှစ်ချခြောက်သောစိတ်တိုင်အောင်။ ပုရေဇာတ၏ဖြစ်ခြင်းဟူ၍၎င်း။ ဤအဋ္ဌမစိတ်တိုင်အောင် အတုင်းအရှည်ရှိသောကာလသည်။ ရုပ်တရားတို့၏ဥါးစီးရာကာလဖြစ်ပါ၏။ ထိုမှနောက်နှိက်ချုတ်ရာ ဖြစ်သောကာလသည်။ ပစ္ဆာဇာတပစ္စည်းဖြင့်။ ပယောဇနဟူသောအကျိုးသည်မရှိဟုမှတ်ကြ။ တနည်းမှာ။ (သောဠသမစိတ်တိုင်အောင်ရှေးနှိက်ဖြစ်သော) ဟူ၍၎င်း။ အကြောင်းအတို့အရအားဖြင့်။ သေခါနီးသောရေတာသန္တကာယနှိက်။ ဟဒယဝတ္ထုသည်။ ရုတိစိတ်အား ပုရေဇာတပစ္စည်းအဖြစ်သို့ကပ်ရောက်စေ၏။ ထိုအတို့ အရအားဖြင့် ရုတိစိတ်သည်လည်း။ ထိုဟဒယဝတ္ထု၏ ပစ္ဆာဇာတပစ္စည်းသည် မဖြစ်ဟူ၍မဆိုသင့်။ ဟဒယဝတ္ထုရုပ်မှတပါးသောရုပ်တို့နှိက်လည်း။ ထိုနည်းအတူပင်မှတ်ယူကြ။ အာသေဝနာရသည်။ ထောက်ပံ့နိုင်စေ

သည့်ရှိသေး၏။ ကြီးပွါးသောအဘိဉာဉ်နက်၏။ တည်သောတရားကိုသာ လျှင်ထောက်ပံ့ခိုင်စေနိုင်ပေသည်။ ဆုတ်ယုတ်သောအဘိဉာဉ်နက် တည်သောတရားမှုကို။ မထောက်မပံ့မခိုင်စေနိုင်ဟုဆိုခြင်းငှါ မလျောက်ပတ်။ အဘယ်ကြောင့်ဆိုသေး၏။ ထိုဆုတ်ယုတ်သော အဘိဉာဉ်နက်လည်း။ ထိုအခါ အားလျော်သောဥပထမ္ဘနမှုကို။ အလို ရှိ အပ်သည်၏အဖြစ်ကြောင့်တည်း။ ဤအတူသာလျှင်။ ဤပဋ္ဌာ ဓာတပစ္စည်းကိုလည်းသိကြွမှတ်ကြ။

နာမ်တရားတို့၏ အစွမ်းအာနုဘော်မည်သည်ကား။ ကြီး ကျယ်သောပြန့်ပွါးခြင်းရှိပါ၏။ ထိုကြောင့်ပင်လျှင်။ ထိုနာမ်တ ရားတို့သည်။ ကိုယ်တပ်ပါဖြစ်သော။ ဝတ္ထုရုပ်နက်ဖြစ်ကြကုန် သော်လည်း။ အလုံးခုံသောစတုဇကာယကို ထောက်ပံ့ခြင်းငှါ တတ်နိုင် သည့်သာလျှင် ဖြစ်ပါ၏။ ထိုကြောင့်။ ဇာမသသ ကာယသသ-ဟူ၍။ ရှင်အနုရုဒ္ဓါဆရာမြတ်နှံ့ အပ်ပါ၏။ စက္ခုအစရှိ ကုန်သောပသာဒရုပ်တို့သည်။ ရူပါရုံအစရှိသည့်တို့နှင့်။ အတူတ ကွရအင်သောခိုက်ခြင်းတို့ကြမှသာလျှင်။ ဝိညာဏ်တရား၏ တည်ရာမှီရာအဖြစ်သို့ရောက်စေနိုင်ပါ၏။ ထိခိုက်ခြင်းသည်လည်း။ ဌီ-သို့ရောက်ကြသောအခါ၌သာလျှင် ဖြစ်ပါ၏။ ယင်းသို့ဖြစ်သော ကြောင့်။ ပသာဒရုပ်တို့၏ခြိသောကာလပတ်လုံးလည်း။ မိမိ၏ဝိ ညာဏ်အားပုရေဇာတပစ္စည်း၏အဖြစ်သို့ဖြစ်စေခြင်းငှါ။ ပြည့်စုံ ပြီးမြောက်စေနိုင်ပါ၏။ ဝိညာဏ်မည်သည်။ ပဉ္စဝေါကာယဘုံ၌ ဝတ္ထုဟူသောမှီရာနှင့်ကင်း၍လည်းဖြစ်ပေါ်ခြင်းငှါ မတတ်နိုင်။ အကြင်အခါရှေးနက်ဖြစ်နှင့်သည်ဖြစ်ပါ၍။ ကြီးပွါးသော အဘိ နက်တည်လျက်ရှိသောဝတ္ထုကိုမရပါလျှင်။ ပဋိသန္ဓေအခါနက် ငင်းပေါ်ခါနီးသောမရဏာသန္နကာလနက်ငင်း။ အကြင် အ ကြင်ဝတ္ထုကိုရလတ်။ ထိုထိုဝတ္ထုကိုမှီ၍ဖြစ်သည်သာလျှင် ဖြစ် ပါ၏။ အကြင်အခါနက်ကား။ ရှေးနက်ဖြစ်နှင့်ပြီးလည်းဖြစ်သော။ ကောင်းစွာအားရှိသည့်လည်းဖြစ်သောဝတ္ထုကိုရ၍။ ထိုအခါ ငင်းဝတ္ထုကိုသာလျှင်မှီ၍ဖြစ်ရ၏။ ထိုသို့ဖြစ်ခြင်းကိုလည်းအမြဲ

အားဖြင့်။ပဝတ္တိအခါမှာသာလျှင်ရနိုင်ပါ၏။ပဋိသန္ဓေအခါနှိုက်မူကားမရနိုင်။ပဋိသန္ဓေအခါနှိုက် ဝိညာဏ်ဟူသောအကြောင်းကြောင့်ဖြစ်သော ဟဒယဝတ္ထုသည်၊ ပုရေဇာတဖြစ်ခြင်းငှါမတတ်နိုင်။ထိုကြောင့်။ဆဝတ္ထု။နိပဝတ္တိယံ-ဟူ၍ ဆရာမိန့်အပ်ပါ၏။ ။ပဋ္ဌာလမ္ဗဏာနိစ ပဥ္စဝိညာဏဝီထိယာ-ဟူသည်ကား၊အမြဲပြီးစီးခြင်းကို မှတ်ယူခြင်း၏အစွမ်းအားဖြင့် ဟောတော်မူအပ်ပါ၏၊နိပ္ဖန္နရုပ်ဖြစ်ကြကုန်သောအာရမ္မဏာ ပုရေဇာတတို့သည်။မနောဝိညာဏဝီထိ၏ ပုရေဇာတပစ္စည်းတို့ဖြစ်ကြပါ၏။ဤသို့သောအကြောင်းကြောင့်။ပဋ္ဌာန်းပါဠိတော်နှိုက်။ ။ပစ္စုပ္ပန္နံ ဝဏ္ဏာယတနံ စက္ခုဝိညာဏဓာတုယာ ပုရေဇာတပစ္စယေန ပစ္စယော။အာရမ္မဏာပုရေဇာတံ စက္ခုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။တောတံ၊ သောတံ၊ ဃာနံ၊ ဇိဝှါ၊ ကာယံ၊ ရူပေ၊ ရသေ၊ ဂန္ဓေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ ပစ္စုပ္ပန္နေ ခန္ဓေ။ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ။ပစ္စုပ္ပန္နံ စက္ခုံ အဿာဒေတိ အဘိနန္ဒတိ။ ။ပဋ္ဌာန်းပါဠိ။ ။ပဋ္ဌာန်းအဋ္ဌကထာနှိုက်လည်း။ ။ဥပ္ပါဒက္ခဏံ အတိက္ကမိတွာ၊ ဌိတိပ္ပတ္တံ အဇ္ဈာရသဝိဓံ ရူပမေဝ ပုရေဇာတပစ္စယော။ ။ဟူ၍မိန့်တော်မူပါ၏။ ။ယင်းအဋ္ဌကထာ၏အနက်ကား။ ။ဥပ္ပါဒက္ခဏံ၊ ဥပါဒ်ခဏကို။ အတိက္ကမိတွာ၊ လွန်မြောက်၍။ဌိတိပ္ပတ္တံ၊ ဌီခဏသို့ရောက်သော။ အဇ္ဈာရသဝိဓံ၊ တဆဲ့ရှစ်ပါးအပြားရှိသော။ရူပမေဝ။ ရုပ်သည်သာလျှင်။ ပုရေဇာတပစ္စယော၊ပုရေဇာတပစ္စည်းမည်ပါ၏။ ။ပဋ္ဌာန်းပါဠိတော်နှိုက်ဟောတော်မူ အပ်သောအားဖြင့်။ပစ္စုပ္ပန်လျှင်အာရုံရှိသော ပဋိသန္ဓေစိတ်သည်။ပစ္စုပ္ပန်လျှင်အာရုံရှိသော ဘဝင်စိတ်အား။ အနန္တရသတ္တိဖြင့်ကျေးဇူးပြုတတ်သည်ဖြစ်ပါ၏။ဤသို့လျှင် ပဋိသန္ဓေစိတ်ဘဝင်စိတ်တို့အား၊ပစ္စုပ္ပန်လျှင်အာရုံရှိသည်၏အဖြစ်ကိုဟောတော်မူ အင်သည်၏အဖြစ်ကြောင့်။ ပစ္စုပ္ပန်ဖြစ်ကြကုန်သောကမ္မနိမိတ်၊ဂတိနိမိတ်တို့ကိုအာရုံပြု၍ဖြစ်သောအခါနှိုက်။ ပဋိသန္ဓေစိတ်တို့ကိုလည်း အာရမ္မဏ ပုရေဇာတပစ္စည်းကိုရ

အပ်သကဲ့သို့။အကယ်၍ကားမှတ်ထင်အောက်မေ့၍။ ဤသို့ပင် မှတ်ထင်ငြားသော်လည်း။ ပုရေဇာတပစ္စည်း၏ ပစ္စနိက်အရာ နိက်၊ ။ပဋိသန္ဓိက္ခဏေဝိပါကာဗျာကတော ဧကောခန္ဓော ဤသို့အစရှိသည်ဖြင့် ပါဠိတော်နိက်ပင်လျှင်။ ပဋိသန္ဓေစိတ်ကို အာရမ္မဏပုရေဇာတပစ္စည်းတပ်သည်၏အဖြစ်ကို ပယ် အပ်ပါ၏။ဤအရာနိက်။အရူပဘုံနိက်ကဲ့သို့။ ပဋိသန္ဓေခဏနိက်လည်း။ ဝတ္ထုပုရေဇာတပစ္စည်း၏မရှိခြင်းကြောင့်ရင်း။ထိုအာရုံ၏မထင်ရှားသည်၏အဖြစ်ကြောင့်လည်းကောင်း။ အာရုံ၏အဖြစ်မျှနိက်သာလျှင်။အာရုံအဖြစ်ဟူ၍သာ ပြောပစရာအဖြစ်နိက်သာလျှင် တည်သည်၏အဖြစ်ကြောင့်။ပယ်အပ်ပါ၏ဟူ၍ အကြောင်းကို ဆရာတို့ဆိုကြကုန်၏။

အာရမ္မဏမေဝဂရုကတွာ-ဟူသည်ကား။ ဆင်ခြင် ရှုစားသည်၏အစွမ်းအားဖြင့်ရင်း။ သာယာခြင်းအစရှိသည်တို့၏ အစွမ်းအားဖြင့်ရင်း။အလေးအမြတ်ပြုအပ်သောဓမ္မာရုံကိုဆရာမိန့်ပါ၏။ ထိုဓမ္မာရုံမည်သည်ကိုလည်း။ ထိုထိုပုဂ္ဂိုလ်၏ အလို၏ အစွမ်းအားဖြင့်သာလျှင်သိအပ်ပါ၏။ မစင်အကောင်ပုပ်အစရှိသည်တို့သည်။ထိုမစင်အကောင်ပုပ်ကိုမှီသက်ကုန်သော။ ပိုး လောက်၊ယင်၊ခွေး၊လင်းတ၊ကျီး၊ အစရှိကုန်သော သတ္တဝါတို့အား။ အလေးအမြတ်ပြုအပ်ကုန်သည်သာလျှင်ဖြစ်ပါ၏။ ။

ရာဂါဒယောပန ဓမ္မာ-ဟူသည်ကား။ ။ရာဂ၊ဒေါသ၊ မောဟ၊ မာန၊ဒိဋ္ဌိ၊ပတ္ထနာ၊ဟူ၍ဟောတော်မူအပ်ကုန်သောတရားတို့နှင့်။ အတူတကွဆယ်ပါးသောအကုသလကမ္မပထတို့ကိုရင်း။ငါးပါး ကုန်သောအနန္တရိယကံတို့ကိုရင်း။ ယူအပ်ကုန်သည်ဖြစ်သောကြောင့်။ အနန္တရိယကံငါးပါးသည်ကြဉ်အပ်ကုန်သော။ရာဂအစရှိသည်တို့သည်လွန်မြောက်ခြင်းကိုအရင်းပြုသဖြင့်။ထိုက်သည့် အားလျော်စွာအဋ္ဌကထာသန္တာန်နိက်။ အလုံးစုံသော စတုဘူမိက ကုသိုလ်တို့အားရင်း။ အနန္တရိယကံငါးပါးတို့သည်ကား။ ကာမာဝစရကုသိုလ်တို့၏ဖြစ်ပေါ်ခြင်း၌။ အားကြီးသောမှီရာတို့

သည့်ဖြစ်ပါကုန်သဖြင့်။အလုံးစုံသော ထိုအကုသိုလ် တရားတို့သည်သာလျှင်။ထိုက်သည့်အားလျော်စွာ အဇ္ဈတ္တသန္တာန်နှိက်ဌင်း။ဗဟိဒ္ဓသန္တာန်နှိက်ဌင်း။ရာဂအစရှိသည့်ဖြစ်ကုန်သော။ ပါဏာတိပါတ အစရှိသည့်ဖြစ်ကုန်သော။·အလုံးစုံသော အကုသိုလ်တို့၏ဌင်း။ကာယိကသုခ၊ကာယိကဒုက္ခ၊ အစရှိကုန်သော အဗျာကတတရားတို့၏ဌင်း။ဖြစ်ပေါ် ခြင်းငှါအားကြီးသောမှီရာတို့သည်ဖြစ်ကြပါ၏။ ။သဒ္ဓါဒယော-ဟူသောဤပါဠိဖြင့်။သဒ္ဓါ သီလံသုတံစာဂေါပညာ-ဟူ၍။ဤသို့လျှင်ဟောတော်မူအပ်ကုန်သောတရားတို့နှင့် အတူတကွ။ အလုံးစုံဒါန၊ သီလအစရှိကုန်သောတရားတို့သည်။ စတုဘူမိက ကုသိုလ် တရားတို့၏ဌင်း။ ရာဂအစရှိကုန်သောအကုသိုလ်တရားတို့၏ဌင်း။သုခ၊ဒုက္ခ အစရှိကုန်သောစတုဘူမိက အဗျာကတတရားတို့၏ဌင်း။ ဖြစ်ပေါ် ခြင်းငှါအားကြီးသောမှီရာတို့သည်ဖြစ်ပါကုန်၏။သုခံဒုက္ခံပုဂ္ဂလောဘောဇနံဥတုသေနာသနံ-ဟူသောဤပါဠိဖြင့်။နိဗ္ဗာန်သည့်ကြဉ်အပ်ကုန်သော အလုံးစုံ။ ဘုံလေးပါးနှိက် ဖြစ်ကုန်သော အဗျာကတ တရားတို့ကိုယူအပ်ပေ၏။ ထိုအဗျာကတ တရားတို့သည်။ ထိုက်သည့်အားလျော်စွာ။ အဇ္ဈတ္တသန္တာန်နှိက်ဌင်း။ ဗဟိဒ္ဓသန္တာန်နှိက်ဌင်း။ကုသိုလ်တရားအကုသိုလ်တရားအဗျာကတတရားတို့၏။ဖြစ်ပေါ် ခြင်းငှါအားကြီးသောမှီရာတို့သည်ဖြစ်ကြပါကုန်၏။ ။ကမ္မံဝိပါကာနံ- ဟူသောဤပါဠိဖြင့်။ အလွန်အားကြီးသောကံကို အလိုရှိအပ်ပေ၏။ အားနည်းသောကံကို မလိုအပ်ဘယ်ကြောင့်လျှင်။ ဤပဋ္ဌာန်းနှိက်ရုပ်တရားတို့ကို။ ပစ္စယုပ္ပန်နှိက်မယူအပ်ကုန်သနည်း။ ထိုရုပ်တို့အားတည်း။ ဗဟိဒ္ဓနှိက်သစ်ပင်မြက်အစရှိသည်တို့၏။ ကြီးပွါးစည်ပင်ပြန့်ပြောခြင်းအကျိုးငှါ။ အဇ္ဈတ္တသန္တာန်နှိက်လည်း အနာရောဂါကင်းရှင်းခြင်းအစရှိသည်တို့၏အကျိုးငှါ။ ပထဝီဓာတ်၏ အရသာ။ အာပေါဓာတ်၏အရသာ။ ဂိုယ်းရေ၊အစေး၊ အမြစ်ဆေးအစရှိသည်တို့သည်။ အားကြီးသော မှီရာတို့သည် ဖြစ်ကုန်သည်

မဟုတ်လေ။ဤသို့သော အမေးစောဒနာ စကားသည် ရှိပါအံ့။
ဤအနက်ကိုမူကား မူလဋီကာနိုက် ဖြေဆိုအပ်သည် သာလျှင်
တည်း။ ။နဟိရူပါဗျာကတံပကတူပနိဿယံလဘတိ။အစေ
တနေနရူပသန္တာနေန။ပကတဿ၀အဘာ၀တော။ ယထာဟိ
အရူပသန္တာနေနကဋတ္တာဘူတေန။ သဒ္ဓါဒယောနိပ္ဖါဒိတာ။ ဥတု
ဘောဇနာဒယောစဥပသေဝိတာ။ နဧဝံရူပသန္တာနေန။ ယသ္မိံ
စဥတုဗီဇာဒိကေကမ္မာဒိကေစ သတိရူပံ ပဝတ္တတိ။ နတံတေန
ရူပေနပကတံဟောတိ။ သစေတနဿ၀ဟိ။ ဥပ္ပါဒနပ၀သေန
ပယောဂ၀သေန။စေတနံပကပ္ပနံပကရဏံ။ရူပဥ္စအစေတနန္တိ။ ။
ဟူ၍မိန့်တော်မူ၏။ ။ဟိ၊ထင်ရှားပြဦးအံ့။ ရူပဗျာကတံ၊ ရုပ်
အဗျာကတသည်။ပကတူပနိဿယံ၊ ပကတူပနိဿယပစ္စည်း
ကို။နလဘတိ၊မရအပ်။ကသ္မာ၊အဘယ်ကြောင့်နည်း ဟူမူကား။
အစေတနေန၊စေတနာမရှိသော။ရူပသန္တာနေန၊ ရုပ်သန္တာန်ဖြင့်။
ပကတဿ၊အထူးသဖြင့်ပြီးစေအပ်သည်၏။ အဘာ၀တော၊
မရှိခြင်းကြောင့်သာလျှင်တည်း။ဟိ၊ ထင်စွာပြဦးအံ့။ ကဋတ္တာဘူ
တေန၊ကတ္တားဖြစ်၍ဖြစ်သော။အရူပသန္တာနေန၊နာမ်သန္တာန်ဖြင့်။
သဒ္ဓါဒယော၊သဒ္ဓါအစရှိသည်တို့ကို။ နိပ္ဖါဒိတာ၊ယထာစ၊ ပြီးစေ
အပ်ကုန်သကဲ့သို့ရင်း။ ဥတုဘောဇနာဒယော၊ ဥတုဘောဇဉ်
အစရှိသည်တို့ကို။ဥပသေဝိတာယထာစ၊မှီဝဲစေအပ်ကုန်သကဲ့သို့
ရင်း။ဧဝံ၊ဤအတူ။ ရူပသန္တာနေန၊ရုပ်သန္တာန်သည်။ နိပ္ဖါဒိတာစ၊
ပြီးစေအပ်ကုန်သည်လည်း။နဟောန္တိ၊မဖြစ်ကုန်။ဥပသေဝိတာစ၊
မှီဝဲအပ်ကုန်သည်လည်း။နဟောန္တိ၊မဖြစ်ကုန်။ စ၊ဆက်၍ဆိုပါ
ဦးအံ့။ယသ္မိံ ဥတုဗီဇာဒိကေစ၊ အကြင်ဥတုဗီဇအစရှိသည်ရင်း။
ယသ္မိံကမ္မာဒိကေစ၊အကြင်ကံအစရှိသည်ရင်း။ သတိ၊ရှိသော်။
ရူပံ၊ရုပ်သည်။ပဝတ္တတိ၊ဖြစ်၏။တံ၊ ထိုဥတုဗီဇအစရှိသည်ကံအစ
ရှိသည်တို့ကို။တေန၊ထိုရုပ်သန္တာန်သည်။ပကတံ၊အပြားအား
ဖြင့်ပြုအပ်ပြီးစေအပ်သည်။နဟောတိ၊မဖြစ်။ဟိ၊သစ္စံ၊မှန်ပေ၏။
သစေတနဿ၀၊ စေတနာနှင့်တကွဖြစ်သောနာမ်၏ သန္တာန်၌

သာလျှင်။ ဥပ္ပါဒနုပသေဝနုပယောဂါဒိဝသေန၊ ဖြစ်စေခြင်းမှီခဲ
ခြင်းပယောဂစသည်တို့၏အစွမ်းဖြင့်။စေတနံ၊စေဆော်ခြင်းသည်။
ပကပ္ပနံ၊ စီရင်ခြင်းသည်။ပကရဏံ၊ ပကရံဏမည်၏။ရူပဥ္စ၊ရုပ်
သည်လည်း။အစေတနံ၊ စေတနာရှိသောတရားမဟုတ်။ ။ဤသို့
သောအဓိပ္ပါယ်ကို မူလဋီကာဆရာသည် ဆိုလိုရင်းဖြစ်ပါ၏။
အစည်သန္တာန်သည်။ ရုပ်သန္တာန်ရင်း။ နာမ်သန္တာန်ရင်း။ ဤသို့
လျှင်-၂-ပါးရှိပါ၏။ ထို-၂-ပါးတို့တွင် အကြင်သန္တာန်သည်။
ရှေးအခါနှိုက် တပုံတချသော တရားကိုကောင်းစွာ ဖြစ်စေအပ်
သည်ဖြစ်ပါ၏။ဥပသေဝိတ- မှီခဲအပ်သည်လည်းဖြစ်ပါ၏။ ထို
သန္တာန် အားသာလျှင် ရှေးနှိုက်။ မိမိမှီခဲအပ်ဖြစ်စေအပ်သော
တရားတို့အား။ကာလတပါးနှိုက်မိမိ၏ ဥပနိဿယ ပစ္စည်းတို့
သည်ဖြစ်ပါကုန်၏။ ။ပကရဏ- ဟုဆို အပ်သော။ ထိုသို့
သောအခြင်းအရာဖြင့်ဖြစ်စေခြင်းမှီ ခဲခြင်းမည်သည်။ စေတနာ
ရှိသောနာမ်၏သန္တာန်နှိုက် သာလျှင် ရအပ်ပါ၏။ စေတနာမရှိ
သောရုပ်သန္တာန်နှိုက်မရရှိနိုင်။ထိုကြောင့်။ ရုပ်တရားတို့သည်
ဥပနိဿယပစ္စည်းကိုမရကြပေကုန်။ ။ဇရာမသံ့သတိ၊ ဇရာဒိ
ဟောတိ၊အာ း တိနဟောတိ။ ။ဟူ၍ ဟောတော်မူအပ်သော
သုတ္တန်ပရိယာယ်အားဖြ ့။ဥပနိဿယပစ္စည်းကို ရုပ်တရားတို့
၏ အလယ်နှိုက်လည်း။ဆိုသင့်ဆိုထိုက်သည်ဖြစ်ပါ၏။ ဝိဘာဝ
နီဋီကာကျော်နှိုက်ကား။ ။ယထာရဟံအဇ္ဈတ္တဉ္စဗဟိဒ္ဓါစရာ
ဂါဒယော။လ။သေနာသနဉ္စာတိ။ ။ဟုယောဇနာ၍။ ရာဂါဒ
ယောဟိ အဇ္ဈတ္တနိပ္ပါဒိတာ။ပုဂ္ဂလာဒယောဗဟိဒ္ဓါသေဝိတာ။ ။
အနက်ကား။ ။ဟိသစ္စံ၊မှန်လှပါ၏။ ရာဂါဒယော၊ ရာဂအစရှိ
သည်တို့သည်။ အဇ္ဈတ္တနိပ္ပါဒိတာ၊ အတွင်းအဇ္ဈတ္တသန္တာန်၌ဖြိး
စေအပ်ကုန်သည်။ဟောန္တိ၊ဖြစ်ပါကုန်၏။ပုဂ္ဂလာဒယော၊ပုဂ္ဂိုလ်
အစရှိသည်တို့သည်။ ဗဟိဒ္ဓသေဝိတာ၊ ဗဟိဒ္ဓသန္တာန်နှိုက်မှီခဲ
စေအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏။ ။ရင်းဝိဘာဝနီ
ဆရာပြအပ်သောစကားကိုဆင်ခြင်စင်းစားအပ်၏။ ထိုစကား

ဓနိ၏။ မိမိအားရင်း။ သုတပါးအားရင်းဖြစ်ကြကုန်သော။ ရာဂအစရှိသောတရားတို့သည်။ သုတပါးတို့အားရင်း။ မိမိတို့အားရင်း။ သန္တာန်နှိုက်။ ရာဂအစရှိသော အားကြီးသော မှီရာတို့သည် မဖြစ်ကုန်သည်ကား မဟုတ်။ ဧကန္တဖြစ်တော့သည်သာပ။ သဘောတူ အလိုဆန္ဒရှိကြကုန်သော။ မိန်းမယောကျ်ားတို့၏ရာဂအစရှိသည်တို့သည်ရင်း။ မနောပဒေါသိကနတ်အစရှိကုန်သော သူတို့နှိုက်ဖြစ်ကြကုန်သော။ ဒေါသအစရှိသည် တို့သည်ရင်း။ သက်သေအားဖြင့်ညွှန်းပြရာဖြစ်ပါ၏။ ဝိဘာဝနီဆရာဆိုအပ်သောစကားသည်ကား။ တည်ရှိမြဲတိုင်းဖြစ်သောပုဒ်၏အစွမ်းအားဖြင့်။ ယောဇနာခြင်းကိုပြုလျက်။ အတ္တနောဟိရာဂါဒယော၊ ဤသို့အစရှိသဖြင့်။ အနက်ကိုထင်ရှားစွာပြခြင်းအလို့ငှါ ပြုလုပ်အပ်ပါ၏။ ရင်အနက်ကိုထင်ရှားစွာပြခြင်းသည်လည်းပြည့်စုံစွာ မရှိသည်ဖြစ်ပါ၏။ မိမိတို့၏ ရာဂအစရှိသည်တို့သည်ရင်း။ သဒ္ဓါအစရှိသည်တို့သည်ရင်း။ အဇ္ဈတ္တသန္တာန်နှိုက် ကုသိုလ်အစရှိသည်တို့၏။ ဥပနိဿယ ပစ္စည်း တို့သည် ဖြစ်ကြ ပါ၏။ မိမိတို့၏ သဒ္ဓါအစရှိသည် တို့သည်ကား။ ဗဟိဒ္ဓသန္တာန်နှိုက်။ ကုသိုလ် တရားတို့၏ မှီရာ ဥပနိဿယ ပစ္စည်းတို့သည်ဖြစ်ကြပါ၏ဟူ၍။ ဤသို့လျှင်မပြည့်စုံသောအနက်။ ဝိဘာဝနီဆရာ မိန့်အပ်ပါ၏။

မိမိတို့၏ရာဂအစရှိသည်တို့ကိုမှီ၍ အဇ္ဈတ္တသန္တာန်နှိုက်။ ကုသိုလ်အကုသိုလ်တို့သည်သာလျှင်။ ဤကဲ့သို့ဖြစ်စေနိုင်ခြင်းအစီရင်ကိုမိန့်အပ်ပါ၏။ ထိုဖြစ်ခြင်းအစီရင်သည်လည်း။ ပြည့်ပြည့်စုံစုံမရှိသည်သာလျှင်ဖြစ်၏။ နည်းပြမျှသာလျှင်ဖြစ်သောသံဝဏ္ဏနာဝါကျမည်သာတကား။ နည်းအမြွက်ကိုအပြည့်အစုံပြုလုပ်၍ဆိုသင့်ထိုက်သည်ဖြစ်ပါ၏။ ။ဂရုဂတံအာရမ္မဏံ–ဟူသော ဤပါဠိနှိုက်။ အလုံးစုံသော လောကီကုသိုလ် တို့သည်ရင်း။ အောက်မဂ်၊ အောက်ဖိုလ်၊ နိဗ္ဗာန်တို့သည်ရင်း။ ကာမာဝစရ

ကုသိုလ်ဝိတ်ရှစ်ခုအား။အာရမ္မဏာဓိပတိပစ္စည်းတပ်သည်ဖြစ်ပါ၏။အရဟတ္တမဂ်၊အရဟတ္တဖိုလ်၊နိဗ္ဗာန်တို့သည်။လေးပါးကုန်သော-ဉာဏသမ္ပယုတ်မဟာကြိယာစောတို့အား။ အာရမ္မဏာဓိပတိပစ္စည်းတပ်ပါ၏။နိဗ္ဗာန်သည်။ လောကုတ္တရာစိတ်ရှစ်ပါးတို့အား။အာရမ္မဏာဓိပတိပစ္စည်းတပ်ပါ၏။ဒေါသမူ နှစ်ပါး။မောဟမူနှစ်ပါး၊ ဒုက္ခသဟဂုတ်ကာယဝိညာဏ် စိတ်တို့ကို ချန်ထား၍။ကြွင်းသောအလုံးစုံသောလောကီကုသိုလ်အကုသိုလ်အဗျာကတတရားအပေါင်းသည်။လောဘသဟဂုတ်စိတ်အားအာရမ္မဏာပစ္စည်းတပ်ပါ၏။ဤသို့လျှင်ပစ္စည်း၊ ပစ္စယုပ္ပန်တို့၏ဝေဘန်ခြင်းကိုသိကြမှတ်ရ။ဗိဘာဝနီဋီကာ၌ကား။ဂရုကတံအာလမ္ဗဏံ ပစ္စဝေက္ခနအဿာဒါဒိနာ ဂရုကတံအာရမ္မဏံ။ ။ဟူ၍ဆိုပြီးလျှင်။ ထိုစကားကိုထင်စွာပြလိုသော ဋီကာကျော်ဆရာသည်။တံဟိဈာနမဂ္ဂဖလဝိပဿနာနိဗ္ဗာနာဒိဘေဒံ ပစ္စဝေက္ခနအဿာဒါမဂ္ဂဖလာဒိဝသေန အတ္တာဓိနေ ကရောတီတိ အာရမ္မဏာဓိပတိနာမာတိ။ ။အကြင်စကားကိုမိန့်ဆိုအပ်ပါ၏။ ။အနက်ကား။ဂရုကတံအာလမ္ဗဏံ၊ဂရုကတံအာလမ္ဗဏံဟူသည်ကား။ပစ္စဝေက္ခနအဿာဒါဒိနာ၊ဆင်ခြင်ခြင်းသာယာခြင်းအစရှိသည်တို့ဖြင့်။ဂရုကတံ၊အလေးအမြတ်ပြုအပ်သော။ အာရမ္မဏံ၊ အာရုံတည်း။ဟိ၊ ထိုစကားကိုထင်စွာပြဦးအံ့။ဈာနမဂ္ဂဖလဝိပဿနာနိဗ္ဗာနာဒိဘေဒံ၊ဈာန်၊မဂ်၊ဖိုလ်၊ ဝိပဿနာ၊ နိဗ္ဗာန်၊အပြားရှိသော။တံ၊ ထိုအာရုံသည်။ပစ္စဝေက္ခနအဿာဒါမဂ္ဂဖလာဒိဝသေ၊ ဆင်ခြင်ခြင်းသာယာခြင်း အစရှိကုန်သော၊ မဂ်ဖိုလ်အစရှိသော တရားတို့ကို။အတ္တာဓိနေ၊မိမိနှင့်စပ်သည်တို့ကို။ ကရောတိ၊ပြုတတ်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ အာရမ္မဏာဓိပတိနာမ၊ အာရမ္မဏာဓိပတိမည်၏။ ။ဤကဲ့သို့ ဋီကာကျော် ဆရာ ဆို အပ် သောစကားကိုလည်းဆင်ခြင်စဉ်းစား၍။နှလုံးထားသင့်ပါ၏။ စင်စစ်ကေန်အမှန်နေရာကျကိုဆိုအပ်သည်ရှိသော်ကား။ ဒါနမှု၊ သီလမှု၊ ဥပေါသထမှု၊ ရှေးနိုက်ပြုလုပ်ကျက်အပ်သောတရား၊ ဂေါတြ

ဘူ။ ဝေါဒါနံ၊မဂ်၊ဖိုလ်၊နိဗ္ဗာန်တို့သည်ရင်း။ ရာဂ၊ဒိဋ္ဌိ၊ စက္ခု၊သောတ၊အစရှိသည့်တို့သည်ရင်း။ ဟူ၍ဆိုသင့်ပါ၏။ ဝိဘာဝနီဆရာသည်။ဝိပဿနာဟူသော၍ပုဒ်ကိုလည်း။ ဂေါတြဘူဝေါဒါနံတို့ကိုသာလျှင်ရည်တော်မူ၍ဆိုအပ်သည်ဖြစ်ပေလတ့်။ ထိုသို့ပင်ဆိုငြားသော်လည်း။ ထိုဂေါတြဘူဝေါဒါနံတို့သည်ကား။နိဗ္ဗာန်ကိုသာလျှင်အာရုံရှိကြပါကုန်၏။ ဝိပဿနာတို့မည်သည်။နိဗ္ဗာန်ကို အာရုံမပြုနိုင်ပေဟုမှတ်ကြ။ ။ထိုကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာနှိုက်။ ။ဝုဋ္ဌာနဂါမိနီဝိပဿနာပန ကာမာရမ္မဏံ တိလက္ခဏာရမ္မဏံ။ ။ဟူ၍ရင်း။(ဝိပဿနာသည်လက္ခဏာရေးသုံးပါးတို့နှိုက်သာလျှင် အာရုံရှိသည်မှတ်)

သဟဇာတာနံနာမရူပါနံဟူသည်ကား။ ။ဒွိဟိတ်ဇော၊တိဟိတ်ဇောတို့နှင့်ဖြစ်ကြကုန်သောတရားတို့တည်း။ ။အညမညံသဟဇာတရူပါနဉ္စ-ဟူသည်ကား။ ။အချင်းချင်းအားရင်း။ပဋိသန္ဓေခဏာ၌ကံကြောင့်ဖြစ်သော။ ရုပ်တို့အားရင်း။ ပဝတ္တိ အခါနှိုက် စိတ်ကြောင့်ဖြစ်ကုန်သောရုပ်တရားတို့အားရင်း။ ပဉ္စဝေါကာယဘုံမှာပဋိသန္ဓေခဏာနှိုက်။ဝိပါက်၊ဝိညာဏ်၊ဟဒယဝတ္ထုရုပ်နှင့်ကင်း၍တည်ရာမှီရာကိုမရနိုင်။ဟဒယဝတ္ထုရုပ်သည်လည်း။ထိုဝိညာဏ်နှင့်ကင်း၍။တည်ရာမှီရာကိုမရနိုင်။ထိုကြောင့်အရှင်အနုရုဒ္ဓါဆရာမြတ်သည်။ပဋိသန္ဓက္ခဏေ ဝတ္ထု ဝိပါကာ အညမညံ-ဟူ၍မိန့်ဆိုအပ်ပါ၏။ ။ထောက်ပံ့မှုကြောင့်စိတ်နှင့်အတူတကွ။အညမည ပစ္စည်း၏အဖြစ်သို့ရောက်ရာ၏။စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့မည်သည်။ တစုံတခုသောစိတ်ကို ထောက်ပံ့ခြင်းငှါမတွန်းနိုင်။ ထိုအတူပင်လျှင်။ဥပါဒါန်ရုပ်တို့သည်လည်း။ မဟာဘုတ်တို့အားထောက်ပံ့ခြင်းငှါမတွန်းနိုင်ကြ။ထိုကြောင့်။ စိတ္တစေတသိကာဓမ္မာ၊အညမညံအစရှိသောစကားကို။ ဆရာမိန့်ဆိုအပ်ပါ၏။ ။ဝိဘာဝနီဋီကာကျော်နှိုက်ကား။ ။ယထာပနအညမညုပတ္ထမ္ဘနဝသေနေဝ။ အညမညံပစ္စယတာ။ နသဟဇာ

တမတ္တာတောတိ ပဝတ္တိယံ။ ရုပ်နာမာနံ အညမညပစ္စယော န ဟော
တိ။ တသ္မာ ဝုတ္တံ စိတ္တစေတသိကာ ဓမ္မာ အညမညံ့ ဝုတ္တံ။ အနက်
ကား။ ။သသ္မာပန၊ အကြောင်ကြောင့်ရကား။ အညမညပစ္စုပ္ပန္န
ပစ္စယေနဝ၊ အချင်းချင်းထောက်ပံ့သည်၏အစွမ်းအားဖြင့်သာ
လျှင်။ အညမည ပစ္စယတာ၊ အညမညပစ္စည်း၏ အဖြစ်သည်။
ဟောတိ၊ ဖြစ်ပါ၏။ သဟဇာတ မတ္တတော၊ အတူ တကွ၊
သဟဇာတဖြစ်ရုံမျှဖြင့်။ အညမညပစ္စယော၊ အညမညပစ္စည်း
သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ စိတ္တစေတသိကာ
ဓမ္မာ အညမညံ့။ စိတ္တစေတသိကာ ဓမ္မာ အညမညံ့ ဟူ၍။ ဝုတ္တံ၊
ရှင်အနုရုဒ္ဓါဆရာမိန့်ဆိုခြင်းဖြစ်ပါ၏။ ထိုဋီကာကျော် ဆရာ၏
စကားရပ်နှိက်။ ။သဟဇာတမတ္တတော – ဟူသော ဤစကားဖြင့်။
တကွဖြစ်ရုံမျှဖြင့် အညမညပစ္စည်း၏အဖြစ် သည်။ အကယ်၍ဖြစ်
ငြားအံ့။ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ ပဝတ္တိနှိက် ရုပ်သည် နာမ်တို့
အား။ အညမညပစ္စည်း တပ်သည်ဖြစ်ရာ၏–ဟူ၍။ အနုညာတပြု
လုပ်အပ်သည်ဖြစ်ပါ၏။ ထိုသို့ပင်အနုညာတ ပြုလုပ်သွားသော်
လည်း။ သဟဇာတပစ္စည်းနှိက်လည်း။ ပဝတ္တိအခါတွင်။ ရုပ်သည်
နာမ်တို့ အား။ အညမညပစ္စည်းတပ်သည်ဟူ၍ ဆိုအပ်သောစ
ကားသည်။ မဖြစ်နိုင်မဟုတ်ပါနိုင်ခြင်းကြောင့်။ ထိုစကားသည်
သက်သေမျှား။ လျှင်းပါးဘွယ်ရှိပချေ၏။ ဆဝတ္ထုနိဿတ္တနဝိညာ
ဏဓာတူနံ–ဟူသော ဤပါဠိနှိက်ကား၊ ဝတ္ထုသဟဇာတနိဿ
ယရင်း။ ဝတ္ထုပုရေဇာတနိဿယရင်း။ ဝတ္ထာရမ္မဏပုရေဇာတ
နိဿယရင်း။ ဤသို့လျှင် ဝတ္ထုနိဿယပစ္စည်းသည်။ သုံးပါးအပြား
ရှိ၏။ ထိုသုံးပါးတို့တွင်။ ပဋိသန္ဓေခဏနှိက်။ ဟဒယဝတ္ထုသည်
ဝိပါက်ဖြစ်ကြကုန်သောခန္ဓာတို့အား။ ဝတ္ထုသဟဇာတနိဿယ
ပစ္စည်းတပ်ပါ၏။ ပဝတ္တိ အခါဝယ်။ ရှေးနှိက်ဖြစ်သော၊ ဝတ္ထု
ရုပ်ကိုမှီ၍စိတ်သည်ဖြစ်ပေါ်၏။ ထိုဝတ္ထုရုပ်သည်တို့စိတ်အား။
ဝတ္ထုပုရေဇာတနိဿယပစ္စည်း တပ်သည်ဖြစ်ပါ၏။ ရှေးနှိက်
ဖြစ်သောဝတ္ထုသည်ကား။ စိတ်၏မှီရာသည်လည်းဖြစ်ပါ၏။ အာ

ဂုံလည်းဖြစ်ပါ၏။ ထိုဝတ္ထုသည်။ ၎င်းစိတ်အားဝတ္ထာရမ္မဏပုရေ
ဇာတနိဿယပစ္စည်းတပ်သည်ဖြစ်ပါ၏။ ထိုကြောင့်။ ပဋ္ဌာန်းပါဠိ
တော်နှုက်။ ။အာရမ္မဏာနိဿယပုရေဇာတဝိပ္ပယုတ္တ အတ္ထိ
အဝိဂတန္တိ ဟိ။ ။ဟူ၍ဟောတော်မူ၏။ အဘယ့်ကြောင့်
လျှင်။ ဤဝတ္ထုသည်။ စိတ်၏မှီရာသည့်၎င်း။ အာရုံသည့်၎င်း။ ဖြစ်
ပါသနည်းဟုစောဒနာအမေးရှိအံ့။ ပစ္စုပ္ပန်ဖြစ်သောဝတ္ထုရုပ်ကို။
အကြောင်းပြု၍သုံးသပ်သည်၏ အစွမ်းအားဖြင့်၎င်း။ သာယာ
ခြင်းအစရှိသည်တို့၏အစွမ်းအားဖြင့်၎င်း။ ဈာန်ဒိဗ္ဗစက္ခုကိုမဖြန်
သည့်၏အစွမ်းအားဖြင့်၎င်း။ စိတ်သည်ဖြစ်ပါ၏၊ ဤသို့လျှင်။ ထို
ဟဒယဝတ္ထုရုပ်သည်။ စိတ်၏မှီရာသည့်၎င်း။ အာရုံသည့်ဖြစ်၏
ဟူ၍မှတ်ကြ။ ။ထိုကြောင့်ပင်လျှင်။ ပဋ္ဌာန်းပါဠိတော်နှုက်။ ။
အဇ္ဈတ္တံ ဝတ္ထုံ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ အ
ဿာဒေတိ၊ အဘိနန္ဒတိ၊ တံ အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ။ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ။
ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ ဒေါမနဿံ ဥပ္ပဇ္ဇတီတိ။ ။ဟူ၍ဟောတော်မူ
ပါ၏။ ။အနက်ကား။ ။အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်နှုက်ဖြစ်
သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်၎င်း။
ဒုက္ခတော၊ ဒုက္ခအားဖြင့်၎င်း။ အနတ္တတော၊ အနတ္တအားဖြင့်၎င်း။ ဝိ
ပဿတိ၊ ရှု၏။ တံ၊ ထိုဟဒယဝတ္ထုရုပ်ကို။ အဿာဒေတိ၊ သာယာ
၏။ အဘိနန္ဒတိ၊ အလွန်နှစ်သက်၏။ တံ၊ ထိုဟဒယဝတ္ထုရုပ်ကို။
အာရဗ္ဘ၊ အာရုံပြု၍ ရာဂေါ၊ ရာဂသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဒိဋ္ဌိ၊
ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်
ပေါ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ။

ဤ အာရမ္မဏပစ္စည်းအရာနှုက်ကား။ ဆရာတို့သည်။ ဤဝတ္ထာ
ရမ္မဏပုရေဇာတနိဿယပစ္စည်းမည်သည်။ မရဏာသန္နအခါ
နှုက်သာလျှင်။ ချရိုးပိုင်းလမ်းစဉ်သို့ [illegible]င်ကြကုန်၏။ ဤဆိုလတ္တံ့
သည်ကား။ ထိုဆရာကြီးတို့၏ လိုရင်း အဓိပ္ပါယ် ဖြစ်ပေသ
တတ်။ ။ရှေးဦးစွာအမှုကထာနှုက်။ အလိုမရှိအပ်သောအရာ၌
အခါဝဇ္ဇနန်းနှင့်ကင်း၍။ ဝီထိစိတ်တို့၏ဖြစ်ခြင်းကိုတားမြစ်အပ်သည်

ဖြစ်ပါ၏။ ထိုမှတပါးတခုသောအာဝဇ္ဇန်းရှိသောဝီထိ၌လည်း။ စိတ်တို့၏အာရုံမည်သည်။ တရားကိုယ်အားဖြင့်ရင်း။ ကာလအားဖြင့်ရင်း။ ကွဲပြားခြင်းမရှိသည်ကိုသာလျှင်။ အဇ္ဈတ္တကထာ၌ ရာတို့သည်အလိုရှိကြပါ၏။ ပကတိသောကာလ၌စိတ်တို့မည်သည်။ အသီးအသီးသောဝတ္ထုလျှင်မှီရာရှိကြသည်ဖြစ်ပါ၏။ ထိုကြောင့်။ အကြင်အခါပဉ္စဝိညာဉ်အဖြစ်မှ ဆန်သည်ထိုက်ဖြစ်သော။ ဟဒယဝတ္ထုရုပ်ကိုအာရုံပြု၍၊ အနိဋ္ဌအာရုံရှိသည်တို့၏ အစွမ်းအားဖြင့်လည်းသုံးသင်ဆင်ခြင်ကုန်၏။ ဤဝတ္ထုရုပ်သည်။ ငါ၏ဥစ္စာတည်း။ ဤသို့မှုလည်းသာယာကုန်၏၊ ထိုအခါနိက်အကြင်ဝတ္ထုကိုဆင်ခြင်အပ်သည်ဖြစ်ပါ၏။ ဇောတို့သည်လည်း။ ထိုဝတ္ထုရုပ်ကိုသာလျှင်။ ဆွဲငင်ဆောင်ယူ ပါ၏။ မိမိမိမိတို့၏မှီရာဖြစ်သောဝတ္ထုတို့ကိုမယူနိုင်ကုန်။ ထိုမိမိတို့၏ မှီရာဖြစ်သောဝတ္ထုတို့ကိုရင်း။ အကယ်၍ယူကြကုန်သည်ဖြစ်ပါငြားအံ့။ အာဝဇ္ဇန်းကင်းသောဇောတို့မည်သည်ဖြစ်ရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား။ အာဝဇ္ဇန်းသည်ဆင်ခြင်အပ်သောအာရုံကို။ မယူမူ၍တပါးသောအာရုံကိုယူသျက်။ ဖြစ်ခြင်းကြောင့်ဟူ၍မှတ်ကြ။ ။ ကွဲပြားသောအာရုံရှိသော ဇောတို့သည်ရှိကြပါ၏။ အဘယ့်ကြောင့်နည်းဟူမူ။ နောက်နိက်ဖြစ်ကုန်သောဇောတို့သည်။ အသီးအသီးသောဝတ္ထုတို့ကိုရင်း။ တပါးသောအာရုံကိုရင်းယူ၍။ ဖြစ်ခြင်းကြောင့်ဟူ၍မှတ်ကြ။ ။ထိုသို့သောအခြင်း အရာအားဖြင့်ဖြစ်ခြင်း၌တတ်သည်လည်းမတတ်ကောင်း။ အဘယ့်ကြောင့်နည်း ဟူမူ။ အဇ္ဈကထာနှင့် ဆန့်ကျင် သည်၏ အဖြစ်ကြောင့်တည်း။ ထိုကြောင့်။ ဝတ္ထုာရမ္မဏာပုရေဇာတ ပစ္စည်းသည်။ ပြကတေ့သောအခါနိက်။ ရခြင်း၌မတတ်ကောင်းသည်ဖြစ်ပါ၏။ စင်စစ်မှာမူ။ မရဏာသန္နကာလအခါနိက်။ အာဝဇ္ဇန်းအစရှိကုန်သောစိတ်အားလုံးတို့သည်။ တခုတည်းသာလျှင်ဖြစ်သောဝတ္ထုကိုမှီ၍ဖြစ်ကြကုန်၏။ ထိုကြောင့်။ ထိုဝတ္ထုရုပ်ကိုအာရုံပြု၍ဖြစ်ကြကုန်သော်။ အာဝဇ္ဇန်းအစရှိကုန်သော ထိုစိတ်

တို့၏ဘာဒေသဝတ္ထုသည်ပင်လျှင်။ မှီရာသည်ၚင်း။ အာရုံသည်ၚင်းဖြစ်ပါ၏။ဤသို့ဖြစ်ခဲ့သည်ရှိသော်။ ဓာတ်တို့အား။ အာဝဇ္ဇန်းကင်းသည်၏အဖြစ်သည်ၚင်း။ ကွဲပြားသောအာရုံရှိသည်၏ အဖြစ်သည်ၚင်း။မရှိပါမှတ်ကြ။ ဤဆိုအပ်ခဲ့ပြီးသောစကားအစဉ်သည်ကား၊ထိုဆရာကြီးတို့၏၊ လိုရင်းအဓိပ္ပါယ်တွေဖြစ်၏။ ။ထိုဆရာကြီးတို့၏စကားနှိုက်။ အာဝဇ္ဇန်းသည်။ ဆင်ခြင်အပ်သောဝတ္ထုကိုမယူပါဘဲလျက်။ မိမိမိမိတို့၏မှီရာဝတ္ထုတို့ကိုအကယ်၍ယူကုန်သည်ဖြစ်ငြားအံ့ ဓာတ်တို့သည်။အါဝဇ္ဇန်းကင်းသော ဓာတ်တို့မည်သည်ဖြစ်ရာ၏။ ဤစကားသည်ရှေးဦးစွာမဖြစ်သင့်။အဘယ့်ကြောင့်နည်းဟူမူကား။ အာဝဇ္ဇန်းမည်သည်။ဆင်ခြင်အပ်သော အပြားရှိသောအာရုံကိုသာလျှင်။ ယူခြင်းကြောင့်တည်း။ထိုစကားကို ချဲ၍ ပြလိုက်ပေအံ့။ ။အာဝဇ္ဇန်းသည်လည်း။ ဝတ္ထုဟူ၍သာလျှင်ဆင်ခြင်သကဲ့သို့။ ၚင်းနည်းတူ။ ဓာတ်တို့သည်လည်း ဝတ္ထုဟူ၍သာလျှင်။ စေတတ်သောသဘောရှိကြကုန်၏။တပါးသောအခြင်းအရာအားဖြင့်မစေါကြ။ထိုကြောင့်။ ဓာတ်တို့အား အာဝဇ္ဇန်းကင်းခြင်း မည်သည်ဘယ်တော့မှမရှိနိုင်ဟုမှတ်ကြ။ အာဝဇ္ဇန်းကင်းသည်၏အဖြစ်သည်မရှိသကဲ့သို့။ထို့အတူထိုဓာတ်တို့အား။ ပြားသောအာရုံရှိသည်၏အဖြစ်သည်လည်းမရှိသည်သာလျှင်ဖြစ်ပါ၏။ အဘယ့်ကြောင့်နည်းဟူမူ။ ဝေဘန်ပိုင်းခြားၚါ မဖြစ်သင့်သောကြောင့်တည်း။အစည်အပေါင်း၏အစွမ်းအားဖြင့်။ တပေါင်းတည်းဖြစ်သကဲ့သို့၊ရှေ့နောက်ဖြစ်ပေသောများစွာကုန်သော ဝတ္ထုတို့တွင်။တခုတခုသောဝတ္ထုကို။ ဤဝတ္ထုပင်လျှင် ဖြစ်သည်ဟူ၍။ ဤသို့အသီးအခြားပြုလျက်။အာဝဇ္ဇန်းသည်ၚင်း။ ဓာတ်တို့သည်ၚင်းယူခြင်းၚါ မတတ်နိုင်။ ဤကဲ့သို့သော အခြင်းအရာ အကြောင်းအားဖြင့်။တတ်စွမ်းခြင်းၚါမထိုက်ကုန်သော အရာတို့နှိုက်။ကြောင့်စင်စစ်၊တရားကိုယ်အားဖြင့်ၚင်း။ကာလအားဖြင့်ၚင်း။ ပြားသောအာရုံရှိသည်၏အဖြစ်သည်မရှိသည်သာဖြစ်ပါ၏။ ဤ

မျှတည်းသောစကားရပ်ဖြင့်။ ၎င်းဝဏ္ဏာရမ္မဏပုရေဇာတနိဿ ယပစ္စည်းအစိုးရင်ဆုံးဖြတ်ခြင်းသည်။ မရဏာသန္နကာလမှတ ပါ။ ပကတိအခါနှင့်လည်း၊ ရအပ်သည့်၏ အဖြစ်ကိုကောင်း စွာမှတ်သားကြ၊ အလုံးစုံပစ္စုပ္ပန် ဖြစ်ကြကုန်သောနိမိတ်တို့၏။ ရူပ ကာယကိုအာရုံပြု၍။ ငါ၏ရုပ်သည်အမြဲမရှိပါတကား။ ဟူ၍၎င်း။ ငါ၏ရုပ်သည်ငါ၏ဥစ္စာပင် ဖြစ်ပေ၏ဟူ၍၎င်း။ ရှုဆင်ခြင်ကြ ကုန်သောသူအပေါင်းတို့အား။ နိမိတ်တို့၏အဇ္ဈတ္တရုပ်တို့တွင်။ ဤ အမည်ရှိသောရုပ်သည်။ ဆိုကဲ့သို့ဆင်ခြင်သောစိတ်၏အာရုံ မ ဖြစ်ဟူ၍မဆိုသင့်။ စင်စစ်ကြနိအမှန်နေရာကျစကားကို ဆို သည်ရှိသော်ကား။ အာရုံဖြစ်ကြကုန်သောထိုရုပ်တို့တွင်။ အချို့ သောရုပ်တို့သည်ကား။ အာရုံဖြစ်ကာမျှဖြစ်ပါ၏။ ။ အချို့သော ရုပ်သည် အာရမ္မဏပုရေဇာတဖြစ်ပါ၏။ အချို့သောရုပ်သည် ဝဏ္ဏာရမ္မဏပုရေဇာတဖြစ်ပါ၏။

ကဗဠီကာရောအာဟာရော-ဟူသည်ကား။ ။ ကာမာဝစ ရသတ္တဝါတို့အား။ ပဋိသန္ဓေအခါမှစ၍ဖြစ်ကြကုန်သော။ စတု သမုဋ္ဌာနိက ဖြစ်သော အဇ္ဈတ္တရုပ်အာဟာရ၎င်း။ အပ ဗဟိဒ္ဓ နှင့်ဖြစ်သောအာဟာရသည်၎င်း။ ဤကဲ့သို့။ အဇ္ဈတ္တိကာဟာရ ဗဟိဒ္ဓါဟာရ-၂-မျိုးကိုမှတ်ကြ၊ အမိဝမ်းဝယ် ပဋိသန္ဓေနေကြ ရကုန်သောသူတို့အား။ အပြင်မှလောက် အမိ၏အာဟာရမျိုး နှံ့ခြင်းကိုမရကြသေး။ ထိုမှလောက် ကလလရေကြည်အစရှိ သောအခါတို့နှင့်။ ကံ၊ စိတ်၊ ဥတု၊ တည်းဟူသောအကြောင်းသုံး ပါးကြောင့်ဖြစ်သောအဇ္ဈတ္တာဟာရသည်ပင်လျှင်။ ထောက်ပံ့ ခြင်းကိစ္စကိုဖြစ်စေနိုင်၏။ ။ ထိုကြောင့်ပဋ္ဌာန်းပါဠိတော်နှင့်။ ပဋိသန္ဓိက္ခဏေကဗဠီကာရောအာဟာရော။ ဣမဿကာယဿ အာဟာရပစ္စယေန ပစ္စယော။ ။ ဟူ၍ဟောတော်မူပါ၏။ ။ အနက်ကား။ ။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏနှင့်။ ကဗဠီကာ ရောအာဟာရော၊ ကဗဠီကာရအာဟာရသည်။ ဣမဿကာ

ယာသာ၊ ဤကိုယ်အား။အာဟာရပစ္စယေန၊အာဟာရပစ္စယသတ္တိဖြင့်။ပစ္စယောဥပကာရကော၊ထောက်ပံ့သမှု၊ကျေးဇူးပြုတတ်ပါ၏၊ ။ထိုအာဟာရသည်။ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေခြင်းသည်ကား။ အပနိုက်ဖြစ်သော အာဟာရ၏ထောက်ပံ့ခြင်းကို ရအပ်သောအခါနိုက်သာလျှင်။ အဇ္ဈတ္တသန္တာနဝယ်။ ထောက်ပံ့သမှုကျေးဇူးပြုနိုင်ပါ၏။ ဆိုခဲ့သောစကားသည်အကယ်၍ဟုတ်ပါပြားအံ့။ ဤကဲ့သို့ ဖြစ်ပေလျှင်။ ။ယဋ္ဌသဘုဥ္စတိမာတာ၊ အန္နံ ပါနဉ္စဘောဇနံ၊ တေန သော်တတ္ထယာပေတိ၊မာတုကုစ္ဆိဂတောတိရောတိ။ ။(ဟူ၍အဘယ့်ကြောင့်လျှင်သံ ယုတ်ပါဠိတော်နိုက်။ ဘုရားဤကဲ့သို့ ဟောတော်မူရပြန်ပါသနည်းဟုသောဒေသနာအမေးရှိအံ့)။ ။ပါဠိတော်၏အနက်ကား။ ။မာတုကုစ္ဆိဂတော၊ အမိဝမ်းတွင်းနိုက်တည်နေသော။အသ၊ထိုသတ္တဝါ၏။ မာတာ၊ အမိသည်။ ယဥ္စအန္နံ၊ အကြင်စားဘွယ်ထမင်းကိုရင်း။ ယံပါနဉ္စ၊ အကြင်သောက်ဘွယ်အဖျော်ယမကာကိုရင်း။ ယံဘောဇနဥ္စ၊ ခဲဘွယ်ဘောဇဉ်ကိုရင်း။ဘုဥ္စတိ၊စားသောက်သုံးစွဲပါ၏။တေန၊ ထိုအမိသည်စားအပ်သော။စားဘွယ်ထမင်း။ သောက်ဘွယ် အဖျော်ယမကာ။ခဲဘွယ်ဘောဇဉ်တို့ဖြင့်။ တတ္ထ၊ ထိုအမိဝမ်းထဲနိုက်။ ယာပေတိ၊မျှတနိုင်ပါ၏။ ။ထင်ရှားသော အာဟာရဖြင့်သာလျှင်။ ထိုဂဗ္ဘကနတ်ဘိလူးအား။ ဘုရားကိုယ်တော့်မြတ်သည်။ ထိုနတ်ဘိလူး၏အဇ္ဈာသယညာဏ်အမြင်ကိုဆင်ခြင်နိုင်းညှိ၍။ အလွယ်တကူနှင့်သိစေခြင်းအကျိုးငှါ ဟောတော်မူအပ်သော ဒေသနာဟုမှတ်ကြ။ ။ဇာမသာကာယဿ ဟူသည်ကား။ ။ ရှေးဦးဖွားဂဗ္ဘသေယျကဇုဂ္ဂိုလ်တို့အား။ ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏနိုက်။ကံ-တည်းဟူသော အကြောင်းတပါးကြောင့် ဖြစ်သော။ကိုယ်အားရင်း။ပဋိသန္ဓေစိတ်၏ဌီခဏ၊ ဘင်ခဏတို့နိုက် ကံ၊ဥတု၊တည်းဟူသော အကြောင်း-၂-ပါးကြောင့်ဖြစ်သော ကိုယ်အားရင်း၊ထိုပဋိသန္ဓေစိတ်မှနောက်ကာလနိုက်။ ကံ၊စိတ်၊

ဥတု၊တည်းဟူသောအကြောင်း–၃ ပါးကြောင့်ဖြစ်သောကိုယ်
အား၌ရင်း။သြဇာသည်ပျံ့နှံ့သောအခါကာလတို့နှိက်။ ကံ၊စိတ်၊
ဥတု၊ အာဟာရတည်းဟူသောအကြောင်း–၄-ပါးကြောင့် ဖြစ်
သောကိုယ်အားရင်း။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့မှကြွင်းသော။
တပါးသောပုဂ္ဂိုလ်တို့အားလည်း။ယထာသမ္ဘဝ-ဖြစ်သင့်သည့်
အားလျော်စွာဟုမှတ်ကြ။ ။ရူပဘုံတို့နှိက် ၂ ပါး အပြားရှိ
သောသြဇာဟုဆိုအပ်သော။အာဟာရကိစ္စနှင့်ကင်း၍၊ အပ္ပနာ
သို့ရောက်သောကံအထူးဖြင့်။ပြည့်ရ ပြီးမြောက်ခြင်းသို့ ရောက်
ကြကုန်သောပုဂ္ဂိုလ်တို့အား။ အလွန်ရှည်မြင့်စွာသော ကာလ
ပတ်လုံး။ပျံ့နှံ့ခြင်းငှါခွမ်းနိုင်သောရူပဇီဝိတိန္ဒြေ၏ရင်း။ ထိုရူပ
ဇီဝိတိန္ဒြေယအတူ။ဘဝင်နှိက်အကျုံးဝင်ကုန်သော နာမ်အာဟာ
ရတို့၏ရင်းအစွမ်းအားဖြင့်။နူးစွာသောကပ်ကမ္ဘာတို့ပတ်လုံး။
အတ္တဘော၏ အစဉ်ဖြစ်နိုင်ခြင်းကိုသိမှတ်ကြ။ ဤသို့သောနည်း
လမ်းဖြင့်။ကမ္မဇကာယအလွန်များကုန်သော နတ်တို့နှိက်ရင်း။
ဗြဟ္မာ၊ငရဲတို့နှိက်ရင်း။ အလွန်တရာရှည်မြင့်စွာသော ကာလ
ပတ်လုံးလည်း။အပဖြစ်သောဗဟိဒ္ဓအာဟာရနှင့်ကင်း၍၊ အတ္တ
ဘောတို့၏ဖြစ်ခြင်းကို ဆိုသင့်ဆိုထိုက်ပါ၏။ ။အထူးမှာမူ
ကား။ ။ထိုနတ်၊ငရဲ၊ ဗြဟ္မာတို့နှိက်။ အတွင်းနှိက်ဖြစ်သော
အာဟာရကိုလည်း။ ရအပ်သည်သာလျှင်ဖြစ်ပါ၏။ ပဋိသန္ဓေ
ခဏနှိက်။ဝိပါက်ခန္ဓာတို့သည်လည်း။ ဟဒယဝတ္ထုအား ဝိပ္ပ
ယုတ္တပစ္စည်းဘော်သည်ဖြစ်ပါ၏။ ထိုသို့ပင်ဝိပ္ပယုတ္တပစ္စည်းတပ်
ကုန်သော်လည်း။ ထိုဝိပါက်ခန္ဓာတို့ကို။ စိတ္တစေတသိကာဓမ္မာ
သဟဇာတရူပါနံ-ဟူသောပုဒ်နှိက်။ သင်္ဂြိုဟ်ရေတွက်ခြင်းသို့
ရောက်ပေလတ့်ဟုနှလုံးပိုက်တော်မူ၍။ သြက္ကန္တိက္ခဏေ ဝတ္ထု၊
ဝိပါကာနံ-ဟူ၍။ ရှင်အနုရုဒ္ဓါဆရာမိန့်ဆိုအပ်ပါ၏။ ။သဗ္ဗ
ထာ-ဟူသည်ကား။ခပ်သိမ်းသောအပြားရှိသော သဟဇာတ
သည်။ဤသို့အစရှိသောနည်းဖြင့်ယှဉ်အပ်ပါ၏။ပကာရကိုလည်း။
သဟဇာတပစ္စည်းသည်၁၅ ပါးအပြားရှိပါ၏၊ ဤသို့အစရှိသည်

၏အစွမ်းအားဖြင့် သိကြရာ၏။ ။ရူပဇီဝိတာ ဣန္ဒြိယံ-ဟူသည်ကား။ ။ပေါရာဏဆရာကြီးတို့သည်။ ဟောတော်မူအပ်သောအတ္တိ ပစ္စည်းသည်ရင်း။ အဝိဂတ ပစ္စည်းသည်ရင်း။ ဟူ၍ ခြင်း၌ပြုအပ်ပါ၏။ ကဗဠီကာရာဟာရကိုရင်း။ ရုပ်ဇီဝိတိန္ဒြေကိုရင်း။ သဟဇာတ ပစ္စည်းနှက်ရေတွက် သင့်ဟုတ်အပ်သည် မဟုတ်တုံလော။ ဤသို့ရေတွက်ခဲ့သည်ရှိသော်။ အတ္ထိပစ္စည်းသည် သုံးပါးအပြားရှိသည်သာလျှင် ဖြစ်ရာ၏ဟု။ စောဒနာအမေးရှိပါအံ့။ ဤကဲ့သို့မစောဒနာသင့်ပေ။ အဘယ်ကြောင့်ဆိုသော်။ တကွဖြစ်ခြင်းဟုဆိုအပ်သော၊ တကွဖြစ်ခြင်း လက္ခဏာ၏မရှိခြင်းကြောင့်ဟုမှတ်ကြ။ သဟဇာတပစ္စည်း သည်ကား။ တကွဖြစ်ခြင်းလက္ခဏာရှိ၏။ ကဗဠီကာရ အာဟာရကိုလည်း ထောက်ပံ့ခြင်းကိစ္စ၏အစွမ်းအာဖြင့်သာလျှင်။ ပဋ္ဌာန်းပါဠိတော်နှက်ဟောတော်မူ အင်ပါ၏။ ဩဇာသာလျှင် ရှစ်ရမြောက်ရှိသော အဋ္ဌကလာပ်ရုပ်ကိုဖြစ်စေခြင်းကိစ္စအားဖြင့်ဟောတော်မမူပေ။ ဤဆိုအပ်ခဲ့ပြီးသည့်မှတပါးသောအခြင်းအရာအားဖြင့် အနက်ကိုယူချေသည်ရှိသော်။ (ကဗဠီကာရောအာဟာရော အာဟာရ သမုဋ္ဌာနံရူပါနံ၊ သဟဇာတပစ္စယေနပစ္စယော။ ဟူ၍ ဟောတော်မူခဲ့ပေသလော။ ။အနက်ကား။ ။ကဗဠီကာရောအာဟာရော၊ ကဗဠီကာရအာဟာရသည်။ အာဟာရသမုဋ္ဌာနံ၊ အာဟာရသမုဋ္ဌာန်လျှင် အကြောင်းရင်းရှိသော။ ရူပါနံ၊ ရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ဥပကာရကော၊ ထောက်ပံ့သမှု၊ ကျေးဇူးပြုတတ်၏။) ဤသို့လျှင် ဟောကားမဟောသခဲ့ဟုမှတ်ကြ။ မဟာဘုတ်တို့သည်။ တကွဖြစ်သောရုပ်တို့ကို ထောက်ပံ့ကြကုန်သည်ရှိသော်။ မိမိနှင့် အတူတကွဖြစ်ခြင်းရှိသည် ဖြစ်ကြသောကြောင့်သာလျှင်။ ထောက်ပံ့ကုန်သကဲ့သို့။ ထိုနည်းတူစွာ အာဟာရသည်မဖြစ်။ စင်စစ်သော်ကား ရင်းအာဟာရသည်။ တကွဖြစ်ခြင်းကိစ္စနှင့် ကင်း၍သာလျှင်။ တကွဖြစ်သောရုပ်တို့ကိုရင်း။ တကွဖြစ်သည်

မဟုတ်သော ရုပ်တို့ကိုရင်း။ သောက်ပံ့စေနိုင်စေနိုင် သည် ဟု
မှတ်ကြ။

ရုပ်ဇီဝိတသည်လည်း။ တကွဖြစ်ခြင်းကိစ္စနှင့် ကင်း၍သာ
လျှင်။တကွဖြစ်သော ရုပ်တို့ကိုအစဉ်စောင့်ရှောက်တတ်၏။ ဤ
သို့လျှင် ၂ ပါးသောဤတရားတို့ သဟဇာတလက္ခဏာမရှိကုန်
သည်ဖြစ်၍သာလျှင်။သဟဇာတပစ္စည်းနိုက်မရေတွက် မသင်း
ကြိုဟ်အပ်ကုန်။ ။ယခုအခါနိုက်။ အလုံးစုံဖြစ်ကုန်သော–၂၄
ပစ္စည်းတို့ကိုသင်းကြိုဟ်အပ်ကုန်သည်ရှိသော်။ လေးပစ္စည်းသာ
လျှင်ရှိပေသည်ကိုပြတော်မူခြင်းငှါ။ ။ အာရမ္မဏူပ နိဿယ
ကမ္မတ္ထိပစ္စယေသုသဗ္ဗေပိပစ္စယာသမောဓာနံဂစ္ဆန္တိ။ ။ဟူ၍
ရှင်အနုရုဒ္ဓါဆရာမိန့်ဆိုအပ်ပါ၏။ ဤကဲ့သို့ ဆိုခြင်းသည်ကား။
ပေါင်းရုံး၍ဆုံးဖြတ်စီရင်ခြင်းဟုမှတ်ကြ။ ၂၄-ပါးသော ပစ္စည်း
တို့တွင်။ရှေးဦးစွာ အဓိပတိပစ္စည်းသည်။ အာရမ္မဏာဓိပတိ၊
သဟဇာတာဓိပတိ၊အစွမ်းအားဖြင့် ၂ ပါးပြားပါ၏။ထို ၂ ပါး
တို့တွင်။အာရမ္မဏာဓိပတိ ပစ္စည်းသည်။ ကမ္မပစ္စည်းအားဖြင့်
ကြဉ်အပ်ကုန်သော။သုံးပါးကုန်သော။ အာရမ္မဏ၊ဥပနိဿယ၊
အတ္ထိပစ္စည်းတို့နိုက် ပေါင်းဆုံခြင်းသို့ရောက်ပါ၏။ အာရမ္မဏ
ပစ္စည်းဖြစ်ခါမျှနှင့်လည်း။ ကမ္မပစ္စည်းနှင့် အတူတကွပေါင်းဆုံ
ခြင်းသို့မရောက်နိုင်ပေ။အဓိပတိဖြစ်သော အာရမ္မဏ မူကား။
အဘယ်မှာလျှင်ရောက်နိုင်ပါတော့အံ့နည်း။ ဤကဲ့သို့ ဤနေရာ
၌စောဒနာခြင်းသည်ဖြစ်ခဲ့ရာ၏။စောဒနာဘုင်းပင်မှန်ပါ၏။ ထို
သို့ပင်မှန်ငြားသော်လည်း။ဤနေရာဝယ်။မူလဋီကာရှင်အာနန္ဒာ
ဆရာ မြတ်သည်။ ။ကမ္မံပနတဿ ကဒေ ပဝတ္တမာနံ၊ ကတူ
ပစိတဘာဝေန ကမ္မပစ္စယော ဟောတိ၊ နအာရမ္မဏာကာရေန။
ဝိသယမတ္တတာဝသေနစ။အာရမ္မဏပစ္စယော ဟောတိ။နသတ္တာ
နဝိဓံသနံကတ္တာ။ဖလုပ္ပါဒနသတ္တိတောန ကမ္မပစ္စယာကာရေန။
တသ္မာတေ့ပစ္စယာကာရ ဝိသဘာဂတ္တာ သဟဘာဝံ နဂစ္ဆန္တိ
တိ။ ။ဟူ၍မိန့်တော်မူပါ၏။ ။အနက်ကား။ ။ကမ္မံပန၊ ကံ

သည်ကား။ တသို့ ၊ထိုကံကို။ ကတော၊ ပြုအပ်ပြီးသည်ရှိသော်။ ပဝတ္တမာနာနံ၊ ဖြစ်ကြကုန်သောအကျိုးတို့အား။ ကတ္တုပစိတဘာဝေန၊ ပြုလုပ်အပ်ပြီး ဆည်းဖူးအပ်ပြီးသည်၏ အဖြစ်ဖြင့်။ ကမ္မပစ္စယော၊ကမ္မပစ္စည်းတပ်သည်။ဟောတိ၊ဖြစ်ပေ၏။အာရမ္မဏာကာရေန၊အာရုံ၏အခြင်းအရာအားဖြင့်။ ပစ္စယော၊ ပစ္စည်းတပ်သည်။နဟောတိ၊မဖြစ်။စ၊ဆက်၍ဆိုလိုက်ပါဦးအံ့။ ဝိသယဘူတာဝသေန၊အာရုံမျှ၏အဖြစ်အားဖြ ့ဖြစ်သော အစွမ်းအားဖြင့်။အာရမ္မဏံပစ္စယော၊အာရမ္မဏပစ္စည်းသည်။ဟောတိ၊ဖြစ်ပါ၏။သန္တာနဝိသေသနံ။သန္တာန်ထူးသည်ကို၊ကတွာ၊ပြု၍။ဖလုပ္ပါဒနသမ်ါတေန၊အကျိုးကို ဖြစ်စေခြင်းဟုဆိုအပ်သော။ ကမ္မပစ္စယာကာရေန၊ ကမ္မပစ္စည်း၏အခြင်းအရာအားဖြင့်။ နဟောတိ၊ မဖြစ်နိုင်ပေ။တသ္မာ၊ထိုကြောင့်။တေ၊ထိုအာရမ္မဏပစ္စည်း၊ ကမ္မပစ္စည်းတို့သည်။ ပစ္စယာ ကာရဝိသဘာဂတ္တာ၊ ပစ္စည်းတပ်ပုံအခြင်းအရာသဘောမတူသည်၏အဖြစ်ကြောင့်။သဟ၊ အတူတကွ။ ဃဋနံ၊စပ်ခြင်းသို့။ဝါ၊ပေါင်းနှောခြင်းသို့။ဝါ၊ ပစ္စည်းပြိုင်ခြင်းသို့။ နဂစ္ဆန္တိ၊ မရောက်နိုင်ကုန်။ ။သဟဇာတာဓိပတိပစ္စည်းသည်မူကား။ အဓိပတိပစ္စည်းနှိက် ပေါင်းဆုံခြင်းသို့ရောက်၏။နိဿယပစ္စည်းသည်။သဟဇာတနိဿယရင်း။ဝတ္ထုပုရေဇာတနိဿယရင်း။ဝတ္ထာရမ္မဏပုရေဇာတနိဿယရင်း။ဤသို့လျှင်သုံးပါးအပြားရှိသည်ဖြစ်ပါ၏။ထိုသုံးပါးတို့တွင်။ ရှေးနှိက်ဖြစ်ကုန်သောဝတ္ထုပုရေဇာတနိဿယ-၂-ပစ္စည်းတို့သည်။ အဓိပတိပစ္စည်းနှိက်ပေါင်းဆုံခြင်းသို့ရောက်ပါ၏။ နောက်နှိက်ဖြစ်သောဝတ္ထာရမ္မဏပုရေဇာတနိဿယပစ္စည်းသည်ကား။ ၂-ပါးကုန်သောအာရမ္မဏပစ္စည်း အဓိပတိပစ္စည်းတို့နှိက်။ ပေါင်းဆုံခြင်းသို့ရောက်ပါ၏။ ထိုဝတ္ထာရမ္မဏပုရေဇ တနိဿယပစ္စည်းသည်။ အလေးအမြတ်ပြုအပ်သည် အကယ်၍ဖြစ်ပါငြားအံ့။ ဥပနိဿယပစ္စည်းနှိက်ပေါင်းဆုံခြင်းသို့လည်းရောက်နိုင်ပါ၏။ ။ပုရေဇာတပစ္စည်းသည်။အာရမ္မဏပုရေဇာတပစ္စည်း။ဝတ္ထုပုရေဇာ

တပစ္စည်း။ ဝတ္ထာရမ္မဏပုရေဇာတပစ္စည်း-ဟူ၍။ ၃-ပါး အပြားရှိ၏။ ထိုသုံးပါးတို့တွင်။ ဝတ္ထုပုရေဇာတ ပစ္စည်းသည်။ အတ္ထိပစ္စည်းနှင့်ပေါင်းဆုံခြင်းသို့ရောက်ပါ၏။ဤဝတ္ထုပုရေဇာတပစ္စည်း။အခြားတပါးဖြစ်သောအာရမ္မဏပုရေဇာတပစ္စည်း။ ဝတ္ထာရမ္မဏပုရေဇာတ ပစ္စည်းတို့သည်။ အာရမ္မဏပစ္စည်း၊ အတ္ထိပစ္စည်းတို့နှင့်ပေါင်းဆုံခြင်းသို့ရောက်ပါကုန်၏။ ထိုအာရမ္မဏပုရေဇာတပစ္စည်း၊ ဝတ္ထာရမ္မဏ ပုရေဇာတပစ္စည်းတို့သည်။အလေးအမြတ်ပြုအပ်ကုန်သည်အခါ၌ဖြစ်ပါကုန်ငြားအံ့။ဥပနိဿယပစ္စည်းနှင့် ပေါင်းဆုံခြင်းသို့လည်း ရောက်နိုင်ပါကုန်၏။ ။ကမ္မပစ္စည်းသည်။ သဟဇာတ ကမ္မပစ္စည်း။ နာနက္ခဏိက ကမ္မပစ္စည်းဟူ၍ -၂-ပါးရှိပါ၏။ ထို-၂-ပါးတို့တွင်။ သဟဇာတ ကမ္မပစ္စည်းသည်။ အတ္ထိပစ္စည်းနှင့်ပေါင်းဆုံခြင်းသို့ရောက်ပါ၏။ နာနက္ခဏိက ကမ္မပစ္စည်းသည်ကား။ အားရှိသောဗလဝနာနက္ခဏိက ကမ္မပစ္စည်း၊ အားနည်းသောဒုဗ္ဗလနာနက္ခဏိက ကမ္မပစ္စည်း ၂-ပါးပြားပြန်ပါ၏။ ထို ၂ ပါးတို့တွင်လည်း။ အားရှိသော၊ ဗလဝနာနက္ခဏိက ကမ္မပစ္စည်းသည်။အခါမသင့်မဆိုင်းဘဲလျင်မြန်စွာ အကျိုးကိုဖြစ်စေတတ်သော။အကာလိကနာနက္ခဏိက ကမ္မပစ္စည်း။ အခါကိုငံ့လင့်၍နောက်အခါမှ အကျိုးကိုဖြစ်စေနိုင်သော။ ကာလိကနာနက္ခဏိကကမ္မပစ္စည်း။ ၂ ပါးပင်ထပ်၍ပြားပြန်ပါ၏။ ထိုအကာလိက၊ ကာလိက ၂ ပါးစုံသည်လည်း။ဥပနိဿယပစ္စည်းနှင့်ပေါင်းဆုံခြင်းသို့ရောက်ကြရပါကုန်၏၊ အားနည်းသောဒုဗ္ဗလနာနက္ခဏိကကမ္မပစ္စည်းသည်ကား။ကမ္မပစ္စည်းသက်သက်မျှသာလျှင်ဖြစ်ပါ၏။ (ဤနာနက္ခဏိကကမ္မပစ္စည်း၌ အရပ်ရပ်တို့ သေချာကောင်းမွန်စွာ မှတ်ယူကြ)။ ။အလုံးစုံသော အာဟာရပစ္စည်းသည်၎င်း။အလုံးစုံသော-ဣန္ဒြိယပစ္စည်းသည်၎င်း။အတ္ထိပစ္စည်းနှင့်ပေါင်းဆုံခြင်းသို့ရောက်ကြရပါကုန်၏။ ။ဝိပ္ပယုတ္တပစ္စည်းသည်ကား။ ။သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ ဝတ္ထုပုရေ

ဓာတုဝိပ္ပယုတ္တပစ္စည်း၊ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ
ပစ္စည်း၊ ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းဟူ၍ ၄ ပါးပြားလျက်ရှိပါ
၏။ ထိုလေးပါးတို့တွင်။ ရှေ့သဟဇာတ ဝိပ္ပယုတ္တပစ္စည်းနှင့်
ဝတ္ထုပုရေဇာတဝိပ္ပယုတ္တပစ္စည်း ၂ ပါးတို့သည်ရင်း။ အဆုံးဖြစ်
သော။ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းသည်ရင်း။ အတ္ထိပစ္စည်းနှိုက်
ပေါင်းဆုံခြင်းသို့ ရောက်ကြပါကုန်၏။ သုံးခုမြောက် ဖြစ်သော
ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ ပစ္စည်းသည်ကား ၂ ပါးကုန်
သော အာရမ္မဏပစ္စည်း။ အတ္ထိပစ္စည်းတို့နှိုက် ပေါင်းဆုံခြင်းသို့
ရောက်ပါ၏။ထို ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ္တပစ္စည်းသည်။
အလေးအမြတ်ပြုအပ်သည်အကယ်၍ ဖြစ်ပါအံ့။ ဥပနိဿယ
ပစ္စည်းနှိုက်ပေါင်းဆုံခြင်းသို့ရောက်နိုင်ပါ၏။ဆိုအပ်ခဲ့ပြီးသည်
မှကြွင်းကုန်သော ၁၇ ပါးသောပစ္စည်းတို့တွင်။ ဟေတု၊ သဟ
ဇာတ၊ အညမည၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အဝိဂတ၊ တို့၏
အစွမ်းဖြင့်။ ၈ ပါးသောပစ္စည်းတို့သည်ရင်း။ ပစ္ဆာဇာတပစ္စည်း
သည်ရင်း။ အတ္ထိပစ္စည်းနှိုက်ပေါင်းဆုံခြင်းသို့ ရောက်ကြပါကုန်
၏။ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတတို့၏အစွမ်းအား
ဖြင့်။ ငါးပါးသောပစ္စည်းတို့သည်။ ဥပနိဿယပစ္စည်းနှိုက်ပေါင်း
ဆုံခြင်းသို့ ရောက်ကြပါကုန်၏။ ဤသို့လျှင်အလုံးစုံ ဖြစ်ကုန်
သော ၂၄ ပါးသောပစ္စည်းတို့သည်။ သဘာဂ သဘောတူကို
ပေါင်းရုံးသည်၏ အစွမ်းအားဖြင့်။ အကျဉ်းချုံးအပ်ကုန်သည်
ရှိသော်။ အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ၊ ဟုဆိုအပ်ကုန်
သော ၄ ပါးသောပစ္စည်းတို့နှိုက် ပေါင်းဆုံခြင်းသို့ရောက်ကြပါ
ကုန်၏။ (ဝိဘာဝနီဋီကာကျော်နှိုက်ကား။ ။ တေသုစတူသု
ဧကေကသ္မိံပိ၊ သဗ္ဗေစတုဝီသတိပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ ။
ဟူ၍မိန့်ဆိုအပ်ပါ၏။ ။ တေသုစတူသု၊ ထိုလေးပါးသောပစ္စည်း
တို့တွင်။ ဧကေကသ္မိံပိ၊ တခုခုသောပစ္စည်း၌လည်း။ သဗ္ဗေ၊ အလုံး
စုံကုန်သော။ စတုဝီသတိပစ္စယာ၊ ၂၄ ပစ္စည်းတို့သည်။ သမော
ဓာနံ၊ ပေါင်းဆုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြပါကုန်၏။ ။ ဤသို့

သောအဓိပ္ပါယ်ဖြင့်။ နဟိသော ကောစိပစ္စယော- ဤသို့အစရှိ
သောစကားကိုဆိုအပ်ပါ၏။ ထိုအလုံးဂု ဆို အပ်သော စကား
ရပ်သည်။ ရှင်သုမင်္ဂလသာမိ အမည်ရှိသော ဝိဘာဝနီ ဋီကာ
ကျော်ဆရာ၏။ မတ်မဋ္ဌုဖြစ်သော အယူမျှသည်သာလျှင်ဖြစ်
သည်ဟုမှတ်ကြ။ ။နဟိသောကောစိ ပစ္စယောအတ္ထိ။ ယော
ဝိတ္တစေတသိကာနံအာရမ္မဏ ဘာဝံနဂစ္ဆေယျာတိ။ ။မိန့်ဆို
အပ်ပါ၏။ ဝိဘာဝနီဋီကာကျော်။ ။ထိုစကားကို လျှဉ်းပါး
ဘွယ်ဖြစ်ပါ၏။ ဤအရာနိုက်တရားသရုပ်မျှဖြင့်ပေါင်းဆုံခြင်းကို
မလိုအပ်ပေ၊ ပဋ္ဌာန်းအနက်သဘောနှင့်တကွသာလျှင် အလိုရှိပါ
၏။ ဟေတုအစရှိသောပစ္စည်း၏ အနက်သဘောသည်ပင်း။ အာ
ရမ္မဏပစ္စည်း၏အနက်သဘောသို့ မရောက်မဖြစ်နိုင်ဟု မှတ်
ကြ) ဤနေရာနိုက်လည်း။ ဝိဘာဝနီဋီကာကျော်ဆရာသည်။ ။
သကသက ပစ္စယုပ္ပန္နသာဥပနိဿယ ဘာဝံ နဂစ္ဆတိ။ နဟိ
သောကောစိ ပစ္စယော အတ္ထိတိ။ ။ဟူ၍မိန့်ဆိုပါ၏။ ။
ယော၊ အကြင် ပစ္စည်းသည်။ သကသကပစ္စယုပ္ပန္နသာ၊ မိမိ၏
ဥစ္စာဖြစ်သော ပစ္စယုပ္ပန်၏။ ဥပနိဿယ ဘာဝံ၊ ဥပနိဿယ
ပစ္စည်း၏အဖြစ်သို့၊ နဂစ္ဆတိ၊ မရောက်။ ဟိ၊ ထိုစကားသင့်၏။
ကောစိ၊ တခုံတခု ...သော။ သောပစ္စယော၊ ထိုပစ္စည်းသည်။ နအတ္ထိ၊
မရှိ။ ။ထိုနောက်ဘာဘနိဘုံလည်း။ ဋီကာကျော်နိုက် ပင်
လျှင်။ ။ကမ္မဟေတုကတ္တာစလောကပ္ပဝတ္တိယာ။ ဖလဟေတူ
ပစာရဝသေန။ သဒ္ဒေပိကမ္မသာဘာဝံနာတိဝတ္တတိ။ ။ဟူ၍
ပင်း။ ။တေစပခုမဋ္ဌ ကောလောကသမ္မုတိဝသေန၊ ဝိ္စမာ
နာယေဝ-ဟူ၍ပင်း။ မိန့်ဆိုပါ၏။ ထိုစကား ၂ ခုအပေါင်းသည်
ကား။ ခပ်သိမ်းသောအခြင်းအရာ အားဖြင့်သာသနာတော်ယုတ္တိ
နှင့်လည်း။ ဝိရုဒ္ဓသဘောသာလျှင်ဖြစ်ပါ၏။

. ဧတ္ထာတိ-ဟူသည်ကား။ ။ထိုဋ္ဌာန်းနည်း၌ဟု အနက်ပေး။
သဗ္ဗထာပိ-ဟူသည်ကား။ ။အလုံးသဟာဇာတနှင့်သဘောတူ
ကြကုန်သော။ ပစ္စည်းတို့၌။ ဘယ်ကဲ့သို့နည်းဟူမူ။ ပဋိသန္ဓေ

ဝိညာဏ်မည်သည်။နာမ်ရုပ်တို့၏။အချင်းချင်းဘွဲ့စပ်သေါအရပ်နိုက်။အလုံးပုံသောထိုထိုဘဝအစဉ်၏။ခေါင်းတည်ဦးအစဖြစ်သောကြောင့်၎င်း။ မိဇ,မျိုးစေ့ ဖြစ်သောကြောင့်၎င်း။ ထိုအဦးအစခေါင်းတည်ဖြစ်သောပဋိသန္ဓေဝိညာဏ်မှ။သကလကာယဟုဆိုအပ်သော အလုံးပုံသော ကိုယ်ဖြစ်သော။ အထူးထူးအပြားပြားများစွာသော ရုပ်အစည်နာမ်အစည်တို့၏ ဖြစ်ခြင်းဖြစ်ပါ၏။ဥပမာဆိုသော်။ မျိုးစေ့မှကြီးပွါးသောသစ်ပင်အားအစည်ဖြစ်နိုင်စေခြင်း ကဲ့သို့တည်း။ ။ဘုရား အဘယ်ကဲ့သို့ဟောဟော်မူခဲ့ပါသနည်း ပုဏ္ဏမှ ... ။ ။ဝိညာဏာဟာရအာနန္ဒမာတုကုစ္ဆိံ သို့ ။နဩက္ကမိဿထ။အပိနုခေါနာမရူပံမာတုကုစ္ဆိံ သို့ ။ဩက္ကမိတွာဝေါက္ကမိဿထ။ အပိနုခေါနာမရူပံ၊ ဣတ္ထတ္တာယ။အဘိနိဗ္ဗတ္တိဿထာတိ။ နောဟေတံဘန္တေ။ ဝိညာဏာဟာရအာနန္ဒဒဟရဿေဝ။သတောဝေါစ္ဆိဇ္ဇိဿထ။ကုမာရဿဝါ၊ကုမာရိကာယဝါအပိနုခေါနာမရူပံ။ဝုဍ္ဎိံဝိရူဠှိံဝေပုလ္လံအာပဇ္ဇိဿထာတိ။နောဟေတံဘန္တေ။တသ္မာဟိအာနန္ဒဧသေဝဟေတုဧသနိဒါနံ။ဧသသမုဒယောဧသပစ္စယော နာမရူပဿ။ ယဒိဒံဝိညာဏံ။ ။အနက်ကား။ ။အာနန္ဒ၊ချစ်သား အာနန္ဒာ။ဝိညာဏာဟာရ၊ဝိညာဏ်မည်သာလျှင်။မာတုကုစ္ဆိံ သို့၊အမိဝမ်းနိုက်။နဩက္ကမိဿထ၊မသက်သည်ဖြစ်ငြားအံ့။အပိ၊စင်စစ်။ နာမရူပံ၊နာမ်ရုပ်သည်။မာတုကုစ္ဆိံ သို့၊အမိဝမ်းတိုက်နိုက်။သမုစ္ဆိဿထနုခေါ၊ဖြစ်ပါ်းတည်ထောင်နိုင်ပါဦးမည်လော။ဣတိ၊ဤသို့။ဘဂဝါ၊မြတ်စွာဘုရားသခင်သည်။ ပုစ္ဆိ၊ မေးတော်မူပါ၏။ ဘန္တေ၊ အရှင်ဘုရား။ဧတံ၊ ဤသို့ဖြစ်ခြင်းသည်။ နောဟိ၊ မသင့်သည် သာလျှင်ဖြစ်ပါ၏ဘုရား။အာနန္ဒ၊ချစ်သားအာနန္ဒာ၊ဝိညာဏာဟာရ၊ဝိညာဏ်သည်သာလျှင်။ မာတုကုစ္ဆိံ သို့၊ အမိဝမ်းဘုံက်နိုက်။ ဩက္ကမိတွာ၊ယက်ဝင်ပြီး၍။ဝေါက္ကမိဿထ၊ တဘန်ပျက်စီးခဲ့လေငြားအံ့။အပိ၊စင်စစ်။နာမရူပံနာမ်ရုပ်သည်။ ဣတ္ထတ္တာယ။ ဤသို့လျှင်သတ္တဝါကောင်ဖြစ်ခြင်း၏ အကျိုးငှါ။အဘိနိဗ္ဗတ္တိဿထနုခေါ၊

ထင်ရှားကြောင်အမှန်ဖြစ်ပါဦးမည်လော။ ဇာတိ၊ ဤသို့။ ဘဂဝါ။ ဘုန်း
တော်ကြီးမြတ်လှစွာသော ဘုရားရှင်သည်။ ပုစ္ဆိ၊ မေးတော်မူ
ပြန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ ဇော၊ ဤသို့ ဖြစ်နိုင်စရာအ
ကြောင်းသည်။ နောဟိ၊ မသင့်သည်သာလျှင် ဖြစ်ပါ၏ ဘုရား။
အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဝိညာဏဉ္စဟိ၊ ဝိညာဏ်သည်သာလျှင်
ဒဟရဿေဝ၊ ငယ်သည်သာလျှင်။ သတော၊ ဖြစ်ပေသော။ ကုမာ
ရဿဝါ၊ သတို့သားတို့အားရင်း၊ ကုမာရိကာယဝါ၊ သတို့သမီးတို့
အားရင်း။ ဝေါစ္ဆိဇ္ဇိဿထ၊ အသက်ဟု ခေါ်ဝေါ်သမုတ် ပညတ်
ထုတ်အပ်သောဝိညာဏ်တရားသည်ပြတ်ခဲ့ပေငြားအံ့။ အပိ၊ စင်
စစ်။ နာမရူပံ၊ နာမ်ရုပ်သည်။ ဝုဍ္ဎိံ၊ ကြီးပွါးခြင်းသို့။ ဝိရုဠှိံ၊ စည်
ကားခြင်း စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ အာ
ပဇ္ဇိဿထနုခေါ၊ ရောက်နိုင်ပါဦးမည်လော။ ဇာတိ၊ ဤသို့။ ဘဂဝါ၊
ဘုန်းတော်ခြောက်ပါးဂုဏ်တော်သခင်ရှင်ပင်ဘုရားသည်။ ပုစ္ဆိ၊
မေးတော်မူပြန်ပါ၏။ ဘန္တေ၊ အရှင်ဘုရား။ ဇော၊ ဤသို့ဖြစ်နိုင်စ
ရာအကြောင်းသည်။ နောဟိ၊ မသင့်သည်သာလျှင်ဖြစ်ပါ၏အရှင်
ဘုရား။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ တသ္မာတိဟ၊ ထိုကြောင့်သာလျှင်။
ယဒိဒံ ဝိညာဏံ၊ အကြင်ဝိညာဏ်သည်။ အတ္ထိ၊ အမှန်ရှိပေ၏။ ဧသေ
ဝ၊ ဤဝိညာဏ်သည်သာလျှင်။ နာမရူပဿ၊ နာမ်ရုပ်တို့၏။ ဟေတု၊
စင်စစ်မချွတ်အကြောင်းရင်းကြီးဖြစ်ပါပေ၏။ ဧသ၊ ဤဝိညာဏ်
သည်။ နိဒါနံ၊ အကြောင်းတရားကြီးပါပေတည်း။ ဧသ၊ ဤဝိညာဏ်
သည်။ သမုဒယော၊ တဏှာသမုဒယနှင့်အကြောင်းမကြီးပါပေတည်း။
ဧသ၊ ဤဝိညာဏ်သည်။ ပစ္စယော၊ အကျိုးနာမ်ရုပ်တရားဖြစ်ပွါး
စေရန်အကြောင်း ပစ္စည်းတရား ကြီးပါပေတည်း။ ဇာတိ၊ ဤသို့။
အဝေါစ၊ သာမုက္ကံသိကကိုယ်တော့်ရွှေနှုတ်မှ လှစ်ဘွင့်ကြွေး
ရှင့်တော်မူခဲ့ပါပေ၏။ ။ထိုကြောင့်အဋ္ဌကထာ ဆရာသည်
လည်း။ ။တဉ္စ သမုစ္ဆိဿထာတိ ဝုစ္ဆိဿထ။ နာမရူပံဟိ
ဝိညာဏဿ ဝုစ္ဆိယေဝါတိ။ ။ဝေါက္ကမိဿထာတိ၊ ဘင်္ဂဿ
ထ။ ဇုဋ္ဌဋ္ဌာယာတိ၊ ဤဝိသသအဋ္ဌဘာဝသာ အဋ္ဌာယာတိ

အတ္ထော။ ဝဏ္ဏံ ဝိဠှိံ ဝေပုလ္လတ္တံ ပဌမဝယဝသေန ဝဏ္ဏံ။ မဇ္ဈိမဝယဝသေန ဝိရုဠှိံ။ ပစ္ဆိမဝယဝသေန ဝေပုလ္လတ္တံ။ ဟူ၍ မိန့်တော်မူပါ၏။ ။အနက်ကား။ ။တတ္ထ၊ ထိုပါဠိတော်စကားရပ်၌။ သမုဋ္ဌိသထာတိ၊ သမုဋ္ဌိသထ ဟူသည်ကား၊ ဝဏ္ဏ သာထ၊ ပွါးနိုင်ပါမည်လော ဟိသစ္စံ မှန်ပါ၏။ နာမရူပံ၊ နာမ်ရုပ်သည်။ ဝိညာဏာသာ၊ ဝိညာဏ်၏။ ဝဏ္ဏ ယော၊ အစီးအပွါးသာလျှင်တည်း။ ဣတိ၊ ဤသို့သိအပ်ပေ၏။ ဝေါက္ကမိဿထာတိ၊ ဝေါက္က မိဿထ - ဟူသည်ကား။ ဘဋ္ဌိဿထ၊ ပျက်လေပြီအံ့။ ဣတ္ထတ္တာယာတိ၊ ဣတ္ထတ္တာယာတိ - ဟူသည်ကား။ ဤဒိသသသ၊ ဤသို့သဘောရှိသော။ အတ္တဘာဝဿ၊ အတ္တဘော၏။ အတ္ထာယ။ အကျိုးငှါ။ ဝဏ္ဏံ ဝိရုဠှိံ ဝေပုလ္လတ္တံ၊ ဝဏ္ဏံ ဝိရုဠှိံ ဝေပုလ္လတ္တံ - ဟူသည်ကား၊ ပဌမဝယဝသေန၊ ပဌမအရွယ်၏အစွမ်းဖြင့်။ ဝဏ္ဏံ။ ကြီးပွါးခြင်းသို့။ မဇ္ဈိမဝယဝသေန။ မဇ္ဈိမ အရွယ်၏အစွမ်းဖြင့်။ ဝိရုဠှိံ၊ စည်ပင်ခြင်းသို့။ ပစ္ဆိမဝယဝသေန၊ ပစ္ဆိမအရွယ်၏အစွမ်းဖြင့်။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ ။ဤသို့သျှင်အာနန္ဒာကထာနက် မိန့်တော်မူအပ်ပါ၏။ ထိုကြောင့်ပဋိသန္ဓေခဏာနက် ရုပ်တို့၏ဖြစ်ပေါ်လာခြင်းသည် စင်စစ်အားဖြင့်။ ဝိညာဏ်လျှင်အကြောင်းရင်းရှိသည်၏ အဖြစ်ကို သိမှတ်ကြ။

ဤသို့လျှင်ပဋိသန္ဓေနက်ဖြစ်ပေါ်ပြီးသောထိုပဋိသန္ဓေရုပ်သည်ကားတဘန်မိမိသည်ရရှိရင်းဖြစ်သောဘဝက။ စုတိတိုင်အောင်ဖြစ်ကြကုန်သော။ အလုံးစုံသော စတုသမုဋ္ဌာနိက ရုပ်အစည်အဆက်တို့၏။ အစအဦးခေါင်းတည်ဖြစ်သောကြောင့်။ ဗီဇမျိုးစေ့ကြီးအမှန်ဖြစ်ပါ၏။ စိတ်သည်အလွန်အားကြီးသော်လည်း။ ရှေ့နက်ဖြစ်နှင့်သောရုပ်အစည်သည် မရှိခဲ့သည်ရှိသော်။ ရုပ်ကိုဖြစ်စေခြင်းငှါမတတ်နိုင်။ ဥတု၊ အာဟာရတို့သည်လည်း။ ဤစိတ်အံတူပင်ဖြစ်ပါ၏။ ထိုကြောင့်ပင်လျှင်။ အရူပဘဝနက်ကာမာဝစရအစရှိကုန်သော။ ရုပ်ကိုဖြစ်စေတတ်သောစိတ်တို့သည်လည်း။

ထိုအရူပဘုံနိူက်ရုပ်ကိုမဖြစ်စေနိုင်ကုန်။ အသညသတ်ဘုံနိူက်
လည်း။ဥတုသမုဋ္ဌာန်ရုပ်အဆက်ဆက်တို့သည်။ ရှေးဦးစွာဖြစ်
ပေါ်သောကမ္မဇရုပ်အစည်၏။ ရှိနိုင့်သည်၏အဖြစ်ကြောင့်သာ
လျှင်။ဖြစ်ပေါ်နိုင်ပါကုန်၏။ ။ဝိဘင်းဋီကာနိူက်မူကား။ ။
အရူပံပနရူပဿပြကာသောနဟောတိ။ ။ဟူ၍မိန့်ဆိုပါ၏။
အရူပံပန၊အရူပဘုံနိူက်ကား။ရူပဿ၊ရုပ်၏။ပြကာသော၊အခွင့်
သည်။ဝါ၊ရုပ်ဖြစ်စေနိုင်ရန်အခွင့်သည်။နဟောတိ၊မဖြစ်။ ။
ဟုအနက်ပေး။ ။အဓိပ္ပါယ်ကား။ ။အကြင် အစဦး တည်
ခေါင်းတည်ရုပ်သည် ရှိခဲ့သော်။ စိတ်သည်တပါးသောရုပ်ကို။
ဖြစ်စေနိုင်ရာ၏၊ရင်းအစဦးတည်ခေါင်းတည် ရုပ်သည်ပင်လျှင်။
ထိုအရူပဘုံနိူက် မရှိ မရအပ်ခြင်းကြောင့်ရုပ်ကို မဖြစ်စေနိုင်
သည်ဟူ၍မှတ်ကြ။ အစဦးတည် ခေါင်းတည် ရုပ်နိူက်လည်း။
နောက်အခါဝယ်ရုပ်အစည် ဖြစ်ပွါးခြင်း အကြောင်း၏ အဖြစ်
သည်။ကေနိတိတ်ရှိပေသတတ်။ အဘယ့်ကြောင်းနည်း ဟူမူ
ကား။သားသွီးတို့သည် အမိအဘတို့နှင့် တူသည်၏ အဖြစ်ကို။
မျက်မြင် ဖြစ်ရခြင်းကြောင့် ပေတည်းဟူ၍။ ဤစကားရပ်ကို
ဝိဘင်းဋီကာနိူက်ပင်လျှင်ပြတော်မူပါ၏။ ။ယသ္မိံရူပေသတိ
စိတ္တံအညံရူပံဥပ္ပါဒေယျ၊ တဒေဝတတ္ထနတ္ထီတိအတ္ထော၊ ပုရိမ
ရူပဿာဝိဟိ၊ ပစ္စယဘာဝေါအတ္ထိ။ ပုတ္တဿပိတိသဒိသတာ
ဒဿနတောတိ။ ။အနက်ကား။ ။ယသ္မိံရူပေ၊အကြင် ဦး
တည်ခေါင်းတည်ရုပ်သည်။ သတိ၊ရှိခဲ့သော်။ စိတ္တံ၊စိတ်သည်။
အညံ၊တပါးသော။ရူပံ၊ရုပ်ကို။ဥပ္ပါဒေယျ၊ဖြစ်စေရာ၏။တဒေဝ၊
ထိုဦးတည်ခေါင်းတည်ရုပ်သည်ပင်လျှင်။ တတ္ထ၊ ထိုအရူပဘုံ
နိူက်။နတ္ထိ၊မရှိ။ဣတိ၊ဤသည်ကား။အတ္ထော၊အနက်တည်း။ ဟိ-
သစ္စံ၊မှန်ပါ၏။ပုရိမရူပဿပိ၊ ဦးတည်ခေါင်းတည်ရုပ်၏လည်း။
ပစ္စယဘာဝေါ၊နောက်နိူက်ရုပ်အစည်ဖြစ်ပွါးခြင်း အကြောင်း၏
အဖြစ်သည်။အတ္ထိ၊ရှိပါ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူ
ကား။ပုတ္တဿ၊သားသွီး၏။ ပိတိသဒိသတာဒဿနတော၊ အမိ

အဘာတို့နှင့်တူသည်၏အဖြစ်ကိုမြင်ရခြင်းကြောင့်တည်း။ ။
ဤသို့လျှင်ဘွင့်ဆိုအပ်ပါ၏။ဤဝိဘင်းဒိုကာပါဌ်နှိုက်။ ပုတ္တဿ
ပိတိသပိသဘာဒဿာနုတော-ဟူသောဤပါဌ်ဖြင့်။ဤသို့သောအ
နက်သဘောကိုပြတော်မူ၏။မြက်သစ်ပင်တို့အား။ မျိုးစေ့အဖြစ်
ဆိုအပ်သောဗီဇနိယာမရုပ်မည်သည်အမှန်ရှိပါ၏။ အကြင်ဗီဇ
နိယာမရုပ်၏အာနုဘော်ကြောင့်။ ဗီဇမှပေါက်ဘွား၍ဖြစ်ပေါ်
လာကြကုန်သောမြက်သစ်ပင်အပေါင်းတို့သည်။ ကြီးပွါး၍လာ
ကြကုန်သည်ရှိသော်။ အမှတ်မရှိသော အခြင်းအရာအားဖြင့်
ကြီးပွါးခြင်းအမှုမဖြစ်ကြမူ၍။မိမိနှင့်တူသောဗီဇရှိကြကုန်သော
မြက်ပင်တို့နှင့်သစ်ပင်တို့နှင့်။အခြင်းခပ်သိမ်း အလုံးစုံတူသော
အခြင်းအရာကိုယူ၍ကြီးပွါးကြလေကုန်သကဲ့သို့။ ဤအတူသာ
လျှင်။ အမိဝမ်းတိုက်နှိုက် ကိန်းကြကုန်သော သတ္တဝါတို့အား။
ယောနိ၏အဖြစ်ဟုဆိုအပ်သော။နိယာမရုပ်သည် အမှန်ရှိပါ၏။
ဇင်းနိယာမရုပ်၏ အာနုဘော်ကြောင့်။ သတ္တဝါ အပေါင်းတို့
သည်တူသော ဓာတ်ရှိသည်သာလျှင်ဖြစ်ကုန်သော။ အမျိုးတို့
သည်ဝိသေသအထူးအားဖြင့်။အမိအဘတို့နှင့်သာလျှင် အလုံး
စုံတူသောအဆင်းသဏ္ဌာန်ရှိကြကုန်သည်ဖြစ်ပါ၏။ ဤသို့လျှင်
ဗီဇနိယာမ ကဲ့သို့။သတ္တဝါတို့၏ယောနိနိယာမသည်လည်း ဖြစ်
ပါ၏။ထိုယောနိနိယာမ-ဟူသည်လည်း။ ပဋိသန္ဓေရုပ်၏ အာနု
ဘော်ဟူ၍သာလျှင်မှတ်ယူကြ။ ။တနည်းသော်ကား။ ။
ဤယောနိနိယာမမည်သည်ကား။ကာလလရေကြည် တည်သော
ကာလအစရှိသည်တို့နှိုက်။သားသွီးတို့၏ကိုယ်နှိုက် အမိအဘ
တို့မှစပ်နွှယ်၍လာသော။ ဥတုဇရုပ်အစဉ်ပေတည်း။ အကြင်
ယောနိနိယာမရုပ်၏ အာနုဘော်ကြောင့်။ သားသွီးတို့၏ ရုပ်
သဏ္ဌာန်သည်တူသောဓာတ်ရှိသောသတ္တဝါတို့၏၊ သဏ္ဌာန်နှင့်
တူသည်ဇင်း။မိမိ၏ဆွေမျိုးဉာတိတို့နှင့်တူသည်ဇင်း။ ဤကဲ့သို့
တူသောအားဖြင့်သာလျှင်ဖြစ်ကြရပါကုန်၏။ ရုတ္တိဘော အစ
ရှိသောရုပ်သည်။သတ္တဝါတို့၏ရုတ္တိလိင်္ဂစသည်တို့ကိုဇင်း။ ဗီဇ

နိယာမရုပ်သည်။ မြက်သစ်ပင်တို့၏ ထိုထို အဆင်းသဏ္ဌာန်စ သည်တို့ကိုငဲ။ ခြားနားအောင်ပြုလေသကဲ့သို့။ ဤအတူ။ ယောနိ နိယာမရုပ်သည်။ အသွေးသွေးအထွေထွေသောအမျိုးအရိုး၏အစွမ်း ဖြင့်။ သတ္တဝါတို့ကိုခြားနားအောင်ပြုတတ်သည်။ ခြားနားစေနိုင် သည့်ဖြစ်ပါ၏။ ဤမျှသောစကားရပ်ဖြင့်။ ပဝတ္တိနိဗ္ဗတ္တဇရုပ်ကိုချန် ထား၍။ အလုံးစုံသောတိသမုဋ္ဌာနိကရုပ်တို့၏။ ဖြစ်ခြင်း၄ါစိတ်ကို ငဲ့ခြင်းမရှိသည်၏အဖြစ်သည်ငဲ။ ရှေးဦးစွာဖြစ်နိုင်သောရုပ် အ စဉ်ရုပ်အလျဉ်တို့နှင့်စပ်သည်ဖြစ်၍ငဲ။ ပြီးမြောက်ပြည့်စုံစေနိုင် သည်ဖြစ်ပါ၏။ ထိုကြောင့်သာလျှင်။ တိသမုဋ္ဌာနိကရုပ်တို့သည်။ စိတ်၏ဌီ-ဘင် ခဏတို့နှိုက်ငဲ။ စိတ်နှင့်ကင်းသော နိရောဓ သမာပတ်ကာလတို့နှိုက်ငဲ။ ဖြစ်ပေါ်ခြင်းသည်ဖြစ်ရပါ၏။ ထို ကြောင့်။ သဟဇာတရူပန္တိ ပနေတ္တ-ဟူသောစကားကို။ ၅င်အနု ရူဋ္ဌါဆရာမြတ်မိန့်ဆိုအပ်ပါ၏။ ။ဇာတိ-အစရှိသောစကား သည်နိဂုံးစကားတည်း။ ။သမ္ဘဝါ-ဟူသည်ကား။ ။ဖြစ် သင့်သည်အားလျော်စွာ။ သို့မဟုတ်။ သမ္ဘဝါ ဟူသည်ကား။ ။ သမ္ဘ ဝါဖြစ်ကုန်သော။ ။အဇ္ဈတ္တ-ဟူသည်ကား။ ။ အဇ္ဈတ္တဖြစ်ကုန်ထသော။ ။ဗဟိဒ္ဓါ-ဟူသည်ကား။ ။ဗဟိဒ္ဓ ဖြစ်ကုန်ထသော။ ။သခ်ိတ-ဟူသည်ကား။ ။သခ်ိတ လည်းဖြစ်ကုန်ထသော။ ။အသခ်ိတာ-ဟူသည်ကား။ ။ အသခ်ိတလည်းဖြစ်ကုန်ထသော။ ။ဤသို့လျှင်။ တေကာလိက ဖြစ်ကုန်ထသော။ ကာလမှလွတ်ကုန်ထသော။ အဇ္ဈတ္တဗဟိဒ္ဓ ဖြစ်ကုန်ထသော။ ထိုမှတပါး။ သခ်ိတ အသခ်ိတ ဖြစ်ကုန်ထ သော။ ဉာတ်နာမ်ရုပ်တို့၏ အစွမ်း အားဖြင့်။ သုံးပါးအပြားအား ဖြင့်တည်ကုန်သောတရားတို့သည်။ ပဋ္ဌာန်းကျမ်းကြီးနှိုက် ခပ် သိမ်းသောအပြားအားဖြင့်။ ၂၄-ပစ္စည်းတို့မည်သည် ဖြစ်ပါ ကုန်၏။ ဤသည်ကားယောဇနာတည်း။ ။ဤစကားရပ်နှိုက်။ သုံးပါးအပြားရှိကုန်သော။ ဉာတ်၊ နာမ်၊ ရုပ်၊ တို့နှိုက်တည်ကုန် သောတရားတို့၏၊ တေကာလိက-အစရှိသောအဖြစ်သည် ရှိခဲ့

သည်ရှိသော်။ ၂၄-ပစ္စည်းတို့အားလည်းဖြစ်သင့်သည်အားလျော်
စွာ။ဝေကာလိကတရားတို့သည်။ ပြီးစီးပြည့်စုံခြင်းသို့ ရောက်
နိုင်ပါ၏။ထို-၂၄-ပစ္စည်းတို့တွင်။ အာရမ္မဏာဓိပတိ၊ဥပနိဿ
ယတို့သည်။ ကါလသုံးပါးရှိကုန်သည်ရင်း။ကာလသုံးပါးမှလွတ်
ကုန်သည်ရင်း။ ဖြစ်ကြပါကုန်၏။ ဝိဘာဝနီ ဋီကာကျော်နှိုက်
ကား။ ။အာရမ္မဏာဓိပတိ ဥပနိဿယပစ္စယာနံတိကာလိ
ကာနဉ္စ-ဟူ၍မိန့်ဆိုအပ်ပါ၏။ထိုစကားကို လျဉ်းပါးဘွယ်ဖြစ်
ပါ၏။ အဘယ်ကြောင့်နည်းဟူမူကား။ ။ကာလမှ လွတ်ကြ
ကုန်သောပညတ်၊နိဗ္ဗာန်တို့သည်လည်း။ ထိုပစ္စည်းတို့နှိုက်ဝင်
သည်၏အဖြစ်ကြောင့်တည်းဟုမှတ်ကြ။ဤဘာဝနှိုက် မဖြစ်ကုန်
သေးသော။အသစ်အသစ်ဖြစ်ကြကုန်သော။ဥစ္စာစပါး။ ဝတ်စား
တန်ဆာ။အသုံးအဆောင်မျိုးတို့ကိုရင်း။ပညာမျိုး၊ အတတ်မျိုး၊
ဗဟုသုတမျိုး၊စာပေပိဋကတ်ပရိယတ်မျိုးကိုရင်း။သီလ၊သမာဓိ
ပညာတို့ကိုရင်း။ဘဝတပါး၌၊ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိ၊မဂ္ဂ
ဖလသမ္ပတ္တိတို့ကိုရင်း။ရခြင်းအကျိုး၌။မရမီ ရှေးအဘို့ကအား
ထုတ်ခြင်းအမှုကို။ ပြုသောသူအပေါင်းတို့အား။ အနာဂတ်ဖြစ်
ကုန်သော။ထိုဝိဇ္ဇာသိပ္ပသုတပရိယတ္တိ အစရှိကုန်သောတရားတို့
အား။ဥပနိဿယပစ္စည်းတပ်သည်၏အဖြစ်ကိုမှတ်သားကြ။ ။
ပဋ္ဌာန်းပါဠိတော်၌ကား။ ။အနာဂတံစက္ခုသမ္ပဒံပတ္ထယမာနော။
သောတ၊ဃာန၊ဇိဝှါ၊ ကာယသမ္ပဒံ။ ဝဏ္ဏသမ္ပဒံ။သဒ္ဒ၊ဂန္ဓ၊ရသ။
ဖောဋ္ဌဗ္ဗသမ္ပဒံပတ္ထယမာနော၊အနာဂတေခန္ဓေပတ္ထယမာနော။ဒါ
နံဒေတိ။သီလံသမာဒိယတိတိ။ ။ဟူ၍ဟောတော်မူပါ၏။ ဤ
ပဋ္ဌာန်းပါဠိတော်နှိုက်ဟောတော်မူခြင်းသည်ကား။ ။ဘဝတ
ပါးနှိုက်အကျိုးဝင်သည့်သာလျှင်ဖြစ်ကုန်သော။ သမ္ပတ္တိတရား
တို့ကိုဟောတော်မူအပ်ပါ၏။ထိုအနာဂတ်နှိုက် အကျိုးဝင်ကုန်
သောသမ္ပတ္တိ တို့ကိုကား။ ဒါနအစရှိကုန်သော ကုသိုလ်ကံတို့
အားလျော်သည်၏အစွမ်းအားဖြင့်။ ဟောတော်မူအပ်ပေသည်
ဟုမှတ်ကြ။

ကမ္မပစ္စယောပန-ဟူသည်ကား။ ။ပစ္စုပ္ပန်အတိတ်တို့၏ အစွမ်းအားဖြင့်နှစ်ကာလရှိ၏။ ။အနန္တရ၊သမနန္တရ၊ အာသေဝန၊နတ္ထိ၊ဝိဂတ၊ပစ္စည်းတို့သည်။ အတိတ်ကာလမည်ပါကုန်၏။ ကြွင်းကုန်သော၁၅ပါးသောပစ္စည်းတို့သည်။ ပစ္စုပ္ပန္နကာလိက မည်ပါကုန်၏။အဇ္ဈတ္တဗဟိဒ္ဓဒုက်၌။အာရမ္မဏ။ လ။အဝိဂတတို့ သည်။အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန်-၂-ပါးရှိကုန်၏။ ထိုမှ ကြွင်းကုန်သော-၁၄ပစ္စည်းတို့သည်။အဇ္ဈတ္တတို့သာလျှင်ဖြစ်ကြ ပါ၏၊အာရမ္မဏာဓိပတိ၊ ဥပနိဿယတို့သည်။ သင်္ခတတို့သည် ၎င်း။အသင်္ခတတို့သည်၎င်းဖြစ်ပါကုန်၏။ထိုမှကြွင်းကုန်သော ၂၁ ပစ္စည်းတို့သည်။သင်္ခတတရားတို့သည် သာလျှင် ဖြစ်ကြပါကုန် ၏။ ငါးပါးအပြားရှိသောတရားကိုလည်း။နာမ်ဟူ၍၎င်း မိန့်တော် မူပါ၏။အဘယ့်ကြောင့်နည်းဟူမူကား။ တရံတဆစ်မျှလည်း ရုပ်ဟုဆိုအပ်သောသဏ္ဌာန်၏ အဖြစ်သို့။ မကပ်ခြင်း ကြောင့် တည်း။နာမ်ဟူ၍လည်းဆိုအပ်ပါ၏။ အဘယ့်ကြောင့်နည်းဟူ မူကား။အဓိဝစန-ဟုဆိုအပ်သောအမည်သညာ၏ အစွမ်းဖြင့် သာလျှင်။ သုတ္တနပုဂ္ဂိုလ်တို့သည်။ ယူအပ်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့်ဟုမှတ်သား ။

ပညာယတီတိပညတ္တိ။ ။ပညာယတိ၊ပညတ်အပ်၏။ ဇာတိ တသ္မာ၊ထိုကြောင့်။ပညတ္တိ၊ပညတ်မည်၏။ ဤပညတ်သည်လည်း။ တခုသောစကား၏အနက်ဖြစ်ပါ၏။ ဤသို့လျှင်လောကန္တက်အ ကျုံးဝင်ကြကုန်သောလူများ အပေါင်းတို့သည်ထားအပ်ပေ၏။ ခေါ်ဝေါ်လည်းခေါ်ဝေါ်ကြပ၏။ဝန်ခံလည်းဝန်ခံကြပ၏။ ဤကဲ့ သို့သောအနက်သားကိုသိကြ။ ။အလုံးရုံသမ္မုတိသဒ္ဒါ ဖြစ်သော။ ဗျဉ္ဇနဒ္ဓဟုဆိုအပ်သောသဒ္ဒါ၏အနက်ကိုရအပ်ပေ၏။ ဤစကား သည်။ထိုကဲ့သို့သောအခြင်း အရာအားဖြင့်။ ပညတ်ထိုက်ကုန် သော။သို့တည်းမဟုတ်လျှင်။သိစေခြင်းငှါထိုက်ကုန်သော။ အ နက်တို့ကိုပညတ်အပ်ကုန်၏။ သို့မဟုတ်။သိစေအပ်ကုန်၏။ ထို

ကြောင့်ပညတ်မည့်ပါ၏။ ။သဒ္ဒါ၏အနက်ကိုထွန်းပြတတ်သောရအပ်ပါ၏။ဤသို့လျှင်။ပညတ်သည်- ၂ - ပါးအပြားရှိသည်ဖြစ်ပါ၏။ထို့ကြောင့်။ ။တတောအဝသေသာပညတ္တိပနပညာပိယတ္တာပညတ္တိ။ပညာပနတောပညတ္တိတိစဒုဝိဓာဟောတိ။ ။ဟူ၍ရှင်အနုရုဒ္ဓါ ဆရာ မိန့်ဆိုအပ်ပါ၏။ ။ပညာပိယတ္တာ ပညတ္တိ-ဟူသည်ကား။ ။အတ္ထပညတ်ကိုဆိုသည်ဖြစ်၏။ ။ပညာပနတော ပညတ္တိတိ-ဟူသည်ကား။ ။သဒ္ဒပညတ်ကို မိန့်ဆိုသည်ဖြစ်၏။ ။တံတံဘူတဝိပရိဏာမကာရ- ဟူသည် ကား။ ။ပထဝီအစရှိကုန်သော။ ထိုထိုမဟာဘုတ်တို့၏လွန်ကဲသည်၏အဖြစ်တည်းဟူသော။အထူးထူးအပြားပြားထိုထိုအခြင်းအရာအားဖြင့်။ ညွတ်သောအခြင်း အရာကို။ဖြစ်ပုံတည်ပုံထူးသောအခြင်းအရာကို။ ဤသည်ကားအနက်တည်း။ ။ဥပါဒါယ-ဟူသည်ကား။ စွဲ၍မှီ၍ ရှေးဦးသွားစိတ်ဖြင့်ဟူ၍ ဤသည်ကားအနက်တည်း။တထာတထာပညတ္တာ-ဟူသည်ကား။ ။ဤသည်ကားပထဝီမည်၏။ ဤသည်ကားတောင်မည်၏။ ဤသို့အစရှိသည်၏ အစွမ်းဖြင့်။လူများအပေါင်းတို့သည် ပညတ်အပ်သော။ ဆိုအပ်သော၊ ခေါ်ဝေါ်အပ်သော။ ဤသည်ကား အနက်တည်း။ ။(ပထဝိပဗ္ဗတာဒိတာ-ဟူသည်ကား။ ။ဤနေရာနိုက်အာဒိသဒ္ဒါဖြင့်။မြစ်၊သမုဒ္ဒရာ၊အစရှိသည်တို့ကိုသိမ်းကျုံး၍၊ ရှင်အနုရုဒ္ဓါဆရာဆိုလိုရင်းဖြစ်ပါ၏။ဤပညတ်သည်သမူဟပညတ်မည်ပါ၏။ ။ဝိဘာဝနီဋီကာကျော်နိုက်ကား။ ။သဏ္ဌာနပညတ္တိဟူ၍မိန့်အပ်ပေ၏။ ဤသို့လျှင်သဏ္ဌာနပညတ်ဟုစွဲယူခြင်းသည်သင့်မည်မထင်။ အဘယ်ကြောင့်ဆိုသော်။ သဏ္ဌာန-ဟုဆိုအပ်သောစကားသည်။ ပဗ္ဗာနမဟုတ်ဟုသိမှတ်ကြ)။ ။သမ္ဘာရသန္နိဝေသာကာရ-ဟူသည်ကား။သစ်သား အစရှိကုန်သောအဆောက်အဦးတို့အား။ထိုထိုသို့သောအခြင်းအရာအားဖြင့်။ ရုံးဝေး၍တည်ထောင်သော အခြင်းအရာကို။ ဤနေရာနိုက်လည်း အာဒိသဒ္ဒါဖြင့်။ကျောက်၊သင်းဘော၊ စသည်တို့ကိုပေါင်း၍ယူအပ်ပါ

၏။ ဤအရာတို့သည်ကား။ သဏ္ဌာနပညတ်မည်သည် ဟုမှတ်ကြ။ ။သစ်သားအစရှိသည်တို့ကိုပင်လျှင်။အိမ်စသောအခြင်းအရာအားဖြင့် တည်သည်ဆောက်လုပ်သည် တို့ကိုအိမ်ဟုဆိုအပ်ပါ၏။ ရထား အခြင်း အရာ အားဖြင့် တည်သည် လုပ်သည်တို့ကိုလည်း။ ရထားဟူ၍ဆိုအပ်ပါ၏။ ။ဝိဘာဝနီဋီကာကျော်နှိုက်မူကား။သမူဟပညတ်ဟူ၍မိန့်ဆို၏။ ထိုစကားသည်သင့်မည်မထင်။အဘယ်ကြောင့် ဆိုသော်။ဤရထားဟူ၍ဆိုအပ်ခေါ်အပ်သောသဏ္ဌာနနိမိတ်။အင်္ဂါအစိတ်အားဖြင့်ရဆောင်းမှဖြစ်ရသော၊အထည်ဒြပ်ဖြစ်သောကြောင့်တည်း။

ပုရိသ၊ပုဂ္ဂလ၊အစရှိသောသတ္တဝါပညတ်ကို။ ဥပါဒါပညတ်ဟူ၍လည်းဆိုအပ်၏၊ ။စန္ဒာဝဋ္ဋနာဒိကာ-ဟူသည်ကား။ ။လ၊နေ၊စသည်တို့သည်။မြင့်မိုရ်တောင်ကိုလက်ျာရစ်ပြု၍၊လှည့်လည်သွားလာလျက်။အကြင်အရပ်မျက်နှာမှလနေတို့သည်။ပေါ်ထွက်လာကြကုန်၏။ ထိုအရပ်မျက်နှာသည်။ ရှေးဦးစွာရအပ်သောထင်လင်းခြင်းရှိသည်၏အဖြစ်ကြောင့်။ရှေ့အရပ်မည်၏။အကြင်အရပ်၌မူကား။ထိုလနေတို့သည်ကွယ်ပပျော်ခြင်းသို့ရော်ကုန်၏။ထိုအရပ်သည်နောက်မှရအပ် သောထင်လင်းခြင်းရှိသည်၏အဖြစ်ကြောင့်။နောက်အရပ်မည်၏။ထိုရှေ့အရပ်၊နောက်အရပ်တို့၏လက်ျာဘက် ဖြစ်သော အရပ်သည်။ တောင် အရပ်မည်၏။ဤမှတပါးသော အရပ်ကိုကား။ အလွန်မြင့်မောက်သောအနက်သဘောကြောင့်။ မြောက် အရပ်မည်၏ ဟုဆိုအပ်၏။အကြင်အခါနှိုက်နေသည်ပေါ်တက်၏။ ထို အခါမှစ၍အလုံးစုံသောရက်၏ရှေ့အဘို့ဖြစ်သောကြောင့်။ နံနက်ဟူ၍ ဆိုအပ်၏။ဤသို့အစရှိသောပညတ်တို့သည် ဒိသာပညတ်။ ကာလပညတ်မည်ကုန်၏။အာဒိသဒ္ဒါဖြင့် ကြည်း၊ ကုန်းအကြေအစရှိသော။ဒေသပညတ်ကိုလည်း။သင်္ဂြိုဟ်ရေတွက် အပ်ပေ၏။ ။အသမ္ဖုဋ္ဌာကာရ-ဟူသည်ကား။ ။မဟာဘုတ်တို့၏အချင်းချင်းမထိ

သောအခြင်းအရာကို။အာကာသပညတ်ဟုမှတ်။ ။တံတံဘူတနိမိတ္တံ-ဟူသည်ကား။ ။ပထဝီကသိုဏ်း၊ ဥဒ္ဒုမာတက အကောင်၊အစရှိသောဘုတ်နိမိတ်ကိုရင်း။နီလကသိုဏ်းအစရှိသောဝဏ္ဏနိမိတ်ကိုရင်း။ဤနိမိတ်ပညတ်နှိုက်သာလျှင် ပေါင်းယူအပ်၏။ ။ဘာဝနာဝိသေသ- ဟူသည်ကား။ ။ပရိကံအစရှိသောဘာဝနာအထူးကိုလည်း၊ဤပါဌ်ဖြင့်။ ပရိကမ္မနိမိတ်၊ဥဂ္ဂဟနိမိတ်၊ပဋိဘာဂနိမိတ်တို့၏။ ပြီးစီးခြင်း အကြောင်းကို ဆိုပေသည်။ ဤသည်ကားနိမိတ်ပညတ်တည်း။ ။ဧဝမာဒိပ္ပဘေဒါ ဟူသည်ကား။ အာဒိသဒ္ဒါဖြင့် ပုဂ္ဂလပညတ်အဋ္ဌကထာ၌လာကုန်သော။ဥပါဒါပညတ်၊ဥပနိဓာပညတ်စသည်တို့ကို။ ပေါင်း၍ရေတွက်အပ်၏။

ပရမတ္ထတော အဝိဇ္ဇမာနာပိ- ဟူသောပါဌ်ဖြင့်။ လောကသမ္မုတ်အားဖြင့်ရအပ်သည်၏ အဖြစ်ကိုပြ၏။ ထို့ကြောင့်သာလျှင်။ထိုပညတ်၏ထင်ရှားရှိသည်၏အဖြစ်ကို။ ယူမူ၍။ ထိုထိုသို့သောအခြင်းအရာအားဖြင့်ခေါ်ဝေါ် ပြောဆိုကြကုန်သောသူအပေါင်းတို့အား။ မုသာဝါဒသည်လည်းမဖြစ်။ ။အတ္ထစ္ဆာယာကာရေန- ဟူသည်ကား။ ထိုထိုမဟာဘုတ် အစရှိကုန်သောပရမတ္ထတရားတို့၏။အပေါင်းသဏ္ဌာန်အစရှိသော အရိပ်အရောင်အခြင်းအရာအားဖြင့်။ ။တနည်း။ အတ္ထစ္ဆာယာကာရေန-ဟူသည်ကား။ ။သဒ္ဒါသည်ဟောအပ်သော အနက်ဟုဆိုအပ်သော။ဒြပ်သဏ္ဌာန်ကိုယ်စား ကိုယ်ပွါးအခြင်းအရာအားဖြင့်ရင်း။အကောင်းရှိယောင်၊ အထည်ရှိယောင်၊ အခြင်းအရာအားဖြင့်ရင်း။ ဤသည်ကားအနက်တည်း။ ။တံတံဥပါဒါယ-ဟူသည်ကား။ ပရမတ္ထတရားတို့၏ထိုထိုဖြစ်ပုံတည်ပုံအထူးကို စွဲ၍။ ။ဥပနိဓာယဟူသည်ကား။ ထောက်၍။ ။ပရိကပ္ပိယမာနာ-ဟူသည်ကား။ကြံဘန်သော်အဘိညာဉ်ဖြင့်။ကြံဘန်၍ယူအပ်ချေသော်။ဤဝါကျနှိုက်ကား။ ဤသို့စသည်အပြားရှိသော။

အာရုံဖြစ်ကြကုန်သော။ ကြီဘန် အပ်သော၊ အလုံးစုံသော ပစ္စည်းတို့ကို၊သဗ္ဗဝါအများတို့သိနိုင်စေခြင်းအကျိုးငှါ။ပစ္စည် ခြင်းအနက်ကြောင့်။ပစ္စည်းဟူ၍ဆို အပ်၏။ ဤသည်ကား-ယော ဇနာဖြစ်ပေ၏။ ။သန်ါယတိ- ဟူသည်ကား။ ။ရေတွက် အပ်၏။ ရေတွက်လောက်အောင်ပြုလုပ်၍ထားအပ်၏။ ။သ မညာယတိ-ဟူသည်ကား။သမုတ်အပ်၏။

နာမံ၊အမည်။ နာမကမ္မံ၊ အမည်မှည့်မှု။ နာမဓေယျံ၊အမည် ထားမှု။ နိရုတ္တိ၊ထုတ်ဘော်၍ခေါ်ဝေါ်မှု။ ဗျဉ္ဇနံ၊ပုဒ်ဝါကျ။ အဘိ လာပေါ၊ ထင်ရှားပြောမှု။ ဟူ၍-၆-မျိုးရှိ၏။ ။ထို့ကြောင့်။ အတ္ထေနမတိတိနာမံ။ ။အတ္ထေ၊အနက်ဘ်ို့ကို။နမတိ၊ညွတ်ဘတ် ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ နာမံ၊နာမ်မည်၏။ ။အတ္ထဝိသယံ ဝေဟာတွာပဝတ္တတိတိအတ္ထေသု။ ။ဝိဂြိုဟ်ပြု။ ။အတ္ထဝိသ ယံဝေ၊ အနက်လျှင်တည်ရာရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တတိ၊ဖြစ်တတ်၏။ ဣတိ၊ဤသည်ကား။ အတ္ထေသု၊နာမ်၏အ နက်တည်း။ ။အနက်တို့ကိုညွတ်တတ်သောကြောင့်နာမ်။ရင်း နာမ်သည်အနက်၌သာလျှင်။တည်ရာရှိသောအဖြစ်ကိုသိကြ။ ။ အတ္ထနိစအတ္ထံနာမေတီတိနာမံ။ ပိဋကတ္တယသံခါတေဟိ-နာမေ သတိတဒ္ဓဂ္ဂဏှန္တာနံ။ သဗ္ဗေတဒတ္ထာပဒေပဒေဝါကျေဝါကျေ- အာဂန္တွာ နိယေဝါတိ။ ။အတ္ထနိစ၊မိမိဟုဆိုအပ်သောနာမ်ပုဒ် နိုက်လည်း။အတ္ထံ၊အနက်ကို။နာမေတိ၊ညွတ်စေတတ်၏။ဟိသစ္စံ၊ ထိုစကားမှန်၏။ ပိဋကတ္တယသံခါတေ၊ ပိဋကတ်သုံးပုဟုဆို အပ်သော။နာမေ၊နာ အစုသည်။သတိ၊ရှိခဲ့သော်။တဒ္ဓဂ္ဂဏှန္တာနံ၊ ထိုပိဋက ဟူသောနာမ်အစုကို သင်ကြားကုန်သော သူတို့အား။ သဗ္ဗေ၊အလုံးစုံသော။ တဒတ္ထာ၊ထိုနာမ်၏အနက်တို့သည်။ ပဒေ ပဒေ၊ပုဒ်တိုင်းပုဒ်တိုင်းနိုက်။ ဝါကျေဝါကျေ၊ဝါကျတိုင်းဝါကျ တိုင်းနိုက်။အာဂန္တွာ နိယေဝ၊လာကုန်သည်သာလျှင်တည်း။ ။ မိမိဟုဆိုအပ်သော နာမ်ပုဒ်တို့နိုက်။ အနက်ကို ညွတ်စေတတ်

သောကြောင့်ရင်း။ ပိဋကတ်သုံးပုံနှိက် ပါဝင်လျက်ရှိကြသော နာမ်အာရုတ်တို့သည်။ မိမိတို့ကိုသင်ကြားလေ့ကျက်ဆောင်ရွက် ကြကုန်သောသူအပေါင်းတို့အား။ထိုထိုအလုံးစုံဖြစ်ကြကုန်သော နာမ်၏အနက်သည်လည်း။ပုဒ်တိုင်းဝါကျတိုင်းမှာပင်။နာမ်အနက် တို့သည်-ထင်ရှားဖြစ်ပေါ်၍လာရ၏။ ။သုတာနုသာနံညာဏံတံတံ အတ္ထာဘိမုခံနာမေတီတိနာမံ။ ။သုတာနုသာနံ၊ကြားနာကြကုန် သောသူတို့၏။ ညာဏံ၊ညာဏ်ကို။ တံတံအတ္ထာဘိမုခံ၊ထိုထို သောအနက်တို့သို့ရှေ့ရှုလျက်။နာမေတိ၊ညွတ်စေတတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။နာမံ၊နာမည်၏။ ။ထိုပိဋကတ်-သုံးပုံတို့ကို။ သင်အံပြုလုပ်နေကြကုန်သောသူတို့၏ထံမှ။ တဆင့်ခံကြားနာရ သဖြင့်။ထိုထိုသို့သောသဘောရှိသောအနက်တို့သို့။ညာဏ်အား ဖြင့်ရှေ့ရှုပြုလုပ်လျက်။ညွတ်စေတတ်ခြင်းကြောင့်လည်းနာမ်ဟု မှတ်ကြ။ ။နာမဂ္ဂဟဏာဝသေနကတ္တဗ္ဗတ္တာနာမမေဝကတ္တဗ္ဗန္တိ နာမကမ္မံ။ ။နာမဂ္ဂဟဏာဝသေန၊အမည်မှည့်သည်၏အစွမ်းဖြင့်။ ကတ္တဗ္ဗတ္တာ၊ မှည့်အပ်သည်၏အဖြစ်ကြောင့်။ နာမမေဝ၊ အမည် သည်သာလျှင်။ကမ္မံ၊ကမ္မမည်၏။ ဝါ၊ပြုလုပ်ခြင်းမှည့်ခြင်းမည် ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ နာမကမ္မံ၊နာမကမ္မမည်၏။ ဝါ၊အ မည်မှည့်ခြင်းမည်၏။ ။နာမဟုဆိုအပ်သောသဒ္ဒါတွင်။ဂဟဏ၊ ဟူသောသဒ္ဒါဖြင့်သမ္ဗန္ဓပြုလုပ်၍။နာမဂ္ဂဟဏ-ဟု။အမည်ပြုလုပ် အမည်မှည့်သည်၏အစွမ်းအားဖြင့်ဖြစ်သောအနက် ကိုယူ၍နာ မအမည်သည်ပင်လျှင်။ ကမ္မ-ဟုဆိုအပ်သောပြုလုပ်ခြင်းမှည့်ခြင်း အဖြစ်သို့ ရောက်စေလျက်။ နာမကမ္မ ဟူ၍-ပညတ်မှု-ပြုလုပ် လျက်ဖြစ်ပေါ်ထင်ရှားစေခြင်းကို။အမည်မှည့်ခြင်းဟူ၍မှတ်ယူ ကြ။ ။ဓိယတိဓါရိယတီတိဓေယျံ နာမမေဝဓေယျန္တိ နာမ ဓေယျံ။ ။ဓိယတိဓါရိယတိ၊အစွဲအမြဲမှတ်ထားအပ်၏။ဣတိ၊ထို့ ကြောင့်။ဓေယျံ၊ဓေယျမည်၏။နာမမေဝ၊အမည်သည်သာလျှင်။ ဓေယျံ၊မှတ်ထားအပ်သည်တည်း။ဣတိ၊ထို့ကြောင့်။နာမဓေယျံ၊ နာမဓေယျမည်၏။ ။အကျဉ်းအားဖြင့်အမည်မှည့်၍ထားမှုကို။

နာမခေယျ-ဆိုလိုသည်။ ။အဝိဒ္ဒိတပစ္စယွဒြိတောအတ္ထော၊တော
ယတတောနိဟရိတွာ၊ဝုတ္တကထိယတိတိနိရုတ္တိ။ ။အဝိဒ္ဒိတ
ပစ္စေ၊မရှင်းမလင်းသောအဘိဂ္ဂိ။ ဌြတော၊တည်သော။အတ္ထော၊
အနက်ကို။တတော၊ ဤသို့အစရှိသောစကားဖြင့်။ တတော၊ထို
မရှင်းမလင်းသောအဘို့မှ။နိဟရိတွာ၊ထုတ်ဆောင်၍။ဝုတ္တတိ၊ပြ
ဆိုအပ်၏။ကထိယတိ၊ပြောဆိုအပ်၏။ဣတိ၊ထို့ကြောင့်။နိရုတ္တိ၊
နိရုတ္တိမည်၏။ ။မရှင်းမလင်း ရှုပ်ရှုပ်ထွေးထွေး ဖြစ်လျက်ရှိ
သောအနက်သဘောတို့ကို။ ရှင်းလင်းသေချာမှန်ကန်စွာရှိသည်
၏အဖြစ်သို့ရောက်စေခြင်းငှါထုတ်ဆောင်၍။ပြသခြင်းပြောဆို
ခြင်းတို့ကို။နိရုတ္တိ-ဟုမှတ်ကြ။ ။အတ္ထသာဗျဉ္ဇနတောပါကဋကရ
ဏတောဗျဉ္ဇနံ၊အဘိဗျတ္တံကတွာ-လဒ္ဓိယတိကထိယတိအတ္ထော
ဧတေနာတိ၊အဘိလာပေါ။ ။အတ္ထသာ၊ အနက်ကို။ဗျဉ္ဇနတော၊ပြ
တတ်သောကြောင့်။ ပါကဋကရဏတော၊ ထင်ရှားအောင်ပြု
တတ်သောကြောင့်။ဗျဉ္ဇနံ၊မည်၏။ဧတေန၊ဤဗျဉ္ဇနဟူသောသဒ္ဒါဖြင့်။
အတ္ထော၊အနက်ကို၊ဝါ၊ အနက်ဒြ။အဘိဗျတ္တံ၊အလွန်ထင်ရှားသည်
ကို။ကတွာ၊ပြု၍။လဒ္ဓိယတိကထိယတိ၊ပြိပြိသသ။ဒီဃရဿ၊သိ
ထိလ၊ဓနိတ၊ ဟုဆိုအပ်သောဗျဉ္ဇနဗုဒ္ဓိ ၁၀ ပါးတို့ဖြင့်။ရွတ်ဆို
အပ်၏။ဣတိ၊ထို့ကြောင့်။အဘိလာပေါ၊အဘိလာပမည်၏။ ။အ
နက်ကိုပြတတ်သောကြောင့်ရင်း။ထင်ထင်ရှားရှားဖြစ်စေခြင်းငှါ
ပြုလုပ်တတ်သောကြောင့်ရင်း။ဗျဉ္ဇန-ဟူသည်းဟူ၍သည်းဆိုအပ်ပါ
၏။ထိုဗျဉ္ဇန-ဟူသောသဒ္ဒါဖြင့်။အတ္ထအနက်နှိုက်။ အလွန်ထင်ရှား
အောင်ပြုလုပ်အားထုတ်လျက်။ပြိပြိသသ ဌာန်ကရိုဏ်းတို့နှင့်
တကွ။ဒီဃ၊ရဿ၊စသော- ဗျဉ္ဇနဗုဒ္ဓိ ၁၀ ပါးတို့ဖြင့်။ ကောင်း
မွန်သေချာစွာ။ ရွတ်ဆိုခြင်းပြောခြင်း အသံကိုစွဲ၍ သာသျှင်။
အဘိလာပ-ဟုမှတ်ကြ။ ။ဤစကားရပ်တို့ကို ဆက်၍ ထင်
ရှားစွာပြပေအံ့။ ။ဤနာမပညတ် အရာနှိုက်။ ဝဏ္ဏ-ပညတ်
သည်ရင်း။အက္ခရာ-ပညတ်သည်ရင်း။သရပညတ်သည်ရင်း။ဗိဿ
ပညတ်သည်ရင်း။ ရဿ၊ပညတ်သည်ရင်း။ ဗျဉ္ဇနပညတ်၊ ဝဂ္ဂ

ပညတ်၊ယောဂါသပညတ်အယောဂါသပညတ်၊ သည်၎င်း။လိင်ပညတ်
သည်၎င်း။ ပဒပညတ်၊ဝါကျပညတ်တို့သည်၎င်း။ ထိုနာမပညတ်
၏အပြားမဘေဒတို့သာလျှင်ဖြစ်ပေ၏ ဟုမှတ်ကြ။ပရမတ္ထအား၊
ဖြင့်ထင်ရှားရှိကုန်သောအနက်တို့နှိုက်ဖြစ်သောပညတ်သည်ကား။
ဝိဇ္ဇမာနပညတ်မည်၏။ ပရမတ္ထအားဖြင့်ထင်ရှားမရှိကုန်သော။
မြေတောင်အစရှိသည်တို့နှိုက်ဖြစ်သောပညတ်သည်။အဝိဇ္ဇမာ
နပညတ်မည်၏။ ဤနှစ်ပါးသောပညတ်တို့သည်ပင်လျှင်။ သ
မာသ်အရာသို့ရောက်သည်ရှိသော် ၂ ပုဒ်ယှဉ်တွဲသည်၏အစွမ်း
ဖြင့်။၄ ပါးကုန်သောပညတ်တို့သည်ဖြစ်ကြပါ၏။ ဤသို့သော
အကြောင်းကိုပြတော်မူခြင်းအလို့ငှါ။ ရှင်အနုရုဒ္ဓါဆရာသည်
တဇ္ဇာ- ဟုဆိုအပ်သော- သဒ္ဒါကိုပြတော်မူ၏။ တောယပညာ
ပေန္တိ-ဟူသောပါဌ်နှိုက်။ ပညတ်ဖြင့်ပရမတ္ထအားထင်ရှားရှိ
သော။ အနက်ကိုပညတ်တော်မူကြကုန်၏။ ထိုကြောင့်ဝိဇ္ဇမာန
ပညတ်မည့်ပါ၏။ ။ပရမတ္ထတောဝိဇ္ဇမာနေသုအတ္ထေသုပဝတ္တာ
ပညတ္တိဝိဇ္ဇမာနပညတ္တိနာမ။ ။ပရမတ္ထတော၊ ပရမတ္ထအား
ဖြင့်။ဝိဇ္ဇမာနေသု၊ထင်ရှားရှိကုန်သော။အတ္ထေသု၊အနက်တို့နှိုက်
ပဝတ္တာ၊ဖြစ်ကြကုန်သော၊ပညတ္တိ၊ပညတ်သည်။ ဝိဇ္ဇမာနပညတ္တိ
နာမ၊ ဝိဇ္ဇမာနပညတ်မည်ပါ၏။ ။ဝိဇ္ဇမာနပညတ်ရစေ။ ။
အဝိဇ္ဇမာနေသုဘူမိ ပဗ္ဗတာဒိသု ပဝတ္တာပညတ္တိ၊ အဝိဇ္ဇမာန
ပညတ္တိနာမ။ ။အဝိဇ္ဇမာနေသု၊ထင်ရှားမရှိကုန်သော။ဘူမိပဗ္ဗ
တာဒိသု၊ မြေတောင်အစရှိသည့်တို့နှိုက်။ ပဝတ္တာ၊ဖြစ်ကြကုန်
သော။ပညတ္တိ၊ ပညတ်သည်။အဝိဇ္ဇမာနပညတ္တိနာမ၊ အဝိဇ္ဇမာန
ပညတ်မည်၏။ ။အဝိဇ္ဇမာနပညတ်ကိုရစေ။ ။နောက် ၂ ပုဒ်
တွဲရာတို့နှိုက်လည်း၊ဤနည်းအတိုင်းကြံဆ၍သိကြရာ၏။ ။အ
ကြင်ဂ္ဂိုလ်အား။ ခြောက်ပါးကုန်သော အဘိညာဏ်တို့သည်
ရှိ၏။ထိုအဘိညာဏ်တို့သည်။ ငါသေသဖြစ်ကုန် သောတရား
ခြောက်ပါးဖြစ်ပါ၏။ထိုတရားတို့သည်။ဝိဇ္ဇမာနအားဖြင့်ထင်ရှားရှိ
ကုန်သောတရားတို့လည်းဟုတ်မှန်ပါ၏။ ၎င်းတရားတို့နှိုက်။ဝိ

သေသိဘဗ္ဗဖြစ်သော။ပုဂ္ဂိုလ်၏ထင်ရှားမရှိသည်အဖြစ်ကြောင့်။ ဆဋ္ဌာဘိဓော-ဟူသောနာမပညတ်သည်။ဝိဇ္ဇမာနေနအဝိဇ္ဇမာနပညတ်မည်၏။ ။ဇာတ္တိ ဟုဆိုအပ်သော၌နီးမသည်။ပရမတ္ထအားဖြင့်ထင်ရှားမရှိ၊သဒ္ဒေါ ဟူသောအသံသည်။ပရမတ္ထအါးဖြင့်ထင်ရှားရှိပေ၏။ထိုကြောင့်။ဇာတ္တိသဒ္ဒေါ-ပညတ်သည်။ အဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်မည်၏။ ။စက္ခုပသာဒ ရုပ်သည်ရင်း။စက္ခုဝိညာဏ်သည်ရင်း။ နှစ်ပါးစုံတို့ပရမတ္ထအားဖြင့်ထင်ရှားရှိသဖြင့်။ ပရမတ္ထအားဖြင့် ထင်ရှားသောနာမ ပညတ်မျိုးဖြစ်သောကြောင့်။ ဝိဇ္ဇမာနေနဝိဇ္ဇမာနပညတ်မည်၏။ ။ရာဇ၊မင်းသည်ရင်း။ပုတ္တော၊မင်း၏သားသည်ရင်း။ယင်း-၂-ပါးတို့သည် ရာဇ၊ဟူသောမင်းသည်လည်း။ ပရမတ္ထအားဖြင့် ထင်ရှားမရှိ။ပုတ္တော-ဟူသောသားသည်လည်း။ ပရမတ္ထအား ဖြင့်ထင်ရှားမရှိ။ထိုကြောင့်။ ရာဇပုတ္တော-ဟူသော နာမပညတ်သည်။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသဖြင့်။ပရမတ္ထ အားဖြင့်ထင်ရှားမရှိသောနာမပညတ်မျိုးဖြစ်သောကြောင့်။ အဝိဇ္ဇမာနေန- အဝိဇ္ဇမာနပညတ်မည်ပါ၏။ ။ဤပညတ်အရာနှိုက်ကား။ စကားသံမှရင်း၊စကား၏အနက်မှရင်း။အလွတ်ဖြစ်သော။သဒ္ဒါသဘော ရှိသောနာမပညတ်မည် ဟည်မရှိဟူ၍။ ဆရာတို့ဆိုကြကုန်၏။ ထိုအဆိုသည်သင့်မည်မထင်။အဘယ်ကြောင့်နည်းဟူမူကား အနက်ကို ထွန်းပြ တတ် သည်၏ အဖြစ် ဖြင့်ရင်း။ အနက်ကို ထင်စေသည်သိစေသည်၏ အဖြစ်ကြောင့်ရင်း။အသီးအခြားပြုလုပ်လျက်။ ပြည့်စုံစေသည်၏ အဖြစ်ကြောင့် တည်း။ အသံမည် သည် အက္ခရာ ပုဒ်ဝါ ကျတို့၏ အဖြစ် သို့ ရောက်မှသာလျှင်။ အနက်ကို ထွန်းပြခြင်း ထင် စေခြင်း နှိုက်။ စွမ်းနိုင်သည်ဖြစ်ပါ၏။ စကားသံဟု ဆိုအပ်သော ပရမတ္ထ သဒ္ဒါသည်လည်း။ ခဏိကတရားမျိုးဖြစ်၍။ အလွန်သိမ်မွေ့သော ပရမတ်အဖ၊ ခတ်အနု ဖြစ်ပါသောကြောင့်။ ထိုအက္ခရာပုဒ်ဝါကျအဖြစ်သို့ ရောက်သော သဒ္ဒါသည် မဟုတ်ပေရာ။ ထို

ကြောင့်။သဒ္ဒါသဘောရှိသော နာမပညတ္တိမည်သည်။ အသီးအခြားပြုလျက်ရှိသည်သာလျှင်ဖြစ်ပါ၏။သဒ္ဒါသဘောရှိသောနာမပညတ်၏ရှိသည့်အဖြစ်သည်လည်း။စကားသံကိုကြားနာသိမှတ်ရ၍။အနန္တရအခြားမဲ့နှိုက်။ အက္ခရာပုဒ်ဗျည်းလျှင်အာရုံရှိသောစိတ်၏ရင်း။ ထိုစိတ်၏ အနန္တရအခြားမဲ့နှိုက်။ ထိုအက္ခရာပုဒ်ဗျည်းတို့၏အနက်ကို သိသောစိတ်၏ရင်း။ ဖြစ်ပေါ်ရရှိခြင်းနှိုက်ထင်ရှားသည်၏အဖြစ်ကိုပြတော်မူလိုသည်ဖြစ်၍။ ဂါထာဇွယဖြင့်မိန့်ဟတော်မူပါ၏။

ထိုဂါထာ-၂-ခုအပေါင်းတို့တွင်။ ဝစီဃောသာနုသာရေနဟူသည်ကား။ ။ရွတ်ဆိုအပ်သော သဒ္ဒါဟု ဆိုအပ်သော။ စကားသံကိုအာရုံပြုခြင်းကြောင့်။အစဉ်တလျှောက်ဖြစ်ပေါ်လာကြကုန်သော။သောတဝိညာဏ်ဝိထိစိတ်၏ဖြစ်သည်မှ။ အနန္တရအခြားမဲ့ကာလနှိုက်။ဖြစ်ပေါ်သောမနောဒွါရဝိထိ၏အာရုံဖြစ်ကုန်သော ထိုပညတ်ကို။ဤကဲ့သို့ယမ္ဗန္ဓပြုလုပ်၍သိမှတ်ကြ။ ထိုပညတ်ကိုအဘယ်ကဲ့သို့သောသဘောရှိပါသနည်း။ ဤသို့မေးဘွယ်စောဒနာဘွယ် ရှိသောကြောင့်။ ရှင်အနုရုဒ္ဓါ ဆရာမြတ်သည်။ ။အညာယသာနုသာရေနပညာယန္တိ တတောပရံ။ ။ဟူသောပါဌ်ကို မိန့်ဆိုပါ၏။ ။ထိုစကားနှိုက်။တ'တာပရံ-ဟူသည်ကား။ ။နာမပညတ်သည် အာရုံရှိသော မနောဒွါရဝိထိ၏။ ဖြစ်ပေါ်ပြီးသည်မှ နောက်နှိုက်အနက်တို့ကို သိအပ်သည်ဖြစ်ခြင်းကြောင့်။ဤသို့သောသမ္ဗန္ဓကိုစပ်တော်မူပါ၏။ ။နာမပညတ်ကိုအစဉ်လျှောက်သဖြင့်။ပရမတ္ထအားဖြင့်ထင်ရှားရှိကုန်သော ပညတ်အနက်တို့ကိုသိစေအပ်ကုန်သည်ဖြစ်သောကြောင့်။ ထိုနာမပညတ်ကို။လောကသင်္ကေတ ထားရေးသည်ဂုဏ်နှင့်ဆင်းအပ်ပေ၏ဟုသိမှတ်ကြ။ ။သောတဝိညာဏဝိထိနှိုက်။အတိတ်သဒ္ဒါရုံမှုလျှင်အာရုံရှိသော။တဒနုဝတ္တကဟု အမည်ရှိသောမနောဒွါရဝိထိကိုလည်း။ ပေါင်းရုံး၍ယူအပ်ပါ၏။ ထိုကြောင့်

သာရတ္ထဒီပနိဋီကာ၌ကား။ ထိုစကားကို ဖြစ်သင့်၏ဟူ၍ဆိုလိုသောကြောင့်။ ဤသို့မိန့်တော်မူပါ၏။ ။သတ္တကာနံအက္ခရာနံပေယျာလ္လံ။ တေသုကေမေကံပစ္စုပ္ပန္နံအတီတဥ္စ။ဂဟေတွာသောတဝိညာဏဝီထိယာမနောဝိညာဏဝီထိယာစဥပ္ပဇ္ဇိတွာနိရုဒ္ဓါယ။ အဝသာနေတာနိအက္ခရာနိ သမ္ပိဏ္ဍေတွာ အက္ခရသမူဟံ။ ဂဟေတွာကောမနောဝိညာဏဝီထိဥပ္ပဇ္ဇိတွာနိရုဇ္ဈတိ။ တဒနန္တရံ အယံအက္ခရသမူဟော။ ဧတဿ နာမန္တိနာမပညတ္တိ။ ဂဟဏဝသေန အပရာ ယမနောဝိညာဏဝီထိယာ။ ဥပ္ပဇ္ဇိတွာနိရုဒ္ဓါယတဒနန္တရံ။ဥပ္ပန္နာယမနောဝိညာဏ ဝီထိယာ။ အယံမေတဿအတ္ထောတိ။ပကတိယာတဒတ္ထဝိဇာနနံ-သမ္ဘဝတီတိ။ ။အနက်ကား။ ။တေန၊ . ထိုသိက္ခာချသော ရဟန်းသည်။ဝုတ္တဝစနေ၊ ဆိုအပ်သောစကား၌ကား။သတ္တကာနံ၊အကြင်မျှလောက်ကုန်သော။အက္ခရာနံ၊အက္ခရာတို့သည်။ ပေယျာလ္လံ၊ဖြစ်ကြကုန်၏။တေသု၊ထိုအက္ခရာတို့တွင်။ ဧကမေကံ၊တလုံးတလုံးသော။ပစ္စုပ္ပန္နဥ္စ၊ပစ္စုပ္ပန်လည်းဖြစ်ထသော။ အတီတဥ္စ၊အတိတ်လည်းဖြစ်ထသော။အက္ခရံ၊အက္ခရာကို။ဂဟေတွာ၊ယူ၍။ သောတဝိညာဏဝီထိယာစ၊ သောတဝိညာဏဝီထိတို့သည်၎င်း။ မနောဝိညာဏဝီထိယာစ၊မနောဝိညာဏဝီထိတို့သည်၎င်း။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ကြပြီး၍။နိရုဒ္ဓါယ၊ ချုပ်ပြီးသည်ရှိသော်။အဝသာနေ၊ အဆုံး၌။တာနိ အက္ခရာနိ၊ထိုအက္ခရာတို့ကို။သမ္ပိဏ္ဍေတွာ၊ ပေါင်း၍။ အက္ခရသမူဟံ၊အက္ခရာအပေါင်းကို။ဂဟေတွာ၊ယူ၍။ကော၊တခုသော။ မနောဝိညာဏဝီထိ၊ မနောဝိညာဏဝီထိသည်။ ဥပ္ပဇ္ဇိတွာ၊ဖြစ်ပေါ်ပြီး၍။နိရုဇ္ဈတိ၊ချုပ်လေ၏။ တဒနန္တရံ၊ ထိုဝီထိ၏အခြားမဲ့၌ကား။အယံအက္ခရသမူဟော၊ အကြင်အက္ခရာအပေါင်းတို့သည်။ဧတဿ၊ဤအနက်၏။နာမံ၊အမည်ပေတည်း။ ဣတိ၊ ဤသို့။နာမပညတ္တိဂ္ဂဟဏဝသေန၊ နာမပညတ်ကိုယူခြင်း၏အစွမ်းဖြင့်။ အပရာယ၊တပါးသော။ မနောဝိညာဏဝီထိယာ၊ မနောဝိညာဏဝီထိသည်။ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီး၍။ နိရုဒ္ဓါယ၊

ချုပ်လေသည့်ရှိသေသ်။တဒနန္တရံ၊ထိုမနောဝိညာဏဝီထိ၏အခြား
မဲ့နှိုက်။ဥပ္ပန္နာယ၊ ဖြစ်ပေါ်ကြကုန်သော။ မနောဝိညာဏဝီထိ
ယာ၊မနောဝိညာဏ်ဝီထိတို့ဖြင့်။အယံ၊ဤသည်ကား။ ဧတဿ၊
ဤသဒ္ဒါ၏။အတ္ထော၊အနက်တည်း။ဣတိ၊ဤသို့။ပကာတိယာ၊ ပြက
တေ့အားဖြင့်။တဒတ္ထဝိဇာနနံ၊ထိုစကား၏အနက်သဘောကိုသိ
ခြင်းသည်။ သမ္ဘဝတိ၊ဖြစ်သင့်ပေ၏။ ။မဏိသာရမဉ္ဇူသာ
ကျမ်းနှိုက်ကား။ ။တဒနုဝတ္တိကဝီထိတောပရံ၌ကော် ဝိနိစ္ဆယ
ဝီထိ°ဝိညတ္တိဂဟဏဝီထိဥ္စ ဝဒတိ။တတောပရံ၌ကေကွရသဒ္ဒေ
ကေတ္တဇောတိကာယနာမပညတ္တိယာဂဟဏံဟောတိ။ ယာဝ
ဒန္တာသပုဗ္ဗာဘာဂေမနသာဝဝတ္ထာဝိတောပညတ္တိသဒ္ဒေါနာမရစ္စိ
တိ။တတောပရံတဒတ္ထဂဟဏာဘတ္တိ။ ။အနက်ကား။ ။တဒနု
ဝတ္တိကဝီထိနော၊တဒနုဝတ္တိကဝီထိမှ။ပရံ၊နောက်နှိုက်။ ကော၊
တခုသော။ဝိနိစ္ဆယဝီထိဥ္စ၊ဝိနိစ္ဆယဝီထိကိုလည်း။ ဝိညတ္တိဂဟဏ
ဝီထိဥ္စ၊ဝိညတ္တိဂဟဏဝီထိကိုလည်း။ ဝဒတိ၊ဆိုလေ၏။ တတော
ပရံ၊ထိုဝီထိရ၏နောက်နှိုက်။ကေကွရေ၊အကွရာတလုံးသာလျှင်
ရှိသော။သဒ္ဒေ၊ဂေါ-သဒ္ဒါစသောသဒ္ဒါမျိုးနှိုက်။ ကေတ္တဇောတိ
ကာယ၊တခုသောအနက်ဒြပ်ကိုယူနိုင်းပြတတ်သော။ နာမပညတ္တိ
ယာ၊နာမပညတ်ကို။ဂဟဏံ၊ယူသောဝီထိသည်။ဟောတိ၊ ဖြစ်
၏။ယာ၊အကြင်နာမပညတ်ကို။ဝဒန္တာ၊ ရွတ်ဆိုသောပုဂ္ဂိုလ်
၏။ပုဗ္ဗာဘာဂေ၊မရွတ်ဆိုမီရှေးအဘို့နှိုက်။ မနသာ၊ဝဝတ္ထိတော၊
စိတ်ဖြင့်ပိုင်းခြား၍ထားအပ်သော။ ပညတ်သဒ္ဒါမည်သည်ကို။
ဝုစ္စတိ၊ဆိုအပ်ပါ၏၊တတောပရံ၊ထိုနာမပညတ်ကိုယူသောဝီထိ
မှနောက်နှိုက်၊ တဒတ္ထဂဟဏံ၊ထိုနာမပညတ်၏အနက်ကို ယူ
သောဝီထိသည်။ဟောတိ၊ဖြစ်၏။ ။ဤသို့သော သဘောရှိကုန်
သောဌာနတို့နှိုက်ကား။ထိုထိုကျမ်းစာများနှိုက်။ ဇော့ဝီထိဝါရ
တို့၏အစဉ်ကိုဆိုရခြင်းမည်သည်။ ပြဓာန်းသောအချက် ထင်
ရှားသော အချက်တို့ကိုယူသည့်၏အစွမ်းအားဖြင့်သာလျှင် ဖြစ်
ပါ၏။ ထိုကြောင့်။ ။ကေဝလရက္ခတော အနေကကောဋ္ဌသတ

သဟာသသာနီ၊ ပိတ္တာနီ ဥပ္ပဇ္ဇန္တိ။ ။ဟူ၍ အဋ္ဌကထာဆရာတို့ ဆိုကြကုန်၏။ ။ကေဠိရက္ခဘော၊ လက်ဖျစ်တဘွက် မျှလောက်သောခဏ၌။ အနေကာနေကာဒိုသတ သဟဿာနီ၊ ကုဋေအသိန်းမကကုန်သော။ ပိတ္တာနီ၊ စိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ်ကြကုန်၏။ ။ထိုမှ တပါးလည်း။ သဒ္ဒါ ကျမ်း တို့နှိုက်။ ။ကေမဏ္ဍာဘာဝေရဿော၊ ဒွိမဏ္ဍာဒီဃရဿော။ တိမဏ္ဍာတုလုတောညေယျော။ ဗျဉ္ဇနံ အဍ္ဍမတ္တကန္တိစ။ ။ဟူ၍ မိန့်ဆိုကြပါ၏။ ရဿော၊ ရဿအက္ခရာသည်။ ကေမဏ္ဍာ၊ တမတြာကာလရှိသည်။ ဘာဝေ၊ ဖြစ်၏။ ဒီဃော၊ ဒီဃသရသည်။ ဒွိမဏ္ဍာ၊ နှစ်မတြာကာလရှိ၏ဟူ၍။ ဥဒ္ဒိဋ္ဌော၊ သိရာ၏။ တိမဏ္ဍာတု၊ သုံးမတြာရှိသော အသံကိုကား။ ပ္လုတော၊ လူးတားဟူ၍။ ညေယျော၊ သိအပ်၏။ ဗျဉ္ဇနံ၊ ဗျည်းသက်သက်သည်။ အဍ္ဍမတ္တိကံ၊ မတြာခွဲကာလရှိ၏။ ။ပရမဏ္ဍသဒ္ဒါအဆက်ဆက်တို့သည်။ တသိန်းသော်မှလည်း တလုံးသောအက္ခရာကို ဖြစ်စေခြင်းငှါ မလောက်ပေ။ မတတ်စွမ်းနိုင်ပေ။

ဤပစ္စယတ္ထပကာသနီကျမ်းနှိုက်။ သေကျွတောင်ဆရာ ငါသည်။ များမြောင်ကျယ်ဝန်းစွာ စိပ်စစ်ခြင်းအမှုတို့ကို လစ်လျူပြု၍ ဤတွင် အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏ ရှစ်ပုံမြောက်ဖြစ်သော။ ပစ္စယသင်္ဂဟ၏။ ခဲဆစ်ခဲရာတို့နှင့်တကွ၊ သဒ္ဒတ္ထ၊ အဓိပ္ပါယတ္ထ၊ သဘာဝတ္ထ အပြားတို့ကို။ မကျဉ်းမကျယ် ပြုလုပ်လျက်။ အသွယ်သွယ်အဝဝသောနည်းနယအပေါင်းတို့ဖြင့်တန်းဆာဆင်ပြီးလျှင်။ မဟာပဒေသတရားတို့အားလျော်စွာ။ ကောင်းမွန်သေချာ။ စိစဉ်ကာရေးသားဘော်ပြအပ်သည်ဖြင့်။ သောတုဇနစာသင်သားများနှင့်တကွ၊ ရဟန်းရှင်လူအပေါင်းတို့သည်။ အလွယ်တကူ။ သင်ယူမှတ်သားစေနိုင်ခြင်းအကျိုး။ ဖွံ့ဖြိုးကြီးမားစွာဖြစ်စေခြင်းငှါ။ ရည်သန်ခါစိတ်ထား၍။ ဤငါ၏ သဒ္ဓါတရားအဘိုင်း။ အလင်းသို့ထုတ်ချောက်။ ပျိုင်မြန်စွာ ပေါက်ရောက်ကြပါစေကုန်သတည်း။

ဣဒံပုညံတဒညံစ၊ သုန္ဒရံပကာသံမယာ။ ဘောသံဘာဝံဒဒါ
ချာဟံ၊တာနိမောဒန္တုပါဏိနော။

သာသနံဝါဝိပုလ္လာယ၊ဓမ္မသာရသုဒ္ဒသသံ။သဋ္ဌမ္မရံသိယဋ္ဌာ
ယ၊ပဋ္ဌယဋ္ဌပကာသနီ။

ယံသိက္ခိတွာသုသိက္ခန္တု၊မဟာဇနာသုဗုဒ္ဓါတံ။ ပရမဋ္ဌံသု
ဗောဓိတွာ၊ နုဝမေဃရဝေဋ္ဌန္တုတိ။

မယာ၊သေက္ခတောင်ဆရာငါသည်။ ဣဒံပုညံစ၊ထိုထိုပါဠိ
တော် အဋ္ဌကထာဋီကာစသော ကျမ်းဂန်အပေါင်းတို့မှ စီစစ်
ရွေးနုတ်၍။ကောင်းမွန်သေချာစွာ။သဒ္ဒတ္ထ၊အဓိပ္ပါယတ္ထ၊ သဘာ
ဝတ္ထတို့နှင့်တကွ။ရှင်းသင်းထုတ်ဆောင်။တောင်မေရုအလါး။ပည
ဝန္တ၊တိက္ခ၊ဇဝန၊ဂမ္ဘီရ၊ပုထုညာဏ်အစုတို့နှင့်ပြည့်ဝုံဖြိုးမောက်
တန်းခိုးတောက်၍။ပေါက်ရောက်မြင်ဘိ။ ယတာဘူတကျနမှန်
စွာသိရှိပါသောအဘိုင်း။လွယ်သင့်တကူ။ များဗိုလ်လူတို့၏အ
ကျိုးငှါ။ကောက်ယူရေးသားအပ်သောအစလသဒ္ဒါတရား၏ဖြစ်
ပွါးရခြင်းကို၎င်း။ တဒညံစ၊ ထိုသို့ရေးသား စီရင်အပ်သော
ကုသိုလ်မှတပါး။ဘုရားအစရှိသောအရိယာအပေါင်း။ သူတော်
ကောင်းတို့သည်။ နှစ်သက် ချီးမွမ်းလျက်။ ထောမနာခြင်းကို
ပြုတော်မူအပ်သော။တောအရည်ဆိတ်ငြိမ်ရာဌာနဝယ်။ ပဓာန
တရားတို့ကိုကြိုးပမ်း အားထားရခြင်းတည်းဟူသော။ နိယျာ
နိကဓမ္မအထူ။ချွားမြတ်လှစွာသော ယောဂီပုဂ္ဂိုလ်တို့၏ အမှုကို
၎င်း။သုန္ဒရံ၊ဘဝသမ္ပတ္တိ၊ဘောဂသမ္ပတ္တိတို့ကို။ငဲ့ကွက်လိုက်စား
ခြင်းမပြုမူ၍။ ဝေဋ္ဋလသမ္ပတ္တိဟု ဆိုအပ်သော။ လောကုတ္တရာ
တရားမြတ်ကိုးပါးကိုရပါစေခြင်းအကျိုးငှါကောင်းစွာ။ပကာသံ၊
ထုံအပ်ချင့် အပ်အားသုတ်အပ် ဆည်းဘူးအပ်ပေပြီ။ အဟံ၊
ငါသည်။တေသံ၊ ထိုသို့များပြား။ အာရဋ္ဌဗီရိယ စိတ်ထားဖြင့်။
လူသာမန်တို့ကျင့်ဆောင်ကြိုးဘုတ်။ အားထုတ်ခြင်းငှါမတတ်
ငြားပေသော-ပဋိပတ်အမှု၏။အာဂံ၊ အနုမတဂ်။ဘဝစက်တွင်။
အိပ်မက်တွင်မျှမမြင်စဘူး။အဖူးအစွန်အဲလွန်မြတ်စွ။နိဗ္ဗာနကို။

လဝန်းနေဝန်းပေါ်ထွက်ဘွန်းသို့။ ရွှန်းရွှန်းမြိုင်မြိုင်။မြင်စွမ်းနိုင်သောကုသိုလ်အဘို့ကို။ပါဏိနံ၊များဘွာဆင်းခဲ့။ ဘောခပဲမှ။ခွါရှဲကင်းအောင်။ခန္ဓာဝန်ချတ်။ သင်္ခါရအခုတ်တို့ကို။ သွင်းဆောင်ကယ်တင်၊ခေမါခွင်သို့ရောံပါချင်သါ။ဒုက္ခပွါးသျက်။တမွါးမွါးဖြစ်ကုန်သော။သတ္တဝါနှင့်ဝေနေယျသ္မဂ္ဂ။ ပေါင်းပြည်သူတို့အား။ဒဒ္ဒါဒိ၊မကောင်းအနိဋ္ဌဖလ။ဒုက္ခဒေဝနာ၊ ဘေးဘယာတို့သည်။ကင်းကွာလွင့်ပျောက်။အန္တရာယ်မနှောက်ကြကုန်သဖြင့်။မြတ်နိဗ္ဗူတာဘုံနန်းသသို့။ လျင်မြန်ဆောဘွာရောက်စိမ့်ငှါကို။ဖြဟ္မစိုရ်တရားရှေ့ဝယ်ထားလျက်။ရဩပါသေ၊ပေးငှဝေ၏။တာနိ၊ယင်းသို့လျှင်အဟုတ်။တွန့်မဆုတ်ဘဲ။မုချမကွာ၊ဗလဝစေတနာတို့ဖြင့်။ ငှဝေပါရသော။ ဂုဏ်ဝေပုလ္လအကွန့်။ ကောင်းမှုတော်အဝှန့်တို့ကို။မောဒန္တုပျှက်သက်ကြည်လင်သဒ္ဓါဝင်သျက်။ရွှင်လန်းဝမ်းမြောက်တော်မူကြပါစေကုန်သတည်း။

သာသနံဂါ၊ပရိယတ်၊ပဋိပတ်၊ပဋိဝေဓ၊ဓမ္မသုံးဖြာ။ ဝါ၊အဓိသီလသာသနာ၊အဓိစိတ္တသာသနာ၊ အဓိပညာသာသနာ-ဟုဆိုအပ်သော။သုံးဖြာသောသာသနာတောင်မြတ်ကြီး၏။ ဝိပုလ္လာယာ၊ သဗ္ဗညုတညာဏ်တည်းဟူသော သုဂန်တောင်ဝှန်းမှ၊ ပေါ်ဘွန်းထွက်ပြူ။ဥဒဲဒဲ့မူခြင်းတည်းဟူသောအကြောင်းကြောင့်။စကြာဝဠာဘိုက်ပေါင်းတသောင်းတည်းဟူသော။ ပဒုမ္မာကြာအိုင်ကြီးနှိုက်။ကျွတ်ထိုက်သသူ။ နတ်လူဖြဟ္မာသတ္တဝါ တည်းဟူသောပဒုမာကြာအပေါင်းတို့နှင့်တကွ။ စည်ပင်ငွါးငွါး။ဖြန့်ပွါးပါစေခြင်းအကျိုးငှါ၊ငင်။သဒ္ဓမ္မရံသိယဉ္စာယ၊ သဗ္ဗုဒ္ဓသဂိုဏ်းဝင်သူတော်စင်အပေါင်းတို့၏။ သန္တုဋ္ဌိ၊သလ္လေခ၊ သဒ္ဒ္ဓာသ၊တရား။ထွန်းကားဝင်ပြောင်။မိုက်မှောင်ပသတ်ရှင်း။ ယိန်ဘိန်လင်းပါစေခြင်းအကျိုးငှါဖိုင်း။ခမ္မသာရသုဒ္ဒသနံ၊ သာချုန္ဒမည်။ခြသော်ဆိပ်မာ။မြိုက်တရားရသာကို။ လွှန်စွာတွေ့လွှယ်မြင်လွှယ်ပေထသော။ဥက္ကယတ္တပကာသနီ၊ပေါ်တုအစ္စ။ အဘိဂဘာအဆုံးရှိသော၂၄ ပါးသောပစ္စည်းဘို့ကို။ အထင်ပေါ်အဆိုပါအဘိုင်းသိမ်းကျုံး

၍။ပဋိစ္စသမုပ္ပါဒနယ၊ပဋ္ဌာနနယ၊နည်းနှစ်ဝတို့ဖြင့်။ အဘိဓမ္မာဒေသနာဂန္ထ။မြတ်ဓမ္မအဘိကို။အလိလိချင့်နှိုင်းသျှက်။ ပစ္စယအတ္ထသဘာဝတို့ကိုရှင်းလင်းဘော်ပြအပ်ရာဖြစ်သော။ ဤပစ္စယတ္ထပကာသနီကျမ်းကို။ နမ္မဘာ၊ဂေါဇာသက္ကရာဇ်–၁၂၇၅–ခုနှစ်။တပေါင်းလပြည့်နေ့မွန်းမတည့်မီအချိန်တွင်။ဘန်ဆင်းရေးသားအောင်မြင်ပြီးစီးခြင်းသို့ရောက်အပ်ပေပြီ။

သုဗုဒ္ဓါ၊လွယ်လင့်တကူ–နည်းတုယူ၍။ မူနာစံထား၊ သိလိုငြားကြကုန်သော။မဟာဇနာ၊ များစွာကုန်သောသူအပေါင်းတို့သည်။ယုံ၊အကြင်ပစ္စယတ္ထပကာသနီကျမ်းကို။ သိဘွေ့နှုန်း၊ မချိုအင်္ဂါရုံလင်စွာဖြင့်။ကောင်းစွာ–လေ့ကျက်၊ ဆောင်ရွက်သင်ကြားတော်မူနိုင်ကြပါစေကုန်သတည်း။သိဂ္ဂိတွာ၊ သင်ကြားလေ့ကျက်။ ဆောင်ရွက် ကြရပါသော ကြောင့်။ ပရမတ္ထံ၊ မဘောက်မပြန်။ မှန်ကန်သချာ။ နည်းနယ အဖြာဖြာတို့ဖြင့်။ တန်းဆာ ဆင်ယင်။ စီရင် ပြုရလျက် မြတ်သော အနက်ဘို့ကိုပြရာပြကြောင်းဖြစ်သော ဤပစ္စယတ္ထပကာသနီကျမ်းသည်ကား။အဘိဓမ္မတ္ထသင်္ဂဟာကျမ်းသက်သန်းအမှုကထာတွင်။ရှစ်မြောက်အဝင်ဖြစ်ပါသော။ပစ္စည်းပိုင်း၏ အတ္ထသဘာဝတွေကို။သုဗောဓိတွာ၊ တင်းတင်းဆဘ်ဆတ်။အတတ်မြင်ရှိယထာဘူတဟုတ်တိုင်းကိုသိကြကုန်သည်ဖြစ်ပါ၍။ဇာရမနဝမေ၊အမ္ဗဘွဏာရှစ်ရပ်မှ။လွတ်လပ်ကင်းစင်။ဗုဒ္ဓုပ္ပါဒ။နဝမခေတ်ဝင်။ အရိယာတို့၏ကျင့်စဉ်ကို။ ခင်မင်ပျော်ပိုက်၊ လိုက်နိုင်ပေဘ။ ဥတ္တရိမနုဿဓမ္မကိုရနိုင်ရန်။ကေနန္တဖြစ်သောဤခဏကောင်းခဏမြတ်နိုက်။ဗုဒ္ဓါနုံ၊ တသောင်းတိုက်လုံး။ အုပ်ဖုံးမွေးကာ။ အဝိဇ္ဇာဘည်းဟူသော အနိုက်မှောင်ကို။ ဖယ်ပျောက်ရှင်းလင်းလျက်။ ထိန်ထိန်ဝင်းဖြာ၊ မဂ်ပညာကြီး။ အရမှိုး၍။ အံ့ပြီးသို့ ထုတ်ချောက်။ကေနန္တ ရောက်တော်မူကြပါစေကုန်သတည်း။

နိဗ္ဗာနဿပစ္စယော ဟောတု။